# ပုစ္ဆာဝိသဇ္ဇနာကျမ်း

၁၆၂၊ ကျပ်.

မန္တလေးရတနာပုံ၊ ပထမမြို့တည်နန်းတည်

ဖြစ်တော်မူသော၊ ပဉ္စမသင်္ဂါယနာတင်

ဘာရှင်မင်းတရားကြီးလက်ထက်

တော်ဘွဲ့၊ ပထမစာတော်ပြန်

[illegible]းတော် သီပေါမင်း

တရားကြီးလက်ထက်

ပထမစာတော်ချဖြစ်ခဲ့ရသော

ကာမမြို့စီရင်စု-စဋ္ဌရံ-ရွာဦးကျောင်း

ဂိုဏ်းချုပ်ဆရာတော် စီရင်ရေးသားအပ်သော

# ပုဏ္ဏာဘိသန္ဒနာကျမ်း။

၁၂၉၂-ခု၊ တပေါင်းလအတွင်းပုံနှိပ်ပြီးစီးသည်၊

ပြည်မြို့၊ ပန်းထိမ်တန်းလမ်း၊ နံပါတ်-၇၊
တီ-ဂျီ-ဘရားသား။ ဗုဒ္ဓဘာသာ။ မြန်မာစာပုံနှိပ်တိုက်။

1931.

J. 2870—800

# မာတိကာ။

ဦးရေ၊ မျက်နှာ၊

၁။ အသက်ပိညာဉ်၊ ထင်ထင်ရှားရှား၊ ရှိလျက်သားကို၊
သေသည်ဆိုသည်၊ ထိုသူတချက်၊ ခေါင်းရှိလျက်ကို
ခေါင်းပြတ်ဆို၏၊ ဤကိုယ်ခန္ဓာ၊ မသေပါဘဲ၊ အမြဲ
မယုတ်၊ လွန်စွာပုပ်သည်၊ ပုဂ္ဂိုလ်တဦး၊ လွန်ဆန်းထူး ၈
၂။ ဖုံးအုပ်ပိတ်ထား၊ ကြည့်သူများမှာ၊ လားလားတ
ကြောင်း၊ ကြည့်မကောင်းဘွယ်၊ မတင့်တယ်တည့်၊
အကျယ်သနစ်၊ ဖွင့်လှစ်ပြကာ၊ စိတ်ကကြည်လင်၊
နှလုံးရွှင်သည်၊ ၊ဤလျှင်ဝတ္ထု အဘယ်နည်း။ ၁၂
၃။ အချားဝတ္ထု၊ ဖုံးကွယ်ပြုလည်း၊ စက္ခုပိညာဉ်၊
ပေါက်၍မြင်၏၊ ထို့ပြင်မများ၊ တရအားကို၊ ကွယ်
ထားလိုက်သော်၊ လိုရာမမြင်၊ ဤကြောင်းအင်ကို၊
ဆင်ခြင်ကိစ္စ ဘယ်ကြောင့်နည်း။ .... .... ၁၄
၄။ အမိအဘနှစ်ရပ်၊ အသေသတ်မှု၊ ကောင်းမြတ်ရွှာသန
နိဗ္ဗာန်ရ၏၊ ထိုမှတသီး၊ တိုင်းကြီးပြည်ကြီး၊ ဖျက်
ဆီးသောသူ၊ ပါယ်မှုမကျ၊ ဝန်ကင်းလှ၏၊ တိုင်းမစိုး
ခြင်း၊ မင်းနှစ်ယောက်မှု၊ သတ်သေသောသူသည်၊ နိဗ္ဗာ
ကြဋ္ဌန်း ရောက်ကြောင်းတည်း။ ၁၈
၅။ အတူသွဉ်ပြိုင်၊ ထိုင်၍နေလျက်၊ ဝေးသည်ဘက်၊
အဝေးနေသူ၊ နိုး၏ဟူသည်၊ ဤသူနှစ်ဦး၊ ဘယ်သို့
ထူးသနည်း။ ၂၁
၆။ ယောက်ျားအစစ်၊ ဖြစ်ပါလျက်ကို၊ မိန္မဆိုငြား၊ မိန္မကို
မူ၊ ယောက်ျားဟူ၏၊ ထိုသူဘဦး၊ ခေါ်ပုံထူးသနည်း။ ၂၅
၇။ ယောက်ျားစင်စစ်၊ မှန်သည်ဖြစ်လျက်၊ ဝမ်းတွင်း၌
ကား၊ ယောက်ျားမိန္မ၊ ဂဗ္ဘသေယျာ၊ လွယ်ပြီးခါမှ၊
ဘွားကာလ၌၊ မုခခေါ်ရင်း၊ ခံတွင်းကသာ၊ ဘွား
ရှာသည်၊ သတ္တဝါတဦး မှတ်သားဦး။ .... ၂၇

ဦးရေ၊ **မာတိကာ။** မျက်နှာ။

၈၊ သတ္တဝါဝေဒေယျ၊ ခေါ်ဝေါ်ကြသား၊ ရချမှန်ယူ၊
ဤသူနှစ်ဦး ဘယ်သို့ထူးသနည်း၊ .... .... ၃၂
၉၊ လူရှာမြေထက်၊ ပေါက်ပါလျှက်နှင့်၊ အထက်ပြဗ္ဗာ
ပွင့်ရရှာသည်၊ ဤမှာသိခြင်း၊ အဘယ်သစ်ပင်နည်း၊ ၃၅
၁၀၊ အဆင်းဝဏ္ဏ၊ ရုပ်ဆိုးလှသည်၊ မြင်ကြလူမိုက်၊ ကဲ့ရဲ့
ဆိုမှ၊ ဆင်းဝါရုပ၊ အလွန်လှ၏၊ ကေပုဂ္ဂိုလ်၊ လှ၏
ဆိုသော်၊ ထိုထိုသရုပ်၊ မိုးလောင်ဝတ်ကဲ့သို့၊ ယုတ်
ဆိုးလှ၊ မှတ်ကြပါကုန်၊ ကျမ်းလာပုံ။ .... ၃၈
၁၁၊ မိမိနှင့်မူ၊ များမိုက်လူကား၊ သူကစား၏၊ ထူးခြား
သတ်မှတ်၊ ထိုသူမြတ်ကား၊ သူ့ကိုစား၏၊ အများ
လူ့ဘောင်၊ သူကလောင်၏၊ ဥာဏ်ရောင်သူ့ကွန်၊ မိုက်
ဆုံးစွန်ကား သူ့ကိုစား၏၊ ထူးခြားအံ့စရာ၊ ကျမ်းဂန်
လာသည်၊ ပုစ္ဆာအထူးမှတ်သားဦး၊ .... ၄၁
၁၂၊ ရုပ်ရေလှပ၊ ရှမဝအဆင်း၊ မြင်ကြသည့်ကို၊
အကုသိုလ်ဆို၏၊ ထိုထိုရုပ်ရေ၊ နှစ်သက်လေက၊
လေးဝအပါယ်၊ သင့်ရွေ့တွယ်လိမ့်၊ ထင်ကယ်အဟုတ်
စက်ဆုပ်စရာ၊ မြင်သူမှာကား၊ မဟာကုသိုလ်ဖြစ်
၏ဆိုသည်၊ မဂ်မိုလ်ရဘူး၊ ထိုသူနှစ်ဦး၊ ဘယ်သို့ထူး
သနည်း။ .... .... .... ... ၄၄
၁၃၊ အိမ်တခုမှာ၊ အမိုးသုံးစွာ၊ ရှိလျှက်ပါကို၊ မိုးယိုရွာ
တိုင်းစွတ်၊ ဘယ်မလွတ်တည်း၊ အမိုးမရှိပါ၊ အိမ်ဝေ
ဟာမှာ၊ မိုးယိုရွာမရောက်၊ မိုးတပေါက်မျှ၊ မကျ
ရသည်၊ မှတ်ကြမိုက်ခြေ အိမ်ထူးပေ၊ .... ၄၈
၁၄၊ မျက်စိဖြင့်သာ၊ မြင်သည့်တာကို ရုပ်ပါတတ်ထတ်၊
မကြည့်အပ်ပါ၊ မမြင်သာကို၊ ဥာဏ်မှာထိုးထွင်း၊ ရှု
ကြည့်ခြင်းသည်၊ ကျမ်းရင်းမွေစက်၊ အသိခက်၊ .... ၅၂

ဦးရေ၊ **မာတိကာ။** မျက်နှာ၊


၁၅။ ထင်ဝဲဘက်က ဝက်နှင့်တူ၊ လက်ျာမှုကား ဆိတ်ပုံထား၊ တွံသံကား နွားသူငယ်၊ ဦးချိုဝယ် နွားအိုကြီး၊ ထုံးနည်းကျမ်းဆို၊ အဘယ်လိုဗုဂ္ဂိုလ်နည်း။ ... ၅၃

၁၆၊ အိပ်ပျော်လျှက်ကို၊ နိုးသည်ဆို၏။ နိုးသောသူမှု၊ အိပ်၏ဟုသည်၊ ဤသူနှစ်ယောက်၊ မိပွါယ်ကောက်လော့၊ ... ၅၄

၁၇။ လူတယောက်အရ၊ ကိုယ်တခုသာ၊ ရှိသည်တာကို၊ ကာယာဆန်းမှု၊ ကိုယ်သုံးခုဟု၊ ခေါ် ပြုသည်ကို၊ သိဘို့လိုသည်၊ ကျမ်းဆိုဘယ်သို့ရှိသနည်း။ .... ၅၅

၁၈၊ မုံဆိုးတငါ၊ မျှားစွာပြုလပ်၊ သတ်ဖြတ်ရပါ၊ ဤအရာကို၊ မဟာကုသိုလ်၊ အကုသိုလ်ဟု ဤသို့နှစ်ချက်၊ အဆိခက်သည်၊ မိန့်မြွက်ကျမ်းဂန်ထောက်အံ့နည်း။ ... ၅၇

၁၉၊ အဝိဝိဘုံ၊ ရောက်ပါဘုံလျက်၊ မီးဟုန်မပူ၊ ချမ်းဧဟူသည်၊ ဤသူအမြတ်ပေတကား၊ .... .... ၆၀

၂၀၊ ရုပတင့်တယ်၊ ရှုဘွယ်သာယာ၊ မြင်သောခါမှ၊ မရှုရတည်းမလှရုပ်ဝါ၊ ဆင်းဝါပျက်မှ၊ ရှုကြည့်ရသည်၊ ကာလနှင်ဦး၊ လွန်ဆန်းထူး။ .... .... ၆၂

၂၁။ ဖွါးကိုမြွကိုက်၊ တွေ့ကြုံကြိုက်က၊ ဖျဉ်ုလိုက်သင့်မည်။ မသင့်မည်ကို၊ ထူးသည့်သေခြာ၊ ဟောပြောပြပါ။ .... .... .... .... ၆၄

၂၂၊ သတ္တဝါအများ၊ မြွေနှင့်ကျားတို့၊ သူတပါးအသက်၊ ကိုက်ဖျက်စားပါ၊ ဤအရေးကို၊ ပါဏာတိပါတကံထိုက်မသိုက်ကို၊ ကျမ်းဂန်ရှာဘွေ၊ သိသင့်ပေ။.... ၆၇

၂၃၊ ခရီးလမ်းတွင်၊ ရဟန်းသူမြတ်၊ တွေ့ကြုံလတ်က၊ ကျဉ်းကျပ်နေရာ၊ တွေ့ခဲ့ပါလျှင်၊ ရှောင်ရာတချက်၊ အရိပ်ဘက်က၊ ရှောင်ကြဉ်ရမည်၊ သို့တည်းမဟုတ်၊ အရိပ်မထွက်၊ ထိုသည်ဘက်က၊ ရှောင်ရမည်မှာ၊ ဤအရာကို၊ ကျမ်းလာထောက်ဆ၊ ဟောပြောပြ... ၇၁

ဦးရေ။ # မာတိကာ။ မျက်နှာ။


၂၄။ မာတာပီတာမိဘနှစ်ပါး၊မသွားလာဘဲ၊ဂန္ဓသဗ္ဗေ၊ ဓွဲ
ယူလေ၍၊ဘွားချိန်ကျမှ၊ ဘွားမြင်ရသည်။ ရချမှန်
ဆို၊အဘယ်ပုဂ္ဂိုလ်တို့နည်း၊ .... .... ၇၃

၂၅။ ကြာမျိုးငါးအင်၊ပုံလင်ပြည့်မှု၊ကံဘရက ရက္ခဖြစ်ပြီး
ပွင့်တန်ကြီးက၊လူကိုသီးသည်။ ထုံးနည်းကျမ်းဂန်
လာ၍လော။ .... ... .... ၇၇

၂၆။ ထင်းကိုရလိုက်၊ မီးနှင့်တိုက်၍၊ ဖုတ်မြိုက်ပါလျက်၊
ကုသိုလ်ဆက်ကြောင့်၊အသက်မသေ၊ ငြိမ်းချမ်းပေ
သည်၊အနေဆန်းကြူး၊ပုဂ္ဂိုလ်ထူး။ .... .... ၈၀

၂၇။ ငါတို့ဂေါတမ၊ လောကထွန်းမြတ်၊ သုံးလူ့နတ်သည်၊
ဖြည့်အပ်ပါရမီ၊စာရိစရိယာ၊ကမ္ဘာ-၁၂၊ဖြစ်သည့်
ထင်ရှား၊ဘုရားပွင့်ကပ်၊ဤသို့မှတ်၊ .... .... ၈၂

၂၈။ အသက်ခန္ဓာ၊ မသေပါဘဲ၊ အမြဲသွားလာ ရှိလျက်ပါ
ကို၊ သေသည်နှင့်တူ၊ ဟောတော်မူသည်။ ဤသူအ
ဘယ်တို့နည်း၊ ... ... .... ၈၄

၂၉။ တာဝတိံသာ၊အဘိဓမ္မာကို၊ဟောခါပွင့်ထင်း၊ ရေ
တွက် စမ်းသော်၊ ဘယ်ကျမ်းမှာ ဘယ်နှစ်ရက်၊
ဟောကိန်းထွက်ကို၊ရှေ့တွက်ပြခါ၊သိချင်ပါ၊ .... ၈၇

၃၀။ အဘိဓမ္မာ။ ဟောသောခါဝယ်၊ ဘယ် ကျမ်း မှာ
ဘယ်နှစ်ကုဋေ၊ ကျွတ်တန်းဝေသည်၊ ပေါင်းရေ
ဘယ်မျှကျွတ်သနည်း၊ .... .... ၈၈

၃၁။ ဓာတုပရိနိဗ္ဗာန်၊ ဝင်စံသောခါ၊ ဖြဟွားနတ်လူ၊ သုံး
ဘုံသူဘို့၊နိဗ္ဗူကြဒ္ဓန်း၊ ကျွတ်တန်းဝင်သူ၊ ရှိဦးမည်
လော့၊သို့ဘည်းတမူ၊မရှိဟူသည်၊နတ်လူကျွတ်တန်း
ဝင်ဦးမည်လော၊ .... .... .... ၈၉

ဦးရေ၊ **မာတိကာ။** မျက်နှာ၊

၃၂၊ စေတီဘုရား၊ ရဟန်းများထံမှောက်။ စက်တော်အောက်သို့၊ သွားရောက်ညွှတ်လျိုး၊ ရှိခိုးသောသူ၊ အဝေးနေရာ၊အိမ်ဂေဟာက၊စေတနာထား။ ဝတ်တွားရိုကျိုး၊ ရှိခိုးသောသူ၊ ၎င်းသူနှစ်မျိုး၊ အကျိုးပေးတူ-မတူ၊ ဟောတော်မူလော့၊ ၉၀

၃၃၊ ပုဂ္ဂလိကဒါန၊ သံဃိကဒါန၊ ထိုဒါနနှစ်မျိုး၊ အကျိုးပေးဘယ်ဒါနက ကြီးပါသနည်း၊ .... ၉၇

၃၄၊ စားပြီးသုံကံ၊ကင်ရုံခရေဆေး၊ သွန်ပေးစွန့်ပစ်၊ ပြုလစ်သောခါ။ သတ္တဝါပိုးမွှား၊ စားကြပါစေ၊ စွန့်လိုက်သေက၊၎င်းဒါနကို။ ရချကောင်းကျိုးပေးမည်လော၊ ၁၀၅

၃၅၊ စားပြီးထမင်း၊ ကျန်အကြွင်းကို၊ ရှင်ရင်းဘုရား၊ သံဃာအားကို။ စိတ်ထားကြည်ညို၊ လှူဒါန်းလိုသည်၊ကုသိုလ်ရပါမည်လော၊ .... .... ၁၀၇

၃၆၊ ဒါန-သီလ-ဘာဝနာ၊ ၎င်းသုံးဖြာ။ မြန်စွာခရီး၊ နိဗ္ဗာန်ရောက်နိုးသနည်း။ ... .... .... ၁၁၁

၃၇၊ မဂ်ဖိုလ်ဉာဏ်၊နိဗ္ဗာနကို၊ဘာအတိုဆုံး၊ ရောက်သောထုံး၊ကျင့်သုံးတရားဘယ်သို့ရှိသနည်း။ .... ၁၂၀

၃၈၊ နတ်ပြည်ချောက်ရာ၊ လက္ခဏာ၊ အင်္ဂါဘယ်နှစ်ပါးရှိသနည်း၊ ... .. .... .... ၁၂၂

၃၉၊ ဒါနကြီးစား၊ ကုသိုလ်ပွါး၊ သိကြားနတ်မင်းဖြစ်၏လော၊ .... ... .... ... ၁၂၄

၄၀၊ သိချင်းဆိုသံ၊ တရံတခါ ကြားရတာနှင့်၊ ရဟန္တာတသူ၊ ဖြစ်တော်မူသည်၊ နတ်လူထူးပေစွတကား။ ၁၂၇

၄၁၊ ခရီးသွားသမ်း၊ရဟန်းသူ့ွန်၊တွေ့ကြုံမြင်သော်၊ အိမ်ပေါ်ကမှာ၊ မဆင်းသာ၍။ ဆယ်ဖြာညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးထိုက်သည်၊ မထိုက်သည်ကို၊ ကျွမ်းခွဲဖွေရှာ၊ဟောပြောပါလော့၊ .... ၁၂၈

ဦးရေ၊ **မာတိကာ။** မျက်နှာ၊


၄၂၊ နဝမခဏ၊ ခေါ်ဝေါ်ကြသား၊ ရချမှန်စွာ၊ မသိပါ
သေခြာပေါာမှ သိမည်နည်း၊ .... .... ၁၃၄

၄၃၊ ကိုယ်မှန့်ကြူး၊ စန္ဒကူးတည်း၊ ရွှင်မြူးဖွင့်လင်း၊ အခါ
ခံတွင်းကာ၊ဖြန့်သင်းမွှေးပြန့်၊ကြာညို့နံ့လှိုင်၊ မွှေးမျိုး
ကြိုင်သည်၊ ဆုံးတိုင်ဘယ်ကောင်းမှု အကျိုးပေး
သနည်း၊ .... .... .... .... ၁၄၃

၄၄၊ ဒုဋ္ဌတိ-တိရစ္ဆာန်၊ မွေးဘွားမှန်လျက်၊ ရဟန္တာ
သာဝက၊ ဖြစ်ကြရသည်၊ ရချမှန်ယူ၊ အဘယ်သူ
တို့နည်း၊ .... .... .... ... ၁၄၆

၄၅၊ ပညာရှိဝယ်၊ ဂုဏ်နှစ်ဆယ်ဟု၊ မှတ်ဘွယ်ခါယူ၊
ထိုထိုလူ၊ အဘယ်သူ၏အလေ့ယူရသနည်း၊ .... ၁၄၉

၄၆၊ သူတပါးတို့၊ သိမ်းထားဥစ္စာ၊ ခိုးယူခါမှ၊ ပစ္စေက
ဗုဒ္ဓါ၊ ဖြစ်ရရှာသည်၊ ကျမ်းလာသဘော၊ ဟုတ်၏
လော၊ .... .... . .. .... ၁၅၀

၄၇၊ တရားဟောပါ၊ နာသောခါ၊ ခြောက်ဖြာရှိမြဲ၊ သ
ဘောအဘယ်သို့လွဲသနည်း၊ .... .... ၁၅၃

၄၈၊ ဈေးဘုသိုသ်ကံ၊ ကြောင်းမခံ၊ အမှန်ဝိရိယ အကျိုး
ပေးမည်နည်း၊ .... .... .... ၁၅၇

၄၉၊ ပဋ္ဌပတိမ္ဗိတ၊ ရှိခိုးကြ၊ ငါးဝအင်္ဂါ အဘယ်နည်း၊ .... ၁၆၀

၅၀၊ ဓမ္မဒါနအကျိုးတရားတပုဒ်၊ .... .... ၁၆၂

၅၁၊ ကျမ်းပြီးနိဂုံး၊ .... .... .... ၁၆၇

# နိဒါန်း။

အသမ္ဘိန္န၊ ခတ္တိယနွယ်မျိုး၊ အရိုးမပျက်၊ အဆက်စဉ်လာ၊ ဥက္ကါကရာဇ်၊ မင်းစစ်မှန်လှ၊ သိဒ္ဓတ္ထကုမ္မာလောင်းပွင့်လျှာသည်၊ ဥယျာဉ်သာအလှမ်းတွင်၊ လေးခမ်းသော နိမိတ်၊ ထိတ်လန့်တော်မူ၊ နှလုံးတော်ပူဆဲ၌၊ ရာဟုလာသားတော်ကို၊ မယ်ယသော်ဖွားမြင်ကြောင်းနှင့်၊ ထပ်လောင်း၍တင်ပြန်လျှင်၊ မရွှင်သောကိုယ်တော်၊ ညှိုးလျှော်သောမျက်နှာဖြင့်၊ ငွေသော်တာယုန်နန်းကို၊ အသူရိန်ကြမ်းသည်၊ ဘမ်းမိသောပုံအသွင်၊ ရွှေစိတ်တော်ထင်သောကြောင့်။ သောတလျှင်မြန်စွာ၊ နန်းတော်သို့ပြန်လာ၍၊ ဘရာဇာသုဒ္ဓေါ်နှင့်၊ မယ်ယသော်သံက်ထား၊ ရာဟုလာမြတ်သားကို၊ စွန့်သွားခါပယ်ချန်။ သန်းခေါင်ယံအခါ၊ နောက်တော်ပါမောင်ဆံ၊ ခန္တကမြင်းပျံနှင့်၊ သန်းခေါင်ယံမကြာ၊ တောခန်းဝါမြိုင်နက်သို့၊ မြန်းထွက်တော်မူရာ၊ မာန်နတ်မင်းရှေ့ကဆီး၍၊ ခရီးကဗိုလာ၊ ခုနစ်ရက်တိုင်မြောက်လျှင်။ ရောက်တော့မည်စကြာ၊ နန်းတော်သို့ပြန်ပါဟု၊ လက်ပြခါဟန့်တား မာန်နတ်မင်းစကားကို၊ ပါယ်ရှားခါရှောင်သွေ၊ သင်လွှဲဆေမြန်စွာ၊ ရွှေဆွန်းတော်သာပြီးမှ၊ လမ်းခရီးသာယာ၊ နတ်မိုးရှူးထွန်းကာဖြင့်၊ အနော်မာမြစ်ကမ်းဝယ်။ ဆံတော်ကိုပါယ်ချ၍။ ဃဋိကာလျှာဒါန်းသော။ ကြာသင်္ကန်းအစုံကို၊ ဝတ်ရုံတော်မူပြီးမှ၊ ခြောက်နှစ်ပေ စရိယာ။ ယါရမိဆယ်ဝ၊ ငါးစာဂစွန့်ခြင်း၊ ကျန်မကြွင်းအားလုံးကုန်၊ ပြည့်စုံတော်မူပြီးမှ၊ ရာဇဂြိုဟ်ပြည်မသို့၊ ဆွမ်းခံတော်ကြွပြီးလျှင်၊ ပဏ္ဍဝတောင်ဝှမ်း၌၊ ဆွမ်းဘုဉ်းပေးနေရာ၊ ဗိမ္ဗိသာမင်းကြီးက၊ ထီးနန်းကိုအုပ်ချုပ်၍၊ မင်းလုပ်တော်မူပါ၊ သို့ဘိတ်ကြားလာရာတွင်၊ ငါတဆူနန်းဘွား၊ တိုင်းပြည်ကိုပါယ်ရှား၍၊ ဘုံသုံးပါးကောရာ၊ မဂ်သမ်းကိုရှာမည်ဟု၊ ခွန်းရွှေဗျာသင်းကြူ၊ ဆိုမိန့်တော်မူရာတွင်၊ ဗုဒ္ဓဂို၊ အစစ်။ နောင်ဘုရားဖြစ်ခဲ့လျှင်၊ ဤတိုင်းခွင်ပြည်သာသို့။ ရှေးဦးစွာကြွပါဟု၊ ဗိမ္ဗိသာဘိတ်ကြား။ ပဋိညာဉ်ထားခဲ့မှ၊ ကြွသွားတော်မူရာ၊ သုဇာတာ ဆက်လှမ်း၊ ရွှေခွက်ပါ လှူဒါန်း၊ နတ်သုဒ္ဓါ

နို့ဆွမ်းကို၊ နေယဉ္စရာမြစ်ကမ်း၌၊ ငြိမ်းချမ်းစွာဘဉ်းပေး၊ ရှေးနောင် တော်သဘော၊ ရွှေခွက်ကို စွန့်မြော၍၊ မြတ်ဗောဓိအောင်ချက်သို့၊ ရွှေစကြာမြန်းကြွရာ၊ သုဒ္ဓိယ စေင်သည့်၊ ကြည်လင်စွာလှူဒါန်းသော မြက်ဆံမျက်ရှစ်ဆုပ်ပန်းကို၊ လက်လှမ်းတော်ခံယူ၊ သောင်းဒီပါမြေ ငှဝယ်၊ ဗုဒ္ဓင်္ဂါနေင်တော်တို့၊ မာရ်အောင်တော်မူရာ၊ မဏ္ဍိမာအာ လယ်ချက်၊ ဘုမ္မိနက်အောင်မြေ၊ ဗုဒ္ဓဟောဓွဲဉော်အောက်၊ အရှေ့ မြောက် လေးတောင်ကွာ၊ မျက်နေရာ ခင်းတော်မူလျှင်၊ အဆူဆူ ကမ္ဘာ၊ ပေါင်းများစွာဆည်းဘူး၊ ကုသိုလ်ထူးရှေးပုည၊ မြတ်ဒါနပါ ရမီကြောင့်၊ ဝိဝဋ္ဋရှာရီ၊ ဤကမ္ဘာကြက်သရေ၊ မြေဦးထိပ်သံ ညှော်ကြက်၌၊ ကျောက်မျိုးပုံစံမ်၊ အုံမျိုးပုံချယ်သတ်၊ နဝရသ်ရောင်ရှိန် စိန်အရောင် မြအရောင်၊ ပြိုးပြိုးပြောင်လျှံတောက်၊ ရွှေပလ္လင် ပေါက်လျှင်ပင်၊ ရောက်သာသောမာရ်နတ်မင်းကို၊ ထာခခြင်းအောင် မြင်၍၊ ညဦးတွင်ပုဗ္ဗေ၊ မဇ္ဈိမဒိဗ္ဗ၊ ရိုးသောက်ထ အာသဝက်၊ ဝိဇ္ဇာ ဉာဏ်သုံးချက်ကို၊ တပြိုင်နက်သိမြင်၊ ဘုံသုံးခွင်တိုက်နေ၊ များဝေ ထောသတ္တဝါ၊ ကရုဏာရှေ့ပြေး၊ ဒေသနာရေဖြင့်၊ တိုက်ကြွေး တော်မူမည့်၊ အတည့်တည်အာ၁၀၊ ရှင်းမခွပိတ်မသွေ၊ ထေးထွေ သော၊ ဆုင်္ဂပါဒ်၊ ခြောက်ရပ်သောဆုမြေ၊ ခြောက်ထွေသောရောင်လျှံ ထက်၊ ရိုယ်းရုံတလင်းလင်း၊ အဇပါဉောင်ပင်ရင်း၌၊ သိကင်းသုံး တော်မူရာ၊ ရွှေဘုန်းတော် တေဇာကြောင့်၊ ရိုယ်းဖြဟ္မာသဟံပတိ သည့်၊ ဓာတိခေတ်စကြာဝဠာ၊ နတ်ဖြဟ္မာခြံရံ၊ ပူဇော်ရန်ရွှေပန်း ကုံးကို၊ မြင့်မှိုရ်လုံးပမာန၊ ဦးသုံးကြိမ်ညွှတ်ခ၍၊ ရနိန္တမြတ်စွာသည့်၊ များဝေထောသတ္တဝါကို၊ ဒေသနာရွှေခွန်းဖြင့်၊ ပြည့်ွန်းတော်မူပါ၊ ဒေသေတုဘဂဝါ၊ ဂါထာရုံချီးမြှောက်၊ ရွှေနားတော်သျှောက်ခါမှ၊ သမ္ဗုဒ္ဓမုနိန်သည့်၊ ရွှေဉာဏ်တော်ဝရဇိန်၊ မှန်ပြောင်းတော်ချိန်ပြီးမှ၊ အာသယာရာနုသယ၊ ဆအာသာခါရကာ၊ အစအဆုံး၊ ပေါင်းရုံးကုန် စင်၊ ရွှေဉာဏ်တော်ဆင်ခြင်၊ အလုံးစုံသိမြင်၍၊ သမင်တို့ပျော်ရာ၊ မိဂဒါဝုန်ညိုသို့၊ ရွှေကိုယ်တော်မြန်းကြွ၊ ဥပကာရှင်ကြီးနှင့်၊ ခရီးစင် တွေ့ကြ၊ အမည်တော်နာမကို၊ ဇိနဟုမိန့်ကြား၊ ပဋိညာဉ်ထားခဲ့မှ၊

ကြွသွားတော်မူရာ၊ မိဂဒါ်မြိုင်ခြေသို့၊ ရွှေကိုယ်တော်ရောက်လေက၊
ဝါဆိုလပုဏ္ဏမီ၊ ရက်ဒိဓိအပေ့၊ လပြည့်နေ့နံနက်တွင်၊ ယှဉ်နက္ခတ်
ဥတ္တရာ၊ ဓမ္မစက်ဒေသနာကို၊ ဆယ်မျက်နှာထုတ်ခြင်းပေါက်၊ အ
ထက်အောက်ကြေညာ၍၊ ခွန်းရွှေဗျာမိန့်ဟလျှင်၊ ကောဏ္ဍညရှေး
ဦး၊ ပကတူးရဟန္တာ၊ နတ်ပြဟ္မာတွက်ရေ၊ ဆယ်ကုဋေမက၊ ဈာန်
မဂ်ဖိုလ်ရကြ၍၊ ထိုကမ္ဘာတခါ၊ အခွာခွာနယ်မြေ၊ အရပ်ရပ်တိုင်း
ပြေသို့၊ ဒေသစာမြန်းကြွ၊ ဝေဖောယျသတ္တဝါ၊ ကျွတ်တန်းပါစာ
ရင်းဝင်၊ ကုန်စင်အောင်သိမ်းရုံး၊ နောက်ဆိတ်ဆုံးအစသတ်၊ သု
ဘဒ္ဒတွင်အငြိမ်း၊ လက်စသိမ်းအပြီး၊ မဂ်ယဉ်ပျံ ရွှေဖေါင်ကြီး
ကို၊ ကြိုးရွက်ရုံဆင်ပြီးလျှင်၊ မီးငြိမ်းရာမှာနှ၊ အမတရွှေဘုံဝယ်၊
ကျွတ်သူကုန်မို့တော်မူပြီးမှ၊ သမ္ဗုဒ္ဓဘုန်းမော်၊ မြတ်ဖိုးနော်သည်၊ ဝါ
တော် ၄၅ ဝါ၊ စေ့ရောက်လာလျှင်၊ ခြောက်ဘုံအတွင်၊ ဝဿဝတီ
လောကီပိုင်နင်း၊ မာရ်နတ်မင်းသည်၊ ခြေရင်းမယုတ်၊ ပဆစ်ဘုပ်
လျက်၊ လက်အုပ်ချီမြှောက်၊ ရွှေနားတော် လျှောက်သည်မှာ၊ မိုး
အောက်မြေထက်၊ ဘဝဂ်ဖြားရင်း၊ ထုတ်ခြင်းစကြာဝဠာ၊ အာကာ
ဇာတိ၊ ခေတ်ဝိသယ၊ အနန္တတွင်၊ နှိုင်းဆာမရှိ၊ ဝိပတ်ပဝရ၊ အတုလ
ဟု၊ ခမ္ဘသာမိ၊ သိရိညွှန့်ဝေ၊ ဗုဒ္ဓဟောနန်း၊ ပိုင်သိမ်းမြန်းလျက်၊ လေး
ခမ်းသစ္စာ၊ ၅ဖြာညေယျ၊ မြတ်ဓမ္မကို၊ ခဏလွှယ်ကူ၊ သိတော်မူသည့်
နတ်လူ့တို့မှန်ကင်း၊ ရွှေဘုန်းရောင်လင်းလှသော၊ ပြည်မင်းနိဗ္ဗာန်ရှင်
ဘုရား၊ တိုင်းခွင်သာလှ၊ ကပ္ပိလဒ္ဓ၊ မွေးဘသုဒ္ဓေါ်၊ မင်းမြတ်ကျော်
သည်၊ လေးပေါ်ဦးစွန်၊ မဂ်ဆုံးလွန်သော၊ ရဟန္တာမွန်၊ အဆုံးစွန်ဖြင့်
အမှန်တိုင်ရောက်၊ ထိုးဖြူအောက်တွင်၊ ရမြောက်အမှန်၊ ပြည့်
နိဗ္ဗာန်သို့၊ ဝင်စံတော်မူပါပြီ၊ ယသော်ဓရာ၊ ပိမ္ပါဒေဝီ၊ မယ်ထေရီ
လည်း၊ သင်္ကီရောင်ဖိတ်၊ မြင့်မှိုရ်ထိပ်ဌ၊ ကရဝိတ်သန္တာန်၊ တူစွာဘန်
၍၊ နိဗ္ဗာန်ဝင်တော်မူပါပြီ၊ ရင်သွေးတော်စစ်၊ သားတော်ချစ်ရတနာ
ရာဟုလာသည်၊ တာဝတိန်ရုံ၊ အာရုံခံ၍၊ နိဗ္ဗာန်ဝင်တော်မူပါပြီ၊ မိဂ
ဒါခေါ်၊ တောရပ်ကျော်ဝယ်၊ ကိုတော်ဟောကြား၊ မြတ်တရားကို၊
ရှေးဖြားမဆွ၊ ဦးစွာရသည်၊ ကောဏ္ဍညမည်၊ မဟာထေရ်လည်း၊

ကြေည်လှစွာ၊ငါးမျိုးကြာနှင့်၊အိုင်သာဆဒ္ဒါန်မြိုင်တောရန်သို့၊နိဗ္ဗာန်ဝင်တော်မူပါပြီ။ သာရိပုတ္တရာ၊ ထက်ျာတော်ရံ၊ ရှင်ပျံဘုန်းမော်မထေရ်ကျော်လည်း။ ဘွားတော်မူရာ၊ တိုက်ခမ်းသာ၌၊ ပရိနိဗ္ဗာန်စံယူတော်မူပါပြီ။ လက်ဝဲတော်ရံ၊ ရှင်မဟာ မောဂ္ဂလာန်လည်း။ တောင်ရံပါတ်ချုပ်၊ဂိဇ္ဈကုဋ်၌၊ အနုပ္ပါဒိ၊သိရိခေမံ၊ ပြည်နိဗ္ဗာန်သို့။ ဝင်စံတော်မူပါပြီ။ ကိုယ်တော်မြတ်လည်း၊နောက်ထပ်မကျန်၊ပြည်နိဗ္ဗာန်သို့။စံဝင်တော်မူပါဘုရားဟု၊ ချောက်ထားတောင်းပန်လျှင်။ သုံးတန်ရပ်သူ၊ နတ်လူမျက်ချယ်၊ စောဘုန်းကြွယ်ကာ၊ ဟာယ်မာရ်နတ်ဒေဝ၊မကြောင့်ကျနှင့်၊ ဤနေ့မှစထောက်၊ သုံးလမြောက်လျှင်။ အထောက်မတန်၊ပြည်နိဗ္ဗာန်သို့၊ စံဝင်တော်မူအံ့ဟု။ အာယုသင်္ခါရ၊ရွှေခွန်းတော်မိန့်ဟလျှင်၊ဘုမ္မပထဝီ၊မေဒနီသည်၊ဟိဟိဟိန်းဟိန်းပဲ့တင်ချိန်းလျက်၊အိုးထိန်းလှည့်စက်။ လျှောင်းပုခက်ကဲ့သို့၊ ရောက်ရက်တောတောင်၊များမြောင်ပါတ်ကုန်း၊ချိန့်ချိန့်အုန်းမျှ။ သောင်းလုံးတုံလှုပ်လေသတည်း၊ ဆုတောင့်သကျ။ မုနိန္ဒလည်း။ မိန့်ဟသည်နောက်၊သုံးလရောက်လျှင်၊ကြီးမြောက်ဌာန။ ဒေဝဒဟ၊ ကောသိယနှင့်၊ကပ္ပိလဝေသာလီ၊ကောသမ္ဗီဗာရာဏ၊သင်္ကာသရာဇဂြိုဟ်၊တက္ကသိုလ်ပါဋလိ၊သာဝတ္ထိစေတုတ္တရာ၊ကြီးကျယ်စွာနိုင်ငံ၌။ပရိနိဗ္ဗာန်စံယူတော်မမူ။ အယုသီးခြား။ ဆာဝါသားဟု၊ တွင်ညားမည်မှတ်၊ ရှင်သုဘဒ္ဒအား၊ဆီးတားတွယ်တာ၊မှောင်တဈာကို။ထိန်ဝါပြောင်ပြောင်။ ဉာဏ်တော်ရောင်ဖြင့်။ မိုက်မှောင်ကင်းပျောက်၊ အလင်းရောက်၍။အရှောက်မကြာ၊ကုသိနာ္ရဝယ်၊ရဟန္တာတွေ့၊ ဖြစ်မည်ခေးကို။ မြော်တွေးဆင်ခြင်၊ မြင်တော်မူသည်လည်းတကြောင်း၊ အပေါင်းများစွာ၊ ထေရ်သင်္ဃာလျှင်၊ ငါးဖြာတေဒင်၊ ရလျက်ထူးစွာ၊အာနန္ဒာကို။ မဟာသုဒဿန။ ဇာတ်ဘာဝကို၊ မိန့်ဟမြွက်ဖော်ဟောတော်မူလိုသည်လည်းတကြောင်း၊ အောင်စည်အောင်မောင်းသောင်းသောင်းအုပ်အာ။ များဗိုလ်ပါနှင့်၊ မလ္လာပြည်တွင်း။ရှစ်ပြည်မင်းတို့၊အခင်းရန်စစ်။ဖြစ်မည်ရှိရာ၊ မဟာဒေါန။ တရားဖြ၍။ သရီယာဓါတ်၊မွေတော်မြတ်ကို၊ပေးအပ်ခွဲဝေ၊ ရန်မီးငြေ၍၊ နေရင်းဌာန

တိုင်းပြည်မသို့ပြန်ကြမည့်ကြောင်းအင်ကို။ မြင်တော်မူသည်လည်း တကြောင်း။ထိုအကြောင်းသုံးအင်ကို၊ ရွှေဉာဏ်တော်တွင်၊ သိမြင် တော်မူပြီးမှ။ သုံးလောကထွန်းခြာ။ စိန္တေယျာသည်။မလ္လာမင်းတိုင်း ပြည်သာသို့၊ မျှားအုပ်တွေထေရ်သဃာ၊ ရှေ့သိန်းသန်းနောက်ပါ နှင့်။ရွှေစကြာမြန်းကြွရာ၊ ကုသိနာ့ရတောင်တော်သာတွင်၊ လွန်သာ ယာချမ်းမြေ့။ မင်းမလ္လာဘုန်းဟော့တို့။ ပျော်မွေ့သည့်။ ဥယျာဉ် သာတွင်၊ ရတနာလျှံမောင်း၊ ရွှေသလွန် ညောင်းစောင်းထက်။ လျောင်းစက်၍ပရိနိဗ္ဗာန်၊ စံယူတော်မူခါနီး၌၊မညီးအောင်ရှုမျှော်၊ ဘထွေးတော်မင်းမြတ်သား၊ ချစ်ညီဘွားအာနန်က၊ ထွန်ဘုံလျှံ မြတ်ဘုရား၊နိဗ္ဗာန်သို့သွားခဲ့လျှင်၊ ငါတို့အားဘယ်သူရေး၊ ဆုံးမခါ ပေးမည်ဟု၊ ငိုကြွေး၍ လျှောက်ထားရာ၊ မြတ်ဘုရားရာဇာက၊ ဒေသနာအမြိုက်ဆေး၊ တိုက်ကျွေးတော်မူသည်မှာ၊ ဝုတ္တညွှတံ၊ ဘဂဝတာ၊ ယောဝေါအာနန္ဒမယာ၊ ဓမ္မောစ၊ ဝိနယောစ၊ ဒေသိ တော၊ ပညတ္တော၊ သောဝေါမ၊ မမစ္စယေန သတ္ထာတိ၊ ဟုပါရာဇိ ကာဏ်၊ အဋ္ဌကထာ၊ နိဒါန်းတွင်လာသည်နှင့်အညီ၊ သုံးလီသောဘုံ ဘဝ၌၊သမ္ဗုဒ္ဓထွန်းမှန်ကူ၊ငါဘုရားတဆူသာ၊ နိဗ္ဗုတာမြတ်ကြွေ့ဥန်း ကြွမြန်းတော်မူသည်မဟုတ်၊ငါဘုရားဟောသား၊ဒေသနာတရားတို့ သည်၊ဘုရားအဆူဆူ၊သင်ချစ်သားတို့အား၊ငါဘုရားကဲ့သို့၊ ဟော ကြားတော်မူရစ်လိမ့်မည်ဟု၊ သာကြည်စွာကြွေ၊ မိန့်ကြားတော်မူ ခါမှ၊အာနန္ဒာညီခင်၊ နှလုံးတော်ကြည်လင်၍၊ ပူပင်သော သောက ကို၊ပြေဖြောက်တော်မူခဲ့သည်၊၍သို့အရ၊ သမ္ဗုဒ္ဓဘဂဝါ၊ ဟောပြ သော့ဒေသနာ၊ ကျမ်းရွှေစာအရပ်ရပ်က၊ လိုအပ်သောအရ၊ ခဲခက် သောဌာနကို၊ နှုတ်ယူခါဉာဏ်တံချူနှင့်၊ စံဘဆူထားအပ်သော၊ ကာမမြို့၊ သစ္စရုံရွှာ၊ ဂိုဏ်းချုပ်ဆရာတော်ဘုရားက၊ သုတကိုလို လားသော ပုဂ္ဂိုလ်တို့၏အကျိုးငှါ၊ ပုစ္ဆာ-ဝိသဇ္ဇနာကျမ်းပြုလုပ်၍ ထားပါမည်ကြောင်းကို၊သစ္စရုံရွှာ၊ဒါယကာ၊ဒါယိကာမတို့ လျှော ထားတောင်းပန်ချက်အရ၊ပြည်မြို့၊ တိ-ဂျီ-ဘရားသား-ဗုဒ္ဓဘာသာ

# နိဒါန်း၊

မြန်မာ စာပုံနှိပ်တိုက်က။ သိုက်မြိုက်သေခြာ အက္ခရာမယုတ် ပုဒ်ပါဌ်ဝါကျ၊ ကောသလ္လဉာဏ်၊ စိမ်ကုံလုံ သတ်ပုံသတ်ညွှန်း မယွင်းစေရ ကြပ်မပြင်ဆင်၍၊ စက်တင်ပုံရိုက်လိုက်ကြောင်း။ အပေါင်းသမဂ္ဂ မိတ်သင်္ဂဟာအဖော်ပေါင်းသူတော်ကောင်းတို့၊

# ပုစ္ဆာဝိသဇ္ဇနာကျမ်း။

## ပဌမ။

နမောတဿ-ဘဂဝတော-အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

တိလောကမဟိတံ တံဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံဓမ္မံ။
သင်္ဃမ္ပဂရုကံသိရသံ ဝန္ဒိတွာလက္ခိဿာမဟံ။ ။
(ပဌမ ဘကာရဝိပုလ ဂါထာ)

ပုစ္ဆာဝိသဇ္ဇနာဂန္ထံ သုတေသန ဂဝေသနံ။
ပုဂ္ဂလာနံအတ္ထာယစ နာနာနယနိသမ္ဘူတံ။ ။
(ပဌမယကာရဝိပုလဂါထာ)

အဟံ၊ငါသည်။ ဝါ၊ သုဇာတ ဟု နာမသရုတ်။ အကျွန်ုပ်သည်၊ တိလောကမဟိတံ တိလောကေန ပူဇိတံ၊ ပြဟ္မာနတ်လူ သုံးဘုံသူသည်၊ ကြည်ဖြူ၊ ကောင်ရော် ပူဇော်အပ်လှ မြတ်တော်မူထသော၊ ဗုဒ္ဓံ၊သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားကျန်စင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားကိုလည်း၊ ဝန္ဒိတွာ ဝန္ဒာမိ၊ ရှိခိုးမြတ်နိုး ရှိခိုးပါ၏၊ ဝန္ဒိတွာ၊ရှိခိုးမြတ်နိုး ရှိခိုးပြီး၍၊ သမ္ဗုဒ္ဓပူဇိတံ၊ မြတ်စွာဘုရားတို့သည်၊ ပူဇော်အပ် မြတ်တော်မူသော၊ ဓမ္မံ၊ မဂ်လေးဝ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်း၊ ဝန္ဒိတွာ ဝန္ဒာမိ လက်အုပ်ချီမိုးရှိခိုးပါ၏၊ ဝန္ဒိတွာ၊ရှိခိုးပြီး၍၊ သဗ္ဗညုသမ္ဗုဒ္ဓံ၊ သူတော်ကောင်းတရား ရှိတော်မူသော။ သံဃံ၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ်လေး ယောက်၊ ဤရှစ်ယောက်သော ပရမတ္ထ၊ သံဃာတော်အပေါင်းကို လည်း၊ ဝန္ဒိတွာ ဝန္ဒာမိ၊ သက္ကစ္စ ဝန္ဒနာဖြင့်၊ ရှိသေစွာရှိခိုးပါ၏၊ ဝန္ဒိတွာ၊ ဦးတင်ညွှတ်လျှိုး ရှိခိုးပြီး၍။ ၊သုတေသနဂဝေသနံ၊ သုတကိုရှာမှီးကျန်သော၊ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့အား၊ဝါ၊ပုဂ္ဂိုလ်တို့၏

အဋ္ဌာသယ၊အကျိုး၍၊ နာနာနယနိသမ္ဗုဏ္ဏံ၊အထူးထူးသောနည်းတို့ ဖြင့်ပြွမ်းသော၊ ပုဏ္ဏောဝါဒသုတ္တန်ဂန္ထံ၊ အမေးပုဏ္ဏော၊ ဖြေသူနာဖြစ် သော၊ပုဏ္ဏောဝါဒသုတ္တန်ကျမ်းကို၊ လက်ခွဲသာမိ၊ကူးယူရေးထားမှတ် သား၍ထားပေအံ့၊ ၊ပဏာမဂါထာ၊

—•>o<•—

## အသက်ဝိညာဉ်အစရှိသော ပုဏ္ဏောကိုဖြေဦးအံ့။

အသက်ဝိညာဉ်၊ ထင်ထင်ရှားရှား။ ရှိလျက်သားကို၊ သေသည် ဆိုသည်။ ထိုသူတချက်။ ခေါင်းရှိလျက်ကို၊ ခေါင်းပြတ်ဆို၏၊ ဤကိုယ်ခန္ဓာ၊ မသေပါဘဲ၊ အမြဲမယုတ်၊ လွန်စွာပုတ်သည်၊ ။ ပုဂ္ဂိုလ်တဦး လွန်ဆန်းထူး၊ ။ဟူသော ဤကဗျာလင်္ကာ၏ အမေး ပုဏ္ဏောကို၊ လျင်စွာမနေ၊ ကျမ်းဂန်ဖွေ၍။ဖြေဦးအံ့၊ ။မကုဋခဇ အတုလသွန်ဆား။ မြတ်စွာဘုရားသည်၊ ၊အပ္ပမာဒေါအမတံပဒံ အစရှိသောဂါထာပုဒ်ဖြင့်၊ တံဆာဆင်အပ်သော၊ ဤဘဏ္ဍာတော်နှု ကဗ္ဘာတ်ကို၊ ဇေတဝန်ကျောင်းတော်၌၊သီတင်းသုံးနေတော်မူစဉ် ပသေနဒီ ကောသလ မင်းကြီးအား၊ ဆုမ္ဗတော်မူခြင်းကို အ ကြောင်းပြု၍ ဟောတော်မူ၏၊ ၊လွန်လေပြီးသောအခါ၊ ကပ္ပိလ တိုင်း၊ ဥတ္တရ၊ ပဉ္စာလပြည်၌၊ ပဉ္စာလမည်သောမင်းသည်၊ အဂတိ သေးပါ သိုသိုက်ခြင်း၌တည်လျက်၊ အဓမ္မဖြင့် မေ့လျော့သည်ဖြစ် ၍၊မင်းပြု၏၊ထိုအခါ ထိုမင်း၏မှူးမတ်အစရှိကုန်သော၊အလုံးစုံကုန် သော သူတို့သည်၊ တရားမစောင့်ကုန်၊ အခွန်အတုပ်ဖြင့် နှိပ်စက် ကုန်သော၊ တိုင်းပြည်၌ နေသောသူတို့သည်။ သားမယားတို့ကိုခေါ် ယူ၍။ တောသို့ သမင်တို့ကဲ့သို့သွားကုန်၏၊ ရွာတည်ရာ၌၊ ရွာမည် သည်မဖြစ်၊ လူတို့သည် မင်းသံတမန် ကြောက်ကုန်သောကြောင့်၊ နေ့အခါ အိမ်၌နေခြင်းငှါမတတ်နိုင်ကုန်၊အိမ်တို့ကို ဆူးခက်တို့ဖြင့် ခြံရံပိတ်ဆို့လျက်၊ ညည့်အခါသာ၍ နေပြီးလျှင်၊ အာရုဏ်တက် သောအခါကလျှင် တောသို့ပြေးဝင်ကြရကုန်၏။ နေ့၌မင်းသံတမန်

တို့သည်၊ လုယက်ကုန်၏၊ ညဉ့်၌ခိုးသူတို့သည်၊ လုယက်ကုန်၏။ ထိုအခါ ဘုရားလောင်းသည်၊ မြို့ပ၌ တည်ပင်စောင့်နတ် ဖြစ်၏၊ နှစ်တိုင်း နှစ်တိုင်း မင်း၏အထံမှ အသိုး တထောင်ထိုက်သော၊ ပူဇော်သက္ကာရကိုရ၏၊ထိုနတ်သည် ဤသို့ကြံ၏၊ ဤမင်းသည် မေ့လျော့သည်ဖြစ်၍ မင်းပြု၏၊ အလုံးစုံသောတိုင်းပြည်ကို၊ ဖျက်ဆီး၏၊ ထိုမင်းကို ငါသုံးမအံ့ဟုကြံ၏၊ ကြံပြီး၍၊ ထိုတည်ပင်စောင့်နတ်သည်၊ ညဉ့်အဘို၌။ မင်း၏ကြက်သရေရှိသော တိုက်ခန်းသို့ဝင်၍၊ ဥကျောင်းရင်းနံပါး၌ရပ်လျက်။ အရောင်ကိုလွှတ်၍၊ ကောင်းကင်၌တည်၍၊ မြတ်သောမင်းကြီး၊ ငါသည်တည်ပင်စောင့်နတ်တည်း။ ရှင်မင်းကြီးအား၊ အဆုံးအမကို ပေးအံ့ဟုကြံ၍လာ၏။ မြတ်သောမင်းကြီး။ အံ့ရှင်မင်းကြီးသည်၊ မေ့လျော့သည်ဖြစ်၍မင်းပြု၏။ ထိုကြောင့် ရှင်မင်းကြီး၏တိုင်းပြည်သည်၊ လုယက်ဖျက်ဆီးသကဲ့သို့ ပျက်စီး၏။ ပြည့်ရှင်မင်းတို့မည်သည်ကား၊ မေ့လျော့သဖြင့် မင်းပြုသည်ရှိသော်။ အလုံးစုံသော တိုင်းပြည်၏အရှင်မဖြစ်ရ။ ပစ္စုပ္ပန် မျက်မှောက်၌လည်း ပျက်စီးခြင်းသို့ရောက်၍၊ တမလွန်၌မူကား၊ ငရဲကြီး၌ ဖြစ်ကုန်၏။ ထိုပြည့်ရှင်မင်းတို့သည်၊ မမေ့မလျော့ကုန်သည်ရှိသော်။ ထိုမင်း၏တိုင်းပြည်၌ နေကုန်သော သူတို့သည်။ မမေ့မလျော့ကုန်သည်သာလျှင်ဖြစ်ကုန်၏။ ထိုကြောင့်ပြည့်ရှင်မင်းသည်၊ အတိုင်းထက်အလွန် မမေ့မလျော့သည် ဖြစ်ရာ၏ဟုဆို၍။ တရားဟောလိုရကား။

အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊ အပ္ပမတ္တာ နမိယန္တိ၊ ယေ ပမတ္တာ ယထာ မတာ၊ ။ဟူသောဂါထာကိုဆို၏။

အနက်ကား၊ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းသည်၊ အမတံ အမတသည်။ သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်၏၊ ပဒံ၊ အကြောင်းတည်း၊ ပမာဒေါ၊ မေ့လျော့ခြင်းသည်၊ မစ္စုနော၊ အဘန်တလဲလဲသေခြင်း၏။ ပဒံ အကြောင်းတည်း။ အပ္ပမတ္တာ၊ မမေ့မလျော့ ကုန်သောသူတို့သည်။ နမိယန္တိ၊ မသေသည်မည်ကုန်၏၊ ယေ၊ အကြင်သူတို့သည်။ ပမတ္တာ၊ မေ့လျော့ကုန်၏။ တေ၊ ထိုမေ့လျော့သောသူတို့သည်၊ မတာယထာ၊ သေ

သည့်နှင့်တူကုန်၏။ ။တိံသနိပါတ် ဆယ်ခုတို့၏ ပြည့်ကြောင်း
ဖြစ်သော။ ဘဏ္ဍာဂုတ္တိသုတ္တကဇာတ် နံပါတ်-၁၇၀ အဓိပ္ပါယ်ကား။
မြတ်သောမင်းကြီး။ ဒါန သီလစသည်တို့၌။မမေ့မလျော့အားထုတ်
၍ကျင့်ခြင်းသည်။ သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်သို့ ရောက်
ကြောင်းဖြစ်၏။ ဒါန ကိုလည်းမပြု၊ သီလ ကိုလည်းမစောင့်ရှောက်
ဘာဝနာကမ္မဋ္ဌာန်း မစီးဖြန်းမဆင်ခြင်၊ မေ့မေ့လျော့လျော့ နေ
သောသူတို့သည်။ အဘန်တလဲလဲ သေခြင်း အကြောင်းတည်း။
ဒါန သီလ စသည်တို့၌၊ မမေ့မလျော့ အားထုတ်၍ ပြုကျင့်သော
သူသည်၊မသေသည်နှင့်တူ၏။အကြင်သူတို့သည်၊ဒါန သီလစသည်
တို့၌။ မေ့လျော့၍နေ၏။ ထိုသူသည် သေသည်နှင့်တူ၏။ ဟူလာ
သည်။ ။ဤသည်ကိုရည်၍၊ ကဗျာလင်္ကာ၌။ ။အသက်ဝိညာဉ်
ထင်ထင်ရှားရှား ရှိလျက်သားကို။ သေသည်ဆိုသည်ဟူ၍။ စပ်ဆို
သည်။ ။သေယျထာပိနာမ၊ ပုရိသော သီသစ္ဆိန္နောအာဘဗ္ဗော၊
တေနသရီယာဗန္ဓနေန ဇီဝိတံ ဝေမေဝ။ ။ဝိနည်းမဟာဝါ ပါဠိ
တော်၊ သေယျထာပိနာမ၊ ဥပမာမည်သည်ကား၊ သီသစ္ဆိန္နော။
ဥက္ကောင်းပြတ်လေပြီးသော။ ပုရိသော၊ ယောကျ်ားသည်၊ တေန၊
ထိုဥက္ကောင်းနှင့်။ သရီယာဗန္ဓနေန၊ ကိုယ်ကိုတဘန် စပ်ပြန်သဖြင့်၊
ဇီဝိတုံ၊အသက်တဘန် ရှင်ပြန်ခြင်းငှါ၊ အဘဗ္ဗောယထာ၊ မထိုက်
သကဲ့သို့၊ ဝေမေဝ၊ ဤအတူသာလျှင်၊ ဤသို့ဝိနည်းမဟာဝါ ပါဠိ
တော်၌၊ ဥက္ကောင်း ပြတ်လေပြီးသောသူသည်၊ ထိုဦးခေါင်းနှင့်၊
ကိုယ်ကိုတဘန်စပ်၍၊ ရှင်ပြန်ခြင်းငှါ မထိုက်သကဲ့သို့၊ ဤအတူ၊
သီလမရှိသော၊ဒုဿီလပုဂ္ဂိုလ်သည်၊ဥက္ကောင်းရှိလျက်၊ ဥက္ကောင်း
ပြတ်သည်နှင့် တူသောကြောင့်၊ကဗျာဆရာသည်၊ ။ထိုသူတချက်
ခေါင်းရှိလျက်ကို၊ ခေါင်းပြတ်ဆို၏ဟုစပ်သေသည်။ ။ဤကိုယ်
ခန္ဓာမသေပါဘဲ၊အမြဲမယုတ် လွန်စွာပုပ်သည်ကိုဖြေဦးအံ့။ ။ငါတို့
အထွဋ်ဘုန်ခေါင်ထား၊ဘုရားကိုယ်တော်မြတ်သည်၊ပြည်မြတ်
ခေါ်ဆို၊ရာဇဂြိုဟ်ဝယ်၊ပုဂ္ဂိုလ်အလွန်၊ ဝေဠုဝန်ကျောင်းတော်၌။
ကိန်းအောင်းမွေ့လျော်စံပျော်တော်မူသောအခါ၊သာဝတ္ထိပြည်သား
ဝက္ကလိအမည်ရှိသော ရဟန်းသည်၊ မြတ်စွာဘုရား၏ လက္ခဏာ

တော်ကြီးသုံးဆဲ့နှစ်ဖြာ၊ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့နှင့်ပြည့်စုံ
ခြင်း၊ အသရေတော်၏ ပြည့်စုံခြင်းတို့၌၊ ရှု၍ကြည့်၍မရောင့်ရဲနိုင်
လေရကား၊ ပွားများအားထုတ်သော ကမ္မဋ္ဌာန်းကိုပယ်၍၊ မြတ်
စွာဘုရားကိုသာ၊ ခစားမပြတ်၊ ဆည်းကပ်၍နေရာ၊ မြတ်စွာဘုရား
သည်၊ ဝက္ကလိမထေရ်၏၊ ပါရမီဒပ္ပ၊ သမ္ဘာရ ဉာဏ၊ ပရိဘာဂကို
မြင်တော်မူလျှင်။ ၊ကိံ တေဝက္ကလိဣမိနာ ပူတိကာယေန
ဒိဋ္ဌေန ယောခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ၊ ။
ဟု ဘုရားဟောတော် မူကြောင်းကို၊ ဓမ္မပဒ ဘိက္ခုဝဂ် ဝက္ကလိ
ထေရ်ဝတ္ထုတွင်လာသည်၊ ၊အနက်ကား။ ၊ဝက္ကလိ၊ ဝက္ကလိ၊
ဣမိနာပူတိကာယေန ဒိဋ္ဌေန၊ ဤငါဘုရား၏အကောင်ပုပ်ကိုမြင်ရ
သဖြင့်။ တေ၊ သင်အား၊ ကိံ၊ အဘယ်အကျိုး ရှိတော့အံ့နည်း၊
ဝက္ကလိ၊ ဝက္ကလိ၊ယော၊ အကြင်သူသည်၊ ဓမ္မံ၊ငါဘုရားဟောတော်
မူသော သစ္စာလေးပါးတရားကို၊ ပဿတိ၊ မြင်၏။ သော၊ ထိုသူ
သည်၊ မံ၊ ငါဘုရားကို၊ ပဿတိ၊ မြင်၏၊ ၊အဓိပ္ပါယ်ကား၊ ဝက္ကလိ
ဤငါဘုရား၏ အကောင်ပုပ်ကို မြင်ရသဖြင့်၊ သင်ချစ်သားအား။
အဘယ်အကျိုးရှိတော့အံ့နည်း။ ဝက္ကလိ၊ အကြင်သူသည်။ ငါဘုရား
ဟောတော်မူသော သစ္စာလေးပါး တရားကိုမြင်၏၊ ထိုသူသည်။
ငါဘုရားကိုမြင်၏ဟူ၍ ဟောတော်မူသည်၊ ၊ဤပါဠိ၌၊ ပူတိကာ
ယေန၊ ငါဘုရား၏ အကောင်ပုပ်ဆိုရာ၌၊ မြတ်စွာဘုရားသည်။
ရွှေအဆင်းနှင့်တူသော အဆင်းပင်ရှိသော်လည်း၊ အမြဲပင်မပြတ်၊
မစင်ကြယ်သော အညစ်အကြေးတို့ဖြင့်၊ ယိုစီးကျတ်သောကြောင့်၊
ပူတိကာယ ဟုဆိုတော်မူသည်။ ၊ထိုကြောင့်။ ခန္ဓာဝါရသုတ်
စတုတ္ထဝဂ် ငါးခုမြောက်သော ဝက္ကလိထေရသုတ် အဋ္ဌ
ကထာ၌၊ ။ပူတိကာယေနာတိ၊အဋ္ဌနေသုဝဏ္ဏဝဏ္ဏမ္ပိ ကာယံ
ဘဂဝါ၊ ရူပပဉ္စရဗ္ဘူနဝေမာဟ၊ ၊ဟုဖွင့်တော်မူသည်၊ ။
အနက်ကား။ ၊ပူတိကာယေနာတိ ပူတိကာယေနဟူသည်ကား။
ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဋ္ဌနော၊ မိမိ၏။ ကာယံ၊ ကိုယ်
တော်သည်။ သုဝဏ္ဏဝဏ္ဏမ္ပိ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော်
လည်း။ ရူပပဉ္စရဗ္ဘူန၊ အမြဲပင်မပြတ်၊ မစင်ကြယ်သောဝတ္ထုဖြင့်။

ယိုစီးတတ်သောကြောင့်။ ဇေဝံ၊ဤသို့။ ပုတိကာယေနဟူ၍။ အာဟ၊ ဆိုတော်မူ၏ ။ဤသို့ မြတ်စွာဘုရားမှသော်လည်း။ ပုတိကာယ ဆိုတော်မူသေးသည်။ ယခုလူတို့မှာ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ အမြဲပင် ပုပ်သိုးသောကိုယ်ရှိသည်ဟူ၍မှတ်။ ။ဤသည့်ကိုရည် ၍ ကဗျာဆရာသည်၊ ။ဤကိုယ်ခန္ဓာ မသေပါဘဲ၊ အမြဲမယုတ်၊ လွန်စွာပုပ်သည်၊ ။ပုဂ္ဂိုလ်တဦး။ လွန်ဆန်းထူးဟုစပ်လေသည်၊ ဤပုစ္ဆာ သုံးရပ်ကိုစပ်၍ဆိုသော်။ ။အသက်ဝိညာဉ်၊ ထင်ထင် ရှားရှားရှိလျက်သားကို၊ သေသည်ဆို၏၊ ထိုသူတချက်၊ ခေါင်းရှိ လျက်ကို၊ ခေါင်းပြတ်ဆိုသည်၊ ဤကိုယ်ခန္ဓာ မသေပါဘဲ၊ အမြဲ မယုတ်၊ လွန်စွာပုပ်သည်၊ ။ပုဂ္ဂိုလ်တဦး၊ လွန်ဆန်းထူး။ ဤသို့ စပ်ဆိုတော်မူသော၊ ဤပုစ္ဆာ၏အရ အဖြေဝိသဇ္ဇနာ ဤတွင်၍ ပြီးပြီ၊

ဖုံးအုပ်ပိတ်ထား။ကြည့်သူများမှာ ပုစ္ဆာကိုဖြေဦးအံ့၊

ဖုံးအုပ်ပိတ်ထား၊ ကြည့်သူများမှာ၊ လားသားတကြောင်း၊ ကြည့်မကောင်းဘွယ်၊မတင့်တယ်တည့်၊ အကျယ်သနစ်၊ ဖွင့်လှစ် ပြကာ၊ဝိဘ်ကကြည့်လင်၊ နှလုံးရွှင်သည်၊ ။ဤလျှင်ဝတ္ထု၊အဘယ် နည်း၊ ။ဟူသောကဗျာဆရာ၏ အမေးပုစ္ဆာကို၊ ထုတ်ခါဖွင့် ပြ၊ သရုပ်လင်းအောင်၊ ရှင်းနှင်း၍ပြဦးအံ့၊ ။အာကာသထ ကောင်းကင်ဝက၊ထွက်ပြတက်ထွန်း၊ အရောင်ရွှန်းသော လဝန်း လည်းတခု၊ ။သဟာသရောင်။ ခြည်တထောင်နှင့်၊ ရဂန်တောင် တက်ထွန်းသော နေဝန်းလည်းတခု၊ ။သုံးပုံပိဋကတ်၊ တရား မြတ်ဒေသနာလည်းတခု၊ ဤသည်ကားသုံးပါးတည်း၊ ဤသုံးပါး ကားအကျဉ်းဖြေ၊ ။ထိုသုံးပါးတို့တွင်၊လဝန်းသည်၊ မိုးလည်း တခု၊ နှင်းလည်းတခု၊ တိမ်လည်းတခု၊ မြူလည်းတခု၊ အသုရိန်နတ် လည်းတခု၊ မီးခိုးလည်းတခု၊ ဤခြောက်ခုသော အညစ်အကြေး တို့မရှိဘဲ၊ မဖုံးအုပ်ဘဲ၊ ဖွင့်လှစ်၍ပြသော်၊ အလွန်တင့်တယ်၊

ကောင်းလှ၏။ ရိုယ်းနှင်း စသောအညစ်အကြေးတို့၊ ဖုံးအုပ်ကွယ်
ကာ၍ထားမှု၊ မတင့်တယ်မကောင်း ။နေဝန်းသည်၊ ရိုယ်းနှင်း
တိမ်မြူ၊ အသူရိန်ဒီးခိုး၊ ခြောက်မျိုးတို့မှ ကင်းစင်၍၊ ကြည်လင်
စွာမဖုံးမအုပ်ဘဲ၊ ဖွင့်လှစ်၍ပြသော် အလွန်တင့်တယ် ကောင်း
မြတ်၏၊ ရိုယ်းနှင်းစသော၊ အညစ်အကြေးတို့ ဖုံးအုပ်လွှမ်းမိုးကွယ်
ကာ၍ထားမှု၊ မတင့်တယ် ကောင်းလည်းမကောင်း၊ ၊သုံးပုံပိ
ဋကတ်၊ တရားမြတ် ဒေသနာတော်သည်၊ စာပို့ချခြင်း၊သင်ကြား
ခြင်း၊ ဟောပြောပြသ ဆုံးမခြင်း၊ တရားစကား ဆွေးနွေးမေးမြန်း
ခြင်း၊ တရားတော် ထာတိုင်းဟောပြော၊ ဖွင့်လှစ်၍ပြမှု၊ အလွန်
တင့်တယ် ကောင်းမြတ်၏၊ စာပေမပို့မချ၊ မသင်ကြားခြင်း၊
မကြည့်ရှုခြင်းစသည့်တို့ဖြင့် ဖုံး၍ထားမှု၊မတင့်တယ် မကောင်း၊

ထို့ကြောင့်၊ တိကနိပါတ် အင်္ဂုတ္တိုရ်။ ၁၂ ခုမြောက်ကုသိနာ
ယဝဂ်။ ၉ ခုမြောက်သော ပဋိစ္ဆန္နသုတ်ပါဠိတော်၌၊ ၊တီဏိမာနိ
ဘိက္ခဝေ၊ ဝိဝဋာနိ ဝိရောစန္တိ နော ပဋိစ္ဆန္နာနိ ကတမာနိ တီဏိ
စန္ဒမဏ္ဍလံ ဘိက္ခဝေ၊ ဝိဝဋံဝိရောစတိ နောပဋိစ္ဆန္နံ သူရိယ
မဏ္ဍလံ ဘိက္ခဝေ၊ ဝိဝဋံဝိရောစတိ နောပဋိစ္ဆန္နံ တထာဂတပ
ဝေဒိတော ဓမ္မော ဘိက္ခဝေ၊ဝိဝဋော ဝိရောစတိ နောပဋိစ္ဆန္နော
ဣမာနိခေါ ဘိက္ခဝေ၊ တီဏိဝိဝဋာနိ ဝိရောစန္တိ နောပဋိစ္ဆန္နာနိ။
ဟူ၍ဟောတော်မူသည်။ ၊ဘိက္ခဝေ ရဟန်းတို့၊ ဣမာနိ
တီဏိ၊ ဤသုံးပါးကုန်သော ဝတ္ထုတို့သည်။ ဝိဝဋာနိ၊ဟင်းလင်းဖွင့်
အပ်ကုန်သည်ဖြစ်သော်၊ ဝိရောစန္တိ၊ တင့်တယ်ကုန်၏၊ ပဋိစ္ဆန္နာနိ၊
ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်သော်၊ နော ဝိရောစန္တိ၊ မတင့်တယ်ကုန်။
တီဏိ၊ သုံးပါးကုန်သော ဝတ္ထုတို့ဟူသည်၊ ကတမာနိ၊ အဘယ်
သည်တို့နည်းဟူမူကား၊ ဘိက္ခဝေ၊ရဟန်းတို့၊ စန္ဒမဏ္ဍလံ၊လဝန်း
သည်၊ ဝိဝဋံ၊ဟင်းလင်းဖွင့်သည်ဖြစ်သော်၊ ဝိရောစတိ၊တင့်တယ်၏၊
ပဋိစ္ဆန္နာနိ၊ ဖုံးလွှမ်း၍နေမှု၊ နော ဝိရောစတိ၊ မတင့်တယ်၊ ။
ဘိက္ခဝေ၊ရဟန်းတို့၊ သူရိယမဏ္ဍလံ၊ နေဝန်းသည်။ ဝိဝဋံ၊ ဟင်း
လင်းဖွင့်သည်ဖြစ်သော်၊ဝိရောစတိ၊တင့်တယ်၏၊ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းမှု၊
နော ဝိရောစတိ၊မတင့်တယ်၊ ၊ဘိက္ခဝေ၊ရဟန်းတို့၊တထာဂတ

ပဝေဒိတော၊ မြတ်စွာဘုရားဟောတော်မူသော၊ ဓမ္မော၊ ပိဋကတ်
သုံးပုံတည်းဟူသော တရားတော်သည်။ ဝိဝဋော၊ ဟင်းလင်းဖွင့်
ပြမူ၊ ဝိရောစတိ၊ တင့်တယ်၏။ ပဋိစ္ဆန္နော၊ ဖုံးလွှမ်းမူ၊ နော
ဝိရောစတိ၊မတင့်တယ်၊ ဘိက္ခဝေ၊ရဟန်းတို့၊ ဣမာနိတိဏိ၊ဤသုံး
ပါးကုန်သော ဝတ္ထုတို့သည်၊ ဝိဝဋာနိ၊ ဟင်းလင်းဖွင့်အပ်ကုန်
သည်ရှိသော်၊ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ ပဋိစ္ဆန္နာနိ၊ ဖုံးလွှမ်း
အပ်ကုန်သည်ရှိသော်၊ နော ဝိရောစန္တိ၊ မတင့်တယ်မကောင်း
ကုန်။ ။ထိုသုံးပါးကုန်သော။ ဝတ္ထုတို့တွင်၊ ပိဋကတ်သုံးပုံတည်း
ဟူသော။ဓမ္မဝတ္ထု၌၊ ဧကတောဝတ္ထု၊ဥဘတောဝတ္ထု အတ္ထဝတ္ထု
သဗ္ဗဝတ္ထု၊ ဟူ၍ဖွင့်လှစ်ခြင်းလေးပါးရှိသည်၊ ထိုလေးပါးတို့တွင်။
ဘိက္ခုနီပါတိမောက်၌လာသော။ အသာဓာရဏ သိက္ခာပုဒ်တော်
၏ဖွင့်လှစ်၍ ထင်ရှားပြခြင်းသည်။ ဧကတောဝတ္ထုမည်၏။ ။
ဘိက္ခုပါတိမောက်၌လာသော၊ အသာဓာရဏ သိက္ခာပုဒ်တော်
၏။ ဖွင့်လှစ်ခြင်းသည်၊ ဥဘတောဝတ္ထုမည်၏။ ။သိအပ်ရအပ်
သော တရားတော်၏ ဖွင့်လှစ်ခြင်းသည်၊ အတ္ထဝတ္ထုမည်၏၊ ။
ပိဋကတ်သုံးပုံ တည်းဟူသော ဘုရားစကားတော်၏ ထင်ရှား
အောင်ဖွင့်လှစ်ခြင်းသည်။သဗ္ဗဝတ္ထုမည်၏။ ။ဤသည်ကိုရည်၍။
ကဗျာဆရာသည်၊ ဖုံးအုပ်ပိတ်ထား။ ကြည့်သူများမှာ။ လားလား
တကြောင်း။ကြည့်မကောင်းဘွယ်၊မတင့်တယ်၏၊ အချယ်သနစ်
ဖွင့်လှစ်ပြက။ စိတ်ကကြည်ဘင်။ နှလုံးရွှင်သည်။ ။ဤလျှင်ဝတ္ထု
အဘယ်နည်းဟူသော အမေးပုစ္ဆာကို။ သိသာအောင်ရှင်းလင်း။
ဖြေဆို၍ ပြီး၊

### အချားဝတ္ထု၊ ဖုံးကွယ်ပြလည်း၊ ပုစ္ဆာကိုဖြေဦးအံ့။

အချားဝတ္ထု၊ ဖုံးကွယ်ပြလည်း၊ စက္ခုဝိညာဉ်ပေါက်၍မြင်၏၊
ထိုပြင်မချား၊ တခုအားကို၊ ကွယ်ထားလိုက်သော်၊ လိုရာမမြင်။
ဤကြောင်းအင်ကို၊ ဆင်ခြင်ကိစ္စဘယ်ကြောင့်နည်း၊ ။ဟူသော

အမေးပုစ္ဆာကို၊ လျှင်စွာမယုတ်၊ အဖြေဝိသဇ္ဇနာထုတ်၍၊ သရုပ်နှင့်ထင်ရှားအောင်ပြဦးအံ့။ ၊သုဒဿနာ၊ အယုဇ္ဈပုရိန်၊ တာဝတိန်ပြည်ကြီးရှင်၊ ဘုရင်သိကြားမင်းနှင့်တကွ။ နတ်ဒေဝအပေါင်းတို့သည်၊ဒိဗ္ဗစက္ခုဟုဆိုအပ်သော နတ်တို့၏မျက်စိသည်၊ ထိုထိုအရပ်တို့ကို၊ ကြည့်လိုမြင်လိုသည်ရှိသော်။ မြင့်မိုရ်တောင်ကြီး၊ ပိတ်ဆီးကွယ်ကာ၍ နေသော်ငြား၊ စကြာဝဠာ။ ဝေးကွာသည်ဖြစ်သော်ငြား၊ သိတာချုန့်စ်တန်၊ သတ္တရဘန်၊ တောင်စဉ်-၇-ထပ်ဆီးကာ၍နေသော်ငြား၊ ဤသို့စသော ဝတ္ထုတို့သည် ကွယ်ကာ၍နေသော်ငြား၊ ကိလေသာနှင့် တကွသော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်။ အရာ၊ အထောင်၊ အသိန်း၊ အသန်း၊ တကုဋေမက။ မရေတွက်နိုင်အောင် ဆီးကာ၍ နေသော်လည်း၊ တိမ်းရှောင် ကွယ်ကာခြင်းမရှိ၊ ကြည့်လိုမြင်လိုသည်ရှိသော်၊ ထွင်းဖေါက်၍မြင်နိုင်၏၊ ။ ရဟန္တာအရှင်မြတ် ပုဂ္ဂိုလ်တို့ကား။ နတ်တို့မျက်စိဖြင့် ကြည့်ရှုသော်လည်း၊ ထွင်းဖေါက်၍ မမြင်နိုင်သည်သာတည်း။ ။ဤအကြောင်းကို ထင်ရှားအောင်ပြဦးအံ့၊ ၊သမ္ဗာသမ္ဗုဒ္ဓ၊ အနုတ္တရ၊ သုဂတအလွန်၊ တမွတ်ခေါင်ထား၊ ဘုရားကိုယ်တော်မြတ်သည်၊

။ ၊ပြည်မြတ်ကုသိနာ၊ မင်းမလ္လာတို့၏၊ ပျော်ခင်းစံရာ၊ဥယျာဉ်သာတွင်။ ရတနာရောင်မောင်း၊ ပလ္လင်တော် ညောင်စောင်းနှဲ၊ လျောင်းစက်တော်မူ၍၊ ပရိနိဗ္ဗာန် စံယူတော်မူခါနီးနှဲ၊ တသောင်းတိုက်စကြာဝဠာ၊ နတ်ဗြဟ္မာအပေါင်းတို့သည်။ သောင်းသောင်းအုပ်အုံ၊မြိုင်ရုံကာလျှက်၊ဆည်းကပ်ခစားကြသောအခါ၊ ရဟန္တာဥပဝါဏမထေရ်သည်၊ ဘုရား၏အနီးအပါး၌ ရပ်ခပ်လျက်နေ၏၊ ထိုအခါ နတ် ဗြဟ္မာအပေါင်းတို့သည်၊ မြတ်စွာဘုရားကိုပူဇော်အံ့သောငှါလာရောက်၍ ကြည့်ရှုကြသည်ရှိသော်၊ရဟန္တာဥပဝါဏသည်မြတ်စွာဘုရားကို၊ ကွယ်ကာသကဲ့သို့၊ ဘုရား၏အနီးအပါး၌နေသောကြောင့်၊ ရှောင်လွှဲ၍လည်း မကြည့်သာ၊ နတ်မျက်စိနှင့်လည်း၊ထွင်းဖေါက်၍မမြင်နိုင်၊ ။ထိုကြောင့်သုတ်မဟာဝါ၊ သုံးခုမြောက်သော မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌၊ ။ဒေဝတာဟိ၊ ပုထုဇ္ဇနေ၊ ဝိနိဝိဇ္ဈိတွာ၊ ပဿိတုံ၊ သက္ကောန္တိ၊ နခီဏာသဝေ၊

ထေရဿ၊ မဟေသက္ခတာယ၊ တေဇုဿဒတာယ၊ ဥပဂန္တုမ္ပိ၊ နသက္ကောန္တိ၊ ။ဟုဖွင့်ပြတော်မူသည်။ ။ဟိသတ္တံ၊ ထိုစကားသည်မှန်၏။ ဒေဝတာ၊ နတ်တို့သည်၊ ပုထုဇ္ဇနေ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို၊ ဝိနိဝိဇ္ဈိတွာ၊ ထွင်းဖေါက်၍၊ ပဿိတုံ၊ မြင်ခြင်းငှါ၊ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်တို့ကို၊ ဝိနိဝိဇ္ဈိတွာ၊ ထွင်းဖေါက်၍၊ ပဿိတုံ မြင်ခြင်းငှါ၊ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ ထေရဿ၊ အရှင်ဥပဝါဏ မထေရ်၏၊ မဟေသက္ခတာယ ၊တန်ခိုးကြီးသည်၏ အဖြစ်ကြောင့်ရင်း၊ တေဇုဿဒတာယ၊ အာနုဘော်ကြီးသည်၏ အဖြစ်ကြောင့်ရင်း၊ ဥပဂန္တုမ္ပိ၊ အနီးသို့ချဉ်းကပ်ခြင်းငှါလည်း၊ နသက္ကောန္တိ၊မတတ်နိုင်ကုန်၊ ။အဓိပ္ပါယ်ကား၊ နတ်တို့သည်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို ထွင်းဖေါက်၍မြင်နိုင်၏။ ခီဏာသဝ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်ပုဂ္ဂိုလ်တို့ကို၊ထွင်းဖေါက်၍ မြင်ခြင်းငှါ မတတ်နိုင်ကုန်။ ရဟန္တာပုဂ္ဂိုလ်တို့ကို ထွင်းဖေါက်၍ မြင်ခြင်းငှါမတတ်နိုင်၍၊ ဘုရား၏အနီးသို့ချဉ်းကပ်၍ ကြည့်မည်ဆိုသော်လည်း၊ ဥပဝါဏ မထေရ်မြတ်၏တန်ခိုးကြီးသည်ဖြစ်၍ရင်း၊ အာနုဘော်ကြီးသည်ဖြစ်၍ရင်း၊ ဘုရား၏အနီးသို့ချဉ်းကပ်၍ ကြည့်ခြင်းငှါလည်းမတတ်နိုင်၊ ရှောင်လွှဲ၍ကြည့်သော်လည်း၊ ဥပဝါဏ ပုဂ္ဂိုလ်အရှင်မြတ်၏၊ ကာယဗလကိုယ်အင်္ဂါကြီးခြင်းကြောင့်လည်း မမြင်နိုင်သည်ဖြစ်၏၊ ။ထိုအရှင်ဥပဝါဏပုဂ္ဂိုလ်ကား၊ အဘယ်ကုသိုလ်ပုညကြောင့် ကြီးသောကိုယ်၊ကြီးသောတန်ခိုးရှိသနည်းဟူမူကား။ ရှေးဝိပဿီ မြတ်စွာဘုရားပွင့်တော်မူသောအခါ၊ ဤဥပဝါဏ၏အလောင်းသည်၊ တဦးသောသူကြွယ်၏ အမျိုး၌ဖြစ်၏၊ ဝိပဿီဘုရား နိဗ္ဗာန်လားတော်မူခဲ့၍၊ တခဲနက် ကျန်ရစ်သော ဓါတ်တော်တို့ကို၊ လူအများတို့သည်၊ အလျားဘတောင်၊ အနံတထွာ၊ အထုလက်နှစ်သစ်ရှိသောရွှေအုပ်တို့ဖြင့်၊ အပြန့်အစောက် တရာရှိသော စေတီကိုတည်လုပ်ကြကုန်သည်၊ထိုနောက်မှဘုမ္မစိုးနတ်တို့တယုဇနာ၊ အာကာသစိုးနတ်တို့တယုဇနာ၊ မိုဃ်းနတ်သားတယုဇနာ၊ တိမ်နတ်သားတယုဇနာ၊ စတုမဟာရာဇ် နတ်တို့တယုဇနာခစီ၊ ထပ်မံကာတည်ကုန်

ကြာသဖြင့်၊ ချွန်စ်ယူဇနာသော စေတီတော်သည်ဖြစ်၏၊ လူတို့ပူဇော်ခြင်းငှါ၊ ပန်းနံ့သာ ဓဇ်ဆိုးစသည်တို့ကိုယူ၍လာသော်၊ စေတီမှာစောင့်နေသောနတ်တို့က၊ လူတို့မြင်စဉ်၊ စေတီသို့တင်၍ပူဇော်ကုန်သည်၊ ထိုအခါ၊ ဥပဝါဏ၏ အလောင်းဖြစ်သော သူကြွယ်သည်လည်း၊ ရွှေအဆင်းရှိသော ပုဆိုးတို့ကိုယူ၍၊ ပူဇော်ခြင်းငှါ စေတီတော်သို့လာသည်တွင်၊ အဆင်းအရောင် ကောင်းမြတ်တင့်တယ်သော စေတီစောင့်နတ် တဦးသည်၊ ပုဆိုးကိုလှမ်းယူ၍၊ စေတီကိုပူဇော်ပေ၏၊ သူကြွယ်သည်လည်း၊ ထိုနတ်ကိုမြင်သဖြင့်၊ ကြည်လင်သော စိတ်ရှိသည်ဖြစ်၍၊ ငါလည်းဤနတ်ကဲ့သို့၊ နောက်နောက်သော ဘဝတို့၌၊ ဖြစ်ရစေသောဟုဆုတောင်း၏၊ အသက်အတိုင်းနေ၍၊ ရတောလေသော်၊ နတ်ပြည်၌ နတ်သားဖြစ်လေ၏၊ ထိုမှစ၍ လူ့ပြည်နတ်ပြည် ကျင်လည်ခါအစဉ်လာပြီးမှ၊ ကဿပမြတ်စွာဘုရား ထင်ရှားဖြစ်သောအခါ၊ ဝါတ်တော်စေတီ၌၊ စေတီစောင့်နတ်ဖြစ်သတည်း၊ လွန်သောအခါ၊ တာဝတိံသာနတ်ရွာ၌ နတ်သားဖြစ်လေ၍၊ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောကာလ၊ လူ့ဘို့နေရာ၊ သာဝတ္ထိပြည်ရပ်၊ မြတ်သော အမျိုး၌ဖြစ်လာ၍၊ အရွယ်ရောက်သောအခါ၊ သာသနာတော်သို့ဝင်၍၊ ရဟန်းပြုသဖြင့်၊ မကြာမြင့်မီပင် ရဟန္တာဖြစ်သတည်း၊ ၊ထိုကြောင့် အရှင်ဥပဝါဏသည်၊ အဆင်းလည်းလှသည်၊ ကိုယ်လည်းကြီးသည်၊ တန်ခိုးလည်းကြီးသတည်း၊ ၊ဤဥပဝါဏရဟန္တာကဲ့သို့၊ အဆင်းလှခြင်း၊ ကိုယ်အင်္ဂါကြီးခြင်း၊ တန်ခိုးကြီးခြင်းကို အလိုရှိကြမူ၊ ဥပဝါဏရဟန္တာကဲ့သို့ဆုတောင်း၍၊ ကောင်းမှုကိုပြုကြကုန်၊ ၊ဤသည်ကိုရည်၍၊ ကဗျာဆရာသည်၊ ၊အများဝဋ္ဋ၊ ဖုံးကွယ်ပြုလည်း၊ စက္ခုပိညာဉ်ပေါက်၍မြင်၏၊ ထိုမြင်မများ၊ တရအားကိုကွယ်ထားလိုက်သော်၊ လိုရာမမြင်၊ ဤကြောင်းအင်ကို၊ ဆင်ခြင်ကိစ္စဘယ်ကြောင့်နည်း၊ ဟူ၍ စပ်ဆိုတော်မူသည်၊ ၊ဤကဗျာလင်္ကာ၏အဓိပ္ပါယ်အရကို၊ နေရာကျကျ၊ သိမှတ်ရအောင်ဖြေဆိုလိုက်သည်ကား၊ ဤတွင်၍အစသတ်၊ အပြီးသတ်တော့ပြီ၊

>o<

( 5 )

## အမိအဘာနှစ်ရပ်။ အသေသတ်မှုစသော
## ပုစ္ဆာကိုဖြေဦးအံ့။

အမိအဘာနှစ်ရပ်၊အသေသတ်မှု၊ ကောင်းမြတ်ဌာန၊ နိဗ္ဗာန်ရ၏၊ ထိုမှတသီး တိုင်းကြီးပြည်ကြီး ဖျက်ဆီးသောသူပါယ်မှုမကျ၊ဝန်ကင်းလှ၏၊တိုင်းမပိုးခြင်း၊ မင်းနှစ်ယောက်မူ။ သတ်သောသူသည်၊ နိဗ္ဗုကြွဌါန်း ရောက်ဘို့ အကြောင်းတည်း။ ဟူသောအမေးပုစ္ဆာ ဖြေသနာစကားကို၊ ကျမ်းဂန်အလာ ဒေသနာဓမ္မဖြင့်၊ နှိုင်းဆဆင်ခြင်၍·ထင်ရှားအောင်ဖြေဆိုဦးအံ့၊ ။အစိန္တေယျ၊ လောကစက္ခု သဗ္ဗညုမြတ်စွာဘုရားသည်၊ သာဝတ္ထိဆင်ရသေ့၏ သင်္ခမ်းကျောင်းရာ၌၊ တည်ထောင်သောမြို့ဖြစ်၍၊ သာဝတ္ထိမြို့ဟုအမည်တွင်သေး။ တနည်းကား။ ရတနာခုနစ်ပါးတို့၏ ရဝေးရာဌာနဖြစ်၍ သာဝတ္ထိမြို့ဟုအမည်တွင်သော သာဝတ္ထိမြို့ကြီး၏တောင်ဖွန်း၊ ဇင်းငယ်မှ အနောက်သို့ယွန်းသော၊ဇီတ၊မြိုင်သာဥယျာဉ်သာ၌၊အနာထပိဏ် ဘောဂရှိန်ပုံ့မွေး၊သူဌေးသူမြတ်၊ဆောက်လုပ်အပ်သော၊ဇေတဝန် ကျောင်းတော်၌၊ကိန်းအောင်းမွေ့လျော်၊စံပျော်တော်မူသောအခါ များစွာသော အာဂန္တုကရဟန်းတို့၊ ဘုရားထံမှောက်၊စက်တော် အောက်သို့ရောက်လာကြသည့်တွင်၊လကုဏ္ဍ ဘဒ္ဒိယထေရ်လည်း၊ မြတ်စွာဘုရားနှင့် မနီးမဝေးသော အရပ်၌နေလေ၏၊ မြတ်စွာဘုရားလည်း။ ထိုရဟန်းတို့၏ အလေ့အကျက်ကို သိတော်မူသဖြင့်၊ လကုဏ္ဍ ဘဒ္ဒိယထေရ်ကိုချည်၍၊ ချစ်သားရဟန်းတို့။ ဤလကုဏ္ဍ ဘဒ္ဒိယသည်၊ အမိ အဘနှစ်ပါးကိုသတ်သောကြောင့်၊ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုရ၏ဟုမိန့်တော်မူရာ၊မြတ်စွာဘုရား၏စကားတော်၌၊ယုံမှားသံသယ၊တွေးဆမကင်းရှိကြခြင်းကြောင့်၊ အချင်းချင်းမျက်နှာကို ကြည့်လျက် ယုံမှားရှိသော ရဟန်းတို့က၊ဘုရား အဘယ်သို့ မိန့်တော်မူသနည်းဟု၊ ဦးချိုသက်မြှောက်၊ လျှောက်ကြသည်တွင်၊ဓမ္မပဒပါဠိတော်၊ပကိဏ္ဏကဝဂ်၊ လကုဏ္ဍကဘဒ္ဒိယဝတ္ထုတွင်၊ ။မာတရံပိတရံဟန္တွာ ရာဇာနောဒွေစခတ္တိယေ ရဋ္ဌံသာနုစရံဟန္တွာ အနီဃောယာတိဗြာဟ္မဏော၊ ။ဟူသော ဒေသနာတော်ကို ဟောတော်မူသည်၊ ။ဘိက္ခဝေ၊ ရဟန်းတို့။

မာတရုံ၊ အမိကို၊ ဟတွာ၊ သတ်၍၊ ပိတရုံ၊ အဘကို။ ဟတွာ၊ သတ်၍။ ခတ္တိယေ၊ ရေမြေအသရ။ အစိုးရသော ဘဝသေဋ္ဌနင်း။ မင်းဖြစ်ကုန်သော။ ဒွေစရာဇာနော၊ နှစ်ယောက်သော မင်းတို့ကို၊ ဟတွာ၊ သတ်၍၊ သာနုစရံ၊ သူလျှိုယောက်ျားနှင့်တကွသော၊ ရဋ္ဌံ၊ တိုင်းနိုင်ငံကို၊ ဟတွာ၊ ဖျက်ဆီး၍၊ ဖြဟ္မဏော၊ မကောင်းမှုကိုအပပြုပြီးသောရဟန္တာပုဂ္ဂိုလ်သည်၊ အနိဃော နိဒုက္ခော၊ ဆင်းရဲမရှိသည်ဖြစ်၍၊ ယာတိ၊ သွားရ၏။ ။အဓိပ္ပါယ်ရှင်းလင်းအောင် ပါဠိတော်၏ အဖွင့်အဋ္ဌကထာနှင့် တကွပြဦးအံ့။ ။ဘုံသုံးပါးတို့၌၊ သတ္တဝါတို့ကိုဖြစ်စေတတ်သောကြောင့်၊ တဏှာသည်၊ အမိမည်၏။ ။ ထို့ကြောင့် ပါဠိတော်၏အဖွင့် အဋ္ဌကထာ၌၊ ။တိသုဘဝေသု သတ္တာနံ ဇနနတော တဏှာ မာတာနာမ၊ ။တိသုဘဝေသု၊ ဘုံသုံးပါးတို့၌၊ သတ္တာနံ၊ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့ကို၊ ဇနနတော၊ ဖြစ်စေတတ်သောကြောင့်၊ တဏှာ၊ တဏှာသည်၊ မာတာနာမ၊ အမိမည်၏။ ။ငါသည်၊ ဤမည်သော မင်း၏သားတည်း၊ ဤမည်သောအမတ်၏သားတည်း၊ ဤသို့စသည်ဖြင့်၊ အဘကိုအမှီပြု၍၊ ငါဟူသော မာနကိုဖြစ်စေတတ်သောကြောင့်၊ ငါဟူသောမာနသည်၊ အဘမည်၏။ ။ထို့ကြောင့် ၎င်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ၌၊ ။အဟံ အသုကဿနာမ ရညောဝါ ရာဇမဟာမတ္တဿဝါ ပုတ္တောတိ ပိတရံနိဿာယ အသ္မိမာနဿ ဥပ္ပဇ္ဇနတော အသ္မိမာနော ပိတာနာမ၊ အဟံ၊ ငါသည်၊ အသုကဿနာမရညောဝါ၊ ဤမည်သောမင်း၏၎င်း။ အသုကဿနာမ ရာဇမဟာမတ္တဿဝါ၊ ဤမည်သော မင်းမှူးမတ်၏၎င်း။ ပုတ္တော၊ သားတည်း၊ ဣတိ၊ ဤသို့၊ ပိတရံ၊ အဘကို၊ နိဿာယ၊ မှီ၍။ အသ္မိမာနဿ၊ ငါဟူသောမာနကို၊ ဥပ္ပဇ္ဇနတော၊ ဖြစ်စေတတ်သောကြောင့်၊ အသ္မိမာနော၊ ငါဟူသောမာနသည်၊ ပိတာနာမ၊ အဘမည်၏။ ။ဤဆိုခဲ့ပြီးသောအားဖြင့်၊ တဏှာဟူသော အမိ၊ မာန ဟူသောအဘ၊ ဤနှစ်ပါးပုံကို၊ အရဟတ္တ မဂ်ဉာဏ်ဖြင့် ပယ်သတ်၍၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရသည်၊ ဤသည်ကိုရည်၍၊ ကုဗ္ဗျာဆိုရာသည်။ ။အမိ အဘနှစ်ရပ်၊ အသသတ်မှ၊ ကောင်း

မြတ်စွာဘုရား၊ နိဗ္ဗာန်ရ၏ဟုစပ်ဆိုသည်၊ ။စက္ခာယတနံ သောတာ ယတနံ၊ အစရှိသော၊ အာယတနံ၊ တဆဲ့နှစ်ပါးတို့သည်၊ သဏ္ဍာဝါ တို့၏ ဖြစ်ရာဖြစ်သောကြောင့်၊ တိုင်းနိုင်ငံနှင့်တူ၏၊ ။ထိုကြောင့် ရှင်းအဋ္ဌကထာ၌၊ ။ဒွါဒသာယတနာနိ ဝဏ္ဏနဘွေ့ ရဇ္ဇသမိဒ္ဓိသဏ္ဍာ ရဇ္ဇံနာမ၊ ။ဒွါဒသာယတနာနိ၊တဆဲ့နှစ်ပါးကုန်သော အာယတန တို့သည်၊ ဝဏ္ဏနဘွေ့၊ သဏ္ဍာဝါတို့၏ ဖြစ်ရာဖြစ်သောကြောင့်၊ ရဇ္ဇသမိဒ္ဓိသဏ္ဍာ၊ တိုင်းနိုင်ငံနှင့် တူသည့်၏အဖြစ်ကြောင့်။ ရဇ္ဇံနာမ၊ တိုင်းမည်၏၊ ။ထိုအာယတနကို မှီသော၊ နန္ဒိရာဂမည်သော တဏှာသည်၊ သူလျှိုယောကျ်ားမည်၏။ ။ထိုကြောင့်ရှင်းပါဠိ တော်၏ အဖွင့်အဋ္ဌကထာ၌၊ ။အာယတနသတ္တကပုရိသောဝိယ တန္နိဿိတော နန္ဒိရာဂေါ အနုစရောနာမ၊ ။အာယတနသတ္တက ပုရိသောဝိယ၊ အကျိုး စီးပွားမဲ့ကို ပြုသော ယောကျ်ားကဲ့သို့၊ တန္နိဿိတော၊ ထိုအာယတနတဆဲ့နှစ်ပါးကိုမှီသော၊ နန္ဒိရာဂေါ၊ နန္ဒိရာဂတဏှာသည်၊ အနုစရောနာမ၊သူလျှိုယောကျ်ားမည်၏။ ။ နန္ဒိရာဂမည်သော၊ သူလျှိုယောကျ်ားနှင့်တကွသော၊ အာယတန တဆဲ့နှစ်ပါးဟုဆိုအပ်သော၊ တိုင်းနိုင်ငံကို ဖျက်ဆီး၍၊ အပါယ် လေးပါးမလားဘဲ၊သံသရာဝဋ်ဆင်းရဲမှထွက်မြောက်၏။ ။သည် ကိုရည်၍၊ ကဗျာဆရာသည်၊ ။ထိမှဘာသိး၊ တိုင်းကြီးပြည်ကြီး ဖျက်ဆီးသောသူ၊ပါယ်မူမကျ၊ဝဋ်ကင်းလှ၏ ဟုစပ်ဆိုသည်၊ ။ လောက၌၊ ခပ်သိမ်းကုန်သောသူတို့သည်၊ မင်းကိုသာဆည်းကပ် ကုန်သကဲ့သို့၊ ခပ်သိမ်းကုန်သော ဒိဋ္ဌိအယူတို့သည်၊ သက္ကာယဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကိုသာ ကပ်ကြကုန်၏၊ သက္ကာယဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးဘို၌သာ အတွင်းဝင်ကုန်၏၊ ။ထိုကြောင့် သက္ကာယဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတို့သည်၊ မင်းနှစ်ယောက်နှင့်တူကုန်၏။ ။ထို ကြောင့် ရှင်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ၌၊ ။လောကေဝိယ ရာဇာနံ သဗ္ဗဒိဋ္ဌိဂတာနိ ဒွေ သဿတုစ္ဆေဒ ဒိဋ္ဌိယော ဘဇန္တိ တသ္မာ သဿတုစ္ဆေဒဒိဋ္ဌိယော ဒွေခတ္တိယ ရာဇာနောနာမ၊ ။ လောကေ၊ လူဘောင်ဗွာန လူ့လောက၌၊ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သောသူတို့သည်၊ ရာဇာနံ၊တိုင်းမသေဌ္ဌနင်း၊ ပြည်ရှင်

မင်းကို၊ဘာဇန္တံ့ဝိယ၊ ဆည်းကပ်ကြကုန်သကဲ့သို့၊ သဗ္ဗဒိဗ္ဗဂတာနိ၊ ခပ်သိမ်းကုန်သော ဒိဗ္ဗအယူတို့သည်၊ ဒွေစ၊ နှစ်ပါးလည်းဖြစ်ကုန်သော၊ သဿတုစ္ဆေဒဒိဋ္ဌိယော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကို၊ ဘဇန္တိ၊ဆည်းကပ်ကြကုန်၏၊ တသ္မာ၊ထိုကြောင့်၊ သဿတုစ္ဆေဒဒိဋ္ဌိယော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတို့သည်၊ ဒွေ၊နှစ်ယောက်ကုန်သော။ခတ္တိယာဇာနေသနာမ၊ရေမြေသေဌ်နင်းပြည့်ရှင်မင်းတို့မည်ကုန်၏။ ။နန္ဒိရာဂမည်သော သူလျှိုယောကျ်ားနှင့် တကွ၊ အာယတန၊တဆဲ့နှစ်ပါး တည်းဟူသော တိုင်းနိုင်ငံကို၊ သတ်ဖြတ်ဖျက်ဆီး၍၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတို့ကိုပါယ်မှ၊ သူမြတ်ပုဂ္ဂိုလ်မှန်ပေသည်။ ။သည်ကိုရည်ရော်၍၊ ကဗျာလင်္ကာဆရာသည်။ ။ထိုမှစိုးခြင်း၊မင်းနှစ်ယောက်မှု၊သတ်သောသူသည်။ ။နိဗ္ဗူကြွဌာန်း ရောက်ကြောင်းတည်း ဟုစပ်ထားတော်မူသည်။ ။

အာယတန၊ တဆဲ့နှစ်ပါးဆိုရာ၌၊ ၁၂ ပါးဟူသော်ကား၊ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗါယတန မနာယတန ဓမ္မာယတန၊ဤသို့အာယတန ၁၂ ပါးတည်း။ ဤပုဗ္ဗာစကားရပ်၊ စပ်၍မှတ်သားရန်ကား။ ။မိဘနှစ်ရပ်၊ အသေသတ်မှု၊ ကောင်းမြတ်ဌာန၊ နိဗ္ဗာန်ရ၏။ ထိုမှတသီး၊ တိုင်းကြီးပြည်ကြီး၊ဖျက်ဆီးသောသူ၊ ပါယ်မှုမကျ၊ ဝဋ်ကင်းလှ၏။ တိုင်းမှုစိုးခြင်း၊ မင်းနှစ်ယောက်မှု၊ သတ်သောသူသည်၊ ။နိဗ္ဗူကြွဌာန်း ရောက်တို့ဘည်း။ ။ဟူသော ကဗျာလင်္ကာ၏အရကို၊ နေရာကျကျ၊ သိမှတ်ရအောင်၊ ကျမ်းကဖွဲ့ရှာ၊ ဒေသနာအရကို၊ ဘော်ပြထုတ်ဆောင်၍ ပြလိုက်သော အဖြေဝိသဇ္ဇနာ ဤတွင်၍ပြီးပြီ၊

---

အတူယှဉ်ပြိုင်၊ ထိုင်၍နေလျက်အစရှိသော
ပုဗ္ဗာကိုဖြေဦးအံ့။

အတူယှဉ်ပြိုင်၊ထိုင်၍နေလျက်၊ပေးသည်ထက်၊ အပေးနေသူ၊ နီး၏ဘူသည်၊ ။ဤသူနှစ်ဦး၊ ဘယ်သို့ထူးသနည်း၊ —— ။မှုသော



ကၡ၁၇၇ဋ္ဌတဏ္ဍ

ကဗျာ ဆရာ၏ အမေးပုစ္ဆာကို၊ ထုတ်ခါအလင်း၊ ဖြေဆိုခြင်း ဝိသဇ္ဇနာကို ပြဆိုဦးအံ့၊ ။နဘာဥ္စုနုရေပထဝိစနုရေ ပါရံ သမုဒ္ဒဿတဒါဟုနုရေ တတောဟာဝေဒုရတရံဝဒန္တိ သတဥ္စ ဓမ္မောအသတဥ္စရာဇ၊ ။အသိဘိန်ိပါတ်သုတသောမဇာတ်သတ ဟာရဂါထာ၊ ၂၉၅၊ ။ရာဇ၊ တိုင်းကြီးသခင် အရှင်မင်းမြတ်၊ နဘဥ္စ၊ ကောင်းကင်သည်လည်း၊ ဒူရေ၊ မြေနှင့်ဝေး၏၊ ပထဝိစ၊ မြေသည်လည်း၊ ဒူရေ၊ ကောင်းကင်နှင့်ဝေး၏၊ သမုဒ္ဒဿ၊ သမုဒ္ဒရာ၏၊ ယံပါရံ၊အကြင်ထိုမှာဘက်ကမ်းသည်၊ အတ္ထိ၊ ရှိ၏၊ တံပါရံ၊ ထိုမှာဘက်ကမ်းသည်၊ ဒူရေ၊ ဤမှာဘက်နှင့်ဝေး၏ဟူ၍၊အာဟု၊ ဆိုကုန်၏၊ တတော၊ ထိုကောင်းကင်နှင့်မြေ၊ သမုဒ္ဒရာတဘက် ကမ်းဝေးသောထက်၊ သတံ၊ သူတော်ကောင်းတို့၏၊ ဓမ္မောစ၊ တရားသည်ဂင်း၊ အသတံ၊ သူတော်မဟုတ်၊ သူယုတ်မာတို့၏၊ ဓမ္မောစ၊ တရားသည်ဂင်း၊ ဟာဝေ၊စင်စစ်၊ ဒူရတရံ၊ အလွန်ဝေး၏၊ ဣတိ၊ဤသို့၊ ပဏ္ဍိတာ၊ ဘုရားအစရှိသောပညာရှိတို့သည်၊ ဝဒန္တိ၊ ဆိုကုန်၏၊ ။အဓိပ္ပါယ်ကား၊ မြေနှင့် ကောင်းကင်သည်၊ အလွန် ဝေးခြင်းတပါး၊ သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းနှင့်၊ ထိုမှာဘက် ကမ်းလည်း ဝေးခြင်းတပါး၊ နေထွက်ရာအရပ်နှင့်၊ နေဝင်ရာ အရပ်လည်း ဝေးခြင်းဘပါး၊ သူတော်ကောင်းနှင့်၊ သူယုတ်မာ လည်းဝေးခြင်းဘပါး၊ ဤသို့အားဖြင့်လေးပါးတို့တည်း၊ ထိုလေး ပါးတို့တွင်၊ကောင်းကင်နှင့်။မြေပြင်ဝေးသောထက်ဂင်း၊ သမုဒ္ဒရာ ၏ ဤမှာဘက်ကမ်းနှင့်၊ ထိုမှာဘက်ကမ်း ဝေးသောထက်ဂင်း၊ နေထွက်ရာအရပ်နှင့်၊ နေဝင်ရာအရပ် ဝေးသောထက်ဂင်း၊ အဆ အရာ။ အဆ တထောင်မက၊ သူတော်ကောင်း တို့၏ တရားနှင့်၊ သူယုတ်မာတို့၏တရားလည်း။ အလွန်ဝေးလှ၏၊ သူတော်ကောင်း တို့၏တရား၊ သူယုတ်မာ တို့၏တရား၊ နှစ်ပါးဝေးခြင်းကြောင့်၊ သူတော်ကောင်းနှင့်၊ သူယုတ်မာသည်၊ အတူယှဉ်ပြိုင် ထိုင်၍နေ သော်သည်း အလွန်ပင်ဝေးလှ၏။ ထိုသူနှစ်ဦးတို့၏သားရာ။ ဘဝ ဂတိဌာနလည်း အလွန်ဝေးလှ၏။ အကျိုးပေးလည်း အလွန်ဝေး ၏၊ သူတော်ကောင်းတရားနှင့်၊ သူယုတ်မာတရား အလွန်ဝေး

သည်မှာ၊ သူတော်ကောင်းတို့၏ သိအပ် ရအပ် ကျင့်အပ်သော တရားကား၊ သတိပဋ္ဌာန်လေးပါး။ သမပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး။ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယတရား၊ သုံးဆဲ့ခုနစ်ပါးသည်၊ သူတော်ကောင်းတို့ တရားမည်၏၊ သူယုတ်မာတို့၏ တရားကား၊ ဒသဝတ္ထုကမိစ္ဆာ ဒိဋ္ဌိ အန္တဂ္ဂါဟိကမိစ္ဆာဒိဋ္ဌိ ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိ အန္တာနန္တိကမိစ္ဆာ ဒိဋ္ဌိ အမရာဝိက္ခေပဒိဋ္ဌိ အစရှိသော၊ ၆-ပါးသောမိစ္ဆာဒိဋ္ဌိသည်၊ သူယုတ်မာတို့ တရားမည်၏၊ တနည်းကား၊ ဆယ်ပါးသော သုစရိုက် အပေါင်းသည်၊ သူတော်ကောင်းတို့၏ တရားမည်၏၊ ဆယ်ပါးသော ဒုစရိုက်အပေါင်းသည်၊ သူယုတ်မာတို့၏ တရား မည်၏၊ သူယုတ်မာနှင့်၊ သူတော်ကောင်းသည်၊ လားရာဘဝဂတိ အားဖြင့်လည်း ဝေးကြ၏၊ အဘယ်သို့ ဝေးသနည်း ဟူမူကား၊ သူယုတ်မာသည်၊ သေသည်၏အခြားမဲ့၌၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံတို့၌ ဖြစ်၏၊ သူတော်ကောင်းဖြစ် သောသူတို့မှာ။ သူတော်ကောင်းတရားကြောင့်၊ မဂ်ဉာဏ်၊ ဖိုလ် ဉာဏ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်ရာသည်။ နိဗ္ဗာန်သို့မရောက် သေးသော်လည်း၊ သေသည့်၏အခြားမဲ့၌။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဘုံ၌သာ ကြဲ့လည်ရ၏။ ဤသည့်လျှင် သူယုတ်မာနှင့်၊ သူတော်ကောင်းသည်၊ လားရာ ဘဝဂတိအားဖြင့် အလွန်ဝေး သည်၊ အကျိုးပေးလည်းအလွန်ဝေးသည်၊ အဘယ်သို့ဝေးသနည်း ဟူမူကား၊ သူယုတ်မာသည်၊ မကောင်းသော အကုသိုလ်ကိုပြု ခြင်းကြောင့်၊ အပါယ်လေးဘုံ၌၊ ကြီးစွာသောဒုက္ခကိုခံရ၏၊ ၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာသာဝကအပေါင်း၊ သူတော်ကောင်း တို့မှာ။ လောကုတ္တရာ ဖြစ်သော၊ သူတော်ကောင်းတို့၏ တရား ကြောင့်၊ နိဗ္ဗာန်ချမ်းသာကို ခံစားရကုန်သည်၊ ထိုပုဂ္ဂိုလ်တို့မှ၊ ကြွင်းသော ပုထုဇာန် အပေါင်းတို့သည်၊ သူတော်ကောင်းတို့၏ တရားကို နားထောင်ခြင်းကြောင့်၊ လူဘုံ၌၊ လူတို့နှစ်သက်အပ် သော။ သူဌေး သူကြွယ်၊ ပဒေသရာဇ် ဧကရာဇ်၊ စကြာမဏ္ဍပ် အဖြစ်သို့ ရောက်ကြသေကုန်၏၊ နတ်ဘုံ၌၊ နတ်တို့၏ စည်းစိမ်၊

ဖြုဟ္ဘူဇာ့ဘုံ၌၊ ဖြုဟ္ဘာတို့၏ စည်းစိမ် ချမ်းသာကို ခံစားရကုန်၏၊ အဆုံးဘဝ၊ နိဗ္ဗာန်ချမ်းသာကို ရကြကုန်သည်။ ။ဤသို့လျှင် သူ
တော်ကောင်းနှင့်၊ သူယုတ်မာအကျိုးပေး တရန်တဆစ်မျှမတူကြ၊ အလွန်ဝေးကုန်သည်၊ သူတော်ကောင်းနှင့်၊ သူယုတ်မာသည်၊ ဖြစ်
ရာဌာနသည်းမတူ၊ အကျိုးပေးရာဌာနလည်းမတူကြသောကြောင့်၊ အတူယှဉ်ပြိုင် ထိုင်၍နေသော်လည်း၊ စိတ်သဘောလည်း လောက
၌ပင်မတူ၊ ဖြစ်ရာဘဝသည်း မတူကြသောကြောင့်၊ ကဗျာလင်္ကာ၌၊ အတူယှဉ်ပြိုင် ထိုင်၍နေလျက်၊ ဝေးသည်ဘက်ဟု စပ်ဆို
သည်၊ အဝေးနေသူ နီး၏ဟူသည်စကား၌၊ ။မြတ်စွာဘုရား
သည်၊သာဝတ္ထိပြည်တွင်၊ သီတင်းသုံးတော်မူသောအခါ၊ များစွာ
သောလူတို့သည်၊ သမုဒ္ဒရာသို့ ကူးသွားကြရေ၊ သင်္ဘောပျက်လေ
ရကား၊ငါးလိပ်တို့၏ အစာသာဖြစ်ကြလေကုန်၏၊ ထိုလူအပေါင်း
တို့တွင်၊ တယောက်သောသူသည်၊ ထိုဘဝတွင်၊ မဂ်ဖိုလ်ရထိုက်
သော ပါရမီထူး၍ရှိလေရကား၊ တပုံဘရသော အန္တရာယ်မရှိဘဲ၊
သပ္ပါဒကည်သော၊ သင်္ဘောဆိပ်သို့ဆိုက်၍၊ ချမ်းသာရလေ၏၊
ဤဘဝ၊ မဂ်ဖိုလ် ကို၊ ကေ်ခုချ၊ ရလတ့်သောသူဖြစ်အံ့၊ တပုံဘရ
သောအန္တရာယ်မရှိဘဲဖြစ်၏၊ ။ထိုယောကျ်ားသည်၊ အဝတ်မပါ
ဘဲ၊ အချည်းနှီးသောကိုယ်ရှိရကား၊ သစ်သားတို့ကို လျှော်မျှင်ဖြင့်
ကျစ်၍၊ ဝတ်ရုံပြီးမှ၊ နတ်စဉ်ကနတ်ဒိုးကိုယူ၍၊ စားပုံးစားခွက်
လက်စွဲသျက်၊ ဘောင်းခံ စားသောက်သည်ကို၊ လူတို့မြင်လျှင်၊
ရဟန္တာပုဂ္ဂိုလ်ထင်မှတ်၍၊ ဆည်းကပ်သူဒါန်းကြသတည်း၊ ထို
အခါ၊ ကောင်းသော အဝတ်ပုဆိုးကို ဝတ်ရုံပြန်လျှင်၊ လောဘ
သဏ္ဍာရ ဆုတ်ယုတ်မည် စိုးရိမ်ကြောင့်ကြ၍၊ ဝတ်မြဲတိုင်းဖြင့်
သာနေရကား၊ ဒါရုစီရိယ ဟုအမည်တွင်သတည်း၊ ။ထိုအခါ၊
သုဒ္ဓါဝါသဘုံမှ၊ ရှေးအဆွေခင်ပွန်းဟောင်းဖြစ်ဘူးသော၊ ဖြုဟ္ဘာ
လာ၍၊ သင့်အား၊ အရဟတ္တမဂ်ဟူသောတရားသည်၊ အဘယ်မှာ
ရှိဘော့အံ့နည်း၊ ဤအရပ်မှ၊ယူဇနာနှစ်ရာကွာသော၊ မြောက်မျက်
နှာဇနပုဒ်၌၊ သာဝတ္ထိပြည်တွင်၊ဘုရားရှိတော်မူ၏၊ထိုအရပ်သို့သွား
လေဟုဆိုသတည်း၊ ဤသုဒ္ဓါဝါသဘုံနှင့်၊ လူ့ပြည်သည် အလွန်

ဝေးသော်လည်း၊ အတူနေသကဲ့သို့ပင် ဖြစ်၏၊ သည်ကိုရည်၍၊ အဝေးနေသူ၊ နီး၏ဟူသည်ဟု စပ်ဆိုသည်၊ ထိုဒါရုစိရိယသည်၊ ယူဇနာ၁၂နှစ်ရာကွာသော ခရီးကို၊ တည့်တည်းပင် ရောက်လာ၍၊ မြတ်စွာဘုရားသည်း၊ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူသည်ဖြစ်၍၊ နောက်တော်ကလိုက်သွား၍၊ တရားဟောတော်မူပါ၊ တရားဟောတော်မူပါဟု၊ အကြိမ်များစွာတောင်းပန်၍။ လမ်းခရီးတွင်ပင်၊ ၊တသ္မာတိဟဗာဟိယဧဝံသိက္ခိတဗ္ဗံ ဒိဋ္ဌေဒိဋ္ဌမတ္တံ ယာတိ၊ ၊အစရှိသောဒေသနာတော်ကို ဟောတော်မူသောကာလ။ ပဒိုသန္တိဒါ လေးပါးနှင့်တကွ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးမှ၊ ရဟန်းအဖြစ်ကို ခွင့်တောင်းလေလျှင်၊ သက်နိုးသပိတ် ပရိက္ခရာရှာခြေဟု စေတော်မူ၍ သွားရာ၊ နွားမဒေ့လေရကား။ အနုပါဒိသေသ နိဗ္ဗာန်စံယူလေသတည်း။ ၊ဤသည်ကို ရည်၍။ ကဗျာလင်္ကာ၌၊ ၊အတူယှဉ်ပြိုင် ထိုင်၍နေလျက်။ ဝေးသည်ဘက်၊ အဝေးနေသူ၊ နီး၏ဟူသည်၊ ဤသို့နှစ်ဦး၊ ဘယ်သို့နည်း၊ ဟူ၍ စပ်တော်မူသည်၊ ၊ဤကဗျာလင်္ကာ၏အရကို။ သေခြာစွာ သိမှတ်သားကြစေခြင်းငှါ၊ ကျမ်းဂန်အလာ၊ ဒေသနာမွေဖြင့်၊ ထုတ်ဆောင်၍ ဖြလိုက်သော အဖြေဝိသဇ္ဇနာ ဤတွင်၍တခမ်း၊ နိဋ္ဌိဘန်းတန့်တော့ပြီ။

## ယောက်ျားအစစ် ဆိုသောပုစ္ဆာကိုဖြေဦးအံ့။

ယောက်ျားအစစ်၊ ဖြစ်ပါလျက်ကို၊ နုတ္တိဆို၏၊ မိမ္မကိုမူ၊ ယောက်ျားယူ၏၊ ထိုသူတဦးခေါ်ပုံ ဘယ်ကြောင့် ထူးသနည်း၊ ဟူသောအမေးပုစ္ဆာကို၊ဒေသနာသဘောနှင့်၊ဆေးကျော၍ ဖြေဆိုဦးအံ့၊ ၊မိမ္မတို့၏ခါးအောက်ဖြစ်သော ဟေဋ္ဌိမကာယသည်၊ သန့်ရှင်းသော ဝိသဒါကာယသည် ပုလ္လိင်မည်၏၊ ထိုပုလ္လိင်ကိုပင် ယောက်ျားခေါ်သည်၊ ခါး၏အထက် ဖြစ်သော ဥပရိမကာယ

သည်။မသန့်ရှင်းသော အဝိသဒါကာယသည် ဓုတ္တိလိင်မည်၏။ထို ဓုတ္တိလိင်ကို မိန္မခေါ်သည်၊ယောက်ျားတို့၏ ခါးအထက်ဖြစ်သော ဥပရိမကာယသည်၊ သန့်ရှင်းသော ဝိသဒါကာယသည် ပုလ္လိင် မည်၏၊ ထိုပုလ္လိင်ကို ယောက်ျားခေါ်သည်။ ယောက်ျားတို့၏ ခါးအောက်ဖြစ်သော ဟေဋ္ဌိမကာယသည်၊ မသန့်ရှင်းသော အဝိ သဒါသည်။ ဓုတ္တိလိင်မည်၏၊ ထိုဓုတ္တိလိင်ကိုပင် မိန္မဟုခေါ် သည်။ ။ထို့ကြောင့် အဋ္ဌသာလိနီမည်သော၊ ဓမ္မသင်္ဂဏီအဋ္ဌ ကထာ ရူပကဏ္ဍ၌။ ။ဓုတ္တိနံဟိ ဟေဋ္ဌိမကာယော ဝိသဒေါ ဟောတိ၊ ဥပရိမကာယော အဝိသဒေါ ပုရိသာနံဟိ ဥပရိမကာ ယော ဝိသဒေါဟောတိ၊ ဟေဋ္ဌိမကာယောအဝိသဒေါ။ ။ဟူ သောပါဠိကိုမိန့်ဆိုတော်မူသည်။ ။အနက်ကား။ ဟိသဒ္ဒါ၊ မှန်၏။ ဓုတ္တိနံ၊မိန္မတို့၏။ ဟေဋ္ဌိမကာယော၊အောက်ကိုယ်သည်။ ဝိသဒေါ၊ သန့်ရှင်းသည်။ဟောတိ၊ဖြစ်၏၊ ဥပရိမကာယော၊အထက်ပိုင်းကိုယ် သည်။အဝိသဒေါ၊မသန့်ရှင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ပုရိသာနံ၊ ယောက်ျားတို့၏။ ဥပရိမကာယော၊ အထက်ပိုင်း ကိုယ်သည်။ ဝိသဒေါ၊သန့်ရှင်းသည်။ဟောတိ၊ဖြစ်၏။ ဟေဋ္ဌိမကာယော၊အောက် ပိုင်းကိုယ်သည်။အဝိသဒေါ၊မသန့်ရှင်းသည်။ ဟောတိ၊ဖြစ်၏။ ။ အဓိပ္ပါယ်ကား။ မိန္မတို့မှာ၊ အထက်ပိုင်းကို၊ မသန့်ရှင်းသည်ဖြစ်၍၊ ဓုတ္တိလိင်ခေါ်သည်၊ ထိုဓုတ္တိလိင်ကို မိန္မဟုခေါ်သည်၊ မိန္မတို့၏ ခါးကအောက်ပိုင်းကို၊ သန့်ရှင်းသည်ဖြစ်၍၊ ပုလ္လိင်ခေါ်သည်။ ထို ပုလ္လိင်ကိုယောက်ျားဟုခေါ်သည်၊ ယောက်ျားတို့၏ခါးအထက် ပိုင်းကို သန့်ရှင်းသည်ဖြစ်၍ ပုလ္လိင်ခေါ်သည်၊ထိုပုလ္လိင်ကိုဗြဟ္မာဝေါ ဟာရယောက်ျားခေါ်သည်၊ ယောက်ျားတို့၏ ခါးအောက်ပိုင်း ကို၊ မသန့်ရှင်းသည်ဖြစ်၍၊ ဓုတ္တိလိင်ခေါ်သည်၊ ထိုဓုတ္တိလိင်ကိုပင် မိန္မဟုခေါ်သည်။ ။ဤသည်ကိုရည်၍။ ။ယောက်ျားမှန်ပါ လျက်နှင့်၊ အဘယ်ကြောင့်မိန္မဟုခေါ်သနည်း၊ ထိုအတူ၊မိန္မဖြစ်ပါ လျက်နှင့်။ ယောက်ျားဟု ဆိုရသနည်းဟု အမေးပုဏ္ဏာလုပ်၍၊ ယောက်ျားအစစ်။ဖြစ်ပါလျက်ကို ဓုတ္တိဆို၏၊မိန္မကိုမူ၊ယောက်ျား ယူ၏၊ ထိုသူနှစ်ဦးခေါ်ပုံ ဘယ်ကြောင့် ထူးသနည်း၊ ဟူသော

အမေးပုစ္ဆာအရကို၊ နေရာကျကျ။ သိမှတ်ရအောင် ဖြေဆိုလိုက်သည်ကား၊ ဤတွင်၍ ပြီးပါပြီ၊

## ယောက်ျားစင်စစ်၊ ပုစ္ဆာကိုဖြေဦးအံ့၊

ယောက်ျားစင်စစ်၊ မှန်သည်ဖြစ်လျက်၊ ဝမ်းတွင်း၌ကား၊ ယောက်ျား မိမ္မ၊ ဂဗ္ဘသေယျာ။လွယ်ပြီးခါမှ၊ ဘွားကာလ၌၊ ရခေါင်းချင်း၊ ခံဘွင်းကသာ ဘွားရရှာသည်၊ သတ္တဝါအထူး၊ မှတ်သားဦး၊ ၊ဟူသော ကဗျာလင်္ကာ၏ အဓိပ္ပါယ်ကို၊ သိမှတ်ရအောင်၊ အခံဖြေဝိသဇ္ဇနာကို ဖြေဆိုဦးအံ့၊ ၊မြတ်စွာဘုရားသည်၊ ဇေတဝန် ကျောင်းတော်၌ စံနေတော်မူသောအခါ၊ မာတုကာမ အခုံ၊ ကာမဂုဏ်ကိုအခုံပြု၍၊ သာသနာတော်မှ ဆန့်ကျင်သော ရဟန်းကို အကြောင်းပြု၍၊ ချစ်သားရဟန်းတို့၊ ဒါနေသယက္ခိုက် ဘီလူးသည်၊ ကျုပ်၌ မိမ္မကိုထည့်ပြီးလျှင်၊ နှုပ်ဖြင့်ဝှံ၍မျိုပြီးသော်၊ ဝမ်းတွင်း၌ထား၍၊ စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ကုန်၊ တယောက်သော ယောက်ျားကိုသာ မိသည်ကိုမတတ်နိုင်ကုန်။ သင်သည်အဘယ်သို့တတ်နိုင်လတံ့။ နည်းဟုမိန့်တော်မူ၍၊ အတိတ်ကိုဆောင်တော်မူ၏၊ ၊လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ်မင်းပြုဘော်မူသည်ရှိသော်၊ ဘုရားလောင်းသည်၊ ကာမတို့ကိုပါယ်၍။ ဟိမဝန္တာသို့ဝင်၍၊ ရသေ့ရဟန်းပြု၏၊ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍၊ သစ်သီးကြီးငယ်ဖြင့် မျှလျက်နေ၏၊ ဘုရားလောင်းကျောင်းအနီး၌၊ တယောက်သော ဒါနေသရက္ခိုက် သည်နေ၏၊ ထိုရက္ခိုက်သည်၊ ရံခါ ရံခါ၊ ဘုရားလောင်းသို့ဆည်းကပ်၍တရားနာ၏၊ တောအုပ်၌၊ လူတို့သွားလာရာလမ်း၌တည်၍၊ လာတိုင်းလာတိုင်းသော လူတို့ကိုဘမ်း၍စား၏၊ ထိုကာလ၌မြတ်သောအဆင်းကိုဆောင်သော၊ ကာသိတိုင်းဝယ် တယောက်သော အမျိုးသမီးသည်၊ မထင်ရှားသော ပစ္စန္တရွာ၌ဖြစ်၏၊ ထိုအမျိုးသမီးသည်၊ တနေ့သ၌၊ အမိအဘတို့အား ဖူးမြင်အံ့သောငှါ၊ သွား၍ပြန်

သောကာလ၌။ အခြံအရံလူတို့ကိုမြင်၍၊ ထိုဒါနောရက္ခိုက်သည်၊ ကြောက်မက်ဘွယ်သော အဆင်းဖြင့် ပြေးလာ၏။ လူတို့သည် ကြောက်ကျန်ရကား၊ လက်နက်တို့ကိုစွန့်ပစ်၍ပြေးကုန်၏။ ဒါနောရက္ခိုက်သည်၊ ယာဥ်၌နေသော အဆင်းလှသော၊ မာတုကာမကိုမြင်၍၊ တတ်စွမ်းသော စိတ်ရှိသည့်ဖြစ်၍၊ ထိုမာတုကာမကို၊ မိမိအလိုသို့ဆောင်၍ မယားပြု၏။ ထိုအခါမှစ၍၊ ထောပတ် အမဲသား ငါး အစရှိသည်တို့ကိုရင်း၊ သစ်သီးကြီးငယ်တို့ကိုရင်း၊ ဆောင်ခဲ့၍၊ ထိုမိမ္ဘကိုအဝတ်တံဆာဆင်၍ စောင့်ရှောက်အံ့သောငှါ၊ ကြုတ်၌အိပ်စေ၍၊ ကြုတ်ကိုမျို၍ ဝမ်းဖြင့်လွယ်၏။ ထိုဒါနောရက္ခိုက်သည်၊ တနေ့သ၌၊ ရေချိုးအံ့သောငှါ၊ ရေကန်သို့သွား၍ ကြုတ်ကိုအံ၍၊ ထိုမိမ္ဘကိုကြုတ်မှထုတ်၍၊ ရေချိုး၍ ပန်းနံ့သာအဝတ်တံဆာဆင်ယဥ်၍၊ ကြုတ်၏အနီး၌ထား၍။ မိမိသည် ရေချိုးဆိပ်သို့သွား၍ရေချိုး၏။ ထိုကာလ၌၊ ဝါယုပုတ္တမည်သော ဝိဇ္ဇာဓိုရ်သည်၊ သန်လျက်လွယ်၍ ကောင်းကင်ဖြင့်သွား၏။ ထိုမိမ္ဘသည် ကောင်းကင်ဖြင့်သွားသော ဝိဇ္ဇာဓိုရ်ကိုမြင်၍။ လက်ပြ၍ခေါ်၏၊ ထိုဝါယုပုတ္တဝိဇ္ဇာဓိုရ်သည်၊ လျှင်မြန်စွာဆင်းသက်၍။ ထိုမိမ္ဘနှင့်ကြုတ်၏အနီး၌သိုင်၍နေ၏၊ ဒါနောရက္ခိုက် လာလပ်သော်၊ မိမိကိုယ်ကိုပြ၍၊ ကြုတ်ကိုဖွင့်၍၊ ကြုတ်တွင်းသို့ဝင်၍၊ ဝိဇ္ဇာဓိုရ်၏အပေါ်၌အိပ်၍၊ ငမိ၏အဝတ်ကိုခြုံ၏၊ ဒါနောရက္ခိုက်သည် လာလတ်၍၊ ကြုတ်ကိုမကြည့်ရှုဘဲ၊ ငါ၏ မာတုကာမသာလျှင်ရှိ၏ဟူသော အမှတ်ဖြင့် ကြုတ်ကိုမျို၍။ မိမိသိုက်သို့သွားလတ်သော။ ခရီးအကြား၌၊ ငါသည်ရှင်ရသေ့ကိုမမြင်ရသည်ကြာပြီ ယနေ့သွား၍ရှင်ရသေ့ကိုရှိခိုးအံ့ဟုသွား၏၊ ရှင်ရသေ့သည်၊ ဒါနောရက္ခိုက် လာသည်ကိုမြင်၍၊ နှစ်ယောက်သော သူတို့သည်၊ ဒါနောရက္ခိုက်၏ဝမ်း၌ရှိသည်ကိုသိ၍ စကားပြောလိုရကား၊ ။ကုတောနုအာဂစ္ဆထ ဘောန္တောတယောဇနာ သွာဂတာ ဧထ နိသီဒထ အာသနေ ကစ္စိတ္ထ ဘောန္တော ကုသလံအနာမယံ စိရဿမဗ္ဘာဂမနံဟိ ဝေါ ဣဓ။ ။ ဘောန္တောတယောဇနာ၊ အိုသုံးယောက်သောသူတို့၊ တမြော့ သင်တို့သည်။ ကုတော၊ အဘယ်အရပ်မှ၊ အာဂစ္ဆထနု၊ လာသနည်း။

တုမှာကံ၊ သင်တို့၏။ .အာဂတာ၊ လာခြင်းတို့သည်။ သွာဂတာ၊ ကောင်းသောလာခြင်းတို့တည်း၊ထေ၊လာကြကုန်လော့။အာသနေ၊ နေရာ၌၊နိသိဒထ၊နေကြကုန်လော၊ဘောန္တော၊အရှင်တို့၊ တုမှာကံ၊ သင်တို့အား။ ကုသလံအနာမယံ၊ ရောဂါကင်းခြင်းသည်၊ အတ္ထိ ကစ္စိ ဖြစ်၏လော့၊ ဣဓ၊ ငါ၏အထံသို့၊ ဝေါ၊ သင်တို့၏။ အာဂမနံ၊ လာခြင်းသည်၊ စိရဿံဟိ၊ ကြာမြင့်သလျှင်ကတည်း။ ။ဒါနေသာ ရက္ခိုက်သည်။ထိုစကားကိုကြား၍၊ရသေ့၏အထံသို့ငါတယောက် ထည်းသာ လာပါသည်ကို၊ ရှင်ရသေ့သည်၊သုံးယောက်လာသည် ဟူ၍ဆို၏၊ အကယ်၍ဤရသေ့သည်၊ သဘောအတိုင်း ဟုတ်မှန် သည်ကိုဆိုသလော၊ ထိုသို့မဟုတ်မူ၊ ရူး၍ဆိုသသောဟုကြံ၍၊ ရှင် ရသေ့နှင့် စကားပြောလိုရကား။ ။အာဟာမေဝဧကော ဣဓ မေဇ္ဈပတ္တော နစာပိဒုတိယော ကောစိ နဝိဇ္ဇတိ ကိံမေဝသန္တာယ တောဘာသိတံ့ဣသေ ကုတောနု အာဂန္တုထ ဘောတယောဇနာ။ ဟူသော ဂါထာကိုဆို၏၊ ဣသေ၊ ရသေ့၊ အဇ္ဇ၊ ယခု၊ ဣဓ၊ ဤရသေ့အထံသို့၊ အာဟာမေဝဧကော၊ အကျွန်ုပ်တယောက်သာ လျှင်။ ပဋ္ဌော၊ ရောက်လာ၏၊ မေ၊ အကျွန်ုပ်အား၊ ဒုတိယောပိ၊ အဘော်သည်လည်း၊ နမရှိမပါ၊ ကောစိ၊တစုံတယောက်သောသူ သည်။နဝိဇ္ဇတိ၊မရှိ၊ ဘောတယောဇနာ၊အိုသုံးယောက်သောသူတို့။ တုမှေ၊သင်တို့သည်၊ ကုတော၊ အဘယ်မှ၊ အာဂန္တုထနု၊ လာကုန် သနည်းဟူ၍၊ ကိံမေဝ၊အဘယ်ကိုလျှင်။ သန္တာယ၊ ရည်၍၊ တော၊ သင်သည်။ ဘာသိတံ၊ ဆိုအပ်သနည်း။ ။ဟုမေးသောကာလ၊ ရှင်ရသေ့က၊ ဒါနေသာရက္ခိုက်စင်စစ်သင့်အား၊ မာတုကာမရှိသည် မဟုတ်လောဟုဆို၏၊ အရှင်ဘုရားရှိသည်မှန်၏ဟုဆိုသော်၊ နား ထောင်လောဟုဆို၍။ ။တုဝဋ္ဌ ဧကော အရိယာစ တေပိယာ သရက္ခာကြွတ္တံ နိက္ခိန္န မန္တရေ သာရက္ခိတာ ကုန္တိဂတာစ တေ သဒါ ဝါယုဿပုတ္တေန သဟာ ထဟိ ရထာ။ ။အဇ္ဇောဒါနဝ၊ အိုဒါနေသာရက္ခိုက်၊ တုဝဋ္ဌ၊ သင်သည်လည်း၊ ဧကော၊ တယောက် ထည်း၊ တော၊သင်သည်၊ ပိယာ၊ချစ်လှစွာသော၊ အရိယာစ၊မယား ကိုလည်း၊ သမုဂ္ဂပက္ခိတ္တံ၊ ကြုတ်၌ထည့်၍၊ အန္တရေ၊ ဝမ်းတွင်း၌၊

နိက္ခိန္တ၊ မျှိုထားအပ်၏၊ တေ၊ သင်သည်၊ သဒ္ဒါ၊ အခါခပ်သိမ်း၊ ရက္ခိတာ၊စောင့်ရှောက်အပ်သော။ ကုဋ္ဋိဂတာစ၊ ဝမ်းတွင်း၌ထား အပ်သည်လည်းဖြစ်သော။ သာအရိယာ၊ ထိုမယားသည်၊ တဟိ၊ ထိုသင့်ဝမ်းတွင်း၌၊ ဝါယုသံပုဏ္ဏေန၊ ဝါယုပုဏ္ဏ ပိဏ္ဍာမိရ်နှင့်၊ သဟ၊ တကွ၊ ရထာ၊မွှေ့လျော်ပျော်ပါး၏၊ ။ရှင်ရသေ့ကပြော သည်ရှိသော်၊ ဒါနေဝရက္ခိုက်သည်၊ ထိုစကားကိုကြား၍၊ ပိဏ္ဍာ မိရ်သည်ကား။မာယာများကုန်၏။ငါ၏ဝမ်းကိုခွဲ၍ ပြေးလတံ့ဟု၊ အလွန်ကြောက်သည်ဖြစ်၍၊ လျှင့်မြန်စွာ ကြုတ်ကိုအံ၍ရှေ့မှထား ၏၊မြတ်စွာဘုရားသည်၊ထိုအကြောင်းကိုပြတော်မူအံ့သော၄ှါ၊ ။ သံဝိဂ္ဂရူပေါ ဇာသိနာမ ဗျာကတော သောဒါနဝေါ တတ္ထ သမုဂ္ဂ မုဂ္ဂရိ အဒ္ဒက္ခိ သရိယံ သုစိမာလဓာရိနိ ဝါယုသပုဏ္ဏေန သဟာ တဟိံ ရတံ။ ။ဟုဟောတော်မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ ဇာသိနာ၊ ရသေ့သည်၊ ဗျာကတော၊ ဟောကြားအပ်သည်ရှိသော်၊ သောဒါနဝေါ၊ ထိုဒါနေဝရက္ခိုက်သည်၊ သံဝိဂ္ဂရူပေါ၊ ထိတ်လန့် သောသဘောရှိသည်ဖြစ်၍၊ တတ္ထ၊ထိုရသေ့အထံ၌။ သမုဂ္ဂံ၊ ကြုတ် ကို၊ ဥဂ္ဂရိ၊ အံ၏၊ တဟိံ၊ထိုကြုတ်၌၊ ဝါယုသပုဏ္ဏေန၊ ဝါယုပုဏ္ဏ ပိဏ္ဍာမိရ်နှင့်၊သဟ၊တကွ၊ ရတံ၊မွှေ့လျော်သော၊ သုစိမာလဓာရိနိ၊ စင်ကြယ်စွာသောပန်းတို့ကိုပန်သော၊ သရိယံ၊မယားကို၊ အဒ္ဒက္ခိ၊ မြင်လေ၏၊ ။ပိဏ္ဍာမိရ်သည်ကြုတ်ကိုဖွင့်ထည့်ခြင်းလျှင်၊ မန္တရား ကိုမန်း၍၊ သံလျက်ကိုကိုင်၍၊ ကောင်းကင်သို့ ပြန်သွားလေ၏၊ ဒါနေဝရက္ခိုက်သည်၊ ထိုပိဏ္ဍာမိရ်ကိုမြင်၍၊ ဘုရားလောင်းအား နှစ်သက်၍၊ ။သုဒိဋ္ဌရူပ မုဂ္ဂတပါနံ ဝတ္တိနာ ဟိနာ နရာ ပမဒါဝသံ ဂတာ ယထာ ဟာဝေ ပါဏာနိ ဝေတ္တ ရက္ခိတံ ဒုဋ္ဌာ မယိ အညမသိပ္ပမော ဒတိ။ ။လ၊ ၊တသ္မာဟိတေ သုခိနော ဝိဘသောကာယေ မာတုကာမေဟိ စရန္တိ နိဿဋ္ဌာ ဧတံ သိဝံ ဥတ္တမ မဘိ ပတ္တယံ နမာတုကာမေဟိ ကရေယျ သန္တ ဝံ။ ။ဘန္တေဇာသိ၊ အရှင်ရသေ့၊ဥဂ္ဂတပါနဝတ္တိနာ၊ကြီးမြင်သော အကျင့်သို့အစဉ်လိုက်သော၊ တယာ၊သင်ရသေ့သည်၊ သုဒိဋ္ဌရူပံ၊ ဤအကြောင်းကို ကောင်းစွာမြင်အပ်၏၊ ပမဒါဝသံ၊ မိန်းမနိုင်ငံသို့၊

ဂတော၊လိုက်ကုန်သော၊ နရာ၊လူတို့သည်။ ဟိနာ၊ယုတ်မာကုန်၏။ ယသာသယာဇ္ဈတ္တိ၊ အကြင်မိမ္မကို၊ မယာ၊ အကျွန်ုပ်သည်။ ဟာဝေ၊ စင်စစ်၊ပါထာနိဝ၊အသက်ကိုကဲ့သို့၊ထွေ၊ဤဝမ်းတွင်းနှ၊ရက္ခိတာ၊ စောင့်ရှောက်အပ်၏။ သာဇ္ဈတ္တိ၊ ထိုမိမ္မသည်။ မယိ၊ အကျွန်ုပ်နှ၊ ဒုဗ္ဘာ၊ပြစ်မှား၍။ အညံ၊တပါးသောယောကျ်ားကို။ အသိပ္ပမောဒတိ၊ မွေ့လျော်၏၊ ၊တသ္မာဟိ၊ ထိုကြောင့်လျှင်၊ ယော၊ အကြင်ပညာ ရှိတို့သည်၊ မာတုကာမေဟိ၊မိန်းမတို့မှ၊ နိဿဋ္ဌာ၊ ကင်းကုန်သည်ဖြစ် ၍၊စရန္တိ၊ကျင့်ကုန်၏။ တေ၊ထိုပညာရှိတို့သည်။ သုခိနော၊ချမ်းသာ ကုန်၏၊ ဝိတသောကာ၊ စိုးရိမ်ခြင်းကင်းကုန်၏။ ဥတ္တမံ မြတ်သော။ သိဝံ၊ ငြိမ်းချမ်းသော၊ ဌာနံ၊ ထိုချမ်းသာကို၊ အဘိပတ္တယံ၊ တောင့်တသောသူသည်၊ မာတုကာမေဟိ၊ မာတုကာမတို့နှင့်၊ သန္ထဝံ၊ ပေါင်းဘော်ခြင်းကို။ နကရေယျ၊ မပြုရာ။ ၊ဤသို့ဆို၍၊ ဒါနေခရက္ခိုက်သည်၊ ဘုရားလောင်း၏ခြေကိုရှိခိုး၍၊ ဘုန်းတော် ကြီးသော အရှင်ဘုရား၊ အရှင်ဘုရားကိုမှီ၍၊ အကျွန်ုပ်သည် အသက်ကိုရပါပြီ၊ယုတ်မာသောအကျင့်ရှိသောမိမ္မသည်။ အကျွန်ုပ် အား ဝိဇ္ဇာမိုရ်ကိုသတ်စေ၏ဟုဆို၍။ ဘုရားလောင်းအား ချီးမွမ်း ၏။ ဘုရားလောင်းသည်လည်း၊ ဒါနေခရက္ခိုက်အား တရားဟော ၍၊ဤမိမ္မအား တပုံတခုသော မကောင်းသောအမှုကိုသင်မပြုလင့်၊ သင်သည်၊သိသတို့ကိုယူလော့ဟုဆို၍၊ပဥ္စသီတို့နှတည်၏။ ဒါနေခ ရက္ခိုက်လည်း၊ ငါကားဝမ်းဖြင့်လွယ်၍၊ ထိုမိမ္မကို စောင့်ရှောက် ခြင်းငှါ မတတ်နိုင်၊ ငါမှ တပါးသောသူသည်၊ စောင့်ရှောက်နိုင် လတံ့နည်းဟု မိမ္မကိုလွှတ်လိုက်၍။ မိမိနေရာတောသို့သွားလေ၏။ ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သမုဂ္ဂဇာတ် နဝနိပါတ် ပြီး၏၊ ၊ဂဇ္ဇသေယျကပုဂ္ဂိုလ်တို့ကဲ့သို့၊ ဝမ်းနှ ပဋိသန္ဓေယူနေ ၍၊သွားသည်အရာကိုဆိုသည်မဟုတ်၊ မဟုတ်သေ်သည်း။ ဤနဝနိ ပါတ် သမုဂ္ဂဇာတ်တော်တွင်။ ဂဇ္ဇသေယျကဲ့သို့ပင်၊ ကာသိတိုင်း သူမိမ္မနှင့်၊ ဝါယုဗုတ္တ ဝိဇ္ဇာမိုရ်နှစ်ဦးတို့ကို၊ ဒါနေခရက္ခိုက်သည်၊ ကြုတ်နှထည့်၍၊ဝမ်းတွင်းနှမျိုထား၍၊ ခံတွင်းမှ ထွေးအံသည်ကို၊ ပရိယာယ်ဝေါဟာရအားဖြင့်၊ ယောကျ်ားဖြစ်လျက်၊ ယောကျ်ား

မိန္မအရုံကို ဝမ်းဖြင့် လွယ်ပြီးမှ၊ ခံတွင်းဖြင့် ထွေးအံသည်ကို၊ ဘွားသည်ဟုဆိုသည်။သည်ကိုရည်၍၊ကဗျာလင်္ကာ၌၊ယောကျ်ား စင်စစ်၊ မှန်သည်ဖြစ်လျက်၊ ဝမ်းတွင်း၌ကား၊ ယောကျ်ား မိန္မ၊ ဂဗ္ဘသေးယျာ၊လွယ်ပြီးခါမှ၊ ဘွားကာလ၌၊ မုခခေါ်ရင်း၊ ခံတွင်း ကသာ၊ ဘွားရရှာသည်၊ ။သဗ္ဗောဝါတဦး ပညတ်ထူး။ ။ဟူ သောအမေးပုဏ္ဏာလင်္ကာ၏အရကို၊နေရာကျကျ၊သိမှတ်ရအောင်၊ ကျမ်းဂန်အသာ၊ ဒေသနာမြွက်ကို၊ ညွန်းပြထုတ်ဆောင်၍၊ ဖြေဆို လိုက်သည်ကား၊ ဤတွင်၍ပြီးပြီ၊

သဗ္ဗောဝါနှင့် ဝေနေယျအထူးကို ဖြေဆိုဦးအံ့၊

သဗ္ဗောဝါ ဝေနေယျ၊ ခေါ်ဝေါ်ကြသား၊ မချွမှန်ယူ၊ ဤသူနှစ် ဦး ဘယ်သို့ထူးသနည်း၊ ။ဟူသောအမေး၌၊ ဖြေဆိုလိုက်ဦး အံ့။ ။ဝေနေယျ သဗ္ဗောဝါဟုခေါ်ဝေါ်ကြသောအရာမှာ၊ မဂ် ဖိုလ်ကို၊ မရထိုက်သော ပုဂ္ဂိုလ်သည်၊ သဗ္ဗောဝါသာမည်သည်၊ ဝေနေယျမည်၊ မဂ် ဖိုလ်ကို ရထိုက် သိထိုက်သောပုဂ္ဂိုလ် သည်၊ သဗ္ဗောဝါလည်းမည်၏။ ဝေနေယျလည်းမည်၏၊ ဤသို့ သဗ္ဗောဝါနှင့် ဝေနေယျနှစ်မျိုးသာ ရှိ၏ဟုမှတ်ရာ၏၊ ။သဗ္ဗောဝါမှာ အပြားမရှိ။ဝေနေယျသည်၊ဗုဒ္ဓဝေနေယျ၊ သာဝကဝေနေယျ ဟူ၍နှစ်ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင်၊ သာဝကဝေနေယျကို၊ သာဝကတို့သည်လည်း ဆုံးမ၍၊ အကျွတ်တရားကို ရစေနိုင်၏၊ ဘုရားတို့သည်လည်း ဆုံးမထိုက်၏၊ ။ဗုဒ္ဓဝေနေယျတို့ကား၊ မြတ်စွာဘုရားတို့သာဆုံးမထိုက်၏၊ သာဝကတို့သည် ဆုံးမခြင်းငှါ မတတ်နိုင်၊ ။ထိုကြောင့်မူလပဏ္ဏာသ၊ ရူသဉ္စကသုတ် အဋ္ဌက ထာ၌၊ ။ဒုဝိဓာဟိ ပုဂ္ဂလာ ဗုဒ္ဓဝေနေယျာစ သာဝကဝေ နေယျာစ သာဝကဝေနေယျံ သာဝကာပိ ဝိနေန္တိ ဗုဒ္ဓါပိ ဗုဒ္ဓဝေနေယျံပန သာဝကာဝိနေတုံ နသက္ကောန္တိ ဗုဒ္ဓါဝိနေန္တိ အယံပိနိဂဏ္ဍော ဗုဒ္ဓဝေနေယျော တသ္မာ ဧတဿ ဝါဒံ

ဆိန္ဒိတွာ အညောဒေါသံဒါတုံ သမတ္ထောနာမနတ္ထိ၊ ။ဟူသော
ပါဠိ လာရှိသတည်း။ အနက်ကား၊ ။ဟိသတ္တံ၊ မှန်၏၊ ပုဂ္ဂလော၊
ပုဂ္ဂိုလ်တို့သည်၊ ဗုဒ္ဓဝေဏေယျာစ၊ ဘုရားတို့သည်၊ ဆုံးမခြင်းငှါ
ထိုက်သော ဗုဒ္ဓဝေဏေယျတို့ရင်း၊ သာဝကဝေဏေယျာစ၊ ရှင်
သာရိပုတ္တရာ ရှင်မောဂ္ဂလာန်စသော ရဟန္တာတို့၊ ဆုံးမခြင်းငှါ
ထိုက်သော သာဝကဝေဏေယျတို့ရင်း၊ ဆုတိ၊ ဤသို့၊ဒုဝိဓာ၊နှစ်ပါး
အပြားရှိကုန်၏၊ တေသု၊ထိုနှစ်ပါးသောဝေဏေယျတို့တွင်၊ သာဝ
ကဝေဏေယျံ၊ သာဝကဝေဏေယျကို၊ သာဝကာပိ၊သာဝကတို့
သည်လည်း၊ ဝိနေန္တိ၊ ဆုံးမကုန်၏၊ ဗုဒ္ဓါပိ၊ ဘုရားတို့သည်လည်း၊
ဝိနေန္တိ၊ဆုံးမကုန်၏၊ ဗုဒ္ဓဝေဏေယျံပန၊ ဗုဒ္ဓဝေဏေယျတို့ကား၊
သာဝကာ၊ သာဝကဖြစ်ကုန်သော ရဟန္တာတို့သည်၊ ဝိနေတုံ၊
ဆုံးမခြင်းငှါ၊ နသက္ကောန္တိ၊ မတတ်နိုင်ကုန်၊ ဗုဒ္ဓါဧဝ၊ ဘုရားတို့
သည်သာလျှင်၊ ဝိနေန္တိ၊ ဆုံးမကုန်၏၊ အယံပိနိဂဏ္ဌော၊ ဤနိဂဏ္ဌ
တက္ကဗ္ဗိန်းသည်လည်း၊ ဗုဒ္ဓဝေဏေယျော၊ ဗုဒ္ဓဝေဏေယျမည်၏၊
တသ္မာ၊ထိုကြောင့်၊ ဧတဿ၊ ထိုနိဂဏ္ဌတက္ကဗ္ဗိန်း၏၊ ဝါဒံ၊ အယူ
ကို၊ ဆိန္ဒိတွာ၊ ဖြတ်၍၊ အညော၊ ဘုရားမှတပါးသောသူသည်၊
ဒေါသံ၊အပြစ်ကို၊ ဒါတုံ၊ပေးခြင်းငှါ၊ သမတ္ထောနာမ၊စွမ်းနိုင်သော
သူမည်သည်၊ နတ္ထိ၊မရှိ၊ နိဂဏ္ဌတက္ကဗ္ဗိန်းဟူသည်၊ ဝေသာလီ
တိုင်းသား၊ အဂ္ဂိဝေသနမည်သော သစ္စကပုရဗိုဇ်တည်း၊ ထိုသစ္စ
ကပုရဗိုဇ်သည်၊ မြတ်စွာဘုရား ဝေသာလီပြည်တွင်၊ သီတင်းသုံး
တော်မူသောအခါ၊ ဘုရားအထံသို့လာ၍၊ ဝါဒကို မေးလေလျှင်၊
ဘုရားဖြေတော်မူပြီး၍၊ အဂ္ဂိဝေသနကို၊ တဖန် မေးပြန်လတ်၍၊
မြတ်စွာဘုရားဆုံးမတော်မူသည်၊ အဂ္ဂိဝေသနမည်သော သစ္စက
ပုရဗိုဇ်ကား၊ ဗုဒ္ဓဝေဏေယျ ဟူ၍မှတ်၊ မြတ်စွာဘုရားသည်၊
ပရိနိဗ္ဗာန် ပြုအံ့သောနေ့၌၊ သုဘဒ္ဒပရဗိုဇ်သည်၊ ငါဘုရားရှိစဉ်၊
အရဟတ္တဖိုလ်သို့ရောက်၍၊ ပစ္ဆိမသာဝကဖြစ်လတံ့သည်ကိုမြင်
တော်မူသောကြောင့်၊ကုသိနာရုံပြည်သို့ကြွတော်မူ၍၊ရောက်တော်
မူလျှင် သုဘဒ္ဒပရဗိုဇ်ကိုဆုံးမ၍၊ အရဟတ္တဖိုလ်သို့ ရောက်စေ
တော်မူသည်၊ ။ထိုကြောင့်သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်

အဋ္ဌကထာ၌။ ။သောစဗုဒ္ဓဝေဏေယျော နတံသာဝကာ ဝိနေတုံ သက္ကောန္တိ။ ။အစရှိသော ပါဠိကိုမိန့်တော်မူသတည်း။ ။ အနက်ကား။သောစ၊ထိုသုဘဒ္ဒပရိဗိုဇ်သည်ကား။ဗုဒ္ဓဝေဏေယျော၊ ဘုရားတို့သာဆုံးမထိုက်သောဗုဒ္ဓဝေဏေယျတည်း၊တံ၊ထိုသုဘဒ္ဒပရိဗိုဇ်ကို၊ သာဝကာ၊ သာဝကတို့သည်၊ ဝါ၊ ရဟန္တာတို့သည်၊ ဝိနေတုံ၊ဆုံးမခြင်းငှါ ။နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ ။ဤသုဘဒ္ဒပရိဗိုဇ်သည်း၊ ဗုဒ္ဓဝေဏေယျတည်း၊ ဗုဒ္ဓဝေဏေယျကို၊ မြတ်စွာဘုရားမှသာ ဆုံးမခြင်းငှါတတ်နိုင်၏၊သာဝကတို့သည်၊ ဆုံးမခြင်းငှါမတတ်နိုင်၊ သာဝကဆိုသမျှ ရဟန္တာဟူ၍ မှတ်ရမည်။ ။ မြတ်စွာဘုရားသည်၊ ဘုရားဖြစ်တော်မူ၍၊ သတ္တ သတ္တာဟာစံနေတော်မူပြီးသည်နောက်၊ ဗောဓိပင်မှ၊ တသဲ့ရှစ်ယူဇနာ ခရီးကွာသော၊မိဂဒါဝုန်။ ဘေးမဲ့လွှန်သော၊ ရဂုံသာမော၊ မြိုင်ရိပ်တောသို့၊ ရှင်းစောဘဂဝါ၊ သမ္ဗုဒ္ဓါသည်၊ ကြွလာတော်မူပြီးလျှင်၊ အညာတ ကောဏ္ဍညအစရှိသော ပဉ္စဝဂ္ဂီငါးယောက်၊ ထိုနောက်ရှင်ယသ အစရှိသော၊ ငါးကျိပ်ငါးယောက်သော ဝေဏေယျတို့ကို၊ အရဟတ္တဖိုလ်၌တည်စေ၍၊ ဥရုဝေဠသို့ကြွတော်မူ၏၊ ။ထို့ကြောင့် စရိယာပိဋကတ် အဋ္ဌကထာ၌၊ ။ယသာဒိကေ ဝေဏေယျေ အရဟတ္တေ ပတိဋ္ဌာပေတွာ တေသဋ္ဌိသမ္မိအရဟန္တေ လောကာ နုကမ္ပာယ ဝိသဇ္ဇေတွာ အတ္တနောဥရုဝေဠံ ဂစ္ဆန္တော။ ။ အနက်ကား၊ ယသာဒိကေ၊ ရသအစရှိကုန်သော။ ဝေဏေယျေ၊ ဝေဏေယျတို့ကို၊ အရဟတ္တေ၊အရဟတ္တဖိုလ်၌၊ ပတိဋ္ဌာပေတွာ၊ တည်စေ၍၊ သဋ္ဌိ၊ ခြောက်ဆယ်သိမ်းကုန်သော၊ တေသဋ္ဌိအရဟန္တေ၊ ထိုခြောက်ကျိပ်ကုန်သော ရဟန္တာတို့ကို၊ လောကာနုကမ္ပာယ၊လူတို့ကိုသနားတော်မူသဖြင့်၊ဝိသဇ္ဇေတွာ၊စေလွှတ်တော်မူ၍၊ အတ္တနော၊ ကိုယ်တော်သည်၊ဥရုဝေဠံ၊ဥရုဝေဠသို့၊ ဂစ္ဆန္တော၊ ကြွတော်မူ၏၊ သဋ္ဌိအရဟန္တေ၏အရမှာ၊ ပဉ္စဝဂ္ဂီငါးယောက်၊ ရသလုလင်စသော ငါးကျိပ်ငါးယောက်၊ ပေါင်းခြောက်ကျိပ်ဖြစ်၏။ ထိုခြောက်ကျိပ် သောပုဂ္ဂိုလ်တို့သည်၊ ဗုဒ္ဓဝေဏေယျဟူ၍မှတ်။ ။အစိန္တေယျ လောကထွန်းထား၊ မြတ်စွာဘုရား၏လက်ျာတော်ရံ၊ ပညာဥာဏ်

ကေဒဂ်ရ်။ အဂ္ဂသာဝက မွေသေနာပတိဖြစ်သော၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည်၊ သမစိတ္တသုတ်ကို ဟောတော်မူသောအခါ၊ တကုဋေတသိန်းသော နတ်ဗြဟ္မာတို့သည်၊ ရဟန္တာဖြစ်ကြကုန်၏၊ သောတာပန် သကဒါဂါမ် အနာဂါမ်ဖြစ်သော နတ်ဗြဟ္မာတို့ကား မရေတွက်နိုင်အောင်များကုန်၏၊ ရှင်သာရိပုတ္တရာကို ကြည်ညိုကိုးကွယ်ကြ၍၊ ရှစ်သောင်းသော အမျိုးသားတို့အား၊ နတ်ရွာလားကြကုန်၏၊ ဤသူတို့ကား၊ သာဝကဝေနေယျတို့တည်း။ ရှင်သာရိပုတ္တရာ၏ မယ်တော်ကိုကား၊ ဘုရားရှင်ကိုယ်တိုင် မဟာဗြဟ္မာ၏ ပရိနိဗ္ဗာန်ပြုခါနီးမှ၊ မိစ္ဆာဒိဋ္ဌိအဖြစ်မှ လွတ်စေ၍၊ သမာဓိကိုယူလေ၏၊ ရှင်သာရိပုတ္တရာ၏ မယ်တော်လည်း၊ သာဝကဝေနေယျတည်း၊ သတ္တဝါလည်းခေါ်ကြသည်၊ ဝေနေယျလည်းခေါ်ကြသည်၊ ဤသို့ခေါ်ခေါ်ကြသောစကား၌၊ သတ္တဝါဟူသည်၊ သစ္စာလေးပါးကို သိထိုက်သောသူ၊ မသိထိုက်သောသူကိုခေါ်သည်။ ဝေနေယျဟူသည်ကား၊ သစ္စာလေးပါး သိထိုက်သောသူကိုသာ ယူရာ၏၊ ။သည်ကိုရည်၍၊ ရှေးပညာရှိ၊ ကဝိအထွန်း၊ သူတော်မြတ်လျှင်၊ နန့်စပ်လုံးရုံ၊ နတ်ဝယ်ငုံလျက်၊ သုံးပုံပိဋကတ်၊ မချွတ်သိမြင်၊ ဓိပ္ပါယ်အင်ကို၊ ဆင်ခြင်သေးလေး၊ မှော်ထောက်တွေးလျက်၊ သေးချက်သဒ္ဒါ၊ ပန်းမြဘ်ပွာကို၊ ရာထောင်မက၊ အနန္တအသင်္ချေ၊ များဝေနေယျတို့ကို၊ ဆွတ်ချွေကြဲဖြန့်၊ ထုံနံ့ကြိုင်ကြိုင်၊ လှိုင်စေတော်မူပြီဟု၊ ရှေးပညာရှိတို့စပ်ဆိုတော်မူသည်၊ ။ဤတွင်၍၊ သတ္တဝါနှင့် ဝေနေယျ၊ ကွဲပြား၍ သိစေရန်၊ မှတ်သားရန် အချက်ကို၊ ကျမ်းဂန်ထွက်အလိုဖြင့်၊ ပြဆိုခါထင်ရှား၊ အမေးပုစ္ဆာစကားကို၊ ဖြေကြား၍တခန်း၊ နိဋ္ဌိတံ တန့်တော့ပြီ။

---

## လူ့ရွာမြေသက်၊ ပေါက်ပါလျက် ပုစ္ဆာကိုဖြေဦးအံ့။

လူ့ရွာမြေထက်၊ ပေါက်ပါလျက်နှင့်၊ အထက်ဗြဟ္မာပွင့်ရရှာသည်၊ ။ဤမှာသိခြင်း၊ အဘယ်သစ်ပင်နည်း၊ ။ဟူသော

ကဗျာလင်္ကာ၏ အရကို၊ အဖြေဝိသဇ္ဇနာ ရေးလိုက်ဦးအံ့။ ။
အစိနွေ့ယျ ။လောကသင်းကျစ်၊ ဓမ္မရာဇာမှန်ကူ၊ ဖြစ်တော်မူသော
မြတ်စွာဘုရားတို့၏ပွင့်တော်မူရာ။အပ္ပရာဇိတ၊ဌာနမင်္ဂလာ၊ရတနာ
ပလ္လင်၊ ဗောဓိပင်မြေရာသည်၊ ကမ္ဘာပျက်သောခါ၊ နောက်မှပျက်
၏၊ ကမ္ဘာတည်သောအခါ၊ ရှေးဦးစွာ ဖြစ်ပေါ်လာ၍တည်၏၊
ထိုရတနာပလ္လင်၊ဗောဓိပင်နေရာ၌၊ ကမ္ဘာတံဆာဖြစ်ပေါ်လာသော
ကြာပင်သည်ပေါက်၍၊ ဖြဟ္မာဘုံတိုင်အောင်တက်၍၊ တည်သော
ရေပေါ်၌တည်၏။ ထိုကမ္ဘာ၌၊ ဘုရားပွင့်တော်မူသည်ဖြစ်အံ့။ ထို
ကြာသည်ပွင့်၏၊ ဘုရားမဖြစ်မူ မပွင့်။ ဘုရားပွင့်တော်မူသော
ကမ္ဘာ၌။ဘုရားတဆူသာပွင့်မည်ဖြစ်မူ။ တပွင့်သာပွင့်၏။ ဘုရားနှစ်
ဆူသာပွင့်တော်မူမည်ဖြစ်အံ့၊နှစ်ပွင့်သာပွင့်၏၊သုံးဆူဖြစ်မူ၊သုံးပွင့်၊
လေးဆူဖြစ်မူ၊ လေးပွင့်၊ ငါးဆူဖြစ်မူ၊ ငါးပွင့်၊ ပွင့်၏။ ထိုကြာပင်
သည်သည်း၊ တခုသောကြာရိုး၌။ အချက်တို့သည်ဖြစ်၍ ပွင့်ကုန်
၏၊ ။သိုကြောင့်သုတ်မဟာဝါ၊ မဟာနိဒါနသုတ် အဋ္ဌကထာ
၌၊ ။ဝေဋ္ဌပန ဗောဓိပလ္လင်္ကဌာနံ ဝိနဿမာနေ လောကေ ပစ္ဆာ
ဝိနဿတိ သဏ္ဌာဟနမာနေ ပထမံ သဏ္ဌာတိ တတ္ထ ပုဗ္ဗနိမိတ္တံ
ဟုတွာ ဧကော ပဒုမနိဂစ္ဆော ဥပ္ပဇ္ဇတိ တဿသစေ တသ္မိံ
ကပ္ပေ ဗုဒ္ဓေါဥပ္ပဇ္ဇတိ ပုပ္ဖံဥပ္ပဇ္ဇတိ နောစေနဥပ္ပဇ္ဇတိ ဥပ္ပဇ္ဇမာနေစ
သောစ ဧကောနိဗ္ဗတ္တိဿတ် ဧကံဥပ္ပဇ္ဇတိ သစေ ဒွေ တယော
စတ္တာရော ပဉ္စဗုဒ္ဓါနိပ္ပတ္တိဿန္တိ ဒွေ တီဏိ စတ္တာရိ ပဉ္စပုပ္ဖာနိ
ဥပ္ပဇ္ဇန္တိ တာနိစခေါ ဧကသ္မိံယေဝ နာဠေကဏ္ဏိကာ ဟုတွာ
နိဗ္ဗတ္တာနိတိ ဝေဒိတဗ္ဗာနိ၊ ။ဟုလာသည်။ပန၊အထူးကား၊ဧတ္ထ၊
ဤမဟာပထဝီ မြေ၏တည်ရာ၌၊ ဗောဓိပလ္လင်္ကဌာနံ၊ ဗောဓိပလ္လင်
ရာသည်၊သောကေ၊လောကသည်၊ဝိနဿမာနေ၊ပျက်သည်ရှိသော်၊
ပစ္ဆာ၊နောက်မှ၊ ဝိနဿတိ၊ပျက်၏၊ သဏ္ဌာဟနမာနေ၊တည်သည်
ရှိသော်၊ ပထမံ၊ ရှေးဦးစွာ၊ သဏ္ဌာတိ၊ တည်၏၊ တတ္ထ၊ထိုဗောဓိ
ပလ္လင်ရာ၌၊ပုဗ္ဗနိမိတ္တံ၊ဘုရားပွင့်တော်မူလတ္တံ့သောပုဗ္ဗနိမိတ်သည်၊
ဟုတွာ၊ ဖြစ်၍၊ ဧကော၊တခုသော၊ ပဒုမာနိဂစ္ဆော၊ပဒုမ္မာကြာပင်
သည်၊ဥပ္ပဇ္ဇတိ၊ဖြစ်၏၊တဿ၊ထိုပဒုမ္မာကြာပင်အား၊ တသ္မိံ ကပ္ပေ၊

ထိုကပ်၌၊ ဗုဒ္ဓေါ၊ သဗ္ဗာလေးပါး။ တရားသိမြင်၊ ဘုရားရှင်သည်၊ သစေဥပ္ပန္နတိ၊အကယ်၍ဖြစ်တော်မူအံ့၊ပုပ္ပံ၊ကြာပွင့်သည်၊ ဥပ္ပန္နတိ၊ ဖြစ်၏၊ နောစေဥပ္ပန္နတိ၊ အကယ်၍မဖြစ်အံ့၊ ပုပ္ပံ၊ အပွင့်သည်၊ နဥပ္ပန္နတိ၊မဖြစ်၊ဥပ္ပန္နမာနေစ၊ဖြစ်သော်လည်း၊ ဧကော၊တဆူသော ဘုရားသည်၊သစေနိပ္ပတ္တိသတိ၊အကယ်၍ပွင့်တော်မူသည်ဖြစ်အံ့၊ ဧကံ၊တပွင့်သည်၊ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ဝါ၊ပွင့်၏၊ ဒွေ တယော စတ္တာရော ပဉ္စဗုဒ္ဓါ၊ နှစ်ဆူ၊ သုံးဆူ၊ လေးဆူ၊ ငါးဆူကုန်သောဘုရားတို့သည်၊ သစေနိပ္ပတ္တိသန္တိ၊ အကယ်၍ဖြစ်ကုန်အံ့၊ ဒွေ တီဏိ စတ္တာရိ ပဉ္စ ပုပ္ဖာနိ၊နှစ်ပွင့်၊သုံးပွင့်၊လေးပွင့်၊ငါးပွင့်တို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏၊ ဝါ၊ပွင့်ကုန်၏၊ ခေါ၊စင်စစ်၊ တာနိစ၊ထိုကြာပွင့်တို့သည်လည်း၊ ဧကသ္မိံယေဝနာဠေ၊ တခုသောကြာရိုး၌သာလျှင်၊ ကဏ္ဏိကာ၊ အချက်တို့သည်၊ ဟုတွာ၊ဖြစ်၍၊ နိဗ္ဗတ္တတိတ်၊ဖြစ်ကုန်၏ဟူ၍၊ ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏၊နိဗ္ဗတ္တတိန္တိ၊နိပုဗ္ဗ ဝသုဓါတ်။ ။သောဠသခရိုင်၊မဇ္ဈိမဒေသ၊မြေအစ်ကို၌၊ပုဂ္ဂိုလ်လုဘ၊သမ္ဗုဒ္ဓတို့၊ ပွင့်တော်မူရာ၊ ကမ္ဘာ့ထံဆာ၊ ဖြစ်သောကြာပင်သည်ပေါက်၍၊ ဗြဟ္မာ့ဘုံတိုင်အောင် တက်၍တည်သောရေပေါ်၌ တည်လေသောကြောင့်၊ ဘုရားပွင့်တော်မူသောအခါ၊ ထိုကြာပွင့်မှဖြစ်သော ကြာသကန်း ကို။ကဋိုကာယ ဗြဟ္မာမင်း၊ သက်ဆင်း၍လှူလေသည်၊ သို့ဖြစ်၍၊ လူ့ပြည်မြေပေါ်၌ ပေါက်ပါလျက်နှင့်၊ အထက်ဗြဟ္မာပြည်မှာပွင့် လေသည်ဖြစ်သောကြောင့်၊ကဗျာဆရာသည်၊ ။လူ့ရွာမြေထက်၊ ပေါက်ပါလျက်နှင့်။ အထက်ဗြဟ္မာ၊ ပွင့်ရရှာသည်၊ ။ဤမှာသစ် ပင်၊ အဆာယ်အပင်နည်း။ ။ဟူသော ကဗျာဆရာ၏ စကားအရ ကို။ နေရာကျကျ၊ သိမှတ်ရအောင်၊ ထင်ရှားစွာဖြေဆိုလိုက်သည် ကား၊ ဤတွင်၍ပြီးပြီ။

## အဆင်းဝဏ္ဏ၊ရုပ်ဆိုးလှသည်၊စသည်ကိုဖြေဆိုဦးအံ့၊

အဆင်းဝဏ္ဏ၊ ရုပ်ဆိုးလှသည်၊ မြင်ကြလူဗိုလ်၊ကဲ့ရဲ့ဆိုမ၊ ဆင်းဝါရူပ၊ အလွန်လှ၏၊ ကေပုဂ္ဂိုလ် လှ၏ဆိုသော်၊ ထိုထိုသရုပ်၊ မီးလောင်ငုတ်ကဲ့သို့၊ ရုပ်ဆိုးလှမှတ်ကြပါကုန်၊ ကျမ်းလာပုံ။ ၊ ဟူသောပုဏ္ဏာကိုဖြေဦးအံ့၊ ၊သုဒ္ဒဿန၊ အယုဇ္ဈပုရိန်၊ တာဝတိံသာ၊ နတ်ရွာသေဋ္ဌနင်း။ သိကြားမင်းနေရာသို့ မလာမရောက်မရှိမှီ၊ တယောက်သောပြိဟ္မာသည်၊ မီးလောင်ငုတ်ကဲ့သို့အဆင်းရှိသော၊ ပုက္ကသော ကြီးသောဝမ်းရှိသော ကိုယ်ကိုဖန်ဆင်းပြီးမှ၊ နတ်အာပေါင်းခြံရံသော သိကြားမင်း၏နေရာ၊ ပဏ္ဍုကမ္ဗလာပေါ်၌ နေလာ၏၊ ၊ထိုကြောင့်၊ဒုဗ္ဗဏ္ဏောတံ ဈာမခါဏုကော ဩကောတိမကောတိ လကုဏ္ဍကော မယောဒယော အာသနေတိ ပဏ္ဍုကမ္ဗလသိလာယံ၊ ၊ဟူ၍အဋ္ဌကထာလာသည်၊ အနက်ကား။ ၊ ဒုဗ္ဗဏ္ဏောတိ၊ ဒုဗ္ဗဏ္ဏောဟူသည်ကား။ ဈာမခါဏုကော၊ မီးလောင်သောသစ်ငုတ်နှင့်တူ၏။ ဩကောတိမကောတိ၊ဩကောတိမကောဟူသည်ကား၊ လကုဏ္ဍကော၊ပုက္ကသောကိုယ်ရှိ၏၊ မဟာဒရော ကြီးသောဝမ်းရှိ၏၊ အာသနေတိ၊ အာသနေဟူသည်ကား၊ ပဏ္ဍုကမ္ဗလသိလာယံ၊ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌၊ ထိုအခါအခြံအရံနတ်တို့က၊ မီးလောင်ငုတ်ကဲ့သို့၊ အဆင်းမလှဘဲ၊ ပုက္ကသောကိုယ်ရှိသော၊ ဤပြိဟ္မာသည်၊ ငါတို့သိကြားမင်း၏နေရာ၊ ပဏ္ဍုကမ္ဗလာ၌၊ နေလာဘိသည်ဟု ကဲ့ရဲ့ရှုပ်ချဆိုကြကုန်၏၊ ထိုအခါ ထိုပြိဟ္မာသည်၊ အရောင်အဝါ တောက်ပထွန်းလင်းလျှက်၊ နှစ်သက်ခြင်း ရှုခြင်းဘွယ် ရှိသာဖြစ်၏။ ထိုပြိဟ္မာသည်။ အဘယ်ကြောင့်၊ သိကြားမင်း၏၊ နေရာသို့သာ၍၊ နေလာဘိသနည်းဟူမူ၊ သိကြားမင်းသည်၊ သည်းခံခြင်း ခန္တီဗလနှင့် ပြည့်စုံပေသည်ဟု၊ ထင်ပေါ်ကျော်စောလေရကား၊ ဆင်ခြင်တောက်လှမ်း ရုံစမ်းခြင်းငှါရောက်လာသတည်း။ ၊ထိုကြောင့်၊ သဂါထာဝဂ္ဂသံယုတ်၊ ဒုဗ္ဗဏ္ဏိယသုတ်အဋ္ဌကထာ၌၊ ၊သောပန ကော ရူပါဝစရပြဟ္မာ သက္ကော ကိရ ခန္တိဗလေန သမန္နာဂတောတိ သုတွာ

ဝိမံသနတ္ထံ အာဂတော၊ ။ဟူသောပါဠိ လာရှိသတည်း။ ။ သောပန၊ ထိုဖြဟွာမင်းသည်ကား။ ဧကော၊ တယောက်သော၊ ရူပါဝစရဗြဟ္မာ၊ ရူပါဝစရဗြဟ္မာတည်း၊ သဏ္ဍော၊ သိကြားမင်းသည်၊ ခန္တိဗလေန၊ သည်းခံခြင်းခန္တီအားနှင့်၊ သမ္ပန္နောကိရ၊ ပြည့်စုံသတတ်၊ ဣတိ၊ ဤသို့၊ သုတွာ၊ ကြား၍။ ဝိမံသနတ္ထံ၊ စုံစမ်းခြင်းငှါ၊ အာဂတော၊ လာ၏၊ ။သည်ကိုရည်၍၊ ကဗျာဆရာသည်၊ ။ အဆင်းဝဏ္ဏာ၊ ရုပ်ဆိုးဟှာသည်။ မြင်ကြလူဗိုလ်၊ ကဲ့ရဲ့ဆိုမှ၊ ဆင်းဝါရူပ၊ အလွန်လှ၏။ ဟုစပ်ဆိုသည်၊ ။ထိုအခါ၊ နတ်တို့သည်၊ သိကြားမင်းရှိရာ ချဉ်းကပ်၍၊ ထိုဖြဟ္မာ၏ အချင်းအရာအလုံးစုံ တင်လျှောက်ကြလေလျှင်၊ သိကြားမင်းသည်။ ထိုဖြဟ္မာရှိရာသို့ ချဉ်းကပ်ပြီးလျှင်၊ ဖွဲမြေ၌၊ လက်ျာပုဆစ်ဒူးကိုချ၍၊ လက်အုပ်ချီလျက်၊ ။သဏ္ဍောဟံမာရိသ ဒေဝါနမိန္ဒော။ ။သဏ္ဍောဟံမာရိသ ဒေဝါနမိန္ဒော၊ ။ဟုမိမိအမည်ကို သုံးကြိမ်တိုင်အောင်ကြား၏၊ မာရိသ၊ အချင်း။ အဟံ၊ ငါကား၊ ဒေဝါနမိန္ဒော၊ နတ်တို့ကိုအစိုးရသော၊ သဏ္ဍော၊ သိကြားတည်း၊ မာရိသ၊ အချင်း၊ အဟံ၊ ငါကား၊ ဒေဝါနမိန္ဒော၊ နတ်တို့ကိုအစိုးရသော၊ သဏ္ဍော၊ သိကြားတည်း၊ ဤသို့သုံးကြိမ်တိုင်တိုင်၊ တာဝတိံသာ၊ နတ်ရွာသေဋ္ဌနင်း၊ သိကြားမင်းက၊ သူ့အမည်ကိုကြားလေလျှင်၊ ထိုဗြဟ္မာသည်၊ မီးလောင်ငုတ်ကဲ့သို့၊ အဆင်းမလှ၊ ပုကွသော၊ ကြီးသောဝမ်းရှိသော ကိုယ်ဖြစ်လာ၏၊ ထိုအခါ၊ ခန္တီအားနှင့်ပြည့်စုံသော၊ နှိမ့်ချခြင်းကိုပြုသော၊ သိကြားမင်း၏ အာနုဘော်ကြောင့်၊ မိမိတည်တန့်ရွာ မနေနိုင်ရကား၊ ထိုခဏခြင်း ကွယ်ပျောက်လေ၏။ သည်ကို ရည်၍၊ ကဗျာဆရာသည်၊ ။ဧကပုဂ္ဂိုလ်၊ လှ၏ဆိုသော်၊ ထိုထိုသရုပ်၊ မီးသောင်ငုတ်ကဲ့သို့၊ ရုပ်ဆိုးလှ၊ မှတ်ကြပါကုန်၊ ကျမ်းလာပုံ၊ ။ ဟူ၍စပ်ဆိုသည်၊ ထိုအခါ၊ တာဝတိံသာ၊ နတ်ရွာသေဋ္ဌနင်း၊ သိကြားမင်းသည်၊ မိမိနေရာ၊ ပဏ္ဍုကမ္ဗလာ၌ နေလျက်။ ။ နသုပဟာတစိတ္တောမှိ နာဝဋ္ဋေနသုဝိနယော နစိရံကုဇ္ဈာမိ ကောပေမယိနာဘိဋ္ဌတိ၊ ။ဟူသောဂါထာကိုရွတ်၏၊ ။အနက်ကား။ အဟံ၊ ငါသည်၊ ပဟာတစိတ္တော၊ ထိခိုက်ဖြစ်မှားသောစိတ်ရှိ

သည်။ နအမှ၊ မဖြစ်။ နာဝေနေ့နာ၊ အမျက်ဒေါသ၏အလိုသို့ မလိုက်
သဖြင့်၊ ဝိနယောသုံးမ၏။ အဟော်ငါသည်၊ စိရံ၊ ကြာမြင့်စွာ။ နကုဏ္ဏာ
မိ၊ အမျက်မထွက်။ မယံ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ ကောပေ၊ အမျက်၌။
နတိဋ္ဌတိ၊ မတည်၊ ၊သုသဒ္ဒါ ဝေါသဒ္ဒါတို့ကား နိပါတ်မျှအနက်
မရှိ၊ ။ထိုအကြောင်းကို။ မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည်
ဇေတဝန်ကျောင်းတော်တွင်၊ သီတင်းသုံးတော်မူသောအခါ။ ၊
ဘူတပုဗ္ဗံ ဘိက္ခဝေ အညတရော ယက္ခော ဒုဗ္ဗဏ္ဏော ဩကောတိ
မကော သက္ကဿ ဒေဝါနမိန္ဒဿ အာသနေ နိသိန္နော၊ ။အစရှိ
သည်ဖြင့်ဟောတော်မူသည်၊ ၊ဘိက္ခဝေ၊ ရဟန်းတို့၊ ဝါ၊ ခါးပန်း
သပိတ်၊ တိစီဝရိတ်ပဲကွင်။ သန့်စင်အပ်နှင့်၊ ရှစ်ရပ် ပရိက္ခရာ။
ဆောင်ထိုက်စွာသည်။ သာသနာဝန်ထမ်း။ ရဟန်းမြတ်တို့၊ ဘူတ
ပုဗ္ဗံ၊ ရှေး၌မဖြစ်ဘူးသော။ အညတရော၊ မထင်ရှားသော။ ဩကော
တိမကော၊ ပုကွသောကိုယ်။ ကြီးသောဝမ်းရှိသော။ ဒုဗ္ဗဏ္ဏော၊
အဆင်းမလှသော။ ယက္ခော၊ ဖြဟ္မသည်၊ ဒေဝါနမိန္ဒဿ၊ နတ်တို့ကို
အစိုးရသော၊ သက္ကဿ၊ သိကြားမင်း၏၊ အာသနေ၊ ပဏ္ဍုကမ္ဗလာ
ကျောက်နေရာ၌၊ နိသိန္နော၊ နေသော၏၊ ၊ဤအရာကိုရည်၍၊ ကဗျာ
ဆရာက။ ပုဏ္ဏာပြုလုပ်၍၊ ၊ကေပုဋ္ဌိုလ်။ လှ၏ဆိုသော်၊ ထိုထိုသ
ရုပ်၊ မီးလောင်ငုတ်ကဲ့သို့၊ ရုပ်ဆိုးလှ၊ မှတ်ကြပါကုန်၊ ကျမ်းလာပုံ၊
ဟူ၍စပ်လေသည်၊ ၊ရှေ့ပုဒ်နောက်ပုဒ်၊ ဤနှစ်ပုဒ်ကို၊ တပုဒ်တည်း
ရေးထားသော်၊ ။အဆင်းဝဏ္ဏ၊ ရုပ်ဆိုးလှသည်၊ မြင်ကြလူမိုက်။
ကဲ့ရဲ့ဆိုမှ၊ ဆင်းဝါရူပ၊ အလွန်လှ၏၊ ကေပုဋ္ဌိုလ်၊ ချီးမွမ်းဆိုသော်။
ထိုထိုသရုပ်။ မီးလောင် ငုတ်ကဲ့သို့။ ရုပ်ဆိုးလှ။ မှတ်ကြပါကုန်။
ကျမ်းလာပုံ၊ ၊ဟူသောပုဏ္ဏာကို၊ စေ့ငုံစွာမကြာ၊ ကျမ်းဂန်ရှိအ
လာနှင့်၊ သေချာစွာ ပုဒ်မယွင်းရအောင်။ ထုတ်လင်း၍ ဖြလိုက်သည်
ကား၊ ဤတွင်၌ ပြီးတော့ပြီ။

## ဓိမိန္နင့်မှု၊ များဗိုလ်လူအစရှိသောပုစ္ဆာကိုဖြေဦးအံ့၊

ဓိမိန္နင့်မှု၊ များဗိုလ်လူကား၊ သူကစား၏၊ ထူးခြားသတ်မှတ်၊ ထိုသူမြတ်ကား၊ သူ့ကိုစား၏။ အများလူဘောင်၊ သူကလောင်၏။ ဉာဏ်ရောင်သူမွန် ဗိုလ်ဆုံးစွန်ကား၊ သူကိုစား၏၊ ထူးခြားအံ့စရာ၊ ကျမ်းဂန်လာသည်၊ ။ပုစ္ဆာအထူး မှတ်သားဦး၊ ။ဟူသော ပုစ္ဆာ၌၊အဖြေဝိသဇ္ဇနာကား၊ ။အစိန္တိတ၊ တုမရသည့်၊ သုဂတ ထင်ရှား၊မြတ်စွာဘုရားသည်၊ ဥက္ကဋ္ဌမြို့ကို၊ အမှီပြု၍၊ စိန်းနွဲသစ် ရွက်၊ ခက်လက်ဝေဖြာ၊ လွန်စွာတင့်တယ်။ ရှုစဘွယ်ရှိသော လွန် ပင်တော်၌၊သီတင်းသုံးမွေ့လျော်၊ စံပျော်တော်မူသောအခါ၊ လော ကီယာတြွာ၊ နမန္တာကိန်းခမ်း၊ ဘေဒင်းကျမ်း၌၊ ကမ်းတဘက်သို့ ရောက်၊ ပေါက်မြောက်သော ငါးရာသောပုဏ္ဏားတို့သည်၊ မြတ် စွာဘုရား၏ဒွါန်တော်ပါး၌၊လေးပါးသောဩဃ၊သံသာရမှ၊ လွတ် ကြခေစမှု၊ရဟန်းပြုကြ၍၊ပိဋကတ်သုံးပုံကိုတတ်ကြလေလျှင်၊ မာန် မာနတရားဖြင့် ထောင်လွှားကြကုန်လျက်၊ ငါတို့လည်း၊ ပိဋကတ် သုံးပုံ၊ အလုံးစုံကို၊ အကုန်အစင်၊ သိမြင်တတ်ကြကုန်၏၊ မြတ်စွာ ဘုရားလည်း၊ပိဋကတ်သုံးပုံကိုသာတတ်ကုန်၏၊ထိုကြောင့်၊ ငါတို့ နှင့်ဘုရား ထူးခြားတော့သည်မဟုတ်ပြီဟု၊ မြတ်စွာဘုရားအား၊ ဆည်းကပ်ခစားခြင်းကိုမပြုဘဲ၊ လွန်ကဲသောမာနတက်၍၊ ဆန့် ကျင်ဘက်ပြု၍သာ နေကြကုန်၏၊ တရံရောအခါ၊ ထိုရဟန်းတို့ သည်၊ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ် လာသောအခါ၊ ပုသုဇ္ဇနဘုမ္မိ၊ ဝိဏာသဝဘုမ္မိ၊ တထာဂတဘုမ္မိ၊ ဟုဆိုအပ်သော အရာတို့ဖြင့် နှိုးနှော၍၊မူလပဏ္ဏာသပထမဂဂ်ိ မူလပရိယာယသုတ် ၌၊ ။ကာသော ဃာသတိ ဘူတာနိ သဗ္ဗာနေဝ သဟတ္တနာ သောစ ကာလဃသေသာဘူတော သဘူတပစနိ ပစိ။ ။ဟူသော ဒေသနာတော်ကိုဟောတော်မူလျှင်၊ ။ထိုရဟန်းငါးရာတို့သည်။ ရိုးစဉ်းသော အနက်အဓိပ္ပါယ်ကိုမျှ မကြံဆနိုင်ကုန်သည်ဖြစ်၍၊ ငါ တို့နှင့်တူသောပညာရှိသည်၊ မည်သူတယောက်မျှ မရှိပြီဟု၊ ထင် မှတ်ကြပါသည်ကို၊ ယခုမြတ်စွာဘုရား ဟောကြားသောဒေသနာ

တော်ကို။ ငါးတို့ တပိုးတစိမျှ။ မရိပ်မိကြ မသိကြကုန်။ မြတ်စွာဘုရားရှင်ဉာဏ်တော်သည်ကား။ အံ့ဘွယ်ရှိစွတကားဟု။ ထိုနေ့မှစ၍၊ ထိုရဟန်းငါးရာတို့သည်၊ အစွယ်ကျွတ်သဖြင့်၊ အဆိပ်မရှိသောမြွေနှင့်တူစွာ။ မာန်မာနကို နှိမ့်ချခြင်းသို့ရောက်ကြ၍၊ အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုကြရလေကုန်၏။ ။မြတ်စွာဘုရားသည်၊ဥက္ကဋ္ဌမြို့မှ၊ဝေသာလီပြည်။ ဂေါတမစေတီသို့ကြွတော်မူ၍၊ ဂေါတမသုတ္တံကို ဟောတော်မူသော အခုံး၌၊ လောကဓါတ်တသန်းတုန်လှုပ်၏၊ ဝေသာလီပြည်မှ ပြန်ကြွရောက်တော်မူလျှင်။ တရားသဘင်၌၊ရဟန်းတို့စည်းဝေးကြ၍၊ မြတ်စွာဘုရား၏၊ အာနုဘော်တော်သည်၊ အံ့ဘွယ်ရှိစွ။ မာန်မာနတက်ကြွလျက်၊ တုဘက်မရှိဟုထင်ကြသဖြင့်၊ မထေ့မဲ့မြင်ပြု၍ နေထိုင်သွားသောကြသော ရဟန်းငါးရာတို့ကို၊ အသာလွှယ်ကူ ချွတ်တော်မူ၍၊ ဖြစ်အပ်သော အစွယ်အဆိပ်ရှိသဖြင့်၊ နိမ္မိသေနမြွေ၏သဘွယ်၊ မာန်စွယ်ကိုချွတ်နှုတ်၍၊ လောကုတ္တရာတရားကို ပေးသနားတော်မူသည်ဟု၊ ချီးမွမ်းအံ့သြသောစကားကို၊ ဒိဗ္ဗ သောတနားဖြင့်၊ ကြားတော်မူလျှင်၊ တရားသဘင်သို့ ကြွတော်မူ၍၊ ချစ်သားရဟန်းတို့၊ ယခုမှသာ ထိုရဟန်းငါးရာတို့၏ မာန်စွယ်ကို၊ ချွတ်ပယ်နှုတ်ယူတော်မူသည်မဟုတ်၊ ရှေးအတိတ်ဘဝ၊ လွန်လေပြီးသောကာလကလည်း၊ ထိုရဟန်းငါးရာတို့၏ မာန်စွယ်ကို ချွတ်ပယ်နှုတ်ယူ တော်မူဘူး၏ဟု၊ အနုသန္ဓေကို စပ်တော်မူ၍၊ ငါးရာငါးဆယ်ဒုကနိပါတ်။ ဆယ်ခုမြောက်သော သိင်္ဂါလဝဂ်အခု၊ ငါးခုမြောက်မူလပရိယာယဇာတ်၌၊ ။ကာလော ဃသတိ ဘူတာနိ သဗ္ဗာနေဝ သဟတ္တနာ ယောစ ကာလဃသော ဘူတော သဘူတပစနိံ ပစိ၊ ။ဟူသောဒေသနာတော်ကိုဟောတော်မူသည်၊ ။အနက်ကား၊ ကာလော၊ ကာလသည်၊ အတ္တနာ၊မိမိနှင့်၊ သဟ တကွ၊ သဗ္ဗာနေဝ၊အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ဘူတာနိ၊သတ္တဝါတို့ကို၊ ဃသတိ၊စား၏၊ ယောစဘူတော၊အကြင်သတ္တဝါတယောက်သည်ကား။ ကာလဃသော၊ ကာလကိုစား၏၊ သောဘူတော၊ ထိုသတ္တဝါတယောက်သည်၊ ဘူတပစနိံ၊ သတ္တဝါတို့ကို၊ အပါယ်ငရဲ၌ကျက်စေတတ်သော တဏှာ

ဟူသောမီးကို။ ညာဏဂ္ဂိနာ၊ ဉာဏ်တည်းဟူသောမီးဖြင့်။ ပဓိ၊ မြိုက်၍။ ဝါ၊ဖုတ်၍။ သောဘူတော၊ထိုသတ္တဝါတယောက်သည်။ ဘူတပစနိ၊သတ္တဝါတို့ကို။ အပါယ်၌ဖြစ်စေတတ်သောတဏှာကို။ ပစိ၊ ချက်၍။ ။အဓိပ္ပါယ်ကား၊ ကာလဟူသည်။ နံက်ကာလ၊ မွန်းတည့်ကာလ၊ ညချမ်းကာလ၊ စသောကာလတို့တွင်၊ နံက်ကာလကုန်၍၊ မွန်းတည့်ကာလတိုင်လျှင်၊ ရောက်ဆဲသောကာလသည်၊ လွန်ပြီးသောကာလကို စား၍ကုန်စေရကား၊ ကာလသည်၊ ကာလကိုစားသည်မည်၍၊ ကာလကိုသာ၊ ကာလစားသည်မဟုတ်သေး၊ သတ္တဝါတို့၏အသက်။ အဆင်းအရွယ်၊ အသား အရေတို့ကိုလည်း စား၍ကုန်စေ၍၊ အနာရောဂါ ကင်းခြင်း၊ သတ္တဝါတို့၏ ချမ်းသာခြင်းကိုလည်းဖျက်ဆီး၍စားသည်မည်၍၊ သည်ကိုရည်၍၊ ကဗျာဆရာသည်၊ ။မိမိနှင့်မူ များဗိုလ်လူကားသူကစား၍၊ ။ဟုစပ်ဆိုသည်၊ ။ရဟန္တာပုဂ္ဂိုလ်၊ သူမြတ်ကိုကား၊ကာလက မစားနိုင်ပြီ၊ ကာလကိုသာ ရဟန္တာ ပုဂ္ဂိုလ်ကစား၍၊ အဘယ်ကြောင့်နည်းဟူမူကား၊ သတ္တဝါတို့၏အသက်၊ ဇီဝိတိန္ဒြေကိုသာ ကာလက ကုန်စေသဖြင့်၊ တရွေ့ရွေ့တရွေ့ရွေ့ ဘဝအသစ်ဖြစ်ပြန်ရခြင်းတည်းဟူသော၊ပုတိမရဏာသို့နိုးစေ ရောက်စေ၍၊ ရဟန္တာပုဂ္ဂိုလ်တို့မှာသော်ကား၊ ကာလကုန်လေ ကုန်လေ၊ ဘဝအသစ်မဖြစ်ရဘဲ၊ ပဋိသန္ဓေနေခြင်း၊သေခြင်းကင်းရာ၊ တဆဲ့တပါးသောမီးတို့၏ကုန်ငြိမ်းရာ၊နိဗ္ဗာန်သို့နိုးလေ ရောက်စေနိုင်ရကား၊ ကာလကိုသာ ရဟန္တာပုဂ္ဂိုလ်က၊ စား၍ကုန်စေသည်မည်၍၊ ဇာတိ မရဏာတို့ကိုကား၊ မိဂပဒဝလဉ္ဇနနည်းဖြင့်သိအပ်၏၊ ။သည်ကိုရည်၍၊ ကဗျာဆရာသည်၊ ။ထူးခြားသတ်မှတ်၊ထိုသူမြတ်ကား၊ သူ့ကိုစား၍ဟုစပ်ဆိုတော်မူသည်၊ ။တဏှာသည်၊သတ္တဝါအများတို့ကို၊ အပါယ်ငရဲသို့ကျစေ၍၊လောင်တတ်သည်၊ မြိုက်တတ်သည်၊ ။သည်ကိုရည်၍၊ ကဗျာဆရာသည်၊ အများလူ့ဘောင်၊ သူကလောင်၍ဟုစပ်ဆိုတော်မူသည်၊ ။ရဟန္တာပုဂ္ဂိုလ်သည်ကား၊ အရဟတ္တမဂ်ကို ရသည်နှင့်တပြိုင်နက်၊ တဏှာအပေါင်းတို့ကို၊ အကြွင်းမဲ့ပယ်ဖျံတ်လေပြီးရကား၊ တဏှာကို၊ အရဟတ္တမဂ်ဉာဏ်တည်း

ဟူသောမေးဖြင့်။ အကြွင်းမဲ့ ကုန်အောင်လောင်သည်။ မြိုက်သည်
မည်၏။ ။သည်ကိုရည်၍။ ။ဥဒါဏ်ရောင်သူမွန်မိုလ်ဆုံးစွန်ကား။
သူကိုစား၏။ဟုစပ်ဆိုသည်။ ။ဤသည်ကား။မိမိနှင့်မူ၊ မျှားမိုလ်
လူကားအစရှိသောပုစ္ဆာကိုအဖြေဝိဇ္ဇသနာ၊ဤတွင်၍ပြီးပြီ။

## ရုပ်ရေလှုပ၊ အစရှိသောပုစ္ဆာ၌ဖြေဆိုဦးအံ့။

ရုပ်ရေလှုပ။ရှမဝအောင်၊မြင်ကြသည်ကို၊ အကျသိုလ်ဆိုသည်၊ ထိုထိုရုပ်ရေ၊ တပ်နှစ်သက်လေက။ လေးဝအပါယ်။ သန္ဓေတွယ်လိမ့်။ တကယ်အဟုတ်၊ စက်ဆုပ်စရာ၊ မြင်သူမှာကား၊ မဟာကုသိုလ်ဖြစ်၏ဆိုသည်။ မင်္ဂမိုလ်ရဘူး၊ ထိုသူနှစ်ဦး၊ ဘယ်သို့ထူးသနည်း ဟူသောအမေးပုစ္ဆာ၌၊ ။အဖြေဝိသဇ္ဇနာကား။ ဤသို့တည်း။ အစိန္တေယျ၊လောကအတွင်း၊ တမွတ်ခေါင်ထား၊ ဘုရားကိုယ်တော်မြတ်သည်၊ ဩဘက်ပတ်တည်ရှိ၊ သာဝတ္ထိမည်သော၊ ပြည်အောင်ချာတွင်၊ မျှားစွာကြွက်သရေ၊ တက်ပြိုးဝေသည်၊ မြေဘုမ္မိလွှန်မိုက်ထူးချွန်သော။ဇေတဝန်ဝိဟာရ၌၊ရာပထလေးလ်ဖြင့်၊ မျှည်ကျင့်သုံး၊ သီဘင်းသုံးနေတော်မူသော်ခါ၊ သေတဗ္ဗမြို့မှာ ရှူဠကာလ၊ မဇ္ဈိမကာလ၊ မဟာကာလ ညီနောင်သုံးယောက်တို့တွင်။ ရှူဠကာလ။ မဟာကာ ညီနောင် နှစ်ယောက်တို့။ ဖှည်းအများနှင့် ကုန်စည်ရောင်းသွားကြရာ၊ သာဝတ္ထိပြည်သို့ ရောက်၍၊ ပြည်သူပြည်သား၊ လူအများတို့သည်၊ ဘုရားမြတ်ဌာန်တော်ရင်းသို့၊ ချဉ်းကပ်ကြသည်ကိုမြင်၍၊အစ်ကိုမဟာကာလသည်။ပရိသတ်အများနှင့်အတူလိုက်သွား၍၊ဘုရားအနီးတွင်နေ၏။ မြတ်စွာဘုရားလည်း။ မဟာကာလ၏ပါရမီသမ္ဘာရ ရဟန္တာဖြစ်လတ့ံသည်ကိုမြင်တော်မူသောကြောင့်၊မဟာကာလကိုရည်ရွယ်၍။ ကာမဂုဏ်ငါးပါးတို့၏အပြစ်ဒေါသ၊ အာဒိနဝကိုမျှားစွာဟောပြမြီးလျှင်၊ အဆုံး၌ ကိလေသာမှ ထွက်မြောက်ရခြင်း၏ အကျိုးကိုပြ၍၊ ဆုမ္မတော်မူရာ။ မဟာကာလသည်။ သံဝေဂဉာဏ်ထက်သံလာသဖြင့်၊ ရဟန်းပြုရ

သော်ကောင်း၏ဟု၊အကြံဖြစ်၍၊ ညီရူသကာလကို၊ ပစ္စည်းအလုံးစုံ အကုန်အစင်နှင်းပြီးမှ၊ မြတ်စွာဘုရားဌာန်ရဟန်းပြုလေ၏၊ ရှုဋ္ဌကာလသည်၊ အစ်ကိုနှင့်အတူ ရဟန်းပြုတော့အံ့ဟု ကြံပြီးလျှင်၊ မြတ်စွာဘုရားဌာန်ရဟန်းပြုပြန်၏။ ။မဟာကာလထေရ်သည်၊ ဂန္ထဓုရ ဝိပဿနာဓုရနှစ်ပါးတို့တွင်။ ဝိပဿနာဓုရကို အားထုတ်သဖြင့်၊သုသာန်အနီး၌နေ၍၊သုသာန်ဓုတင်ကို ဆောက်တည်ကျင့်သုံးလေ၏၊တနေ့သ၌၊ လှပတင့်တယ်။ ရှုချင်ဘွယ်ရှိသော အမျိုးသမီးတယောက်သည်၊ပြင်းပြစွာသောဝေဒနာကပ်ရောက်၍၊ ယှင်းဖေါက်ပျက်ကြွေ၊ သေဆုံးလေလျှင်၊ ဆွေမျိုးတို့သည်၊ သုသာန်သို့လာ၍။ သုသာန်စောင့်မိန္မအား၊ဖုတ်ကြည်းသဂြိုဟ်ဟု အပ်ထားခဲ့၍၊ ဆွေမျိုးတို့ပြန်သွားကြလေလျှင်၊ သုသာန်စောင့်မိန္မသည်၊ အပေါ်ရုံကို လှစ်၍ကြည့်ရာ၊လှပတင့်တယ်၊ရှုချင်ဘွယ်အဆင်းကိုမြင်၍။ မဟာကာလထေရ်ကိုပင့်ဆောင်၍၊ ကြည့်ရှုတော်မူပါဘုရားဟုလျှောက်ထားရာ၊မဟာကာလထေရ်က ကြည့်ရှုတော်မူလေလျှင်၊ အသားဝါဝင်း၊ ရွှေအဆင်းကဲ့သို့ပင်၊ လှပတင့်တယ်။ ရှုချင်ဘွယ်ရှိပေစွတကား၊ မီးဖြင့်မြိုက် သောအခါ၊ ငါ့အားကြားပါလော့ဟုဆို၍ သွားပြီးလျှင်၊ မီးဖြင့် မြိုက်သောအခါ။ ထိုရဟန်းအားကြား၍၊ ကြည့်ရှုပြန်ရာ၊ ပျောက်ကျားသော အဆင်းရှိသော နွားကဲ့သို့ခြေလက်ကုန်းကွ၊ ကွေ့ကောက် လိမ်ကျစ်လျက်၊ ဖြာဖြစ်မြည်သော အသံ သဒ္ဒအသုဘကောင်ကို မြင်လေလျှင်၊ ယခုပင် ရှုကြည့်ချင်ဘွယ်ရှိသော၊ ဤကာယသည်၊ ခယခဝ္ဓ ဝယခဝ္ဓ၊ ကုန်ခြင်းပျက်စီးခြင်းသို့ရောက်လေ၏၊ တကားဟု၊ ။အနိစ္စာဝတသင်္ခါရာ ဥပါဒါဝယဓမ္မိနော ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမော သုခေါ၊ ။ ဟူသောဂါထာကို ရွတ်တော်မူ၍။ ဝိပဿနာကိုပွားသောခဏ၌၊ ပဋိသမ္ဘိဒါပတ္တ ဆဠဘိညရဟန္တာအဖြစ်သို့ရောက်လေ၏။ ။ ဂါထာ၏အနက်ကား၊ သင်္ခါရာ၊ သင်္ခါရတရားတို့သည်၊ အနိစ္စာဝတ၊အမြဲမရှိပါတကား၊ ဥပါဒါဝယဓမ္မိနော၊ဖြစ်ပြီး၍ ပျက်စီးခြင်းသဘောရှိကုန်၏၊ဥပ္ပဇ္ဇိတွာ၊ဖြစ်ပြီး၍၊နိရုဇ္ဈန္တိ၊ချုပ်ကုန်၏၊ တေသံ၊ ထိုသင်္ခါရတရားတို့၏၊ ဝူပသမော၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်၊

သုခေါ၊ ချမ်းသာ၏။ ၊ရုဋ္ဌကာလမှာမှုကား။ သားမယားတို့ကို အာရုံပြုလျက်၊ ကာမဝိတက်ကိုသာ ကြံသိ၏၊ မြတ်စွာဘုရား လည်း၊သာဝတ္ထိပြည်၊ဇေတဝန်ကျောင်းတော်မှ၊ရုလကာလ မဟာ ကာလ မထေရ်တို့နှင့်တကွ၊ ရဟန်းအပေါင်း များစွာခြံရံလျက်၊ သေတဗြမြို့သို့ကြွတော်မူ၏၊ ရုဋ္ဌကာလ၏မယားတို့သည်၊ မြတ်စွာ ဘုရားကြွတော်မူလာလျှင်၊ ရုဋ္ဌကာလပါလာလိမ့်မည်၊ သည်အခါ ငါတို့အကြံ ပြည့်တော့မည်ဟု အောက်မေ့၍၊ မြတ်စွာဘုရားကို၊ ဆွမ်းဦးကျွေးအံ့သောငှါ၊ ပင့်ဘိတ်လျှောက်ကြားပေသတည်း၊ရုဋ္ဌ ကာလသည်း၊မိမိမယားအိမ်သို့ ရှေးဦးစွာ ကြွသွားနှင့်လေရကား။ အိမ်သို့ရောက်လျှင်၊မိမိမယားက၊အတွင်းအပြေအဝတ် သက်နိုးကို ဆွဲရန်းချွတ်ယူ၍၊ လူဝတ်ပုဆိုလ်ဝေပြီးမှ၊ ဦးဆောက်ပန်းပမာ၊ ပန်းများစွာကို၊တန်ဆာဆင်လျက်၊ခရီးရင်ဆိုင်သွား၍၊ ဘုရားကို ပင့်ဆောင်ချေ၊ စေခိုင်းလေက တခါမျှပင် မရတတ်သေးသဖြင့်၊ တွေးတွေးထောက်ထောက်၊ရှက်ကြောက်မျက်နှာ၊ပြင်မှာထား၍၊ ဘုရားကို ပင့်ဆောင်ရသတည်း၊ ၊နောက်တရက်မှ၊ မဟာကာ လ၏ သားမယားတို့က၊ ဘုရားကိုဆွမ်းလုပ်ကျွေးပြီးလျှင်၊ အရှင် ဘုရား၊ မဟာကာလကိုထားခဲ့၍၊ တရားဟောပါစေဟု၊ တောင်း ပန်ကြ၍၊ ရုဋ္ဌကာလကဲ့သို့ပင်၊ ပြုကြဦးမည်အကြံနှင့် လျှောက်ဖြန် သတည်း၊ထိုအခါ သဗ္ဗညုတရွှေဉာဏ်တော်ရှင်လည်း၊ အကြောင်း ကိုသိလျက်နှင့်ပင်၊ တရားသဘင်၌ ထင်ရှားအံ့သည်ကို မြင်တော်မူ လေရကား၊ မဟာကာလကိုထားခဲ့၍၊ ကြွသွားတော်မူပေ၏၊ ၊ ထိုရောအခါ၊ နှုတ်အောင်သောင်းသောင်း၊ ရဟန်းအပေါင်းတို့က၊ မြို့ပြင်သို့ရောက်လျှင်၊ယမန်နေ့ကပင်၊ ရုဋ္ဌကာလကို၊ ဗသက္ကာရဆွဲငင် ကြ၍၊ ပြုကြပါသည့်အရာ၊ အထင်အရှားကို၊ ဘုရားသိတော်မမူ လေသလောဟု၊ ကဲ့ရဲ့ရှုတ်ချ၊ ဆိုကြသောစကားကို၊ ဘုရားကြား တော်မူလျှင်၊သင်ချစ်သားတို့၊ မဟာကာလကို၊ ရုဋ္ဌကာလနှင့်အတူ ပင်ထင်မှတ်ကြသလော၊ ရုဋ္ဌကာလသည်၊ သုဘအာရုံကိုသာ သာ ယာတတ်၏၊ နှစ်သက်တတ်၏၊ မဟာကာလမှာမူကား၊ အသုဘ အာရုံကိုသာ ရှုလေ့ရှိ၏ဟု၊ မိန့်တော်မူပြီးမှ၊ ၊သုဘာနုပဿီ

ဝိဟာရန္တံ ဣန္ဒြိယေသုအသံဝုတံ ဘောဇနမှိအမတ္တညုံ ကုသိ
တံဟီနဝီရိယံ၊ ။တံဝေပသဟတိမာရော ဝါတောရုက္ခံဝဒုဗ္ဗ
လံ။ ။အသုဘာနုပဿိံဝိဟာရန္တံ ဣန္ဒြိယေသု သုသံဝုတံ ဘော
ဇနမှိစမတ္တညုံ သဒ္ဓံအာရဒ္ဓဝီရိယံ၊ ။တံဝေနပသဟတိမာရော
ဝါတောသေလံဝပဗ္ဗတံ၊ ။ဟူသော ဒေသနာတော်ကို ဟော
တော်မူသည်၊ ။အနက်ကား၊ သုဘာနုပဿိ၊ ကောင်းမြတ်တင့်
တယ်၊နှစ်သက်ဖွယ်ရှိသော အာရုံကိုသာရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟာ
ရန္တံ၊နေလေ့ရှိသော၊ ဣန္ဒြိယေသု၊စက္ခု သောတ အစရှိသောဣန္ဒြေ
တို့၌၊ အသံဝုတံ၊စောင့်ရှောက်ခြင်းမရှိသော၊ ဘောဇနမှိ၊ဘောဇဉ်
၌၊ အမတ္တညုံ၊အတိုင်းအရှည်ကိုမသိသော၊ ကုသိတံ၊ပျင်းရိသော။
ဟီနဝီရိယံ၊ယုတ်သောဝီရိယရှိသော၊ တံ၊ထိုပုဂ္ဂိုလ်ကို၊ ဝေ၊စင်စစ်။
ဒုဗ္ဗလံ၊အားနည်းသော၊ရုက္ခံ၊သစ်ပင်ကို၊ ဝါတော၊သည်းထန်ပြင်းစွာ
လာသောလေသည်၊ ပသဟတိဣဝ၊ နှိပ်စက် ဖျက်ဆီးသကဲ့သို့၊
မာရော၊ ကိလေသာတည်းဟူသောမာရ်သည်၊ ပသဟတိ၊ နှိပ်စက်
ဖျက်ဆီး၏၊ ။အသုဘာနုပဿိ၊ မကောင်းသောအာရုံကိုသာရှုလေ့
ရှိသည်ဖြစ်၍၊ ဝိဟာရန္တံ၊နေသော၊ ဣန္ဒြိယေသု၊ စက္ခုစသောဣန္ဒြေ
တို့၌၊ သုသံဝုတံ၊ကောင်းစွာစောက်ရှောက်ခြင်းရှိသော၊ ဘောဇန
မှိစ၊ ဘောဇဉ်၌လည်း၊ မတ္တညုံ၊ အတိုင်းအရှည်ကိုသိလေ့ရှိသော၊
သဒ္ဓံ၊ သဒ္ဓါတရားနှင့်ပြည့်စုံသော၊ အာရဒ္ဓဝီရိယံ၊ အားထုတ်အပ်
သောလုံ့လရှိသော၊ တံ၊ထိုပုဂ္ဂိုလ်ကို၊ဝေ၊စင်စစ်။ သေလံ၊ကျောက်
အတိပြီးသော၊ ပဗ္ဗတံ၊ တောင်ကို၊ ဝါတော၊ ပြည်းညှင်းစွာလာ
သောလေသည်၊ နပသဟတိဣဝ၊ မနှိပ်စက်မဖျက်ဆီးနိုင်သကဲ့သို့၊
မာရော၊ ကိလေသာ တည်းဟူသောမာရ်သည်။ နပသဟတိ၊ မနှိပ်
စက်မဖျက်ဆီးနိုင်၊ ။မဟာကာလ၏သားမယားတို့သည်။ မဟာ
ကာလထေရ်ကို၊ ဘမ်းဆီးသုအံ့သော်၌၊ ထက်ဝန်းကျင်မှ ဝန်းရံ
ဘမ်းဆီးကြလေလျှင်၊ မဟာကာလထေရ်သည်၊ မြဲမြန်သော သတိ
ဝီရိယကိုဖြစ်စေ၍။ အဘိညာဉ် သမာပါတ်ဖြင့်၊ ပြာသာဒ်ထုပိကာ
ကို၊ ဘောက်တွင်း၍၊ မြတ်စွာဘုရားခြေရင်း၌၊ သုဘာနုပဿိံဝိဟာ
ရန္တံ၊ အစရှိသော၊ သုံးဂါထာကို ဆုံးသည်နှင့် တပြိုင်နက်ရောက်

လေ၏။ ။ဤဒေသနာတော်အဓိပ္ပါယ်ကား။ ။မျက်စိ မျက်နှာ။ နား နှာခေါင်းမှစ၍။ မိန္မယောကျ်ားတို့ကိုမြင်လျှင်၊ အလွန်နှစ်သက်ဘွယ်၊ လှပတင့်တယ်ဘွယ်၊ မြတ်နိုးဘွယ်၊ ရှုစချင်ဘွယ်သာတကားဟု၊ သုဘအာရုံကိုသာ ရှုလေ့ရှိသော ပုဂ္ဂိုလ်သည်။ အကုသိုလ်တရားမပြတ်ဖြစ်ပွား၍၊ အပါယ်လေးပါးသို့သာ ရောက်လေရာ၏။ ။သည်ကိုရည်၍၊ ကဗျာဆရာသည်၊ ရုပ်ရေလှပ၊ ရှုမဝအောင်၊ မြင်ကြသည်ကို၊ အကုသိုလ်ဆိုသည်၊ ထိုထိုရုပ်ရေ၊ နှစ်သက်လေက၊ လေးဝအပါယ်၊ သန္ဓေတွယ်လိမ့်၊ ။ဟူ၍စပ်ဆိုသည်၊ ။မျက်စိ မျက်နှာ။နား နှာခေါင်း အစရှိသော အမူအရာ။ ကိုယ်အင်္ဂါဟုဆိုအပ်သော မိန္မ ယောကျ်ားကိုမြင်လျှင်။မလျောက်ပတ်၊မတင့်တယ်၊မြတ်နိုးဘွယ်သာတကားဟု၊ အသုဘအာရုံကိုသာ ရှုလေ့ရှိသောပုဂ္ဂိုလ်သည်။ ကုသိုလ်တရား မပြတ်ဖြစ်ပွားသဖြင့်၊လေးပါးသောမဂ်ဉာဏ်၊လေးတန်သော ဖိုလ်ကိုမျက်မှောက်ပြုရ၏၊ ။သည်ကိုရည်၍၊ ကဗျာဆရာသည်။ တကာယ်အဟုတ်၊ စက်ဆုပ်စရာ၊ မြင်သူမှာကား၊ မဟာကုသိုလ် ဖြစ်၏ဆိုသည်၊ မဂ်ဖိုလ်ရဘူး။ ထိုသူနှစ်ဦး။ ဘယ်သို့ထူးသနည်း၊ ဤသို့စပ်ဆိုလေသည်၊ကောင်းမွန်ထူးမြတ်ပုဏ္ဏာအဖြေဤတွင်၍ပြီးပြီ၊

---

အိမ်တခုမှာ၊ အစချီးသော ပုဏ္ဏာကိုဖြေဦးအံ့။

အိမ်တခုမှာ၊ အမိုးလုံစွာ ရှိလျက်ပါကို၊ မိုယ်းရွာတိုင်းစွတ်၊ ဘယ်မလွတ်တည်း၊အမိုးမရှိပါ၊အိမ်ဂေဟာမှာ၊မိုယ်းရွာမရောက်။ မိုယ်းတပေါက်မျှ၊မကျချသည်၊မှတ်ကြဖိုလ်ချေ၊ အိမ်ထူးပေ၊ ။ ဟူသောပုဏ္ဏာ၌၊အဖြေဝိသဇ္ဇနာကား၊ ဤသို့တည်း၊ ။ဓနိယမည်သောသူဌေးသားကိုရည်၍၊ ဤပုဏ္ဏာဖြစ်သည်၊ အကြောင်းကား၊ ကဿပမြတ်စွာဘုရား သာသနာတော်က၊ အမျိုးသားတယောက်သည်၊ အနှစ် နှစ်သောင်း ကာလပတ်လုံး နေ့စဉ်မပြတ်၊ နှစ်ဆယ်သောစာရေးတန်ဆွမ်းကို၊ လှူဒါန်းသောကုသိုလ်ကြောင့်။ နတ်ချမ်း

သာကိုရ၍၊နတ်ပြည်မှ ဂုတေပြန်သော်၊ ဝိဒေဟရာဇ်တိုင်း၏အလယ်တွင်၊ ပဗ္ဗထရဋ္ဌမည်သောတိုင်းရှိ၏၊ ထိုတိုင်း၏ အလယ်တွင်၊ ဓမ္မကောဒရဋ္ဌမည်သောမြို့၌၊ ဓနိယမည်သော သူဌေးသားဖြစ်လာ၍၊ နွားကိုမှီ၍အသက်မွေး၏၊ နွားအပေါင်းသုံးသောင်းရှိ၏၊ နို့ညှစ်နွားမပေါင်း၊ နှစ်သောင်းငါးထောင်ရှိ၏၊ သာဝတ္ထိပြည်မှ၊ ယူဇနာ ခုနစ်ရာကွာသော မဟီမြစ်ကြီးတွင်နေ၏၊ တနေ့သ၌၊ နွားတို့ကိုအစာကျွေးမွေးခြင်း၊မီးမှိုခြင်း၊မီးထွန်းခြင်း၊လူတို့ကိုထမင်းစားစေခြင်း၊ နွားတို့ကိုနို့ညှစ်ယူခြင်းကိစ္စပြီးလပ်သော်၊လုံစွာသောအမိုးရှိသဖြင့်၊ ချမ်းမြေ့သောအရပ်၌အိပ်နေလျက်၊မိမိ၏တင့်တယ်ခြင်း၊အသရေကိုမြင်သဖြင့်ရှင်း၊ ထက်ဝန်းကျင်မှ မိယားတို့၏၊ ထစ်ကြီးမြည်သံကိုကြားသဖြင့်ရှင်း၊ကြောင့်ကြစိုးရိမ်ဘွယ်မရှိသည်ကိုမြင်၍၊ ဝမ်းမြောက် ဝမ်းသာလျက်။ ၊ပက္ကောဒနော ဒုဒ္ဓခီရောဟမသ္မိ ဣတိ ဓနိယော ဂေါပေါ အနုတီရေ မဟိယာ သမာနဝါသော ဆန္နာကုဋိအာဟိတော ဂိနိ အထစေ ပတ္ထယသိပဝဿဒေဝ၊ ၊ဟူသောဂါထာကိုရွတ်၏၊ ၊အဟံ၊ ငါသည်။ ပက္ကောဒနော၊ ချက်၍စားအပ်ပြီးသောထမင်းရှိသည်၊ အသို့ဖြစ်၏၊ ဒုဒ္ဓခီရော၊ကောင်းစွာညှစ်ယူအပ်ပြီးသောနို့ရှိသည်၊ အသို့ဖြစ်၏၊ ဣတိ၊ဤသို့၊ ဓနိယော၊ ဓနိယမည်သော၊ ဂေါပေါ၊ နွားကျောင်းသားသည်၊ မဟိယာ၊မဟီမြစ်၏၊ အနုဘီရေ၊ကမ်းနား၌၊ သမာနဝါသော၊အတူတကွ ပေါင်းဘော်နေထိုင်ခြင်းရှိ၏၊ ဆန္နာကုဋိ၊ လုံစွာမိုးအပ်သော ကုဋိရှိ၏၊ အာဟိတော ဂိနိ၊ထွန်းညှိအင်ပြီးသောမီးရှိ၏၊ ဒေဝ၊မိုးယ်း၊ စေပတ္ထယသိ၊ အကယ်၍ ရွာလိုသည်ဖြစ်အံ့၊ အထ၊ ထိုသို့ရွာလိုသည်ရှိသော်၊ ပဝဿ၊ ဖြိုးစွာရွာလော့၊ ၊ထိုသို့ဓနိယဂါထာရွတ်သည်ကို၊ ယူဇနာခုနစ်ရာကွာသော၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်မှ၊ ဒိဗ္ဗသောတနားဖြင့်၊ မြတ်စွာဘုရားကြားတော်မူလတ်၍၊ ဓနိသသင်မယားတို့၏၊ မဂ်ဖိုလ် ဥပနိဿယကိုမြင်တော်မူ၍၊ ကောင်းကင်ခရီးဖြင့် ကြွတော်မူလာ၍၊ ဓနိယကုဋိပေါ်၌နေလျက်၊ ၊အက္ကောဓနောဝိတခိလောဟမသ္မိ ဣတိဘဂဝါ အနုတီရေ မဟိယာ ဧကရတ္တိဝါသော ဝိဝဋာကုဋိနိဗ္ဗုသော

ဂိနိ အထစေပဗ္ဗယာသိ ပဝသာဒေဝ၊ ။ဟူသောဂါထာကိုရွတ်တော်မူ၍၊ ။အနက်ကား။ အဟံ၊ငါသည်၊အက္ကောဓနော၊အမျက်ဒေါသမရှိသည်၊ အသို့ဖြစ်၍၊ ဝိတခိလော၊ ကင်းပြီးသောရာဂစသော ညှောင့်တံသင်းရှိတော်မူသည်၊ အသို့ ဖြစ်၍။ နုတိ၊ ဤသို့၊ ဘဂဝါ၊ငါဘုရားသည်၊ မဟိယာ၊မြစ်ကြီး၏၊ အနုတီရေ၊ကမ်းနားနှ၊ ဧကရတ္တိဝါသော၊ တညဥ့်မျှသာနေခြင်းရှိ၏။ ဝိဝဋ္ဌာကုဋိ၊ ဟင်းလင်းပွင့်အပ်သော ကုဋိရှိ၏၊ နိဗ္ဗုတောဂိနိ၊ ငြိမ်းပြီးသောမီးရှိ၏၊ ဒေဝ၊ကိလေသာဟူသောမိုဃ်း၊ စေပဝဗ္ဗယာသိ၊ အကယ်၍ရွာလိုသည်ဖြစ်အံ့၊ အထ၊ထိုသို့ရွာလိုသည်ရှိသော်။ ပဝဿ၊ ပြင်းစွာရွာသော့။ ။ထို့နှစ်ဂါထာတွင်၊ပထမ ဓနိယရွတ်သောဂါထာနှ၊ ၊ ထမင်းချက်ပြုတ်၍စားခြင်းကိစ္စမရှိရကား၊ကာယိကဒုက္ခ ငါ့အားမရှိပြီ၊ နွားနို့တို့ကို ညှစ်ယူပြီး၍၊ ငါ့အား စေတသိက ဒုက္ခမရှိပြီ၊ ဓနိယမည်သော နွားကျောင်းသားငါသည်၊ မဟိမြစ်၏ကမ်းနားနှ၊ မွေ့လျော်သမျှ ငါနေအံ့၊ မိုဃ်းအပ်ပြီးသော ကုဋိရှိသည်။ မီးတို့ကို လည်းထွန်းညှိအပ်ပြီးဖြစ်၍၊ညဥ့်အခါ မိုဃ်းရွာလိုသမျှပင်ရွာတော့ ဟုဆို၏၊ ။မြတ်စွာဘုရား ဟောသော နောက်ဂါထာနှ၊ ဓနိယ၊ သင့်မှာ။ ဒေါသမကင်းသေးရကား၊ ကာယိကဒုက္ခမငြိမ်းသေး၊ ငါဘုရားမှာမူကား၊ ဒေါသ မရှိပြီဖြစ်၍၊ ကာယိကဒုက္ခငြိမ်းပြီ၊ ရာဂစသော ညှောက်တံသင်းမရှိပြီဖြစ်၍၊ စေတသိကဒုက္ခလည်းငြိမ်းပြီ၊ ငါဘုရားသည်၊မဟိမြစ်၏ကမ်းနားနှ၊တညဥ့်မျှသာနေအံ့။ဓနိယသင့်အား အိမ်အမိုးကုဋိ သည့်လုံပြီ၊ ပကတိသော မီးတို့ကိုထွန်းညှိ အပ်ပြီးဖြစ်၍၊ပကတိကောင်းကင်ထက်ဝန်းကျင်မှ၊ လာသောမိုဃ်းကို ရွာလော့ဟုဆို၏၊ သင်၏ ခန္ဓာကိုယ်ဟု ဆိုအပ်သော အိမ်နှ၊ တဏှာမာန ဒိဋ္ဌိစသောအမိုးကိုလုံစွာမိုး၍၊ရာဂစသောမီးမှမငြိမ်းသေးရကား၊ ကိလေသာတည်းဟူသောမိုဃ်းရွာက၊ ပြင်းစွာ စိုစွတ်ရာ၏၊ ငါဘုရားမှာမူကား၊ ဤခန္ဓာအိမ်နှ၊တဏှာမာန ဒိဋ္ဌိတည်းဟူသောအမိုးမရှိဘဲ၊ရာဂစသောမီးတခဲ့တပါးတို့သည်၊ ငြိမ်းလေပြီး၍၊ ကိလေသာတည်းဟူသောမိုဃ်းသည်၊ ရွာလိုသမျှပင်ရွာတော့ ဟုဆိုလိုသည်၊ ။နေအာရုံဘက်သောကာလ၊ဂါထာပြီးဆုံးလျှင်၊

ဓနိယလင်မယားတို့သည်၊ရဟန်းပြုကြ၍၊ အရဟတ္တဖိုလ်သို့ရောက်ကြလေကုန်၏၊ ၊နေရာ အရပ်ကိုလည်း ကျောင်းပြု လုပ်ကြ၍၊ ယခုထက်တိုင်၊ ဂေါပကဝိဟာရတွင်သတည်း၊ ၊ထိုနှစ်ဂါထာတို့၏အရ၊ အကျဉ်းသဒ္ဒါပေ အဓိပ္ပါယ်ကား၊ ၊တဏှာမာန ဒိဋ္ဌိတည်းဟူသောအမိုးဖြင့်၊ မိုးအပ်သော အတ္တဘောဟု ဆိုအပ်သောခန္ဓာအိမ်ကို၊ ကိလေသာတည်းဟူသော မိုးယိုသည်ဖြင်းစွာရွာ၏၊ တဏှာမာန ဒိဋ္ဌိတည်းဟူသော အမိုးကို၊ လှစ်ဖွင့်ထားအပ်သောအိမ်ကို၊ကိလေသာတည်းဟူသော မိုးယိုသည်ဖြင်းစွာမရွာနိုင်၊ ။ ထိုကြောင့်၊ ဝိနည်းမဟာဝါ ခန္ဓကပါဠိတော်၌၊ ၊တံဆန္နမတိဝဿတိ ဝိဝဋံ နာတိဝဿတိ တသ္မာဆန္နံဝိဝရေထ ဧဝံတံနာတိဝဿတိ၊ ၊ဟူ၍ဟောတော်မူသည်၊ ၊ဘိက္ခဝေ၊ရဟန်းတို့၊ဆန္နံ၊ တဏှာမာန ဒိဋ္ဌိတည်းဟူသော အမိုးဖြင့်မိုးအပ်သော၊ တံဂေဟံ၊ ထိုအတ္တဘောတည်းဟူသောခန္ဓာအိမ်ကို၊ ဝဿံ၊ကိလေသာတည်းဟူသောမိုးယိုသည်၊ ဝဿတိ၊ ဖြင်းစွာရွာ၏၊ ဝိဝဋံ၊ တဏှာမာနဒိဋ္ဌိတည်းဟူသော အမိုးကို၊ ဟင်းလင်းဖွင့်အပ်သော၊ တံဂေဟံ၊ ထိုအတ္တဘောတည်းဟူသောခန္ဓာအိမ်ကို၊ဝဿံ၊ကိလေသာတည်းဟူသောမိုးယိုသည်၊နာတိဝဿတိ၊ဖြင်းစွာမရွာ၊တသ္မာ၊ထိုကြောင့်ဆန္နံ၊တဏှာမာနဒိဋ္ဌိတည်းဟူသောအမိုးကို၊ ဝိဝရေထ၊ဟင်းလင်းဖွင့်ကြကုန်၊ ဧဝံ၊ ဤသို့ ဟင်းလင်းဖွင့်အပ်သည်ရှိသော်၊ တံဂေဟံ၊ ထိုအတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို၊ ဝဿံ၊ ကိလေသာတည်းဟူသောမိုးယိုသည်၊ နာတိဝဿတိ၊ဖြင်းစွာမရွာ၊ ၊သည်ကိုရည်၍၊ကဗျာဆရာသည်၊ ၊အိမ်တခုမှာ၊အမိုးလုံစွာ၊ ရှိလျက်ပါကို၊မိုးယိုးရွာတိုင်းစွတ်၊ဘယ်မလွတ်တည်း၊အမိုးမရှိပါ၊ အိမ်ဂေဟာမှာ၊မိုးယိုးရွာမရောက်၊ မိုးယိုးတပေါက်မျှ၊ မကျရသည်၊ မှတ်ကြဖိုလ်ချေ၊အိမ်ထူးပေ၊ ၊ဟူ၍လာသည်၊ ၊အမိုးလုံစွာ၊ အိမ်ဂေဟာမူချီးသော အမေးပုစ္ဆာ၌၊အဖြေဝိသဇ္ဇနာဤတွင်၍ပြီးပြီ၊

## မျက်စိဖြင့်သော၊အစရှိသော ပုစ္ဆာကိုဖြေဆိုဦးအံ့။

မျက်စိဖြင့်သော၊ မြင်သည်တာကို၊ ရုပ်ဝါတတ်တတ်၊ မကြည့်အပ်ပါ။ မမြင်သာကို၊ ဉာဏ်မှာထိုးထွင်း၊ ရှုကြည့်ခြင်းသည်၊ ။ ကျမ်းရင်း ဓမ္မစက်၊ အသိခက်၊ ။ဟူသော အမေးပုစ္ဆာကို၊ ဉာဏ်မှာဘဝိန်၊သိနိုင်းချိန်၍၊ ဝရဇိန်ပမာဏ၊စက်သွားချသို့။ ခဏလျှင်စွာဖြေဆိုဦးအံ့။ ။ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ အစရှိသောအရ။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အစရှိသောသုံးဆဲ့နှစ်ပါးကုန်သော၊ အသုဘ ကာယအရ၊ သမုတိ ပညတ်သာဖြစ်၍၊ မိမ္မ ယောကျာ်း၊ နတ် သိကြား ဗြဟ္မာ မဟုတ်သော။ အငေါင်းဖြစ်သောရုပ်၌၊ မျက်စိ၊နား၊နှာခေါင်း၊ အစရှိသည်ကိုမြင်၏။ ထိုမြင်သော ကာယအရ၌၊ တင့်တယ်လှပသော သုဘသည်ဖြစ်၏၊ထိုတင့်တယ်လှပသော သုဘသညာကိုမရှုအပ်၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အစရှိသော အစိပ်အပိုင်သော၊စက်ဆုပ်ရွံရှာအပ်သော အသုဘသဘောတရားကို၊ပကတိသော မျက်စိဖြင့်မမြင်၊ ပညာမျက်စိဖြင့် ရှုကြည့်မှသာမြင်၏၊ထိုပညာမျက်စိဖြင့်သာမြင်သော၊မတင့်တယ်သော အသုဘသဘောကိုသာရှုအပ်၏။ ။ထိုကြောင့်။ မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာ၌၊ ။ယံပဿတိနတံဒိဋ္ဌံ ယံဒိဋ္ဌံနတံပဿတိ အပဿံ ဗဇ္ဈတေ မုဠှော ဗဇ္ဈမာနော နမုစ္စတိ၊ ။ယံ၊ အကြင်ဣတ္ထိပုရိသမဟုတ်၊ စက္ခု၊ သောတစသော ရုပ်အရ၏ အသုဘ သဘောကို။ ပဿတိ၊ ပကတိမျက်စိဖြင့်မြင်၏။ တံ၊ ထိုစက္ခု၊ သောတ စသော ရုပ်အရ၊ သုဘသဘောကို၊ နဒိဋ္ဌံ၊ မရှုအပ်။ ယံ၊အကြင်ဆံပင် မွေးညှင်းအစရှိသော အပိုင်ပိုင်သောအသုဘသဘောကို၊ဒိဋ္ဌံ၊ သမထသို့တင်၍ရှုအပ်၏၊ တံ၊ သမထတင်၍ရှုအပ်သော အသုဘသဘောကို၊ နပဿတိ၊ ပညာမျက်စိဖြင့်မမြင်။ အပဿံ အပဿန္တော၊ ပညာမျက်စိဖြင့်မမြင်သော၊ဗာလော၊သူမိုက်သည်၊ဗန္ဓော၊တွေဝေသည်ဖြစ်၍၊ ဗဇ္ဈတေ တဏှာရာဂ စိတ်ဖြင့်ကြိုးနှောင်၏၊ ဗဇ္ဈမာနော၊ ကြိုးနှောင်သောပုဂ္ဂိုလ်သည်။မာရဗန္ဓနာ မာရ်တည်းဟူသော အနှောင်

အပွဲမှ။နမုစ္စတိ၊မလွတ်။ ၊သည်ကိုရည်၍၊ကဇျာဆရာသည်၊ ၊မျက်စိဖြင့်သာ၊မြင်သည်တာကို၊ ရုပ်ဝါတတ်တတ်။ မကြည့်အပ်ပါ။ မမြင်သာကို၊ ဉာဏ်မှာထိုးထွင်း၊ ရှုကြည့်ခြင်းသည်၊ ၊ကျမ်းရင်းခမ္ဘစက်၊အသိခက်။ ။ဟူသောပုဏ္ဏာကိုဖြေဆို၍ပြီးပြီ။

လက်ဝဲဘက်ကဝက်နှင့်တူ၊ လက်ျာမှုကား၊ ဆိတ်ပုံထား၊ တို့သံကား နွားသူငယ်၊ ဦးချိုဝယ် နွားအိုကြီး။ ထုံးနည်းကျမ်းဆို၊ အဘယ်ပုဂ္ဂိုလ်နည်း အမေး၌၊ ၊အဖြေဝိသဇ္ဇနာ၊ ဤသို့တည်း။ ဤပုဏ္ဏာကား၊ ဝက်ဘီလူးကိုဆိုသော စကားသည်၊ ဝက်ဘီလူးကား၊လက်ဝဲဘက်က၊ဝက်နှင့်တူ၏၊ လက်ျာဘက်ကား၊ ဆိတ်နှင့်တူ၏၊ အသံကား၊ နွားငယ်ပျိုနှင့်တူ၏၊ ဦးချိုကား၊ နွားအိုနှင့်တူ၏၊ ၊လက်ဝဲဘက်က၊ဝက်နှင့်တူသောကြောင့်၊ဝက်ကိုမြင်လျှင် ဝက်နှင့်တူစွာ၊လက်ဝဲဘက်ကိုပြ၍၊ဝက်နှင့်တူ၍၊ဝက်ငယ်တို့သည် အနီးသို့ချဉ်းကပ်လာသောအခါ၊ဘမ်းယူသတ်စား၏၊ ၊လက်ျာဘက်ကား၊ဆိတ်နှင့်တူသောကြောင့်၊ဆိတ်တို့ကိုမြင်လျှင်၊ဆိတ်နှင့်တူစွာ၊လက်ျာဘက်ကိုပြ၍၊ဆိတ်သည်အနီးသို့ ချဉ်းကပ်လာသောအခါ၊ ဆိတ်တို့ကို ဘမ်းယူသတ်စား၏၊ ၊အသံကား၊ နွားငယ် နွားပျိုနှင့်အသံတူ၏၊အသံတူသောကြောင့်၊နွားငယ်တို့ကိုမြင်လျှင်၊ နွားငယ်သံဖြင့်ပြု၍၊ နွားငယ်တို့အနီးသို့ ချဉ်းကပ်လာလျှင်၊ ဘမ်းယူသတ်စား၏၊ ၊ဦးချိုကား၊ နွားအိုနှင့်တူ၏၊ နွားအိုတို့ကိုမြင်လျှင်၊နွားအိုနှင့်တူစွာ၊ဦးချိုကိုပြ၍၊ နွားအိုတို့အနီးသို့ကပ်လာသောအခါ၊ဘမ်းယူသတ်စား၏၊ ၊ထိုကြောင့်၊ သုတ်မဟာဝါ၊ မဟာဂေါဝိန္ဒသုတ် အဋ္ဌကထာ၌၊ ၊ဝါမေန သူကရော ဟောတိ ဒက္ခိဏေန အဇမိဂေါ သဒ္ဒေန တရုဏဝစ္ဆော ဝိသာဏေန ဇရဂ္ဂဝေါ၊ ၊ဝါမေန၊ လက်ဝဲဘက်အားဖြင့်၊ သူကရော၊ ဝက်နှင့်တူသည်၊ ဟောတိ၊ဖြစ်၏၊ ဒက္ခိဏေန၊လက်ျာဘက်ဖြင့်၊ အဇမိဂေါ၊ ဆိတ်နှင့်တူသည်၊ ဟောတိ၊ဖြစ်၏၊ သဒ္ဒေန၊ အသံဖြင့်၊ တရုဏဝစ္ဆော၊ နွားပျိုငယ်နှင့်တူသည်၊ ဟောတိ၊ ဖြစ်၏၊ ဝိသာဏေန၊

ဦးချိုဖြင့်၊ ဇာရဂ္ဂဝေါ၊ နွားအိုနှင့်တူသည်၊ဟောတိ၊ဖြစ်၏၊ ၊သည်ကိုရည်၍၊ကဗျာဆရာသည်၊ ၊လက်ဝဲဘက်ကဏက်နှင့်တူ၊လက်ျာမှုကား၊ ဆိတ်ပုံထား။ ကွံသံကား၊ နွားသူငယ်၊ ဦးချိုဝယ်နွားအိုကြီး။ ထုံးနည်းကျမ်းဆို၊ အဘယ်ပုဂ္ဂိုလ်နည်း၊ ဤသုကရယက္ခဝက်ဘီလူးကိုဥပမာဆောင်၍၊ ဟောဖြတ်တော်မူသည်မှာ၊ ၊သုမင်္ဂလဝိလာသိနီ မည်သော သုတ်မဟာဝါ၊ ခြောက်ရ မြောက်သော မဟာဂေါဝိန္ဒသုတ်ပါဠိတော်တွင်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၊ ကိုယ်အမှုအရာတခြား၊ နှုတ်ပြော နှုတ်ဆိုသော၊ နှုတ်အမှုအရာတခြား၊ ကွဲပြား ဖေါက်ပြန်ကြလေသည် ဖြစ်သောကြောင့်၊ သုကရယက္ခဝက်ဘီလူး ဥပမာဆောင်၍၊ ဟောတော်မူလေသည်၊ ၊ဤသည်ကား၊ လက်ဝဲဘက်က ဝက်နှင့်တူသောပုစ္ဆာ၏၊ အဖြေဝိသဇ္ဇနာဤတွင်၍၊ အပြီးသတ်ပြီ၊

## အိပ်ပျော်လျက်၊အစရှိသောပုစ္ဆာကိုဖြေဦးအံ့၊

အိပ်ပျော်လျက်ကို၊ နိုးသည်ဆို၏၊နိုးသောသူမူ၊အိပ်၏ဟူသည်၊ ဤသူနှစ်ယောက်၊ဝိပ္ပါယ်ကောက်လေ့၊ ၊ဟူသောပုစ္ဆာ၌၊ ၊အဖြေဝိသဇ္ဇနာကား ဤသို့တည်း၊ အလှူအတန်း၊ ပေးကမ်းစွန့်ကြဲသော ဒါနကုသိုလ်၊ သီတင်းသီလ ကျင့်သုံးဆောက်တည်ကြသော သီလကုသိုလ်ကို စောင့်ထိန်းကြသော ပုဂ္ဂိုလ်တို့သည်၊ ပြုသင့် ပြုထိုက်သောကိစ္စတို့၌၊ လေ့ကျက်သည်၏အဖြစ်ကြောင့်၊ အိပ်ပျော်၍ပင်နေသော်လည်းဖြစ်စေ၊နိုးကြားသည်မည်၏၊ ၊သည်ကိုရည်၍၊ ကဗျာဆရာသည်၊ အိပ်ပျော်လျက်ကိုနိုးသည်ဆို၏၊ ဟုစပ်ဆိုသည်၊ ၊အလှူအတန်း၊ မပေးကမ်း၊ မစွန့်ကြဲသောပုဂ္ဂိုလ်၊ သီလသီတင်းမဆောက်တည်သော ပုဂ္ဂိုလ်သည်၊ မအိပ်ဘဲပင်နေသော်လည်း၊ ပြုသင့်ပြုအပ်သောကိစ္စကိုမပြုဘဲ၊ မေ့မေ့ လျော့လျော့နေသည်မည်သောကြောင့်၊ အိပ်ပျော်သည်မည်၏၊ ၊သည်ကိုရည်၍၊ နိုးသော သူမူ၊ အိပ်၏ဟူသည်၊ ဤသူ နှစ်ယောက်၊ ဝိပ္ပါယ်

ကောက်၊ ။ဤအရကို၊ တိကနိပါတ် အင်္ဂုတ္တိုရ်၏ လေးခုမြောက်သော ဒေဝဒူတဝဂ်၊ ခြောက်ခုမြောက်သော ဒေဝဒူတသုတ်အဖွင့်ဋီကာ၌၊ ။ပုညံ ကရောန္တော ဟိ သတ္တာ ဇာဂရန္တိ နာမ ကတ္တဗ္ဗကိစ္စပသုတတ္တာ ဣတရေသုပန သုပန္တိ နာမ အတ္တဟိတပရဟိတဝိနိမုတ္တတ္တာ၊ ။ဟုမိန့်ဆိုသည်။ ။အနက်ကား၊ ဟိသဒ္ဒံ၊ မှန်၏၊ ပုည၊ ကောင်းမှုကုသိုလ်ကို၊ ကရောန္တော၊ ပြုကုန်သော၊ သတ္တာ၊ သတ္တဝါတို့သည်၊ ဇာဂရန္တိနာမ၊နိုးသည်မည်ကုန်၏၊ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား၊ ကတ္တဗ္ဗ ကိစ္စပသုတတ္တာ၊ ပြုအပ်သောကိစ္စ၌ လေ့ကျက်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတရေသုပန၊ဤမှတပါးသောသူတို့၌ကား၊ဝါ၊ဤမှတပါးကုန်သောကာလတို့၌ကား၊ သုပန္တိနာမ၊ အိပ်ပျော်သည်မည်ကုန်၏၊ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား၊ အတ္တဟိတ ပရဟိတ ဝိနိမုတ္တတ္တာ၊ မိမိအကျိုးစီးပွား၊သူတပါးအကျိုးစီးပွားမှ၊ လွတ်သည်၏အဖြစ်ကြောင့်တည်း၊ ။သည်ပါဠိကိုရည်၍၊ ကဗျာဆရာသည်။ ။အိပ်ပျော်လျက်ကို၊ နိုးသည်ဆို၏၊ နိုးသောသူမူ၊ အိပ်၏ဟူသည်၊ ဤသူနှစ်ယောက်၊ မိပ္ပါယ်ကောက်၊ ။ဟူသောပုစ္ဆာ၌၊ အဖြေဝိသဇ္ဇနာပြီး၏။

လူတယောက်ကို၊အစရှိသောပုစ္ဆာကိုဖြေဆိုဦးအံ့၊

လူတယောက်အရ၊ ကိုယ်တခုသာ၊ ရှိသည်တာကို၊ ကာယာဆန်းမှု၊ကိုယ်သုံးခုဟု၊ခေါ်ပြုသည်ကို၊သိတ္တိုလိုသည်။ ။ကျမ်းဆိုဘယ်သို့ရှိသနည်း။ ဟူသောအမေးပုစ္ဆာ၌။ ။အဖြေဝိသဇ္ဇနာကား ဤသို့တည်း၊ဤကိုယ်ကာယအရ၊ သရတိပည်တ်၌၊ဟေဋ္ဌိမကာယ မဇ္ဈိမကာယ ဥပရိမကာယဟူ၍သုံးပါးရှိသည်၊ ကိုယ်သုံးခုရှိသည်ဆိုလိုသည်၊ထိုသုံးပါးတို့တွင်၊ချက်မှအောက်အရပ်သည်၊ ဟေဋ္ဌိမကာယမည်၏၊ အောက်ကိုယ်မည်၏၊ ချက်မှအထက် လည်ပင်းတိုင်အောင် မဇ္ဈိမကာယမည်၏၊အလယ်ကိုယ်မည်၏၊ လည်ပင်း

မှအထက်သည်၊ ဥပရိမကာယမည်၏၊ အထက်ကိုယ်မည်၏၊ ။ ထိုကြောင့်၊ အဋ္ဌသာလိနီ မည်သော ဓမ္မသင်္ဂဏီ အဋ္ဌကထာရူပကဏ္ဍ၌၊ ။ဇာမသ္မိံ ဟိ သရီရေ ဟေဋ္ဌိမကာယော မဇ္ဈိမကာယော ဥပရိမကာယောတိ တယော ကောဋ္ဌာသာ တတ္ထ နာဘိတော ပဋ္ဌာယ ဟေဋ္ဌာ ဟေဋ္ဌိမကာယော နာမ နာဘိတော ဥဒ္ဓံ ယာဝ ဂဋ္ဌဝါဋကော မဇ္ဈိမကာယော နာမ ဂဋ္ဌဝါဋကတော ဥဒ္ဓံ ဥပရိမကာယော နာမ၊ ။ဟူသောပါဠိကို မိန့်ဆို ဖွင့်လှစ်တော်မူသတည်း၊ ။ဟိသဒ္ဒံ၊ မှန်၏၊ ဇာမသ္မိံ သရီရေ၊ ဤကိုယ်၌၊ ဟေဋ္ဌိမကာယော၊ ဟေဋ္ဌိမကာယရင်း၊ ဝါ၊ အောက်ကိုယ်ရင်း၊ မဇ္ဈိမကာယော၊ မဇ္ဈိမကာယရင်း၊ ဝါ၊ အလယ်ကိုယ်ရင်း၊ ဥပရိမကာယော၊ ဥပရိမကာယရင်း၊ ဝါ၊ အထက်ကိုယ်ရင်း၊ ဇာတိ၊ ဤသို့၊ တယော ကောဋ္ဌာသာ၊ သုံးပါးကုန်သောအစုတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ တတ္ထ၊ ထိုသုံးပါးကုန်သောအစုတို့တွင်၊ နာဘိတော၊ ချက်မှ၊ ဟေဋ္ဌာ၊ အောက်အရပ်သည်၊ ဟေဋ္ဌိမကာယော၊ ဟေဋ္ဌိမကာယမည်၏၊ ဝါ၊ အောက်ကိုယ်မည်၏၊ နာဘိတော၊ ချက်မှ၊ ယာဝ ဂဋ္ဌဝါဋကော၊ လည်ပင်းတိုင်အောင်သည်၊ မဇ္ဈိမကာယော၊ မဇ္ဈိမကာယမည်၏၊ ဝါ၊ အလယ်ကိုယ်မည်၏၊ ဂဋ္ဌဝါဋကတော၊ လည်ပင်းမှ၊ ဥဒ္ဓံ၊ အထက်သည်၊ ဥပရိမကာယော၊ ဥပရိမကာယ မည်၏၊ ဝါ၊ အထက်ကိုယ်မည်၏၊ ။ဤကာယသုံးခုတို့၌ဖြစ်သော ရုပ်တို့သည်၊ ကာယတခု၌ဖြစ်သောရုပ်တို့သည်၊ ကာယတခုသို့ မရောရှက်ကြ၊ ဥပမာ၊ ။နံ့က်အခါ၊ တောင်သစ်ပင်စသည်တို့၏၊ အဆင့်ဆင့်သောအရိပ်တို့သည်၊ အချင်းချင်းမရောမရှက်ကြဘိသကဲ့သို့၊ ထိုအတူ၊ ဟေဋ္ဌိမကာယ၌ ရအပ်သောရုပ်လေးဆဲ့လေးခု၊ မဇ္ဈိမကာယ၌ ရအပ်သောရုပ်ငါးဆယ်လေးခု၊ ဥပရိမကာယ၌ရအပ်သောရုပ်ရှစ်ဆဲ့လေးခုတို့သည်၊ အချင်းချင်းမရောရှက်ကြဘဲ၊ မိမိ မိမိဘို့၏ဖြစ်ရာဌာန၊ ဖြစ်ရာကာလ၌သာဖြစ်၍ချုပ်ကြလေကုန်၏၊ ။သည်ကိုရည်၍၊ ကဗျာဆရာသည်၊ ။လူတယောက်အစု၊ ကိုယ်တခုသာ၊ ရှိသည်တာကို၊ ကာယာဆန်းမှု၊ ကိုယ်သုံးခုဟု၊ ခေါ်ပြုသည်ကို၊ ဆိုဘို့လိုသည်၊ ။

ကျမ်းဆို ဘယ်သို့လာသနည်း၊ ဟူသော အမေးပုစ္ဆာ၏၊ အဖြေ ဝိသဇ္ဇနာ ဤတွင်၍ ပြီးပြီ။

## ရခိုးတငါ။မျှားစွာပြုလပ်။အစရှိသောပုစ္ဆာကိုဖြေဦးအံ့။

ရခိုးတငါ၊မျှားစွာပြုလပ်၊ သတ်ဖြတ်ရပါ၊ ဤအရာကို၊ မဟာကုသိုလ်၊ အကုသိုလ်ဟု၊ ဤသို့နှစ်ချက်၊ အသိခက်သည်၊ ။မိန့်မြွက်ကျမ်းဂန်ထောက်အံ့နည်း။ ။ဟူသောအမေးပုစ္ဆာ၊ ဖြေသနာကို၊သိသာအောင်၊ကျမ်းဂန်သာထောက်လှမ်း၍၊မှတ်ခန်းသရုပ်အဖြေကိုထုတ်ဦးအံ့၊ ။တငါရခိုးအစရှိသော သူတို့သည်၊သမင်၊ဒရယ်၊ကြွက်ယ်၊စိုင်ဆပ်၊ဖွတ်၊ပဒတ်၊ပျား၊ငါး၊မိကျောင်း၊ အစရှိသော သတ္တဝါတို့ကို၊ရှာကြံလုလ္လ၊ ဉသာသဟာစိုက်ထုတ်၍၊ပြုလုပ်ကြသည်မှာ၊ အကုသိုလ်ဖြစ်သည်၊ ထိုအကုသိုလ်ကိုပြု၍၊ သားငါးရသောအရာကို၊ကုသိုလ်ကံကြောင့်ရသည်ဟူ၍မှတ်ရမည်၊ ။အဘယ်ကြောင့်နည်းဆိုသော်၊ ဗာရဏာသီ ပြည်စွန်းပြည်ပ၌၊ အိမ်ခြေတထောင်ရှိသော၊ တငါတို့ရွာရှိ၏၊ ထိုရွာတွင်၊ ငါတို့ဘုရားလက်ထက်၊ သောကတိသမည့်သော မထေရ်၏ အလောင်းဖြစ်သော၊ မိတ္တဝိန္ဒကမည်သောသူသည်၊ ပဋိသန္ဓေယူလေလျှင်၊ ထိုပဋိသန္ဓေယူသောနေ့မှစ၍၊ တထောင်သော တငါသည်တို့သည်၊ ပိုက်ကွန်လက်စွဲကြကုန်လျက်၊ မြစ်တဘက် ဆည်းကန်သို့သွား၍၊ ငါးလိပ်တို့ကိုဘမ်းဆီးထောင်ယူကြသော်လည်း၊ အနည်းငယ်မျှမရ၊ ငယ်သောငါးကိုမျှမရဘဲရှိလေ၍၊အိမ်ချေတထောင်သော လူအများတို့သည်၊စီးပွားချမ်းသာမှဆုတ်ယုတ်ကြ၍၊မိတ္တဝိန္ဒကပဋိသန္ဓေယူနေသည့်အတွင်းတွင်၊ မင်းဒါဏ်။ ရာဇဝတ်ခုနစ်ကြိမ်၊ ရွာလုံးကျွတ်သင့်ပြီးမှ၊ မီးခုနစ်ကြိမ် လောင်ကျွမ်း၍၊ ဆင်းရဲကြီးစွာ ဖြစ်ကြကြောင်းကို၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင်၊ စံပျော်တော်မူသောအခါ၊လောကတိသ၏၊ ရှေးအတိတ်ကာလ၊ အကုသလကမ္မ ဗလဝဖြစ်ကြောင်း၊ ဇာတ်တော်ဟောင်း ဖေါ်ပြ၍၊ ။

တဿပဋိသန္ဓိဂ္ဂဟဏာဒိဝသေ ကုလ သဟဿံ ဇာလဟတ္ထာနဒိ
ယဉ္စ တဠာကာဒီသုစ မစ္ဆေပရိယေသန္တေ ဧကံခုဒ္ဒကမစ္ဆမ္ပိနာ
လတ္ထ တတောပဋ္ဌာယ ကေဝဋ္ဋာ ပရိဟာယန္တိယေဝ တသ္မိံဟိ
ကုစ္ဆိဂတေယေဝ နေသံဂါမော သတ္တဝါရေ အဂ္ဂိနာဒဍ္ဎော သတ္တ
ဝါရေ ရာဇဒဏ္ဍော ဧဝံ အနုက္ကမေန ဒုဂ္ဂတာဇာတာ။ ။ဟူ၍
ဧကနိပါတ် အတ္တကာမဝဂ် လောကတိဿဝတ္ထု၌ပြင် ဟောတော်
မူသည်။ ။တဿ၊ ထိုမိတ္တဝိန္ဒကာ၏။ ပဋိသန္ဓိဂ္ဂဟဏာဒိဝသေ၊ ပဋိ
သန္ဓေယူသောနေ့၌၊ တံကုလသဟဿံ၊ ထိုအိမ်ချေ တထောင်ရှိ
သော တငါအမျိုးသည်။ ဇာလဟတ္ထာ၊ ပိုက်ကွန်လက်စွဲကြကုန်
လျက်။ နဒိယဉ္စ၊ မြစ်၌၎င်း။ တဠာကာဒီသုစ၊ တဘက်ဆည်းကန်စ
သည်တို့၌၎င်း။ မစ္ဆေ၊ ငါးတို့ကို။ ပရိယေသန္တေ၊ ရှာကြကုန်သည်ရှိ
သော်။ ဧကံ၊ တခုသော။ ခုဒ္ဒကမစ္ဆမ္ပိ၊ ငယ်သောငါးကိုမျှလည်း။
နာလတ္ထ၊ မရကြကုန်။ တတောပဋ္ဌာယ၊ ထိုမိတ္တဝိန္ဒကပဋိသန္ဓေယူ
သည့်နေ့မှစ၍။ ကေဝဋ္ဋာ၊ တငါတို့သည်၊ ပရိဟာယန္တိယေဝ၊ ဆုတ်
ယုတ်ကြကုန်သလျှင်ကတည်း၊ ဟိ၊ သင့်လျော်မှန်၏။ တသ္မိံ၊ ထိုမိတ္တဝိန္ဒက
သည်။ ကုစ္ဆိဂတေယေဝ၊ ပဋိသန္ဓေယူနေသောကာလ၌ပင်လျှင်။
နေသံ၊ ထိုတငါတို့၏၊ ဂါမော၊ ရွာကို။ သတ္တဝါရေ၊ ခုနစ်ကြိမ်၊ အဂ္ဂိနာ၊
မီးသည်၊ ဒဍ္ဎော၊ လောင်ကျွမ်း၏၊ သတ္တဝါရေ၊ ခုနစ်ကြိမ်။ ရာဇဒဏ္ဍ
ကော၊ မင်းဒါဏ်ရာဇဝတ်သင့်၏။ ဧဝံ၊ ဤသို့။ အနုက္ကမေန၊ အစဉ်
အားဖြင့်။ ဒုဂ္ဂတာ၊ ဆင်းရဲကြကုန်သည်။ ဇာတာ၊ ဖြစ်ကုန်၏။ ။
ဤဒေသနာတော်မြွက်ကို ထောက်၍။ အကုသိုလ်ကြောင့်။ ရွာကြီး
လုလွှ။ ဝိရိယပိုက်ထုတ်၍၊ ပိုက်ကွန် လေးမျှားစသည်ပြုလုပ်၍။ ရှာ
ကြံကြသော်လည်း။ ငါးကိုမရဟုဟောတော်မူသောဒေသနာတော်
ရှိပေရကား။ သမင်၊ ဒရယ်၊ ပျား၊ ငါးစသောသတ္တဝါတို့ကို၊ ရှာကြံ
လုလွှ၊ ဥဿာဟပြုလုပ်၍။ ရကြသောသူအပေါင်းတို့မှာ၊ ရှေးရှေး
သောဘဝကာလတို့ကပြုခဲ့ဘူးသော ကုသိုလ်ကံဟု၊ ကေံမျှသိရာ
၏၊ ။သတ္တဝါတို့ အသိုရှိအပ်။ တောင့်တအပ်သော ဆန္ဒကိုရ
သည်အရာသည်။ ကုသိုလ်၏ အကျိုးသာတည်း။ ။အလိုရှိအပ်။
တောင့်တအပ်သောဆန္ဒကိုမရကြသည်မှာ၊ အကုသိုလ်အကျိုးသာ

မှတ်ရမည်။ ။ထိုကြောင့်၊ မြတ်စွာဘုရားသည်၊ အဋ္ဌာနသုတ်ပါဠိတော်၌၊ ။အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ကုသလဿ ကမ္မဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော ဥပ္ပဇ္ဇေယျာတိ နေတံ ဌာနံ ဝိဇ္ဇတိ။ ။အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ အကုသလဿ ကမ္မဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော ဥပ္ပဇ္ဇေယျာတိ နေတံ ဌာနံ ဝိဇ္ဇတိ။ ။ဟူ၍ဟောတော်မူသည်။ ။အနက်ကား။ ဘိက္ခဝေ၊ ရဟန်းတို့၊ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်လိုအပ်သော။ အမနာပေါ၊ နှလုံးကိုမပွားစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေနကာရဏေန၊ အကြင့်ကြောင့်၊ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဧတံ၊ ဤသို့ဖြစ်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။ ဧတံဌာနံ၊ ဤအကြောင်းသည်၊ နဝိဇ္ဇတိ၊ မရှိ။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ အကုသလဿ၊ အကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ ဣဋ္ဌော၊ အလိုရှိအပ်သော။ ကန္တော၊ နှစ်သက်အပ်သော။ မနာပေါ၊ နှလုံးကိုပွားစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံယေနကာရဏေန၊ အကြင့်အကြောင်းကြောင့်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဧတံဌာနံ၊ ဤသို့ဖြစ်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။ ဧတံဌာနံ၊ ဤအကြောင်းသည်၊ နဝိဇ္ဇတိ၊ မရှိ။ ။အဓိပ္ပါယ်ကား။ ရဟန်းတို့၊ ကုသိုလ်ဖြစ်သောကံ၏အကျိုးသည်။ အလိုမရှိအပ်သော။ မနှစ်သက်အပ်သော။ နှလုံးကိုမပွားစေတတ်သော အကျိုးသည်ဖြစ်ရာ၏ဟု၊ အကြောင်းမဟုတ်။ အရာမဟုတ်။ အလိုမရှိအပ်သောအကျိုးသည်ဖြစ်ရာ၏ဟုမရှိ။ ။ရဟန်းတို့၊ အကုသိုလ်၏အကျိုးဖြစ်သောကံ၏။ အလိုရှိအပ်သော၊ နှစ်လိုအပ်သော၊ နှလုံးကို ပွားစေတတ်သော အကျိုးသည် ဖြစ်ရာ၏ဟု အကြောင်းမဟုတ်၊ အရာလည်း မဟုတ်၊ အလိုရှိအပ်သောအကျိုးသည်ဖြစ်ရာ၏ဟုမရှိ။ ။ဟုမြတ်စွာဘုရားဟောတော်မူသည်၊ ထိုတရားတော်ကိုထောက်၍၊ တိရစ္ဆာန်တို့ကိုသတ်၍ရသော ပစ္စည်း ဝတ္ထုသည်၊ ကုသိုလ်ကြောင့်ရသည်၊ ကုသိုလ်၏ အကျိုးဟူ၍ မှတ်ရမည်။ ။သည်ကိုရည်၍။ ။ရဆိုး

တငါ၊ များစွာပြုလပ်။ သတ်ဖြတ်ရပါ။ ဤအရာကို၊ မဟာကံသိုလ်။
အကုသိုလ်ဟု၊ ဤသို့နှစ်ချက်၊ အသိခက်သည့်၊ ။မိန့်မြွက်ကျမ်း
ဂန်ထောက်အံ့နည်း၊ဟူသောအမေးပုစ္ဆာကို၊ သိသာအောင်ကျမ်း
ဂန်လာထောက်လှမ်း၍၊ဖြေခန်းသရုပ်၊ဤခါထုတ်၍ပြီးပါပြီ၊

## အဝိစိဘုံ၊ရောက်ပါတုံလျက် အဖြေကိုဖြဦးအံ့။

အဝိစိဘုံ။ ရောက်ပါတုံလျက်၊မီးဟုန်မပူ၊ ချမ်းဖော့သည်၊ ။
ဤသူအမြတ်ပေ.တကား။ ။ဟူသော အမေးပုစ္ဆာပြဿနာကို။
သိသာအံ့ငှါ၊ကျမ်းဂန်လာကို၊သေချာအထူး၊ ဖြေလိုက်ဦးအံ့။ ။
တရံရောအခါ၊အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည်၊ ငရဲဖြည့်
သို့၊ ဒေသစာရီလှည့်လည်ကြွသွားတော်မူပြီးလျှင်၊ လှည်းဘီးစက်ပ
မာ၊ ပဒုမ္မာကို၊ ကောင်းစွာဖန်ဆင်းလျက်၊ ထိုအထက်၌၊ သိတင်း
သုံးနေတော်မူ၍၊ ငရဲသူသတ္တဝါတို့အား၊ တရားကောင်းကြီး၊ ချီး
မြှင့်တော်မူသဖြင့်၊ မိုဃ်းကြီးသည်းစွာ ရွာစေတော်မူပြီးမှ၊ ငရဲမီး
ငြိမ်းစေ၍၊ ရေကိုသောက်ချိုး၍၊ တန်ခိုးတော်၏ အာနိသံခံရ
ကြောင်းကို၊ ။ယဒါပဟိ မောဂ္ဂလာန ထေရော နိရိယေ ပဒုမံမာ
ပေတွာ ပဒုမကဏ္ဏိကာယ နိသိန္နော နေရယိကာနံ ဓမ္မံ ကထေသိ
တဒါထေရံ ပဿန္တာနံ ကုသလဝိပါကာနံ စက္ခုဝိညာဏံ ဥပ္ပဇ္ဇ
တိ သဒ္ဒံ သုဏန္တာနံ သောတဝိညာဏံ စန္ဒနဝနေဒိဝါဝိဟာရံနိသိ
ဒိတွာ သုဂတစီရဂန္ဓံ ဃာယနကာလေဃာနဝိညာဏံ နေရယဂ္ဂိံ
နိဗ္ဗာပေတုံ ဒေဝံဝဿာပေတွာ ပါဏီယဒါနကာလေဇိဝှါဝိညာ
ဏံ မန္ဒမန္ဒဝါတသမုဋ္ဌာပနကာလေ ကာယဝိညာဏံ ဥပ္ပဇ္ဇတိ၊ ။
ဟုဓမ္မသင်္ဂဏီ အဋ္ဌကထာ၊ ဗုဒ္ဓဃောသမဟာထေရ်မြတ်မိန့်တော်
မူသည်၊ ။ယဒါ၊ အကြင်အခါ၌၊ မောဂ္ဂလာနထေရော၊ အရှင်
မောဂ္ဂလာန်မထေရ်သည်၊နိရိယေ၊ ငရဲ၌၊ပဒုမံ၊ပဒုမကို၊ မာပေတွာ၊
ဖန်ဆင်းတော် မူသပ်၍၊ ပဒုမကဏ္ဏိကာယ၊ ပဒုမာ၏ အချက်၌၊

နိသိန္နော၊ နေတော်မူလျက်၊ နေရယိကာနံ၊ ငရဲသူသတ္တဝါတို့အား၊ ဓမ္မံ၊တရားကို၊ကထေသိ၊ဟောတော်မူပေ၏၊တဒါ၊ထိုအခါ၌၊ ထေရံ၊ အရှင်မောဂ္ဂလာန်ထေရ်ကို၊ ပဿန္တာနံ၊ မြင်ကြရကြကုန်သော၊ တေသံ၊ ထိုငရဲသူသတ္တဝါတို့အား၊ ကုသလဝိပါကံ၊ ကုသိုလ်၏အကျိုးဖြစ်သော၊စက္ခုဝိညာဏံ၊စက္ခုဝိညာဏ်သည်၊ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ သဒ္ဒံ၊ တရားတော်သံကို၊ သုဏန္တာနံ၊ နာကြကုန်သော၊တေသံ၊ ထိုငရဲသူသတ္တဝါတို့အား၊ကုသလဝိပါကံ၊ကုသိုလ်၏အကျိုးဖြစ်သော၊ သောတဝိညာဏံ၊ သောတဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စန္ဒနံ၊ ဝနေ၊စန္ဒကူးတော၌၊ ဒိဝါဝိဟာရံ၊ နေ့အခါနေတော်မူခြင်းကို၊ နိသိဒိတွာ၊ နေတော်မူ၍။ အာဂတတ္တာ၊ ကြွတော်မူလာသည် အဖြစ်ကြောင့်၊သုဂတစီဝရဂန္ဓံ၊မြတ်စွာဘုရားသင်္ကန်းတော်နံ့ကို၊ဃာယနကာလေ၊နမ်းကြသောအခါ၌၊ ကုသလဝိပါကံ၊ ကုသိုလ်၏အကျိုးဖြစ်သော၊ဃာနဝိညာဏံ၊ဃာနဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ နေရယဂ္ဂိံ၊ငရဲမီးကို၊ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှါ၊ ဒေဝံ၊မိုးဃ်းကို၊ ဝဿပေတွာ၊ ရွာစေတော်မူလင်၍၊ ပါဏိယဒါနကာလေ၊ ရေကိုပေးသောအခါ၌၊ ကုသလဝိပါကံ၊ ကုသိုလ်၏ အကျိုးဖြစ်သော၊ ဇိဝှါဝိညာဏံ၊ ဇိဝှါဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ မန္ဒမန္ဒဝါတသရဏ္ဍာပကာလေ၊ ညှင်းညှင်းသောလေကို လာစေသော အခါ၌၊ ကုသလဝိပါကံ၊ကုသိုလ်၏အကျိုးဖြစ်သော၊ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။ဤသို့ ရှင်မဟာမောဂ္ဂလာန်သည်၊ငရဲသို့ကြွတော်မူသောကာလ၊ဇုဋ္ဌိပါဠိဟာရိယတန်ခိုးတော်အာနုဘော်ကြောင့်၊ ငရဲမီးငြိမ်းရကြောင်းကိုလာသည်၊ ။သည်ကိုရည်၍၊ ကဗျာလင်္ကာ၌၊ ။အဝီစိဘုံ၊ ရောက်ပါတုံလျက်၊ မီးဟုန်မပူ၊ချမ်းဟေူသည်၊ ။ဤသူအမြတ်ပေတကား ဟူ၍စပ်ဆိုတော်မူသည်၊ဤပုဏ္ဏာ၏အဖြေဝိသဇ္ဇနာဤတွင်၍ပြီးပြီ။

(16)

## ရူပတင့်တယ်၊ အစရှိသောပုဏ္ဏာကိုဖြေဦးအံ့၊

ရူပတင့်တယ်၊ရှုဘွယ်သာရော၊မြင်သောခါမှ၊ မရှုရတည့်၊ မဟာ
ဂုဏ်ဝါ၊ဆင်းဝါပျက်မှ၊ရှုကြည့်ရသည်။ ၊ကာလနှစ်ဦး၊လွန်ဆန်း
ထူး၊ ၊ဟူသောကဗျာဆရာ၏ အမေးပုဏ္ဏာကိုဖြေဆိုဦးအံ့၊ ၊
နတ်နှင့် တကွသော လောကကို၊ ဆုံးမတော်မူတတ်သော မြတ်စွာ
ဘုရားသည်။ ၊နအကာလေဝိပေက္ခေယျ ကာလေပက္ခေယျပဏ္ဍိ
တော ပုတိမံသောဝပဏ္ဍာယိ ယောအကာလေဝိပေက္ခတိ။ ၊ဟူ
သောဂါထာကိုဟောတော်မူ၏။ ၊အနက်ကား၊ဘိက္ခဝေ၊ရဟန်း
တို့။ ပဏ္ဍိတော၊ ပညာရှိသည်၊ အကာလေ၊ ကာမဂုဏ်တို့ကိုအာရုံ
ပြု၍၊ တင့်တယ်သည်၏ အစွမ်းအားဖြင့်၊ စိတ်ဖြစ်သော ကာလ၌၊
နဝိပေက္ခေယျ၊မကြည့်ရာ၊ ကာလေ၊ မဘင့်တယ်သောအသုဘ၏
အစွမ်းအားဖြင့်ရင်း၊အနုဿတိ၏အစွမ်းအားဖြင့်ရင်း၊ကသိုဏ်း၏
အစွမ်းအားဖြင့်ရင်း၊ အာရုံကိုယူသောကာလ၌၊ ပက္ခေယျ၊ ကြည့်
ရာ၏၊ ယော၊ အကြင်သူသည်၊ အကာလေ၊ ကာမဂုဏ်တို့ကိုအာရုံ
ပြု၍ သုဘ၏ အစွမ်းအားဖြင့် စိတ်ဖြစ်သော ကာလ၌၊ ဝိပေက္ခတိ၊
ကြည့်၏၊သော၊ထိုသူသည်၊ ပုတိမံသောဝ၊ပုတိမံသမြေခွေးကဲ့သို့၊
ပဏ္ဍာယိ၊ ပိုးရိမ်ပင်ပန်းရ၏။ ၊အဓိပ္ပါယ်ကား၊ ရဟန်းတို့ပညာ
ရှိသော သူတို့သည်၊ ရူပါရုံကို မြင်သောအခါ၊ ကာမဂုဏ်ကို အာရုံ
ပြု၍၊ ရူပတင့်တယ်၊ ရှုချင်ဘွယ်ရှိ၏ဟုစိတ်ဖြစ်သောအခါ ကာလ
တို့၌၊ မရှုအပ်။ မကြည့်အပ်သော ကာလမည်၏။ ၊ရူပါရုံကိုမြင်
သောအခါ၊၎င်းရူပါရုံသည်၊မလျှောက်ပတ်၊မနှစ်သက်အပ်၊မမြတ်နိုး
အပ်၊ ရွံ့ရှာစက်ဆုတ်ဘွယ်အရ။ မရှုမဟာ၊ အသုဘစင်စစ်ဖြစ်၏ဟု
အောင်းမေ့သောကာလ၌သာ ရှုကြည့်ရာ၏၊ အကြင်သူသည်၊ ကာ
မဂုဏ်တို့ကို အာရုံပြု၍၊ တင့်တယ်ဟပသော သုဘ၏ အစွမ်းအား
ဖြင့်၊စိတ်ဖြစ်သောကာလ၌ကြည့်၏၊ ထိုသူသည်၊ ပုတိမံသမြေခွေး
ကဲ့သို့ ပိုးရိမ်ပင်ပန်းရ၏ဟု အဓိပ္ပါယ်ထသည်၊ ၊နဝနိပါတ်၊
ဆဲ့တခုမြောက် ပုတိမံသဇာတ်၌လာသည်၊ ၊၎င်းပုတိမံသဇာတ်
ကို၊ မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌၊ သိ

တင်းသုံးသောအခါ။ များစွာသောရဟန်းတို့သည်၊ ဆွမ်းကိုမစောင့်
ရှောက်ခြင်းကိုမြင်တော်မူ၍၊ များစွာသောရဟန်းတို့ကိုခေါ်တော်
မူ၍၊ ရဟန်းတို့၊ ရဟန်းမည်သည်ကား၊ ရူပါရုံအစရှိသည်တို့၌၊ တင့်
တယ်သည်၏အစွမ်းဖြင့်၊ အာရုံကိုယူခြင်းငှါမအပ်၊ တင့်တယ်သည်
၏အစွမ်းဖြင့်၊ အာရုံကိုယူသောအခါ၌။ အကယ်၍သေအံ့၊ ငရဲစ
သည်ဘို့၌ဖြစ်၏၊ ထိုကြောင့်၊ ရူပါရုံစသည်တို့၌၊ တင့်တယ်သည်၏
အစွမ်းဖြင့်၊ အာရုံကိုမယူကြကုန်လင့်၊ ရူပါရုံစသည်တို့၌၊ အာရုံကို
ယူသောရဟန်းတို့သည်၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ လျှင်
ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ။ထိုကြောင့်။ ။
အာဒိတ္တပရိယာယစက္ခာဒိနံ ဝရံသမ္ပလိပဋ္ဌနံ နတုစက္ခာဒိညေယေသု
နိမိတ္တဂ္ဂဟာနံဝရံ။ ။အာဒိတ္တပရိယာယ၊ ရဲရဲညီးသော သံချောင်းဖြင့်၊
စက္ခာဒိနံ၊ မျက်လုံးစသည်တို့ကို၊ သမ္ပလိပဋ္ဌနံ၊ ထက်ဝန်းကြင်ဆွဲငင်
ဖေါက်ရခြင်းသည်၊ ဝရံ၊ မြတ်သေး၏၊ စက္ခာဒိညေယေသု၊ ရူပါရုံ
စသည်တို့၌၊ နိမိတ္တဂ္ဂဟာနံ၊ သုဘနိမိတ် စသည်ကို ယူခြင်းသည်၊
နတုဝရံ၊ မမြတ်သည်သာတည်း။ ။ရဟန်းတို့၊ သာသနာတော်၌၊
ပြောင်ပြောင်တောက်သောသံချောင်းဖြင့်၊ မျက်လုံးကိုထိုး၍ဖေါက်
ခြင်းသည်မြတ်၏၊ ဤသို့အစရှိသည်ဖြင့်ဟောတော်မူ၍၊ ရဟန်းတို့၊
သင်တို့ ရူပါရုံကြည့်သောကာလ၊ မကြည့်သောကာလရှိ၏၊ ကြည့်
သောကာလ၌ အသုဘ၏ အစွမ်းဖြင့် ကြည့်ကြလော့၊ အသုဘ၏
အစွမ်းဖြင့်ကြည့်သည်ရှိသော်၊ မိမိအာရုံကိုမယုတ်လတ့်၊ သင်တို့၏
အာရုံ ဟူသည်ကား။ သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊
ဣဒ္ဓိပါဒ်လေးပါး၊ အဋ္ဌင်္ဂိကမဂ္ဂင်ရှစ်ပါး၊ ကိုးပါးသောလောကုတ္တ
ရာ၊ ဤသည်တို့ကား၊ သင်ဘို့၏အာရုံတည်း၊ ဤအာရုံကိုကျက်စား
ကုန်သောသင်တို့အား၊ မာရ်သည်အခွင့်ကိုမရလတ့်၊ ကိလေသာ၏
အစွမ်းအားဖြင့်မကြည့်အပ်၊ သုဘအာရုံ၏အစွမ်းဖြင့် ကြည့်သော်၊
ပုတီမံသမည်သော မြေခွေးကဲ့သို့၊ မိမိအာရုံကိုယုတ်လတ့်ဟု၊ မိန့်
တော်မူ၍၊ အတိတ်ကို ဆောင်တော်မူသတည်း၊ အတိတ်ဇာတ်ကို
မရေးပြီ၊ ။သုဘနိမိတ္တညှိသုဘခါတု တဇ္ဇရူပါဒိဝိနိမုတ္တံ နဝိဇ္ဇ
တိ၊ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ။ဟိသစ္စံ၊ မှန်၏၊ သုဘနိမိတ္တံ၊ ရာဂ

ဖြစ်ပွားခြင်း၏အကြောင်းဖြစ်သော သုဘအခြင်းအရာသည်၊ သုဘ ဓါတု၊ သုဘဓါတ်မည်၏။ ဝါ၊ တင့်တယ်သောဓါတ်မည်၏။ တဋ္ဌ၊ ထိုရာဂ ဖြစ်ပွားခြင်း၏ အကြောင်းဖြစ်သော၊ သုဘဟူ၍ မှတ်အပ်သောအခြင်းအရာသည်၊ ရူပါဒိဝိနိရုတ္တံ၊ ရူပါရုံ သဒ္ဒါရုံစသည်တို့မှ လွတ်သောမည်သည်။ နဝိဇ္ဇတိ၊ မရှိ။ ။နတ္ထိ ဇူတော ကိဉ္စိပါပိယော ဇူန္တိယာနံ ဝသံ ဝဒေ၊ ။အဋ္ဌနိပါတ်၊ ဇူန္တိယဇာတ်။ ။ ယော၊အကြင်သူသည်၊ ဇူန္တိယာနံ၊ ဇူဖန်တို့၏၊ ဝသံ၊အလိုသို့လိုက် ၏၊ဇူတော၊ဤသူအောက်၊ ပါပိယော၊ အထူးသဖြင့်ယုတ်မာသော၊ ကိဉ္စိ၊တစုံတယောက်သောသူသည်၊ နတ္ထိ၊မရှိ၊ ။ပုံမနေ့ပရိယာဒါယ ဇူတ္တိရုပသယာဋ္ဌိတာ တဿမမညမေကဗ္ဗိ နဝိဇ္ဇတေဝသဗ္ဗ ဓိ၊ ။ဇူတ္တိရူပသရော၊ မိန္မအဆင်း မိန္မအသံဘို့သည်။ ပုံမနေ၊ ယောကျ်ားစိတ်ကို၊ ပရိယာဒါယ၊မကျန်လုံးစုံ၊အကုန်ယူ၍၊ ဋ္ဌိတာ၊ တည်ကုန်၏၊ပုံမနေ၊ယောကျ်ားစိတ်ကို၊ပရိယာဒါယ၊မကျန်လုံးစုံ အကုန်ယူ၍၊ ဋ္ဌိတာ၊ တည်သော။ ဇူတ္တိရုပသယာ၊ မိန္မအဆင်း မိန္မ အသံမှ၊ အညံ့တပါးသော၊ တဿမံ၊ ထိုမိန္မအဆင်း မိန္မအသံနှင့် တူသော၊ ဧကမ္ပိ၊ တခုသောအဆင်း၊ တခုသောအသံသည်၊ သဗ္ဗဓိ၊ ခပ်သိမ်းသောအရပ်တို့၌၊နဝိဇ္ဇတေဝ၊မရှိသည်သာလျှင်တည်း။ ။ အဆင်းရူပ၊ အလွန်လှသည်၊ အလွန်တင့်တယ်သည်၊ ယင်ကျေး သည်ဟုထင်သောစိတ်ဖြစ်လာသောကာလမကြည့်ရ။ ဒွတ္တိံသအရပ၊ အသုဘရုပ်ကောင်၊ အပုပ်ကောင်ပါတကားဟု အောင်းမေ့သော အခါကာလမှ။ ကြည့်ရသည်၊ ။သည်ကိုရည်၍၊ ကဗျာလင်္ကာ ၌၊ ။ရူပတင့်တယ်၊ ရူဘွယ်သာရာ။မြင်သောခါမှ၊မကြည့်ရတည်း။ မသာ့ရုပ်ဝါ၊ဆင်းဝါပျက်မှ။ ရူကြည့်ရသည်၊ ။ကာလနှစ်ဦး။ လွန် ဆန်းထူး၊ ။ဟူ၍စပ်ဆိုတော်မူသည်၊ ဤလင်္ကာ၏အဖြေဝိသဇ္ဇနာ ကို၊ကျမ်းမှရှာဘွေ၊ထုတ်ဆောင်၍ဖြေသည်ကား၊ဤတွင်၌ပြီး၏။

---

ဖါးကိုမြွေကိုက်အစရှိသောစကားကိုဖြေလိုက်ဦးအံ့။

ဖါးကိုမြွေကိုက်၊ ဗေ့ကြိုကျိုက်က။ ဖြင့်လိုက်သင့်မည်၊ မသင့် မည်ကို၊ ထူးလည်သေချာ၊ ဟောပြောပြပါ၊ ။ဟူသောအမေး

ပုန္တာ၊ ပြဿနာကို။ ကျမ်းလာထောက်ရှု၊ ညှိနှိုင်းပြ၍၊ ယခုအခါ၊ ဖြေလိုက်ပါဦးအံ့။ ။ဖါးကိုမြွေကိုက်သည်ကိုမြင်လျှင်၊ ကြားလျှင် မဖြန်မဖြင်ကောင်းဟု၊ တိမ်းလွဲရှောင်ရှား၍။ တရားသိလေဟန်၊ သတ္တဝါကံကိုချ၍၊ နေကြမည် ဖြစ်သောကြောင့်၊ ရှေးသူတော် ကောင်းတို့၊ ထုံးဟောင်းမှန်စွာ၊ ဖြစ်ဘူးကြောင်း ကျမ်းလာကို၊ ဒေသနာစည်တော်ကြီး။ ရိုက်တီး၍ပြဦးအံ့။ ။ဗာရာဏသီပြည့် မြတ်၌၊ ပြဟ္မဒတ်မင်း၊ မင်းပြုသောအခါ၊ ကြီးစွာသောပွဲသဘင်ပြု ရာ၊ လူသာမဏ၊ ဂဠုန် နဂါးမှစ၍၊ ကြည့်ကြလေလျှင်၊ လူ၏အသွင် ဖြင့်။ သဘင်သို့ချဉ်းကပ်လျက်၊ ရပ်၍ကြည့်ကြလေသော်၊ ဂဠုန်နဂါး နှစ်ဦးသားတို့တွင်၊ လူသာပင် မှတ်ထင်မိသည်နှင့်၊ ဂဠုန်၏ ပခုံး ထက်၊ နဂါးလက်တင်မိလျှင်၊ လှည့်၍ကြည့်ရာတွင်မှ၊ ဇကံရချ၊ ဂဠုန်မှန်းသိရ၍၊ သေဘေးကို ကြောက်လှသောကြောင့်၊ ပြည်မှ ထွက်သွား၍၊ မြစ်နားသို့ရောက်သည်တွင်၊ ဆောလျှင်သောအဟုန် ဖြင့်၊ ဂဠုန်လည်းလိုက်လေ၏၊ ထိုအခါ၊ ငါတို့ဘုရားအလောင်းတော် ရသေ့ဖြစ်၍၊ ထိုမြစ်တွင်ရေချိုးသည်အခိုက်၊ ကုန်းနှံ့ချထားခဲ့သော ဖျော်တေသက်နှန်းကိုမြင်လေလျှင်၊ ဤအရှင်မြတ်ကိုမှီကပ်ခိုမှသာ၊ ငါ့အသက်ချမ်းသာမည်ဟု၊ ဖျော်တေသက်နှန်း၏အတွင်းသို့၊ ပတ္တ မြားကဲ့သို့ဖန်ဆင်း၍၊ နဂါးမင်းဝင်တိုးပုန်းလျှိုးခိုနေလပ်သတည်း။ ဂဠုန်မင်းကား၊ သက်နှန်းကြားသို့နဂါးတိုးဝင်လပ်သည်ကို၊ တင်အပ် တွေ့မြင်သော်လည်း၊ ဖျော်တေသက်နှန်း ရဟန်းတို့ ပရိက္ခရာကို၊ လွန်စွာလေးစားခန့်ငြားသည်ဖြင့်၊ ကျောက်ရွန့်၍၊ မဖန်းမယူဝန့်ရှိလေ ရကား၊ အရှင်ဘုရား၊ နဂါးသည်၊ ဤဖျော်တေ သက်နှန်းတွင်းသို့။ တိုးဝင် ခိုဝင်မှန်ချေပြီ။ ဤသက်နှန်းကို ပယ်ရှားလျှင်၊ နဂါးကိုသာ ဖန်းခါယူသွားငါစားလို၏လျှောက်သည်တွင်၊ သင်အားဤသို့ရှိသေ လေးမြတ်သော ကုသိုလ်ကံကြောင့်၊ နတ်ထံသို့ကပ်သဖြင့်၊ နတ်၏ အစာကိုစားရာ၏၊ နဂါးတည်းဟူသောဤအစာ။ ပါဏာတိပါတ အကုသိုလ်တရားကို၊ ပယ်ရှားရာ၏ဆုံးမလျက်၊ ရေမှတက်သွား ၍၊ ဂဠုန် နဂါး၊ နှစ်ဦးသားတို့ကိုတရားဆုံးမ၍၊ သမဂ္ဂသမောဒါန ဖြစ်ကြကြောင်း၊ ငါးရာငါးဆယ်ဒုကနိပါတ် ဥရဂဇာတ်တွင်၊ ။

ဗောဓိသတ္တောဥဒကေစ္ဆိတော အနုမောဒနံကတွာ ဥတ္တရိတွာဝက္က လံ နိဝါသေတွာ တေဥဘောပိဂဟေတွာ အသမံ ဂန္တွာ မေတ္တာ ဘာဝနာယ ဝဏ္ဏံကထေတွာ ဒွေပိဇေ သမဂ္ဂေအကာသိ တေတ တောပဋ္ဌာယ သမဂ္ဂါ သမောဒမာနာသုခံ သံဝါသံဝသိ။ ။ဟူ ၍ဟောတော်မူသည်။ ။ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ ဥဒကေ၊ရေ၌။ ဠိတော၊တည်လျက်၊ အနုမောဒနံ၊ ဝမ်းမြောက်ခြင်း ကို။ ဝါ၊တရားသဖြင့်ဆုမွန်ခြင်းကို။ ကတွာ၊ ပြု၍၊ ဥတ္တရိတွာ၊ ရေမှ တက်၍။ ဝက္ကလံ၊ လျှော်တေသင်္ကန်းကို။ နိဝါသေတွာ၊ဝတ်၍၊ တေ ဥဘောပိ၊ ဂဠုန် နဂါးနှစ်ဦးသားတို့ကိုလည်း၊ ဂဟေတွာ၊ ခေါ်၍။ အသမံ၊သင်္ကန်းသို့၊ဂန္တွာ၊သွား၍။မေတ္တာဘာဝနာယ၊မေတ္တာဘာဝ နာ၏။ဝဏ္ဏံ၊ကျေးဇူးကို၊ကထေတွာ၊ ဆို၍။ ဒွေပိဇနေ၊ နှစ်ယောက် သောသူတို့ကို၊ သမဂ္ဂေ၊ အညီအညွတ်ဖြစ်ကြသည်ကို။ အကာသိ၊ ပြု၏၊ ။ဤသို့ဇရှေးသူတော်ကောင်းတို့၊ ထုံးဟောင်းသာဓကမှာ။ နဂါးကိုသာ ချမ်းသာစေလျက်၊ ပါဏာတိပါတကို သင်မပြုအပ် ဟု၊ ဂဠုန်ကိုသာဆုမွန်၍ လွတ်ကြောင်းကိုသာလာသည်၊ သူ့အစာ မှန်ချေသည်၊ သေသော်သည်း၊ ငါမဖြန်အပ် ငါမဖြင်အပ်ဟု။ လျစ် လျူရှု၍၊ ဥပေက္ခာနေကြောင်းကိုမလာပေ၊ ။ဓမ္မသင်္ဂဏီအဋ္ဌက ထာတွင်လည်း၊ အာရမ္ဘထာဒါန ခြောက်ပါးတွင်၊ ဓမ္မဒါနအဝင်ဖြစ် သောဇိဝိတဒါနကိုပြရာ။ ။ဇာလံဖာလေတိ ကုမိနံဝိဒ္ဓံသာပေတိ သကုဘာပဥ္စရံဘိသာပေတိ ဗန္ဓနမောက္ခံကာရေတိ မာဃာတ ဘေရိံစရာပေတိ အညာနိပိဇိဝိတပရိတ္တာနတ္ထံဝေရူပါနိကမ္မာနိ ကရောတိ။ ။ဟူ၍လာသည်။ဇာလံ၊ကွန်ကို၊ဖာလေတိ၊ ဖျက်စေ၏။ ကုမိနံ၊မှုန်းကို၊ ဝိဒ္ဓံသာပေတိ၊ဖျက်ဆီးစေ၏။သကုနပဉ္စရံ၊ငှက်ထား သောချိုင့်ကို၊ ဘိသာပေတိ၊ဖျက်ဆီးစေ၏၊ ဗန္ဓနမောက္ခံ၊ အနှောင် အဖွဲ့မှလွတ်ခြင်းကို၊ ကာရေတိ၊ပြုစေ၏၊ မာဃာတဘေရိံ၊ မသတ် ကြကုန်လင့်ဟူသောစည်ကို။ စရာပေတိ၊လည်စေ၍၊ ဇိဝိတပရိတ္တာ နတ္ထံ၊ အသက်၏အရံအတားပြုခြင်းငှါ၊ အညာနိပိ၊တပါးလည်းဖြစ် ကုန်သော၊ဝေရူပါနိ၊ဤသို့သဘောရှိကုန်သော၊ကမ္မာနိ၊အမှုတို့ကို၊ ကရောတိ၊ ပြု၏၊ ။ဤသို့ကရုဏာတရား အာကြီးသသူ၊ လူသူ

တော်ကောင်းတို့မှာ၊သူတပါးတို့အသက်ဘေးမှချမ်းသာရစေခြင်းငှါ နေရာရှာ၍ပင် ပြုကြပေသည်။ ။ဝိနည်း ဒေသနာတော်၌လည်း။ ။သပ္ပေနဂိလိတံ မဏ္ဍူကံ ဟတ္ထေန အပရာမာသေတွာ ဒဏ္ဍကေန ပိဋ္ဋေတွာ မောစာပေတုံ ဝဋ္ဋတိ။ ။ဟူ၍လာသည်။ ။သပ္ပေန၊မြွေသည်၊ဂိလိတံ၊မျိုအပ်သော၊မဏ္ဍူကံ၊ဖါးမကို၊ ဟတ္ထေန၊ လက်နှင့်၊ အပရာမာသေတွာ၊ မထိစေမူ၍၊ ဒဏ္ဍကေန၊ ဒုတ်လှံ့တန်ဖြင့်၊ပိဋ္ဋေတွာ၊ညှပ်၍၊မောစာပေတုံ၊ လွှတ်စေခြင်းငှါ၊ ဝဋ္ဋတိ၊ အပ်၏၊ အနာပတ္တိ၊ အာပတ်မသင့်၊ ။ဤဒေသနာတော်ဝယ် အဓိပ္ပါယ်သော်ကား၊ ကရုဏာတရားကိုရှေ့ထား၍၊ကုသိုလ်တရားကို လိုလားကြသည့် လူသူတော်ကောင်းတို့မှာ၊ ဖါးကိုမြွေကိုက်သည်ကိုတွေ့မြင်လျှင်၊ ပစ်၍လွှတ်ကြမြဲ၊ ရဟန်းတို့မှာ၊ မိန္မဟူက၊ တိရစ္ဆာန်မကိုသော်လည်း၊ မထိမကိုင်အပ်သောကြောင့်၊ ဒုက္ကဋ်အာပတ်မှ လွတ်စေခြင်းငှါ၊ မြွေခဲသောဖါးသည်၊ ဖါးမဖြစ်ခဲ့မူ၊ ဒုတ်လှံ့တန်စသည်ဖြင့်၊ ဖန်းယူထိညှပ်၍ လွှတ်ကြပါဟုဆိုလိုသည်၊ ။ဤသို့ကျမ်းလာသုတ်ဝိနည်း၊ အဘိဓမ္မာစကားကိုထောက်ထား၍၊ ဖါးကို မြွေကိုက်လျှင်၊ ကရုဏာတရား၊ ရှေ့ထား၍လွှတ်ကြပါကုန်၊ ။ဖါးသာမဟုတ်၊ သတ္တဝါတို့ကို ကိုက်စားသော သတ္တဝါဟူသမျှပင်ဖြစ်လိုက်ပါ၊ ဇီဝိတဒါနဖြစ်ပါလိမ့်မည်၊ အသက်အလှူပြုတော်မူကြပါ၊ ။ဖါးကိုမြွေကိုက်၊ တွေ့ကြုံကျိုက်က၊ ဖြင့်လိုက်သင့်မည်၊ မသင့်သည်ကို၊ ထူးလည်းသေချာ၊ ဟောပြောပါ၊ ။ဟူသောအမေးပုစ္ဆာပြဿနာကို၊ကျမ်းလာပါဠိဖြင့်၊ထောက်ညှိဆင်ခြင်၍၊ဖြေလိုက်သည်ကားဤတွင်၍ပြီးပါပြီ။

### သတ္တဝါအများ၊မြွေနှင့်ကျားတို့ ပုစ္ဆာကိုဖြေဆိုဦးအံ့။

သတ္တဝါအများ၊မြွေနှင့်ကျားတို့၊ သူတပါးအသက်၊ ကိုက်ဖျက်စားပါ၊ဤအရာကို၊ ပါဏာတိပါတကံ၊ ထိုက်မထိုက်ကို၊ ကျမ်း၌ရှာပေသိသင့်ပေ၊ ။ဟူသောအမေးပုစ္ဆာကို၊ ကျမ်းဂန်ပါဠိနှင့်၊ နှိုင်းညှိထောက်စာ၍ဖြေဆိုလိုက်ဦးအံ့၊ ။ဒုဂ္ဂတိအပါယ်ဖြစ်သော

တိရစ္ဆာန်တို့အား။ အကုသိုလ်စိတ် ၁၂ ခု။ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇ ခု။ မဟာကုသိုလ်စိတ် ၈ခု၊ ဤ ၃၇ ခုသော စိတ်တို့သည်။ ရအပ်ကုန်၏။ ထို ၃၇ ခုသောစိတ်တို့တွင်၊ အကုသိုလ်စိတ် ၁၂ ခုသည်၊ အပါယ်သို့သွားသောဆောင်တတ်သည်၊ ဒုစရိုက်ဆယ်ပါးတို့တွင်။ ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ၊ ဤဒုစရိုက်သုံးပါးတို့သည်၊ ဒေါသကြောင့်ဖြစ်ကုန်၏။ ။ထိုကြောင့်၊ အဘိဓမ္မတ္ထ မည်သော လက်သန်းအဋ္ဌကထာ၌၊ ။ပါဏာတိပါတော၊ ဖရုသဝါစာ၊ ဗျာပါဒေါစ၊ ဒေါသမူလေန ဇာယန္တိ။ ။ဟုမိန့်ဆိုတော်မူသည်။ ။အနက်ကား၊ ပါဏာတိပါတော၊ ပါဏာတိပါတသည် ၎င်း။ ဖရုသဝါစာစ၊ ဖရုသဝါစာသည်၎င်း၊ ဗျာပါဒေါစ၊ ဗျာပါဒသည် ၎င်း၊ ဒေါသမူလေန၊ ဒေါသမူလကြောင့်၊ ဇာယန္တိ၊ ဖြစ်ကုန်၏။ ။သူ၏အသက်ကို သတ်သော ပါဏာတိပါတကံသည်၊ ဒေါသမူလကြောင့်ဖြစ်ကုန်၏။ ။ထိုဒေါသမူလသည် အပါယ်သို့သွားသည်။ ။ဤသို့ပြဆိုအပ်ပြီးသော နည်းဖြင့်၊ မည်သည့်သတ္တဝါမဆို၊ ထိုအကုသိုလ်တရား ဖြစ်သောသူအား၊ ဆယ်ပါးကုန်သော အကုသိုလ်ဒုစရိုက်တို့သည်ဖြစ်ကုန်၏။ ။ကေနိပါတ်၊ ဗကဇာတ်၌၊ လွန်လေပြီးသော အခါ၊ ငါတို့ဘုရား အလောင်းသည်၊ တောအရပ်၌။ မထင်ရှားသော ရေဆိုင်၏အနီး။ ရေခတက် ပင်ကြီး၌၊ ရုက္ခစိုးနတ်ဖြစ်၏။ ထိုအခါ။ ထိုအိုင်၌၊ နွေလအခါ။ ရေနည်း၏၊ ငါးအများရှိကုန်၏။ ထိုအခါ တခုသော ဗျိုင်းသည်။ ငါးတို့ကိုမြင်၍၊ ငါးတို့ကိုလှည့်ဖြား၍စားအံ့ဟု၊ အိုင်နား၌နေ၏။ ထိုအခါ၊ ဗျိုင်းကို ငါးတို့မြင်၍။ အဆွေဗျိုင်း၊ ဤအိုင်နား၌ အဘယ်အကျိုးငှါနေသနည်းမေးသေသော်၊ သင်တို့ကိုကယ်ဆယ်အံ့ဟု ကြံ၍နေ၏။ အဘယ်သို့ကယ်ဆယ်မည်နည်းဟုမေးလေ၏၊ သင်တို့ကို ရေများသောအိုင်၌ ဆောင်၍လွှတ်က၊ သင်တို့ ချမ်းသာရာ ရလိမ့်မည်ဟု ပြောသော်။ အရှင်ဗျိုင်း။ ငါတို့ကိုကမ္ဘာဦးကမှစ၍၊ ငါးတို့ကို ချမ်းသာအောင်ကြံသော။ ဗျိုင်းမည်သည်မရှိဟု။ ငါတို့ကိုစားလိုသလောဟုမေး၏။ ငါသည် သင်တို့ကို မစားလို၊ ငါပြောသော စကားကို မယုံလျှင်။ တခုသောငါးကို ငါဆောင်မည် အတူတကွလိုက်ခဲ့ကြဟုဆိုလျှင်၊

တခုသော ငါးကြီးလိုက်၍ ငှက်ငြ၍ ပြန်ခဲ့လေ၏၊ ငါးကြီးက ရေ
အိုင် ကောင်းကြောင်းကို ချီးမွမ်းလျှင်၊ အရှင်ကောင်း၊ ငါတို့ကို
ဆောင်ပါဆိုလျှင်၊ ထိုငါးကြီးကိုဆောင်၍ ဧအိုင်သို့ငြ၍ ရေ
ခတက်ပင်ခွ၌ထား၍ နှင်သီးဖြင့်ပေါက်၍ စားပြီးမှ၊ အရိုးတို့ကို
သစ်ပင်ရင်း၌ထား၍ တဖန်လည်ပြန်၍၊ ဤနည်းဖြင့်ယူဆောင်၍ ငါး
တို့ကိုကုန်လေ၏။ ။ငါးကုန်သည်နောက်၊ ငှက်နက်ကိုလည်းစား၍
စားမည်ဟု အကြံနှင့်ပြောပြန်သော်၊ ငါသည် ဆောင်၍သွားသည်
ကို ငါမလိုက်ဝံ့၊ သင်၏လည်ပင်းကို ဆွဲ၍လိုက်လျှင် ကောင်း
၏ဟုဆိုသော်၊လိုက်ပါတော့ဆို၍ လိုက်သွားသော်၊ရေခတက်ပင်
သို့နား၏၊ ပုဇွန်ကဆိုသည်မှာ၊ ရေအိုင်ကား ဟိုမှာတည့်၊ အဘယ်
ကြောင့် ဤအရပ်သို့ ဆောင်သနည်းဆိုသော်၊ ဗျိုင်းက ငါးတို့ကို
လှည့်ဖြား၍စားသည်၊ ရေခတက်ပင်ရင်း၌၊ ငါးရိုးတို့ကိုကြည့်လော့။
သင့်ကိုငါစားအံ့ဟုဆို၏၊ ငါးတို့သည် မိုက်သောကြောင့် သင်စားရ
သည်၊ ငါသည်သင့်ဦးခေါင်းကိုဖြတ်၍မြေ၌ကျစေအံ့ဟု ဆို၍လက်
မတို့ဖြင့်လည်ကိုညှပ်၏၊ ဗျိုင်းသည် ခံတွင်းကိုဖွင့်လျက်၊မျက်စိတို့မှ
မျက်ရည်ယိုလျက်၊သေဘေးမှကြောက်သည်ဖြစ်၍၊ အရှင်သင့်ကိုမစား
အံ့၊ ငါ့အား အသက်ကိုပေးလော့ဟုဆို၏၊ အကယ်၍ မစားသည်
ဖြစ်အံ့၊ ငါ့ကို အိုင်၌လွှတ်လော့ဟုဆို၏၊ ဗျိုင်းသည်ပြန်၍ အိုင်သို့
သွားလျှင်သက်၍ ပုဇွန်ကိုအိုင်နားဝယ် ညွှန်အပြင်၌ထား၏၊ ပုဇွန်
သည်၊ ဗျိုင်း၏လည်ကိုဖြတ်၍ ရေသို့ဝင်၏၊ ထိုအံ့ဘွယ်သရဲကိုမြင်
၍ ရေခတက်ပင်၌ စောင့်သောနတ်သည် ကောင်းချီးကိုပေးလျက်
သာယာသောအသံဖြင့်။ ။နစ္စန္တံ နိကတိပညော၊ နိကတျာသုခ
မေဓတိ၊ အာရာဓေတိ ကတိပညော ဗကောကက္ကဋကာမိဝ၊ ။
ဟူသောဂါထာကိုဆို၏။ ။ဘောဇ္ဈော၊အချင်းတို့၊နိကတိပညော၊
လှည့်ပတ်တတ်သော ပုဂ္ဂိုလ်သည်၊ နိကတျာ၊ လှည့်ပတ် သဖြင့်၊
အစ္စန္တံ၊ စင်စစ်၊ သုခံ၊ချမ်းသာ၌၊ နဧဓတိ၊ မတည်ရ၊ ကက္ကဋကာ၊
ပုဇွန်မှ၊ ဗကော၊ဗျိုင်းသည်၊ ဂီဝစ္ဆေဒံ၊လည်ပြတ်ခြင်းသို့၊ ပါပုဏိ
ဝေ၊ရောက်သကဲ့သို့၊ တထာ၊ထိုအတူ၊ ကတိပညော၊ငြိုးလဲသော
ပုဂ္ဂိုလ်သည်၊ အတ္တနာ၊ မိမိသည်၊ ကတပါပဿ၊ပြုအပ်သော မ

ကောင်းမှုအကုသိုလ်၏၊ဖလံ၊အကျိုးကို၊အာရမေတိ၊ရ၏။ ဧ
မျိုးသည် သူ့အသက်ကို သတ်၍ စားခြင်းတည်း ဟူသော အ
ကြောင်းကြောင့် အကုသိုလ်အကျိုးပေးသည်ဖြစ်၍၊ မိမိသည်ပင်
ပုဏ္ဏန်ညှဉ်၍ သေရလေသည်။ မည်သည့် သတ္တဝါမဆို၊ သူ၏အ
သက်ကိုသတ်၍စားက ပါဏာတိပါတကံထိုက်၍ အကုသိုလ် ဒုစ
ရိုက်ဖြစ်၏။ ။တိတ္တိရဇာတ်တွင်လည်း၊ ဘုရားလောင်း ခါမင်း
က၊အကျွန်ုပ်၏ ပယောဂကြောင့်၊ ဆွေမျိုးဖြစ်သော ခါအပေါင်း
တို့ကို မုဆိုးသတ်စားသည်အရေးများကို၊ အကျွန်ုပ်မှာ ပါဏာတိ
ပါတ အကုသိုလ်မှ လွတ်ပါအံ့လောဟု၊ ရသေ့ထံ လျှောက်ထား
ကြောင်း ကျမ်းဂန်လာသည်ဖြစ်၍၊တိရစ္ဆာန်တို့လည်း အကုသိုလ်
ဖြစ်၏ဟုမှတ်၊ ။ကေနိပါတ် ကုလာဝကဇာတ်တွင်။ သုဇာတာ
မိဖုရား၏အသောင်းဖြစ်သော မျိုးမကို၊သိကြားမင်းလာ၍ ငါးပါး
သီလဆောက်တည်၍ နေရမည်ဟုဆုံးမ၍ ချောက်ကြား၌လွှတ်၏၊
မျိုးမလည်း၊ ထိုနေ့မှစ၍ သီလစောင့်၏။ သိကြားမင်းသည်၊ နှစ်
ရက်လွန်သဖြင့် သီလကိုစောင့်ခြင်းငှါ တတ်နိုင်၏လောဟုသွား၍
ငါး၏အသွင်ဖြင့် ပက်လက်ဖြစ်၍ ရေမှာအိပ်၏။ မျိုးမသည်၊ ငါး
ဟူသောအမှတ်ဖြင့် ဦးခေါင်း၌ဘင်း၏၊ ငါးသည် အမြီးကိုလှုပ်၏။
ထိုအခါ၊ အသက်ရှင်သောငါးဟုသိ၍ လွှတ်လိုက်၏၊ သိကြားမင်း
သည် ကောင်းစွကောင်းစွ၊ သီလကိုစောင့်ခြင်းငှါ တတ်နိုင်လတံ့
ဟုနှလုံးသွင်း၍သွား၏၊မျိုးမသည် ထိုဘဝမှစုတေ၍၊ဗာရာဏသီ
ပြည်၌ အိုးထိန်းသည်အိမ်၌ ဖြစ်ပြန်လေ၏။ ထိုဘဝမှ စုတေလေ
သည်ရှိသော်၊ ဝေပစိတ္တအသူရာမင်း၏ သမီးဖြစ်လေ၏။ ထိုသီလ၏
အကျိုးစက်ဖြင့် အလွန်အဆင်းလှ၏၊ ရွှေအဆင်းနှင့်တူသော အ
ဆင်းရှိ၏၊ သူတပါးတို့နှင့် မဆက်ဆံသောအဆင်းရှိသော ကိုယ်
နှင့်ပြည့်စုံ၏၊ သုဇာတာ၏အရွယ်ရောက်သောကာလ၌၊ သိကြား
မင်းသည်၊ သုဇာတာကိုဆောင်၍ နတ်ပြည်သို့တက်လေ၏၊နှစ်ကု
ဋေငါးသန်းကုန်သော ကချေသည်တို့၏အကြီးပြု၍၊ အသက်ထက်
ဆုံးဘည်၍ ကံအားလျော်စွာလား၏။ ။ကေနိပါတ်၊ကုလာဟ
ဇာတ်၌၊ မြိုင်းသည် သီလစောင့်၍ ပါဏာတိပါတကံမှ ကြောက်

၍ ကြည့်ရှောင်သောကြောင့် နတ်ပြည်သို့ရောက်လေသည်၊ ။ ဤဖြိုင်းမ၏ ဝတ္ထုကိုထောက်၍ တိရစ္ဆာန်တို့၏သည်း ပါဏာတိပါတကံထိုက်၍ အကုသိုလ် ဒုစရိုက် ဖြစ်ကြောင်းကို ကောင်းကောင်းကြီးမှတ်ကြလေကုန်။ ။သတ္တဝါအများ၊ မြွေနှင့်ကျားတို့၊ သူဘယ်ပါးအသက်၊ ကိုက်ဖျက်စားပါ၊ ဤအရာကို၊ ပါဏာတိပါတကံ ထိုက်မထိုက်ကို၊ ကျမ်းန၌ရှာသော့၊ သိသင့်ပေ။ ။ဟူသောအမေးပုစ္ဆာကို၊ ကျမ်းဂန်အလာ၊ ဒေသနာဓမ္မနှင့်၊ ထောက်ဆနိုင်းညှိ၍၊ တိရစ္ဆာန်တို့သည်သည်း အကုသိုလ် ဒုစရိုက်ဖြစ်ကြောင်းကို ဖြေဆိုလိုက်သည်ကား၊ ဤတွင်၍ပြီးပြီ၊

---

ခရီးလမ်းတွင်၊ ရဟန်းသူမြတ်အမေးကို ဖြေဆိုဦးအံ့၊

ခရီးသမ်းတွင်၊ ရဟန်းသူမြတ်၊ တွေ့ကြုံတတ်သော်၊ ကျဉ်းကျပ်နေရာ၊ တွေ့ခဲ့ပါလျှင်၊ ရှောင်ရာထချက်၊ အရိပ်ဘက်က၊ ရှောင်ကြရမည်၊ သို့တည်းမဟုတ်၊ အရိပ်မထွက်၊ ထိုသည့်ဘက်က၊ ရှောင်ရမည်မှာ၊ ဤအရာကို၊ ကျမ်းလာထောက်ဆ၊ ဟောပြောပြ၊ ။ဟူသောအမေးပုစ္ဆာကို၊ ကျမ်းလာအလို၊ ထောက်ဆဆို၍၊ ဖြေလိုက်ဦးအံ့၊ ။ဆာယာဟူသောအရိပ်ကို ဝစနတ္ထပြုသည်မှာ၊ ။ ဆာဒတိဘိဆာယာ၊ ။ဆာဒဘိ၊ ဖုန်းလွှမ်းတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ ဆာသာ၊ ဆာယာမည်၏၊ ဝါ၊ အရိပ်မည်၏၊ ဖုန်းလွှမ်းတတ်သောကြောင့်၊ ဆာယာ၊ ဆာယာကိုပင် အရိပ်ခေါ်ချေသည်၊ အရိပ်သည်၊ လူအောက်ကနေသည်၊ လူအထက်က နေသည်ကို သတိထားရမည်၊ ရဟန်းသင်္ဃာ၊ လူကြီးလူကောင်း ရှိသေလေးမြတ် ပြုအပ်သောသူတို့နှင့်တွေ့ကြုံသောအခါ၊ နံနက်အခါဖြစ်လျှင် အရိပ်သည် အနောက်ကနေသည်၊ နေပွန်းလွဲသော်၊ အရိပ်သည် အရှေ့ကနေသည်ဖြစ်၍၊ နံနက်အခါ ခရီးသမ်း၌ ရဟန်းတို့နှင့် တွေ့ချိန့်သော်၊ အနောက်ဘက်က နေရမည်၊ ရှောင်ရမည်။ အဘယ်ကြောင့်နည်း၊ အရိပ်သည်၊ လူအောက်ကမနေ၊ လူအထက်ကနေသည်ဖြစ်၍၊ လူရိပ်သည်၊ ရဟန်းသင်္ဃာတော်တို့အပေါ်က အရိပ်

စီး၍နေသောကြောင့်တည်း။ ။အကယ်၍ အရှေ့ဘက်ကရှောင်၍နေအံ့၊ ရှောင်သောသူ၏အရိပ်သည်၊ ရဟန်း၏အပေါ်သို့ အရိပ်စီး၍နေသောကြောင့် အရှေ့ဘက်ကရှောင်ချ၊ ။သို့အတူ၊နေမွန်းလွဲသျှင်၊ အရှေ့ဘက်ကရှောင်၊ အနောက်ဘက်ကရှောင်လျှင် အရိပ်သည်ရဟန်းကိုအရိပ်စီး၍နေလိမ့်မည်၊ အရိပ်အထက်က နေသည်ကို၊ သတ္တနိပါတ်၊ သုဘနုဇာတ်တော်နှင့် ထောက်မြော်ရန်ဖြစ်ဦးအံ့၊ ။လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်၊ ငါဘုရားအလောင်းတော်သည်၊ ဆင်းရဲသောအမျိုး၌ဖြစ်၍၊ ဘုရားလောင်းကို သုဘနုဟူသောအမည်ရှိ၏၊ ထိုသုဘနုသည်၊သူချင်းငှါးလုပ်၍ အမိအဘတို့အား ကျွေးမွေး၏၊သို့အခါ ဗာရာဏသီမင်းသည် သမင်တို့ကိုသတ်ခြင်းငှါအလိုရှိ၍ တောသို့သွားလေသော်၊ အဝင်အပန်းပြေအံ့ဟု၊ ခရီး၏အနီးညောင်ပင်သို့ဝင်လေသော်၊ ထိုညောင်ပင်ကိုစောင့်သော မာလဒေဝမည်သောဘီလူးသည်၊ ထိုညောင်ပင်ကို ဝင်သောသူတို့အား၊ ဝေဿဝဏ်နတ်မင်းကြီးက စားစေဟု စားခြင်းငှါရ၏၊ ဘီလူးသည်၊ မင်းကြီးကိုမြင်၍ ချင်သော၊ငါ့အစာဖြစ်ပြီဟု လက်ကိုကိုင်၍၊ မင်းကြီးက သင်အဘယ်အမည် ရှိသနည်းဟု မေးလေသော်၊ငါသည် ပညောင်ပင်စောင့်သော ဘီလူးတည်း၊ ဤသစ်ရိပ်ကိုဝင်သောသူတို့ကိုစားစေဟူသောအခွင့်ရ၏၊ မင်းကြီးသည်သတိရ၍ အကျွန်ုပ်လွှတ်ပါ၊ အကျွန်ုပ်သည် နေ့တိုင်းမပြတ် အစာနှင့်တကွလူတယောက် တယောက် စေလွှတ်ပါမည်ဟု ပြောလေသော်၊ ကောင်းပြီ၊ နေ့တိုင်းနေ့တိုင်းပို့ရမည်၊မပို့သောလျှင် ငါလာ၍စားမည်ဟုဆို၍ လွှတ်လိုက်၏၊ ပြန်လာ၍ မြို့သို့ရောက်လျှင် အကျဉ်းခံရသောသူတို့ကို ထမင်းပို့စေလွှတ်၍၊ထမင်းပို့သောသူတို့ကို စား၏၊ ဤကဲ့သို့ နေ့တိုင်းနေ့တိုင်း ထမင်းပို့သောသူစား၍ အကျဉ်းသားကုန်လေ၏။ အကျဉ်းသားတို့ကုန်လေလျှင်၊ အသပြာ တထောင်ပေးမည်၊ ဘီလူးထံ ထမင်းပို့ဝံ့သူရှိလျှင်ပို့ကြဟု မောင်းကြေးနင်းခတ်လေသော်၊ သုဘနုလုလင်က အကျွန်ုပ် ပို့မည်ဟုဝန်ခံ၍၊ အသပြာတထောင်ထုပ်ကိုယူပြီးမှ မင်းကြီးထံသွား၍ အကျွန်ုပ် ပို့ပါမည်။

ထိး-ဘိနပ်-သံလျက်တို့ကို တောင်း၍၊ မင်းကြီးပေးလိုက်သော ထိး-ဘိနပ်-သံလျက် တို့ကိုယူ၍ ပဒေါင်ပင်စောင့်သော ဘီလူး ထံသွား၍ရောက်လေလျှင်၊ဘီလူးက ငါ၏ပိုင်မြေကို သင်နင်းရကား ငါ၏အစာမှန်သည်ဟုဆိုသောကာလ၊သင့်မြေကို ငါမနင်း၊မင်းကြီး မြေနင်းတော်ကိုသာ ငါနင်းသည်၊ ငါ၏ပဒေါင်ရိပ်ကို သင်နိုသည် ဆိုပြန်သည်ကာလ၊သင်၏ပဒေါင်ပင်ရိပ်ကို ငါမခို၊မင်းကြီး ထီးရိပ်ကိုသာ ငါခိုသည်ဟုဆိုလျှင်၊သူဘနွလုလင်ကို ဆင်ခြေမပိုင် မတတ်နိုင်သောကြောင့်၊ ဘီလူးကအရှုံးပေး၍ ဝန်ချကြောင်းကို ရင်းဇာတ်တော်တွင်လာသည်၊ ။ဤသို့ဇာတ်တော်လာစကားကို ထောက်ထား၍၊ အရိပ်မည်သည် အပေါ်ကသာစိုး၍ နေသည့် အောက်ကမနေ၊ သို့ဖြစ်၍ ရဟန်းသူမြတ်တို့နှင့် ခရီးလမ်းတွေ့ကြုံ လျှင်၊ အရိပ်ထွက်သောဘက်ကရှောင်ရမည်၊ အရိပ်မထွက်သော ဘက်ကရှောင်လျှင် ရှောင်သူ၏အရိပ်သည် ရဟန်းတို့အပေါ်က အရိပ်စိုး၍ နေမည်ဖြစ်သောကြောင့်၊ အရိပ်မထွက်သော အရပ် ဘက်ရှောင်ရမည်၊ ။ဤသည်လျှင်၊ ခရီးလမ်းတွင်၊ ရဟန်း သူမြတ်၊တွေ့ကြုံသော်၊ ကျောင်းကျပ်နေရာ၊တွေ့ခဲ့ပါလျှင်၊ရှောင် ရာဘချက်၊အရပ်ဘက်က၊ ရှောင်ကြရမည်၊ ထိုသည်တချက်၊ အ ရိပ်မထွက်၊ထိုသည့်ဘက်က၊ရှောင်ရမည်မှာ၊ဤအရာကို၊ထောက် စာနိုင်းဆ၊ဟောပြောပြ၊ ။ဟူသောအမေးပုစ္ဆာကို၊ကျမ်းလာ စကား၊ထောက်ထားမျှော်မြင်၊ဆင်ခြင်၍ဆုံးဖြတ်၊ဇာတ်နိပါတ်အ နေနှင့်၊ အဖြေဝိသဇ္ဇနာကို၊ လျှင်စွာမယုတ်၊ အားထုတ်၍တခန်း၊ နိဋ္ဌိတံ-တန်တော့ပြီ၊

မာတာပိတာ၊မိဘနှစ်ပါး၊အစရှိသောပုစ္ဆာ၌ဖြေဦးအံ့၊

မာတာပိတာ၊မိဘနှစ်ပါး၊မသွားလာဘဲ၊ဂဗ္ဘသန္ဓေ၊ စွဲယူလေ၍၊ ဘွားချိန်ကျမှ၊ဘွားမြင်ရသည်၊ ။ရချမှန်ဆို၊အဘယ်ပုဂ္ဂိုလ်တို့ နည်း ဟူသောအမေးပုစ္ဆာ၌၊ အဖြေဝိသဇ္ဇနာဖြင့် ဖြေလိုက်ဦးအံ့၊ မေထုန် စေဝဂှပဟာတာ၊ ထနသံသင္ဂေါစနာဘိအာမသန်၊ ပါတာ

ဒဿနံ၊ သဝနံဃာယနံ၊ မိတ်ိဂန္ဓဗ္ဗာဘတဝေါ အဋ္ဌ၊ ။သာရတ္တ ဒီပနီ၊ သာဓကပါဠိ၊ ။မေထုန်၊မေထုန်စင်ရှက်ခြင်းငှင်း၊စေးဋ္ဌ ဂဟဏံ ပုဆိုးဖြင့်သုတ်သွေးကိုယူခြင်းငှင်း။တနုသံသဂ္ဂေ`စ၊ကိုယ် ထက်နှိုးနှောခြင်းငှင်း၊ နာဘိအာမသနံ၊ ချက်ကို သုံးသပ်ခြင်းငှင်း၊ ပါနံ၊သုတ်သွေးကို သောက်ခြင်းငှင်း၊ ဒဿနံ၊ အဆင်းကို မြင်ခြင်း ငှင်း၊ သဝနံ၊အသံကိုကြားခြင်းငှင်း၊ ဃာယနံ၊အနံ့ကိုနမ်းခြင်းငှင်း၊ ဇာတိ၊ ဤသို့၊ ဂန္ဓဗ္ဗာဘတဝေါ၊ ကိုယ်ဝန်ယူခြင်း၏ အကြောင်းတို့ သည်၊ အဋ္ဌ၊ ရှစ်ပါးတို့ဘည်း။ ။ထိုရှစ်ပါးတို့တွင်၊ဤသောကန္ဒ အချိုးသော မိန်းမတို့သည်၊ ဥတုလာသောအခါ၌၊ ဆန္ဒရာဂဖြင့် ပြင်းစွာဘဘ်သည်ဖြစ်၍၊ယောကျ်ားတို့လက်ကိုကိုင်ခြင်း၊ ဆံထုံး ကိုကိုင်ခြင်း၊ အင်္ဂါကြီးငယ်အား သုံးသပ်ခြင်းကို သာယာကုန် သည်ဖြစ်၍သော်၊ပဋိသန္ဓေကိုယ်ဝန်ကိုယူကုန်၏၊ ဤသို့ကာယသံသဂ္ဂ ကြောင့် ပဋိသန္ဓေနေသည်၊ ။ရှင်ဥဒါယီသည် ရဟန်းယောကျ်ား ကျောင်း၌ ရဟန်းပြုသည်ရှိသော်၊မယားဟောင်းသည်းဘိက္ခုနီမ တို့၏ကျောင်း၌ ရဟန်းပြုလေ၏၊ ရှင်ဥဒါယီသည်၊ မယားဟောင်း ဖြစ်သော ဘိက္ခုနီမ၏အထံ၌၊ နေ့တိုင်းမပြတ် ဆွမ်းစား၏၊ဘိက္ခု နီမသည်းရှင်ဥဒါယီထံသို့ မပြတ်သွား၏၊တရံသောအခါ၊ ရှင်ဥဒါ ယီ သည်၊ ဘိက္ခုနီမ၏ အထံ၌ ဆွမ်းစားလာသော်၊ ထိုသူနှစ်ဦးတို့ သည်၊ လူဖြစ်စဉ်က ကြင်သည်ရင်းဖြစ်၍၊ အရှက်မဲ့ရကား၊ တစ်ယောက်အား တစ်ယောက်သည်၊ အင်္ဂါကြီးငယ်ကိုဖြလျက် နေ ကြကုန်၏၊ ယင်းသို့နေကြလျှင်၊ ရှင်ဥဒါယီအား သုတ်လွှတ်လေ၏၊ သုတ်လွှတ်သောကြောင့်၊ သင်းပိုင်ကိုလူးရကား၊ ဖွတ်လျှော်ပါဟု မယားဟောင်းဖြစ်သော ဘိက္ခုနီမအား ပေးအပ်လေ၏၊ ဘိက္ခုနီမ လည်း၊ သုတ်နှင့်တကွသော သင်းပိုင်ကိုယူပြီးလျှင်၊ အချို့သော သုတ်ကို ခံတွင်းဖြင့်ရပ်သည်၊အချို့သောသုတ်ကို သင်းပိုင်နှင့်တကွ အင်္ဂါဇာတ်၌သည့်သွင်း၏၊ ထိုဘိက္ခုနီမသည်၊ သက်နှင်းနှင့်တကွ သုတ်ကို အင်္ဂါဇာတ်၌သည့်ခြင်းကြောင့် ကိုယ်ဝန်ယူလေ၏၊ ထို အကြောင်းကို သဗ္ဗညုမြတ်စွာဘုရား ကြားတော်မူလျှင်၊ သင်းပိုင် ဟောင်းကို ဘိက္ခုနီမအား မဖွတ်လျှော်စေနှင့်ဟု သိက္ခာပုဒ်

ပညာဘ်တော်မူ၏။ ။ထိုသူနှစ်ယောက်တို့၏ ဝတ္ထုစကားကိုကြား
ရလျှင်၊ သောကိလူများအားသော်၊ အလွန်ရုန့်ရင်းကြမ်းတန်း၏၊
ယင်းသို့ ရုန့်ရင်းကြမ်းတန်းသော်လည်း၊ ဆိုရေးဆိုခွင့်ရှိက ဆိုရ
တော့သည်၊ သဗ္ဗညုဘုရားမှသော်လည်း၊ ရုန့်ရင်းကြမ်းတန်းသော
စကားကိုကြားလျှင်၊ ရုန့်ရင်းကြမ်းတန်းသည်စကားဟု လင်လျှ
ရှုချ်နေတော်မမူ၊ မဟာကရုဏာတော်ကိုရှေ့ထား၍ သိက္ခာပုဒ်
ပညတ်တော်မူသည်၊ သည်ကိုရည်၍ ဖြေပြောရှိတို့လည်း။ ။
ဘုရားလူ့ဘ၊ ရနိဋ္ဌလျက်၊ မိန်းမယေကျ်ား၊ လူစကားဖြင့်၊ ကြား
စတောင်း၊ မဆိုကောင်းကို၊ အကြောင်းနည်းသွေး၊ ဆိုတုံသေး၏၊
ဆိုရေးရှိက၊ ဆိုအပ်လျက်၊ ဆိုများလျှား၊ ထားပချွင်း၊ ဝေန
ရှိခဲ့၊ ပြီးမှည့်ပြီးစေ၊ ဆိုလျှင်းနေအံ့၊ ။ဟုစင်ဆိုတင်မူကုန်သည်။
ထိုဘိက္ခုနီမသည်၊ ကိုယ်ဝန်ရင့်လျှင်၊ ကုမ္မရဂေဟာသို့ ဘွား
သည်ဟု မိလိန္ဒပဉှာ၌ဆိုသည်၊ ဤသို့ပုဆိုးဖြင့် သုတ်သွေးကိုယူ
ခြင်းကြောင့် ပဋိသန္ဓေနေသည်ကိုသိအင်၏။ ။မိဂသိင်္ဂရသေ့
ငယ်၏ အမိဖြစ်သော သမင်မသည်၊ ဥတုလာသောအခါ၊ ဘုရား
လောင်း ရှင်ရသေ့၏ ပဿာဝကျင်ခိုကိုလာပြီးလျှင်၊ ရှင်ရသေ့၏
သုတ်သွေးနှင့်တကွသော ကျင်ငယ်ကိုသောက်၏၊ ယင်းသို့သောက်
သောကြောင့်၊ ထိုသမင်မသည် ပဋိသန္ဓေကိုယူ၍၊ မိဂသိင်္ဂရသေ့
ကိုဘွားသည်ဟု၊ ဇာတ်အဋ္ဌကထာ၌လာ၏၊ ဤသို့သုတ်သွေးကို
သောက်ခြင်းကြောင့် ပဋိသန္ဓေနေသည်ကိုသိအင်၏။ ။

ဘုရားလောင်း သုဝဏ္ဏသာမ၏မယ်တော် ခမည်းတော်ဖြစ်ကုန်
သော၊ ဒုကူလ-ပါရိကရသေ့တို့၏ ကျေးယုတ်ဇွတ်သည်ကိုသိ၍
သိကြားမင်းသည်၊ ထိုရသေ့တို့အား သားပေးလိုရကား၊ ဒုကူလ
ပညာရှိကို၊ အရှင်တို့အား မေထုန်အကျင့်အင်မည်လောဟုမေး၏၊
ဒုကူလပညာရှိကလည်း၊ အပ်သည်ဖြစ်စေ၊ မအင်သည်ဖြစ်စေ၊ မေ
ထုန်အကျင့်ဖြင့် အလိုမရှိသောကြောင့် ရဟန်းပြုသည်ဟုဆို၏၊
မေထုန်အကျင့်ဖြင့် အလိုမရှိလျှင်၊ ဤပါရိကာရသေ့မ၏ ဥတုလာ
သောအခါ၊ ရှင်ရသေ့၏ လက်ဖြင့် ချက်ကိုသုံးသပ်ပါဟု မှာဆို
ခဲ့၏၊ သိကြားမင်းမှာဆိုတိုင်း လက်ဖြင့် ချက်ကိုသုံးသပ်လေ၏၊

ယင်းသို့သုံးသပ်ခြင်းကြောင့်၊ ထိုပါရိကရသေ့မ ပဋိသန္ဓေကိုယ် ဝန်ယူ၍၊ ဘုရားလောင်းသုဝဏ္ဏသာမကိုဘွားသည်ဟု၊ ဇာတ်အဋ္ဌ ကထာတွင်လာသည်၊ ၊ဤသို့ ချက်ကိုသုံးသပ်ခြင်းကြောင့်၊ ပဋိသန္ဓေနေသည်ကိုသိအပ်၏၊

မဏ္ဍဗျ သတို့သား၏ ဝတ္ထုကြား၊ ဘုရားအလောင်းတော် ဒွန်းစဏ္ဍားမာတင်္ဂသည်၊ ဒိဋ္ဌမင်္ဂလိက အမည်ရှိသော သူဌေးသမီး ကို၊ ဥပါယ်အကြောင်းဖြင့် ရအောင်တောင်း၍ ရလေလျှင်၊ မြို့ပြင် ဒွန်းစဏ္ဍားရွာသို့ဆောင်ပြီးသော်၊ နှစ်ရက်သုံးရက်အားဖြည့်တင်း ပြီးမှ၊ အမျိုးသမီးကောင်းအား၊ မဖျက်ဆီး ကောင်းဟု ကြံ၍၊ ဒိဋ္ဌမင်္ဂလိကကို အိမ်၌ထား၍၊ မိမိကား၊ တောသို့ သွားပြီးသော်၊ သမထကိုအားထုတ်၍ များမကြာ ၂ရက် ၃ရက်အတွင်း၌၊ ဈာန် သမာပတ် အဘိညာဉ်တို့ကိုဖြစ်စေ၍ အိမ်သို့လာ၍၊ ဒိဋ္ဌမင်္ဂလိက ဥတုလာခိုက်ကြုံရကား၊ ဒိဋ္ဌမင်္ဂလိက၏ချက်ကို လက်ဖြင့်သုံးသပ် လျှက်၊ မဏ္ဍဗျသတို့သားဝင်၍ ပဋိသန္ဓေနေလေ၏၊ ထိုအခါ၊ ဒိဋ္ဌမင်္ဂလိကကို၊ ဗာရာဏသီပြည်၏ အလယ်၌၊ မဏ္ဍပ်ကြီးစွာ ဆောက်၍ထားရကား၊ မဏ္ဍပ်၌သတို့သားဘွားလေ၏၊ ထို့ကြောင့် မဏ္ဍဗျသတို့သားဟု အမည်အားဖြင့် ခေါ်ကြသတည်း၊

စဏ္ဍပဇ္ဇောတမင်း၏ဝတ္ထုကြား၊ တရံရောအခါ၊ စဏ္ဍပဇ္ဇောတ မင်း၏မယ်တော်သည်၊ အိပ်ရာထက်ဝယ် ပက်လက်လျောင်း၍နေ ၏၊ ယင်းသို့ နေသည်ကာလ၊ ကင်းခြေကောက်တကောင် တက်ပြီး လျှင်၊ ချက်ဝယ်ဝတ်၍နေ၏၊ ယင်းသို့နေသည်ကို၊ ထိုမာတုကာမ သည်၊ ဆန္ဒရာဂဖြင့် သဘောရကား၊ သုတ်သွေးလျှပ်သောကြောင့် စဏ္ဍပဇ္ဇောတမင်းသည်၊ ပဋိသန္ဓေနေ၍ ဘွားမြင်သည်ဟု၊ သာရတ္ထ ဒီပနီဋီကာ၌ဆိုသည်၊ ၊အဆင်းကိုမြင်၍ ပဋိသန္ဓေနေသည်မှာ၊ သိဟိုဠ်ကျွန်းဝယ်၊ အဖွတ်မရှိသော မင်းမောင်းမတယောက်သည်၊ မင်းချင်းယောကျ်ားတယောက်နှင့် ပေါင်းဘော်လိုလျက် မပေါင်း ဘက်သာသောကြောင့်၊ အိပ်ရာတိုက်ခန်း၌ တည်လျက်ပင်၊ ထို ယောကျ်ားကို ဆန္ဒရာဂ၏အစွမ်းဖြင့်၊ တစိမ့်စိမ့်ကြည့်ရှု၏၊ ယင်း သို့ကြည့်ရှုသောကြောင့်၊ ထိုမင်းမောင်းမအား ပဋိသန္ဓေကိုယ်ဝန်

ရသည်ဟု၊ သာရတ္ထဒီပနီဋီကာ၌ဆို၏၊ ။ဤသို့အဆင်းကို မြင်ခြင်းကြောင့်၊ ပဋိသန္ဓေနေသည်ကိုသိအပ်၏၊ ။အသံကိုကြား၍ ပဋိသန္ဓေနေသည်မှာ၊ မျိုးတို့၌ ယောကျ်ားအတိုမည်သည်ကားမရှိ၊ ထိုမျိုးတို့သည်၊ ဥတုလာသောအခါ မိုးသံကိုကြား၍ ပဋိသန္ဓေနေကြကုန်၏၊ ။ကြက်မတို့လည်း၊ တရံတခါ ကြက်ဖ၏တွန်သံကိုကြား၍ ပဋိသန္ဓေယူကြကုန်၏၊ ။နွားမတို့သည်လည်း၊ တရံတခါ၊ နွားလားဥသဘ၏တွန်သံကိုကြား၍ ပဋိသန္ဓေယူကြကုန်၏၊ ဤသို့အသံကိုကြားသောကြောင့် ပဋိသန္ဓေနေသည်ကိုသိအပ်၏၊ ။အနံ့ကိုနမ်း၍ ပဋိသန္ဓေနေသည်မှာ၊ နွားမတို့သည်လည်း၊တရံတခါ၊ တချော နွားလားဥသဘ၏ အနံ့ကိုနမ်း၍ ပဋိသန္ဓေကိုယ်ဝန်ယူကြကုန်၏၊ ။ဤသို့အနံ့ကိုနမ်းသောကြောင့် ပဋိသန္ဓေနေသည်ကိုသိအပ်၏ဟု၊ ဝိနည်းအဋ္ဌကထာ၌လာ၏၊ ။မာတာပိတာ မိဘနှစ်ပါး၊မသွားလားဘဲ၊ ဂန္ဓဗ္ဗသန္ဓေ၊ စွဲယူလေ၍၊ ဘွားချိန်ကြမှ၊ ဘွားမြင်ရသည်၊ ရချမှန်ဆို၊ အဘယ်ပုဂ္ဂိုလ်တို့နည်း၊ ။ဟူသော ၎င်းပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကို၊ ကျမ်းလာမဆိုင်း၊ ဟုတ်တိုင်းကိုဖြေဆိုလိုက်သည်ကား၊ ဤတွင်၌ပြီးပြီ၊ ။

ကြာမျိုးငါးအင်း၊အစရှိသောပုစ္ဆာကိုဖြေဦးအံ့၊

ကြာမျိုးငါးအင်း၊ပုံလင်ပြည့်မှု၊ ကန်ထဲရှိက၊ ဂုဏ္ဍဖြင့်ပြီး၊ပွင့်တန်ကြီးက၊လူကိုသိးသည်၊ ထုံးနည်းကျမ်းလာဟုတ်၏လော၊ ။ ဟူသော အမေးပုစ္ဆာ၌၊ကျမ်းလာစကား၊ ထောက်ထားနိုင် သ၍ သာဓကသက်သေနှင့်၊ အဖြေဝိသဇ္ဇနာကို၊ လျှင်မြန်စွာဆိုဦးအံ့၊ ။ ဥမ္မာဒန္တီအဖြစ်မှ ရထေ၍၊ နတ်ပြည်၌ ထကြွမ်ဖြင့်ပြီးမှ၊ တဘန်လူ့ပြည်သို့သက်လာသော်၊ ဗာရာဏသီပြည်၏အနီးဖြစ်သော ရွာငယ်၌၊လယ်လုပ်၍အသက်မွေးသော သူဆင်းရဲမျိုး၌ဖြစ်၍၊အရွယ်ရောက်သောကာလ၊ လယ်လုပ်၍ လယ်ကင်းစောင့်အံ့သော၌ သွားသည်ရှိသော်၊ ခရီးလမ်းအကြား၌၊ ပဒုမ္မာကြာအိုင်တွင် ကြာရွက်

ငါးရာ၊ ကြာပွင့်ငါးရာတို့ကို ဆွတ်ချူးခဲ့၍ ထယ်တဲသို့ ရောက်သော အခါ၊ ပေါက်ပေါက်ငါးရာတို့ကို ပေါက်ဖော်၍နေ၏။ ထိုအခါ နိုရောဓသမာပတ်မှထသော ပစ္စေကဗုဒ္ဓါတဦးသည်၊ ဂန္ဓမာတောင် မှကြွလာသော ပစ္စေကဗုဒ္ဓါကိုမြင်လျှင်၊ ကြည်ရွှင်သောသဒ္ဓါထရေး ဖြင့်၊ ငါးရာသော ပေါက်ပေါက်တို့ကို၊ ထိုအရှင် သပိတ်တော်၌ လောင်းပြီးမှ၊ ပဒုမ္မာကြာပန်းဖြင့် ဖုံးလွှမ်းပြီးမှ လှူဒါန်းလိုက်၏။ ပစ္စေကဗုဒ္ဓါလည်း၊ အတန်ငယ်ကြာပြီးမှ အကြံရသည်မှာ။ အရှင် တို့သည်၊ကြာပန်းကိုအလိုမရှိရာဟု မြန်စွာလိုက်ပြီးလျှင်၊ ကြာပန်း ကိုလှမ်းယူ၍၊လှမ်းယူပြီးမှ၊အရှင်ဘုရားသည် အလိုရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ငါလှူချေလျှင်၊ ဒါနကြီးဖြစ်ပေသည်တကား။ ငါ့ဥာဏ်၍ယူမိပြန်သည်ဟု ထဘန်သပိတ်ထက်၌ထားပြီးသော်၊ ရှေ တော်၌ဝပ်၍ရှိခိုးပြီးသော်၊အရှင်ဘုရား အကျွန်ုပ်သည်၊ဤကြာပန်း ကိုလှူဒါန်းရသည့် ကုသိုလ်ကံကြောင့်၊ တမလွန်ဘဝ၊ ဖြစ်သမျှ၌၊ ဘဝါးချရာ၊ခြေမျက်နှာထက်၊ပဒုမ္မာကြာ၊ထွက်ခံလာသည်ဖြစ်စေ သော၊ပေါက်ပေါက်လှူရ၊ထိုပုညကြောင့်၊အရှင်ဘုရားကဲ့သို့သော သားကောင်း ငါးရာကို ရလိုသောဟုဆုတောင်း၏။ ပစ္စေကဗုဒ္ဓါ လည်း၊ အနုမောဒနာပြု၍ ကြွတော်မူ၏။ ထယ်စောင့် မိန်းမထည်း ထိုဘဝမှ အသက်အတိုင်းနေ၍ ရသေလေသော်၊ တာဝတိံသာ နတ်ပြည်၌ဖြစ်၍၊ ထိုကြာပန်းလှူရသော အကျိုးကြောင့်၊ ဘဝါး လှမ်းတိုင်းလှမ်းတိုင်း ကြာတို့သည် ခံလာသဖြင့်၊ ပဒုမနတ်သမီးဟု ထင်ရှားဖြစ်၏၊ ၊ထိုဘဝမှရတေပြန်သော်၊ ဟိမဝန္တာတောစပ် ဝယ်၊ ကြာအိုင်ကြီးကိုအမှီပြု၍၊ တရသောကြာဝုံတွင်း၌ ပဋိသန္ဓေ နေလာ၏၊ထိုကြာအိုင်ကိုအမှီပြု၍နေသော ရသေ့တဦးသည်၊ နံနက် အခါ၌ မျက်နှာသစ်ခြင်းငှါ ကြာအိုင်သို့ သွားလေသော်၊ များစွာ သောကြာတို့သည်ပွင့်ကုန်လျက်၊မပွင့်သေးသော ကြာဝုံကြီးတခု ကိုမြင်လျှင်၊ ရေသို့သက်ဆင်း၍ ကြာခိုင်ကိုကိုင်၏၊ ထိုခဏ၌ ကားကားပွင့်လာ၍၊ ကြာတိုက်တွင်း၌အိပ်လျက် ပါလာသော သူ ငယ်မကိုမြင်၏၊ ထိုသို့မြင်လျှင်၊ ရှင်ရသေ့လည်း သမီးဟူသော အ မှတ်ဖြင့်၊ ကျောင်းသို့ဆောင်ပြီးသော်၊ ညောင်စောင်းထက်၌ ထား

၍ သစ္စာဝိဗ္ဗာန်ပြု၍ လက်ချောင်းမှ နို့ကိုထွက်စေလျက် နို့တိုက်၍ မွေးမြူ၏၊ သတ္တိသွီးငယ်လည်း၊ ထိုမှဤမှသွားနိုင်သောအခါ၊ဘဝါး လှမ်းတိုင်းလှမ်းတိုင်း ပဒုမ္မာကြာပွင့်တို့သည် မြေမှထွက်၍ ခံလော ကုန်၏၊ကိုယ်၏အဆင်းအဝါလည်း၊ပဒုမ္မာကြာဝတ်မှုန်ကဲ့သို့ဖြစ်၏၊ ပဒုမဝဒီ ဟူသောအမည်ဖြင့် ခေါ်ဝေါ်ကြ၏။ အဘရသေ့လည်း နေ့တိုင်းနေ့တိုင်း သစ်သီးကြီးငယ်ကို ရှာကြံ၍ကျွေး၏။ ပဒုမဝတီ သည်၊အရွယ်သို့ရောက်သောအခါ၊လူ့ဘုံရွာမှ၊တောလာရဆိုး တဦး သည်၊ ခရီးလွန်၍ထိုအရပ်သို့ရောက်လေသဖြင့်၊ တယောက်ထည်း တည်း၊ ကျောင်းသင်ခမ်းတွင်း၌နေသော ပဒုမဝတီမြင်လျှင်၊ငါတို့ လူ့ဘွင်ဝယ်၊ မမြင်စဘူး၊ ထူးမြတ်တင့်တယ်၊ အံ့သြဘွယ်သော ဤ သတ္တိသွီးကား၊ လူသားစင်စစ်ပင် ဖြစ်လေသလော၊ ဂန္ဓဗ္ဗ-နဂါး၊ သိကြား-ဂဠုဠ်၊ နတ်ယက္ခတို့ ၁င်၊ ရှင်ပြခြင်း၌၊ တောခမ်းဝါသို့ လာလေသလော၊အကယ်၍ လူဖြစ်ဘိက၊ မိဘဆွေညာ၊ရှိထန်ရာ၏ ငါသိအောင် ရုံစမ်းဦးအံ့ဟုကြံ၍၊ မြင်သောအရပ်က၊ သစ်ခက်တဲ ဖြင့်နေ၏၊ အဘရသေ့ကြီးသည်၊သစ်သီးဖြင့်ရှာ၍ ပြန်လာသည်ကို မြင်လျှင်၊ သတ္တိသွီးငယ်သည်၊ အဘ၏သက်မှ ပရိက္ခရာတို့ကိုလှမ်း ယူ၏၊ထိုသို့သှမ်းယူသည်ကိုမြင်မှ၊ ကေန္တလူ့ဇာတ်ဖြစ်ကြောင်းကို သိ၍၊ ခရီးအစဉ်ကိုမှတ်၍ပြန်လာပြီးလျှင်၊ အလုံးစုံသောအကြောင်း ကို၊ ပြည့်ရှင်မင်းကြီးအား ကြားလျှောက်၍၊ မှူးမတ်ဗိုလ်ပါဝန်းရံ၍ ရဆိုးလျှောင် ခရီးညွှန်ပြုလျက် ပြည်မှထွက်ခဲ့သော်၊ ရသေ့ကျောင်း ၏အနီး၌ သစ်တပ်မြို့တည်၍နေ၏၊ ယင်းသို့နေပြီးမှ၊ဘုန်းတော်ကြီး လှသော ရှင်ရသေ့၊ အရှင်ထံ၌ ရဟန်းတို့နှင့် မလျော်ကန်သော ဝိသဘာဂ ပုဂ္ဂိုလ်ရှိကြောင်းကိုကြားသိ၍ အကျွန်ုပ် လာပါသည်။ ထိုမိန်းမငယ်ကို၊ အကျွန်ုပ်အား သနားဆောင်နှင်းတော်မူပါဟု တောင်း၏၊ ရသေ့ကလည်း၊ ပဒုမဝတီကိုခေါ်၍ သင့်လျော်သော ဩဝါဒဖြင့် ဆုံးမသွန်သင်ပြီးလျှင်၊ မင်းကြီးအား ဆောင်နှင်းလိုက် ၏၊ မင်းကြီးသည်၊ ပဒုမဝတီရလျှင်၊ မိဖုရားကြီးတို့၏ အဘိသိက် ကိုသွင်းပြီးမှ၊ မိမိနေရာ ထီးနန်းသို့ပြန်လာ၏၊ ဗာရာဏသီမင်းကြီး လည်း၊ပဒုမဝတီကိုရသည်မှစ၍၊ကြွင်းသောမိန်းမတို့အား၊မကြည့်

ရှုမသွားသာ၊ ပဒုမာဝတီနှင့်သာ စံပယ်ကာနေ၏၊ နှစ်လရှည်လျား လတ်သော်။ မိဖုရားပဒုမဝတီ၌ ပဋိသန္ဓေနေလေ၏၊ ထိုအခါ၊ ဗာရာဏသီ ပြည်၌ နန်ကာ၊ ပုန်ကန်သောင်းကြမ်းသည်ဖြစ်၍၊ ငြိမ်းချမ်း စေခြင်းငှါ မင်းကြီးသွားသည်ရှိသော်၊ မိဖုရားကိုနန်းတော်၌ထား ခဲ့ရ၏၊ ။ငါးရာသော ခေါင်းမတို့သည်၊ ပဒုမာဝတီ၏ အလုပ် အကျွန်ုမကို၊ တံပိုးမျှားစွာပေးပြီးလျှင်၊ သားဘွားသောအခါ၊ ဘွားသောသားကို ငါးဂိုရ်ကား အသ်၍ သစ်သားပြတ်တခုကို သားပြု၍ ထားပါဟုမှာဆို၏၊ ထိုဒိန်းမကာသည်း ကောင်းပြီဟု ဝန်ခံလျက် အခွင့်သင့်ထား၏၊ မိဖုရားသည်း မျှားမကြာခင် ပဒုမမင်းသားကို ဘွားမြင်၍ စင်သဖြူသော ကိုယ်ခန္ဓာ၏အညစ်အကြေး သွေးပေါက် လေးရာ ကိုးကျိပ် ကိုးပေါက်သော သူတို့သည်၊ သံသဝေဇ ငြိ တွယ်ကြ၍ ငါးရာသော မင်းသားတို့သည်ဖြစ်ကုန်၏၊ ။

ဤပဒုမာဝတီမင်းသမီး၏ဝတ္ထုကို အဆုံးတိုင်အောင်ဖြစ်ရလျှင် များလှ သည် ဖြစ်သောကြောင့်၊ ဤတွင်ချင်၍ အပြီးသတ်တော့သည်၊ ဤ ပဒုမာဝတီမင်းသမီးသည်၊ ကြာပင်၏ အပွင့်အဖူး၌ ပဋိသန္ဓေနေ၍ဖြစ် လာသည်ဖြစ်သောကြောင့်၊ စင်စစ်-သစ်ပင်က လူမသီးသော်သည်း သီးသကဲ့သို့ဖြစ်၍၊ သစ်ပင်က လူသီးသည်ဟုဆိုသည်၊ ။သည် ကိုရည်၍ ကဗျာဆရာက၊ ကြာမျိုးငါးအင်၊ ရုံလင်ပြည့်မှု၊ ကန် တခုက၊ ရဂ္ဂဖြစ်ပြီး၊ ပွင့်တန်ကြီးက၊ လူကိုသီးသည်၊ ထုံးနည်း ကျမ်းလာဟုဘ်၏သော၊ ။ဟူသော ပုစ္ဆာ၏အဖြေဝိသဇ္ဇနာ ဤတွင်၍အပြီးသတ်ပြီ၊

ထင်းကိုဖုလိုက်၊ မီးနှင့်တိုက်၊ အစရှိသောပုစ္ဆာကိုဖြေဦးအံ့၊

ထင်းကိုဖုလိုက်၊ မီးနှင့်တိုက်၍၊ ဖုတ်မြိုက်ပါလျက်၊ ကျသိုလ် စက်ကြောင့်၊ အသက်မသေ၊ ငြိမ်းချမ်းပေသည်၊ အနေဆန်းကြွယ်၊ ပုဂ္ဂိုလ်သူ၊ ။ဟူသော ကဗျာစကား၏အမေးကို၊ မနွေးလွယ်ကူ၊ ဖြေလိုက်မူအံ့၊ ။လူနတ်တို့ပူဇော်ရာအထူးကို ခံတော်မူထိုက် သော၊ ကကုသံမြတ်စွာဘုရားဖြစ်တော်မူ၍၊ ထိုကကုသံမြတ်စွာ

ဘုရားအား၊ ဝိဒူရ၊ သဋ္ဌိဝ ဟူ၍၊ လက်ျာရံ လက်ဝဲရံ အရှင်နှစ်ပါး ရှိတော်မူ၏၊ ထိုနှစ်ပါးတို့တွင်၊ သဋ္ဌိဝမထေရ်သည်၊ တောအရပ်၌ သစ်ပင်ရင်းသို့ကပ်ပြီးလျှင် သစ်ပင်ကိုမှီလျက်၊ သညာဝေဒယိတ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ ထိုအခါ၊ အရပ်ထက်ဝန်းကျင်မှရောက်လာကြကုန်သော နွားကျောင်းသား၊ ဆိတ်ကျောင်းသား၊ခရီးသွား၊ ထင်းသမား ကုန်သည်အပေါင်းတို့သည်၊ သဋ္ဌိဝမထေရ်ကိုမြင်ထေလျှင် အလွန်ပင် အံ့ဘွယ်သရဲရှိ၏။ ထိုင်လျက်ပင် ဘဝတပါး ပြောင်းသွားဖြစ်လွန်တော်မူခဲ့၏ဟု၊ နိရောဓသမာပတ်သို့ဝင်သည်ကို သေသည်ပင်ထင်မှတ်ကြသောကြောင့်၊ ထင်းများစွာရှာကြ၍၊ သဋ္ဌိဝမထေရ်၏အထက်တွင် ရပုံထားပြီးမှ၊ မီးတိုက်၍ပြန်သွားကြလေသည်၊ အရှင်ဘုရားမှာမူကား၊ ရွှေဂူလိုဏ်ခေါင်း၌၊ ကိန်းအောင်းနေသကဲ့သို့၊ သညာဝေဒယိတ နိရောဓသမာပတ်ဖြင့် ထိုည၌ကိုလွန်လတ်သော်၊ သမာပတ်မှထပြီးလျှင်၊ မီးကျီးပုအထက် နင်းလျက် ကြွသွားတော်မူ၍၊ သင်္ကန်း သပိတ်ပရိက္ခရာ ကောင်းစွာဝတ်ရုံလျက်၊ နံနက်အခါ ဆွမ်းခံရွာသို့ဝင်တော်မူ၏၊ ထိုအခါ၊ နွားကျောင်းသား၊ ဆိတ်ကျောင်းသား၊ ထင်းသမား၊ ကုန်သည် လူအများတို့ ထင်ရှား တွေ့မြင်ကြသော် အလွန်ပင်အံ့ဘွယ်ရှိ၍၊ ထိုင်၍သေလျက်ပင်၊ ဤအရှင်သည် ရှင်၍ ကြွလာဖြစ်ခဲ့သည်ဟု၊ သူ့ထက်ငါအသက်၊ အားပါးတက်၍၊ အချပ်ကြွက်ပြောသံ၊ မြို့သုံးညံ့မျှ၊ ပြောဖြစ်ကြသတည်း။ ။ဤသို့ ထင်းများစွာရပုံ၍ မီးနှင့်တိုက်သော်လည်း မသေသောကြောင့်၊ သည်ကိုရည်၍၊ကဗျာဆရာသည်၊ ။ထင်းကိုရလိုက်၊မီးနှင့်တိုက်၍၊ ဖုတ်မြိုက်ပါလျက်၊ ကုသိုလ်စက်ကြောင့်၊ အသက်မသေ၊ ငြိမ်းချမ်းပေသည့်၊ အနေဆန်းကြူး၊ ပုဂ္ဂိုလ်ထူး၊ ။ဟူသော အမေး ပုစ္ဆာကို၊ လျှင်မြန်စွာ ဖြေဆိုလိုက်သည်ကား၊ ဤတွင်အဖြေ ဝိသဇ္ဇနာပြီးပြီ။

## ငါတို့မြတ်စွာဘုရား၊ တဆဲ့နှစ်ကမ္ဘာ ပါရမီ ဖြည့်ကြောင်းကိုပြဦးအံ့။

ငါတို့ ဂေါတမ၊ သောကာထွန်းမြတ်၊ သုံးလူ့နတ်သည်၊ ဖြည့်အပ် ပါရမီ၊ စာဂီဝရီယာ၊ ကမ္ဘာတဆဲ့နှစ်၊ ဖြစ်သည်အင်ရှား၊ ဘုရားပွင့် ကာ၊ ဤသို့ရှတ်ဆော့၊ ။ငါတို့ မြတ်စွာဘုရား၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ခဲ့သည် ဆိုသောအခါ၊ လေးသင်္ချေယူ နည်း၊ ကမ္ဘာတသိန်းယူနည်းကို သိသာအောင်ပြဦးမည်၊ ။ သာရကမ္ဘာ၊ မဏ္ဍကမ္ဘာ၊ ဝရကမ္ဘာ၊ သာရမဏ္ဍကမ္ဘာ၊ ဘဒ္ဒကပ် ကမ္ဘာ ဟူ၍ ငါးပါးရှိ၏၊ ထိုငါးပါးတို့တွင်၊ ဘုရားတဆူပွင့်တော် မူကာ၊ သာရကမ္ဘာ၊ ဘုရားနှစ်ဆူပွင့်တော်မူကာ၊ မဏ္ဍကမ္ဘာ၊ ဘုရား သုံးဆူ ပွင့်တော်မူကာ၊ ဝရကမ္ဘာ၊ ဘုရားလေးဆူ ပွင့်တော်မူကာ၊ သာရမဏ္ဍကမ္ဘာ၊ ဘုရားငါးဆူပွင့်တော်မူကာ၊ ဘဒ္ဒကပ်ကမ္ဘာမည် ၏၊ ။ဤကမ္ဘာငါးရပ်ကို၊ နှုတ်၌လေ့သော၍ သိအောင်ပြုထားရ မည်၊ ။တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာ၊ ကောဏ္ဍည၊ မင်္ဂလ၊ သုမန၊ သုမဏ၊ ရေဝတ၊ သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ နာရဒ၊ ပဒုမုတ္တရ၊ သုမေဓာ၊ သုဇာတာ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ၊ ဖုဿ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသံ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ၊ ။ ဇုတိအဋ္ဌဝီသတိဗုဒ္ဓါဟံ နမေ၊ ။ဘုရားရှိခိုး၊ ။တဏှင်္ကရာ၊ တဏှင်္ကရာ ဘုရားကိုရှင်း၊ မေဓင်္ကရာ၊ မေဓင်္ကရာ ဘုရားကိုရှင်း၊ သရဏင်္ကရာ၊ သရဏင်္ကရာ ဘုရားကိုရှင်း၊ ဒီပင်္ကရာ၊ ဒီပင်္ကရာ ဘုရားကိုရှင်း၊ ကောဏ္ဍည၊ ကောဏ္ဍညဘုရားကိုရှင်း၊ မင်္ဂလ၊ မင်္ဂလ ဘုရားကိုရှင်း၊ သုမန၊ သုမနဘုရားကိုရှင်း၊ ရေဝတ၊ ရေဝတ ဘုရားကိုရှင်း၊ သောဘိတ၊ သောဘိတဘုရားကိုရှင်း၊ အနောမဒဿီ အနောမဒဿီ ဘုရားကိုရှင်း၊ ပဒုမ၊ ပဒုမဘုရားကိုရှင်း၊ နာရဒ၊ နာရဒ ဘုရားကိုရှင်း၊ ပဒုမုတ္တရ၊ ပဒုမုတ္တရဘုရားရှင်း၊ သုမေဓာ၊ သုမေဓာ ဘုရားရှင်း၊ သုဇာတာ၊ သုဇာတာဘုရားရှင်း၊ ပိယဒဿီ၊ ပိယဒဿီ ဘုရားကိုရှင်း၊ အတ္ထဒဿီ၊ အတ္ထဒဿီဘုရားကိုရှင်း၊ ဓမ္မဒဿီ၊

ဓမ္မဒဿီဘုရားကိုရင်း၊ သိဒ္ဓတ္ထ၊ သိဒ္ဓတ်ဘုရားကိုရင်း၊ တိဿ၊ တိဿ
ဘုရားကိုရင်း၊ ဖုဿ၊ ဖုဿဘုရားကိုရင်း၊ ဝိပဿီ၊ ဝိပဿီဘုရားကို
ရင်း၊ သိခီ၊ သိခီဘုရားကိုရင်း၊ ဝေဿဘူ၊ ဝေဿဘူဘုရားကိုရင်း။
ကကုသံ၊ ကကုသံဘုရားကိုရင်း၊ ကောဏာဂုံ၊ ကောဏာဂုံဘုရား
ကိုရင်း၊ ကဿပ၊ ကဿပဘုရားကိုရင်း၊ ဂေါတမ၊ ဂေါတမဘုရား
ကိုရင်း။ နတ္ထိတ္ထမေဒေ ဧဝံသတိဗုဒ္ဓါ၊ ဤနှစ်ကျိပ်ရှစ်ဆူကုန်သော
ဘုရားရှင်တို့ကို၊ အဟံ၊ အကျွန်ုပ်သည်၊ နမေနမာမိ၊ နှိုးပါ၏ဘုရား။
ဤနှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့သည်၊ ၁၂ ကမ္ဘာတွင် အစဉ်
အတိုင်း၊ ပဌမကမ္ဘာမှာ ၄ ဆူ၊ ဒုတိယကမ္ဘာမှာ ၁ ဆူ၊ တတိယ
ကမ္ဘာမှာ ၄ ဆူ၊ စတုတ္ထကမ္ဘာမှာ ၃ ဆူ၊ ပဉ္စမကမ္ဘာမှာ ၁ ဆူ၊
ဆဌမကမ္ဘာမှာ ၂ ဆူ၊ သတ္တမကမ္ဘာမှာ ၃ ဆူ၊ အဋ္ဌမကမ္ဘာ
မှာ ၁ ဆူ၊ နဝမကမ္ဘာမှာ ၂ ဆူ၊ ဒသမကမ္ဘာမှာ ၁ ဆူ၊ ဧကာ
ဒသမကမ္ဘာမှာ ၂ ဆူ၊ ဒွါဒသမကမ္ဘာမှာ ၅ ဆူပွင့်သည်၊ ။
ဤဒွါဒသမကမ္ဘာ၌ ပွင့်လတ္တံ့သော မိတ္တေယျဘုရားနှင့်တကွ ရေ
တွက်၍ ငါးဆူဘုရားရှိသည်ဟု ယူ၊ ။ဘုရားပွင့်သော ကမ္ဘာ
အစဉ်ကိုသိလွယ်စေခြင်းငှါ အကျဉ်းဆောင်ပုဒ်ကား၊ ။ဗြွ-
အိမ်-လေး-ဆောင်၊ အာ-ချင်း-ဆောင်၊ အခေါင်-အုပ်ခဲ-ပ၊ ။အစဉ်
လိုက် ဂဏန်းကား၊ ၄-၁-၄-၃-၁-၂-၃-၁-၂-၁-၂-၅၊ ဂဏန်း
ချမှတ်ပုံ၊ ။ငါတို့ဘုရားလောင်း၊ နိယတဗျာဒိတ်ခံသည်ကား၊
ယခင်ပြအပ်ပြီးသော၊ နှစ်ကျိပ်ရှစ်ဆူဘုရားတို့တွင်၊ ဒီပင်္ကရာအစ၊
ကဿပအဆုံး၊ ဤနှစ်ကျိပ် ၄ ဆူသောဘုရားတို့ထံ ဗျာဒိတ်ခံသည်၊
ယင်းသို့ဗျာဒိတ်ခံကြောင်းကို၊ အဋ္ဌသာလိနီ၌၊ ။ဒီပင်္ကရာဒိနံ
စတုဝီသတိယာ ဗုဒ္ဓါနံ၊ သန္တိကေလဒ္ဓဗျာကရဏော ဇောဝိသတ္တော၊
ဟူ၍ပြသည်၊ ယင်းသို့နှစ်ကျိပ်လေးဆူဟူ၍ ပြသောအရာ၌လျှင်၊
ကြားပိန်ကြက်သရေချီး၊ တံတားဦးတည်မောင်ကွန်း၌၊ ။ဆုသစ်
မြတ်မှူး၊ ဗျာဒိတ်ဦးက၊ ကြည်နူးစိုင်စိုင်၊ ဦးတင်ထိုင်ဖြင့်၊ နှစ်ကျိပ်
သုံးယောက်၊ နှောင်းပြီးနောက်လည်း၊ ရွှေမှောက်နှင်နှင်၊ ဘိသိက်
တင်၍၊ အသင်ချေပေါင်း၊ လေးကျိပ်လောင်းမှာ၊ တသောင်းဆယ်
ထပ်၊ မဟာကပ်က၊ ။ဟူ၍ နှစ်ကျိပ်သုံးယောက်ကိုသာစပ်ဆို

သည့်အရာမှာ၊ လက်ဦးဗျာဒိတ်ကိုသာချန်၍ ပေ်ဆိုသည်ဟုမှတ်ရမည်။ ။တဏှင်္ကရာဘုရားတို့ပွင့်သော သာရ-မဏ္ဍ ကမ္ဘာမှစ၍၊ ဤဘဒ္ဒကပ်ကမ္ဘာတိုင်အောင်၊ ဘုရားပွင့်သောကမ္ဘာ၊ ၁၂ ကမ္ဘာရှိသည်၊ ထိုသို့ရှိသည်ဖြစ်လျက်၊ တံတားဦးတည့်မော်ကွန်း၌၊ ။ မှိုဆောင်မြို့ရပ်၊ သာရကပ်က၊ စသည်ထင်ပေါ်၊လေးကြိမ်ခေါ်သား၊ရေသော်ကမ္ဘာ၊ဆဲ့တခါလျှင်၊ ။ဟူ၍စပ်ဆိုသည်၊ ဤသို့စပ်သည့်အရာမှာလည်း၊ ဒီပင်္ကရာဘုရားတို့ ပွင့်သောကမ္ဘာကိုချန်လှပ်၍ စပ်ဆိုသည်ဟုယူရမည်။ ။ထိုဘုရားတို့ထံ၊နိယတဗျာဒိတ်ကိုခံ၍၊ လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်သည်ဆိုရာ၌၊လေးအသင်္ချေယူနည်းကား၊ဒီပင်္ကရာဘုရားနှင့်ကောဏ္ဍည ဘုရားအကြား ကမ္ဘာအသင်္ချေ-၁။ ကောဏ္ဍညဘုရားနှင့်၊ မင်္ဂလဘုရားအကြား ကမ္ဘာအသင်္ချေ-၁။ သောဘိတဘုရားနှင့်၊ အနောမဒဿီဘုရားအကြား ကမ္ဘာအသင်္ချေ-၁၊ နာရဒဘုရားနှင့်၊ပဒုမုတ္တရဘုရားအကြား ကမ္ဘာအသင်္ချေ-၁၊ ။ဤသို့ ဗုဒ္ဓန္တရဖြင့်၊ ၄ အသင်္ချေရေတွက်ရမည်။ ။ဒီပင်္ကရဿဘဂဝတော၊ ကောဏ္ဍညဿစ သတ္ထုနော၊ တေသမ္ပိ အန္တရာကပ္ပါ ဂဏနတော အသင်္ချေယျာ-၁။ ကောဏ္ဍညဿစ အပရေန၊ မင်္ဂလောနာမ နာယကော၊ တေသမ္ပိ အန္တရာကပ္ပါ ဂဏနတော အသင်္ချေယျာ-၁။ သောဘိတဿ အပရေန၊ အနောမဒဿီ မဟာယသော တေသမ္ပိအန္တရာကပ္ပါ ဂဏနတော အသင်္ချေယျာ-၁၊ နာရဒဿ ဘဂဝတော ပဒုမုတ္တရဿ သတ္ထုနော တေသမ္ပိအန္တရာကပ္ပါ ဂဏနတောအသင်္ချေယျာ—၁။ ဗုဒ္ဓဝင်၂ါဋ္ဌကထာ။ ။ဒီပင်္ကရဿ၊ဒီပင်္ကရာအမည်တော်ရှိသော၊ ဘဂဝတောစ၊မြတ်စွာဘုရား၏လည်း၊ ကောဏ္ဍညဿ၊ကောဏ္ဍညအမည်တော်ရှိသော၊ သတ္ထုနောစ၊မြတ်စွာဘုရား၏လည်း၊ တေသမ္ပိ၊ ထိုဒီပင်္ကရာ ကောဏ္ဍည ဘုရားတို့၏၊ အန္တရာ၊အကြား၌၊ ကပ္ပါ၊ ကမ္ဘာတို့သည်၊ဂဏနတော၊အရေအတွက်အားဖြင့်၊အသင်္ချေယျာ၊ မရေတွက်နိုင်ကုန် ၁၊ ကောဏ္ဍညဿ၊ကောဏ္ဍညအမည်တော်ရှိသောမြတ်စွာဘုရား၏၊ အပရေန၊နောက်အဘို့၌၊ နာယကော၊ လူတို့ကို နိဗ္ဗာန်သို့ ပို့တော်မူတတ်သော၊ မင်္ဂလောနာမ၊ မင်္ဂလဘုရား

သည်၊ ဥပ္ပတ္တိ၊ဖြစ်တော်မူ၏၊ တေသမ္ပိ၊ထိုကောဏ္ဍည မင်္ဂလဘုရား
တို့၏လည်း၊အန္တရာ၊အကြား၌၊ကပ္ပါ၊ကမ္ဘာတို့သည်၊ဂဏနတော၊
အရေ အတွက်အားဖြင့်၊ အသင်္ချေယျာ၊ မရေတွက်နိုင်ကုန်—၁၊
သောဘိတသ၊သောဘိတမြတ်စွာဘုရား၏၊ အပရေန၊ နောက်အ
ဘို၌၊ယသော၊များသောအခြံအရံရှိသော၊အနောမဒဿီ၊အနောမ
ဒဿီ မြတ်စွာဘုရားသည်၊ ဥပ္ပတ္တိ၊ ဖြစ်တော်မူ၏၊ တေသမ္ပိ၊ ထို
သောဘိတ အနောမဒဿီ မြတ်စွာဘုရားတို့၏လည်း၊ အန္တရာ၊အ
ကြား၌၊ကပ္ပါ၊ကမ္ဘာတို့သည်၊ဂဏနတော၊အရေအတွက်အားဖြင့်၊
အသင်္ချေယျာ၊ မရေတွက်နိုင်ကုန်—၁၊ နာရဒသ၊နာရဒအမည်
တော်ရှိသော၊ ဘဂဝတော၊ မြတ်စွာဘုရား၏ဝင်း၊ ပဒုမုတ္တရေသ၊
ပဒုမုတ္တရ မြတ်စွာဘုရား၏ဝင်း၊ တေသမ္ပိ၊ ထိုနာရဒဘုရား၊
ပဒုမုတ္တရဘုရားတို့၏လည်း၊အန္တရာ၊အကြား၌၊ကပ္ပါ၊ကမ္ဘာတို့
သည်၊ ဂဏနတော၊ အရေအတွက်အားဖြင့်၊ အသင်္ချေယျာ၊ မရေ
တွက်နိုင်ကုန်-၁၊ ၊ပြအင်ပြီးသော၊ ဧ-အိမ်-လေး-ဆောင်၊
အ-ချင်း-ဆောင်-အ-ခေါင်-အုပ်-ခဲ-ပ၊ ဟူသော သံပေါက်ထုင်၊
ဧနှင့်အိမ်အကြား တသင်္ချေ၊ အိမ်နှင့်လေးအကြား တသင်္ချေ၊
လေးနှင့် ဆောင်အကြား တသင်္ချေ၊ ဆောင်နှင့် အ-အကြား တ
သင်္ချေ၊ ဆောင်နှင့် အ-အကြား တသင်္ချေ။ ဤသို့မှတ်သော်
အသင်္ချေယျနည်းလွယ်၏၊ ။အသင်္ချေယျနည်းကို သိလွယ်စေ
ရန် လင်္ကာရေးဦးအံ့၊ ။လေးသင်္ချေယျနည်း၊ နိဿယနည်းကို၊
ထုံးနည်းကျကျ၊ သိလိုမှလျှင်၊ မှတ်ကြအစဉ်၊ ဒီပင်္ကရာ၊ မြတ်စွာ
လုံ့ဘ၊ သမ္ဗုဒ္ဓနှင့်၊ ကောဏ္ဍညထိ၊ ရေတွက်ရှိသော်၊ ခေါ်ဘိ
တသင်္ချေ၊ မှတ်ဘို့ပေထည့်၊ တဆွေတဝ၊ ကောဏ္ဍညနှင့်၊ မင်္ဂလ
ဘုရား၊ထိုအကြားမှာ၊ တသင်္ချေသာတည့်၊ ဤမှာတဝ၊ သောဘိတ
နှင့်၊ အနောမဒဿီ၊ဤနှစ်သီအကြား၊တသင်္ချေထား၏၊ထိုလားမဆွ
နာရဒဆို၊ထွန်ဘုန်းမှိန်နှင့်၊ပဒုမုတ္တရ၊ အတုလနှစ်ပါး၊ ဤအကြား
မှာ၊မှတ်သားတသင်္ချေ၊ဤသို့ရေ၏၊လေးထွေသင်္ချာ၊ဤသို့လာသည်။
ကျမ်းမှာဗုဒ္ဓဝင်အတွက်ထည်း၊ ။ကမ္ဘာတသိန်းမှာ၊ပဒုမုတ္တရ
ဘုရားပွင့်တော်မူသော ကမ္ဘာကာစ၍၊ ဘဒ္ဒကင်ကမ္ဘာနှင့်တကွယှ

ထေ၊ ၊လင်္ကာကား၊ ၊ကမ္ဘာတသိန်း၊ တွက်ကိန်းအလို၊ ရေတွက်ဆိုသော်၊ ပဒုမုတ္တိုရ်ရှ၊ သမ္ဗုဒ္ဓကား၊ စ၍ယူပါ၊ ကမ္ဘာဘဒ္ဒကပ်၊ ဆုံးသတ်တသိန်း၊ ပြည့်ရောက်ငြိမ်းသည်၊ ၊ကျွတ်ကိန်းဘုရား ဖြစ်၏တည်း၊ ၊ငါတို့ထွန်းမြတ်၊ သုံးလူ့နတ်၏၊ ပြည့်အင်ကမ္ဘာ၊ ဆဲ့နှစ်ဖြာအရ၊ အကျယ်ပြ၍ပြီးပြီ၊

---

အသက်ခန္ဓာ၊ မသေပါဘဲ၊ အစရှိသောပုစ္ဆာကိုဖြေဦးအံ့၊

အသက်ခန္ဓာ၊ မသေပါဘဲ၊ အမြဲသွားလာ၊ နှုတ်လျက်ပါကို၊ သေသည်နှင့်တူ၊ ဟောတော်မူသည်၊ ဤသူအဘယ်သည်တို့နည်း၊ ။ ဟူသော အမေးပုစ္ဆာကို၊ လျှင်မြန်မနေ၊ အဖြေဝိသဇ္ဇနာဖြင့်၊ ရေးလိုက်ဦးအံ့၊ ၊မြတ်စွာလူ့ဘ၊ သမ္ဗုဒ္ဓအစစ်၊ မွေရေဇာ်မှန်ကျ၊ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ အပ္ပမာဒေါအမတံပဒံ၊ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂဏ္ဍတိန္ဒုကဇာတ်ကို၊ သာဝတ္ထိပြည်ကြီးမှ၊ ခရီးတောင်တာ၊ ငါးရှကွာဋ္ဌာန၊ ဇိတမြိုင်သာ၊ တောခန်းဝါ၌၊ အနာထပိဏ်၊ ကျောင်းရှိန်ပြန့်မွေး၊ သူဌေးသူမြတ်သည်၊ ငါးဆဲ့လေးကုဋေ၊ အသပြာငွေတို့ဖြင့်၊ ပေးစွန့်ဝယ်ယူလျက် ဆောက်လှူအပ် ဇေတဝန်မဟာဝိဟာရ၌၊ ယာပထလေးဘော်ဖြင့် မျှတတော်မူသောအခါ၊ ပသေနဒီကောသလမင်းကြီးအား တရားဟောလိုရကား၊ ၊အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနောပဒံ၊ အပ္ပမတ္တာနမိယန္တိ၊ ယေပမတ္တာယထာမတာ၊ ၊မဟာရာဇ၊ မြတ်သောမင်းကြီး၊ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းသည်၊ အမတံ အမတသာ၊ သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်၏၊ ပဒံ၊ အကြောင်းတည်း၊ ပမာဒေါ၊ မေ့လျော့ခြင်းသည်၊ မစ္စုနော၊ အဘန်တသဲလဲသေခြင်း၏၊ ပဒံ၊ အကြောင်းတည်း၊ အပ္ပမတ္တာ၊ မမေ့လျော့ကုန်သောသူတို့သည်၊ နမိယန္တိ၊ မသေသည်မည်ကုန်၏၊ ယေ၊ အကြင်သူတို့သည်၊ ပမတ္တာ၊ မေ့လျော့ကုန်၏၊ တေ၊ ထိုမေ့လျော့သောသူတို့သည်၊ မတာယထာ၊ သေသည်နှင့်တူကုန်၏၊ ၊တိံသနိပါတ် ဂဏ္ဍတိန္ဒုကဇာတ် ၁၇၂၊ အဓိပ္ပါယ်ကား၊ မြတ်သော

မင်းကြီး၊ ဒါန သီလ အစရှိသော လောကီလောကုတ္တရာတရားတို့၌ မမေ့မလျော့ခြင်းသည်၊ သေခြင်းကင်းသောအမြိုက်နိဗ္ဗာန်၏ရောက်ကြောင်းတရားတည်း၊ ဒါန သီလ စသည်ကိုမပြု၊ လောက၌ပြုအပ်သော အမှုကိစ္စကိုလည်းမပြု၊ မေ့လျော့၍နေသောသူသည်၊ အဘန်တလဲလဲသေခြင်း၏အကြောင်းတည်း၊ ဒါန သီလ စသည်တို့၌၊ မမေ့သောသူသည်၊ သေသည်မမည်၊ ဒါန သီလ စသည်တို့၌၊ မေ့မေ့လျော့လျော့နေသောသူသည်၊ အသက်ပင်ရှိသော်လည်း၊ သေသောသူနှင့် တူ ဘုန်သည်ဟူ၍ ဟောတော်မူသည်၊ ။သည်ကိုရည်၍ ကဗျာဆရာသည်၊ အသက်ခန္ဓာ၊ မသေပါဘဲ၊ အမြဲသွားလာ၊ ရှိလျက်ပါကို၊ သေသည်နှင့်တူ၊ ဟောတော်မူသည်၊ ။ဤသူအဘယ်သည်တို့နည်းဟုဆိုတော်မူသည်၊ ။ဤသည့်ပုစ္ဆာ၊ ကျမ်းဂန်လာကို၊ သေခြာစလာ၊ အဖြေဖွဲ့၍ပြီးပါပြီ၊

---

တာဝတိံသာမှာ၊ အဘိဓမ္မာတရားဟောသောရက်မှတ်ပုံ၊

တာဝတိံသာ၊ အဘိဓမ္မာကို၊ ဟောခါဖွင့်လင်း၊ ရေတွက်စမ်းသော်၊ ဘယ်ကျမ်းဘယ်နှစ်ရက်၊ ဟောကိန်းထွက်ကို၊ ရေတွက်သိလွယ်၊ မှတ်ရမယ်ကို၊ ကျမ်းဝယ်သေချာ၊ သိချင်ပါ၊ ။ ဟူသောအမေး၌၊ အဖြေဝိသဇ္ဇနာကား ဤသို့တည်း၊ ။ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းဟူ၍ ခုနစ်ကျမ်းအပြားရှိ၏၊ ထိုခုနစ်ကျမ်းတို့တွင်၊ ဓမ္မသင်္ဂဏီကျမ်းကို၊ ၁၂ ရက်ဟောတော်မူသည်၊ ထိုနောက် ဝိဘင်းကျမ်းကို ၁၂ ရက် ဟောတော်မူသည်၊ ထိုနောက် ဓာတုကထာကျမ်းကို ၆ ရက် ဟောတော်မူသည်၊ ထိုနောက် ပုဂ္ဂလပညတ်ကျမ်းကို ၃ ရက် ဟောတော်မူသည်၊ ထိုနောက် ကထာဝတ္ထုကျမ်းကို ၅ ရက် ဟောတော်မူသည်၊ ထိုနောက်၊ ယမိုက်ကျမ်းကို အရက် ၂၀ ဟောတော်မူသည်၊ ထိုနောက် ပဋ္ဌာန်းကျမ်းကို ၂၅ ရက်ဟောတော်မူသည်၊ ။ဤရက်တို့ကိုသိလွယ်စေခြင်းငှါ အကျဉ်းသင်္ချာဖြင့်

ရေးထားသည်မှာ၊ ၊ဒွါဒသ်၊ဒွါဒသ်၊သော၊သတ်၊အင်္ဂ၊ဝိသ၊ နှစ်ဆယ်ငါး၊ ၊တာဝတိံသာ၊အဘိဓမ္မာ၊ဟောရာရက်ညွှန်ကြား၊ ။ အကျဉ်းဆောင်ပုဒ်၊ ။၎င်းဆောင်ပုဒ်၏အဓိပ္ပါယ်ကား၊ဒွါဒသ် ၁၂ ခု၊ ဒွါဒသ် ၁၂ ခု၊ သော ၆ ခု၊ သတ် ၇ ခု၊ အင်္ဂ ရှစ်ခု၊ ဝိသ ၂၀၊ ၂၅၊ ၂၅၊ ဓမ္မသင်္ဂဏီကျမ်းကစ၍ အစဉ်အတိုင်းယူလေ။ ။ တာဝတိံသာမှာ၊အဘိဓမ္မာတရားကိုဟောသောရက်မှတ်ပုံပြီး၏။ ကျမ်းဂန်၌ကား မတွေ့ပါ၊ အမှတ်အသားသာတွေ့ရှိသည်ဖြစ်၍၊ အမှတ် အသားအတိုင်း ရေးလိုက်သည်၊ ကျမ်းဂန်နှင့်မညီက မမှတ်ကြပါနှင့်၊

## အဘိဓမ္မာတရားဟောသောအခါ၊ကျွတ်တန်းဝင်မှတ်ပုံ၊

အဘိဓမ္မာ၊ဟောသောခါဝယ်၊ဘယ်ကျမ်းမှာ ဘယ်နှစ်ကုဋေ၊ ကျွတ်တန်းဝေသည်၊ ။ပေါင်းရေဘယ်မျှကျွတ်သနည်း။ ။ဟောသောအမေး၌ အဖြေဝိသဇ္ဇနာကား ဤသို့တည်း။ ။ဓမ္မသင်္ဂဏီကျမ်းကိုဟောသောအခါ၊ရှစ်ကုဋေကျွတ်သည်၊ ၁ ။ ဝိဘင်းကျမ်းကိုဟောတော်မူသောအခါ၊ ၆ ကုဋေကျွတ်သည်၊ ၂ ။ ဓာတုကထာကျမ်းကို ဟောတော်မူသောအခါ၊ ၆ ကုဋေကျွတ်သည်၊ ၃ ။ ပုဂ္ဂလပညတ်ကျမ်းကို ဟောတော်မူသောအခါ၊ ၆ ကုဋေ ကျွတ်သည်၊ ၄ ။ ကထာဝတ္ထုကျမ်းကိုဟောတော်မူသောအခါ၊ ခုနစ်ကုဋေကျွတ်သည်၊ ၅ ။ ယမိုက်ကျမ်းကိုဟောတော်မူသောအခါ ခုနစ်ကုဋေကျွတ်သည်၊ ၆ ။ ပဋ္ဌာန်းကျမ်းကိုဟောတော်မူသောအခါ၊ ကုဋေ ၄၀ ကျွတ်သည်၊ ။သည်ကိုချည်၍ ကဗျာဆရာက။ အကျဉ်းဆောင်ပုဒ်ရေးထားသည်မှာ၊ ။အင်္ဂ-သော-ဆ-သော—သတ်-သတ်-ဟော၊ ယူသောလေးဆယ်ပေ။ ။ကုဋေယူကြ၊ ကျွတ်တန်းပြ၊ မှတ်ကြရှုံးလေးထွေ၊ ဟူ၍စပ်ဆိုသည်၊ ။ ဆောင်ပုဒ်အဓိပ္ပါယ်ကား၊ အင်္ဂ—ရှစ်ခုဟောဖြစ်၍ ရှစ်ကုဋေယူ၊ သော—၆ ခုဟောဖြစ်၍ ၆ ကုဋေယူ၊ ဆ—၆ ခုဟောဖြစ်၍ ၆ ခု ကုဋေယူ၊ သော-၆ ခုဖြစ်၍ ၆ ကုဋေယူ၊ သတ်—၇ ခုဖြစ်၍

ဂုကုဋ္ဌေယျ၊ သတ်—ခုနှစ်ခုဖြစ်၍ ခုနစ်ကုဋ္ဌေယျ။ ထေးဆယ်က ကုဋ္ဌေလေးဆယ်ယူရမည်။ ။အဘိဓမ္မာတရားဟောသောအခါ။ ကုဋ္ဌေရှစ်ဆယ်ကျွတ်တန်းဝင်မှတ်ပုံပြီး၏။

※※※※※※※※※※※

## ဓာတုပရိနိဗ္ဗာန် ဝင်သောအခါ လူနတ်တို့မကျွတ်ကြောင်း။

ဓာတုပရိနိဗ္ဗာန်။ဝင်စံသောခါ၊ ဖြဟ္မာနတ်လူ၊ သုံးဘုံသူတို့၊ နိဗ္ဗူကြွဌန်း၊ ကျွတ်တန်းဝင်သူ၊ ရှိဦးမည်လော့။ သို့တည်းထမှု၊ မရှိဟူသည်။ ။နတ်သူကျွတ်တန်းဝင်ဦးမည်လော။ ။ဟူသော အမေးဖြေ၊အဖြေဝိသဇ္ဇနာ၊၍အရာကို ဖြေလိုက်ဦးအံ့။ ။ဓာတု ပရိနိဗ္ဗာနံ အနာဂတေ ဘဝိဿတိ၊ ကထံ တဿ ဘဂ္ဂ သက္ကာရ သမာနံ အလာဘမာနာ ဓာတုယော ဇမ္ဗုဒိပ္ပေ နာဂလေ သက္ကာရသ မာနံလာဘမာနံ ဂစ္ဆိဿန္တိ။ ။အစရှိသော မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာတို့၌ လာသည်နှင့်အညီ၊ မြတ်စွာဘုရားကိုယ်တော်မှ အစိတ်ဖြစ်သော ဓာတ်တော်တို့သည်၊ ထိုထိုအရပ်တို့၌ ပူဇော သက္ကာရမရကျန်သည်ရှိသော်၊ မြတ်စွာဘုရားဓိဋ္ဌာန်တော်မူသည်အတိုင်း၊ ပူဇော်သက္ကာရကို ရရာအရပ်သို့ ပြောင်းကြွကုန်လတ္တံ့။ အလုံးစုံသော အရပ်တို့၌ပင် ပူဇာသက္ကာရကို မရခဲ့သည်ရှိသော်၊ သီဟိုဠ်ကျွန်း မဟာစေတီကြီးသို့ရောက်ကုန်လတ္တံ့၊ မဟာစေတီမှ၊ နာဂဒီပကျွန်း၊ ရာဇာရတနစေတီသို့ ပြောင်းရွှေ့ကြွကုန်လတ္တံ့။ ရာဇာရတနစေတီမှသည်၊ မဟာဗောဓိမဏ္ဍိုင်သို့ ရောက်ကြွကုန်လတ္တံ့၊ လူပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ရှိသော ဓာတ်တော်တို့သည်၊ တပုံတခုမျှမကြွင်းမကျန်ဘဲ၊ မဟာဗောဓိမဏ္ဍိုင်၌ ဘုရားနှင့် အလုံးစုံတူသော အသွင်သဏ္ဌာန်တော်ကိုပြု၍ ပရိနိဗ္ဗာန်စံယူတော်မူလတ္တံ့၊ ထိုကာလလူတို့သည် မလာမရောက်နိုင်ပြီ၊ ထို့ကြောင့်၊ ။တံဌာနံမနုဿဘူတသတ္တာဂတောနာမနတ္ထိ။ ။တံဌာနံ၊ ထိုအရပ်သို့၊ မနုဿဘူတသတ္တာ၊ လူဖြစ်သောသတ္တဝါသည်၊ ဂတောနာမ၊ ရောက်သည်မည်သည်၊ နတ္ထိ၊ မရှိ၊ ။၌သို့ သာ သည်၊ စကြာဝဠာတသောင်းမှ၊ နတ်ဗြဟ္မာအပေါင်းတို့။ သောင်း

သောင်းညီညာ၊ ထားပြီးခါလျှင်၊ ပုဗ္ဗာသဏ္ဍာရ၊ ပြုကြကြောင်းကိုသာ
လာသည်၊ လူနတ်ဘုံကျွတ်ကြကြောင်းကိုမလာ၊ လူနတ်ဘုံကျွတ်
ရာကာလမဟုတ်၊ သောက်သားဆင်ခြင်ရန်မှာ၊ ဘုရားပရိနိဗ္ဗာန်
စံသွားတော်မူသည်နောက်၊ ပဋိသမ္ဘိဒါပဘေဒပတ္တရဟန္တာခေတ်
တထောင်၊ သုက္ခဝိပဿက ရဟန္တာခေတ်တထောင်၊ အနာ
ဂါမ်ခေတ်တထောင်၊ သကဒါဂါမ်ခေတ် တထောင်၊ သောတာ
ပန်ခေတ်တထောင်၊ ဤသို့သာသနာ ငါးထောင် တည်လတ္တံ့ဟု၊
ရှုဒ္ဒါ အဋ္ဌကထာ၊ သမောဟဝိနောဒနီ အဋ္ဌကထာကျမ်း တို့၌
လာသည်ဖြစ်၍၊ သာသနာတော် အနှစ်ငါးထောင် စေ့သည်ကာ
လ၊နောက်၊ လူနတ်ဘုံ ကျွတ်ရာကာလမရှိ၊ ဘုရားပရိနိဗ္ဗာန် စံယူ
တော်မူသည်မှာသည်း၊ သာသနာတော်ငါးထောင်ကျန်မှစံယူတော်
မူကြောင်းကို၊ ။သာသနသာ ဩသဂ္ဂနကာလေ ဆုမဘိ
တဥ္ပဏ္ဏာဒိသု ဘုဒ္ဓေသော သမ္ပတ္တော။ ။စသည်ဖြင့်လာသည်။
သာသနသာ၊ သာသနာတော်၏၊ ဩသဂ္ဂနကာလေပန၊ ဆုတ်ယုတ်
သောအခါ၌ကား၊ ဆုမဘိ တမ္ပပဏ္ဏိဒီပေ၊ ဤသိဟိုဠ်ကျွန်း၌၊ ဘုရား
ယော၊ ခေတ်တော်ဘုံသည်၊ သမ္ပတ္တော၊ စည်းဝေး၍၊ မဟာစေတီ
ယံ၊ မဟာစေတီသို့၊ ဂမိဿန္တိ၊ ရောက်ကုန်လတ္တံ့။ ။ဟူ၍ဆိုင်း၊ ။
အဋ္ဌဒသဗလော ပရိနိဗ္ဗာယိ၊ အဋ္ဌသာသနံ ဩသဂ္ဂတိ၊ ပစ္ဆိမဒဿနံ
ဆုတော ပဋ္ဌာယ၊ အန္ဓကာရံ ဘဝိဿတိ။ ။အဋ္ဌ၊ ယနေ့၊ ဒသဗလော၊
မြတ်စွာဘုရားသည်၊ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုခဲ့၏၊ အဋ္ဌ၊ ယနေ့၊
သာသနံ၊ မြတ်စွာဘုရားသာသနာသည်၊ ဩသဂ္ဂတိ၊ ဆုတ်ခဲ့၏၊ ဆုဒိ၊
ဤတွေ့မြင်ရခြင်းသည်၊ အမှာကပ်ငါဘုံအား၊ ပစ္ဆိမဒဿနံ အဆုံး
စွန်တွေ့မြင်ရခြင်းတည်း၊ ဆုတော၊ ဤနေ့မှ၊ ပဋ္ဌာယ၊ စ၍၊ အန္ဓကာရံ၊
အခိုက်ဘိုက်သည်၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဟု ၎င်းအဋ္ဌကထာ
တို့၌ပင်လာခကား၊ လူနတ်တို့ကျွတ်ရာကာလမရှိဟုသိရ၏။ ။
ဘုရားပရိနိဗ္ဗာန်စံယူတော်မူသောအခါ၊ လူသား၊ နတ်သား၊ ဗြဟ္မာ
သားဟု၊ ကျွတ်တန်းဝင်လေဦးမည့်ဟု တွေးတောရန်မရှိပြီ၊ တရုံ
ထယောက်မျှ ကျွတ်တန်းဝင်သူမရှိပြီ၊ ယခုဘုရားသာသနာတော်
တွင်း၌သာ ပါရမီရင့်သန်အောင်၊ ဒါန သီလ ဘာဝနာ တရားများ

ကိုသာ ကြိုးစားအားထုတ်ကြကုန်။ ။ဤတွင်၍ ဝေတုင်ရိနိဗ္ဗာန်၊ ဝင်စံသောအခါ၊ ပြဟ္မာနတ် လူ၊ သုံးဘုံသူတို့၊ နိဗ္ဗူကြင်ဌာန်း၊ ကျွတ်တန်းဝင်သူ ရှိဦးမည်လော။ သို့တည်းတမူ၊ မရှိဟူသည်၊ ။နတ်လူကျွတ်တန်းဝင်ဦးမည်လော၊ ဟူသောအမေးပုစ္ဆာကို၊ကျမ်းဂန်လာ မသုဘ်ဆိုင်းဘဲ၊ဟုတ်တိုင်းကိုဖြေဆို၍၊ ဤအခါပြီးတော့ပြီ။

စေတီဘုရား ရှိခိုးသောအရာကို ဖြေဦးအံ့၊

စေတီဘုရား၊ ရဟန်းများထံမှောက်၊ စက်တော်အောက်သို့။ သွားရောက်ညွတ်ကျိုး၊ရှိခိုးသောသူ၊အဝေးနေရာ၊အိမ်ဂေဟာက။ စေတနာထား၊ဝတ်တွားရိုကျိုး၊ရှိခိုးပူဇော်သောသူ။ ဤသူနှစ်မျိုး။ အကျိုးပေးတူမတူဟောတော်မူလော။ ။ဟူသောအမေးပုစ္ဆာကိုဖြေဆိုဦးအံ့၊ ။သာယာနှုံ့ပျို။ လွန်နှစ်ဖိုသည်၊ ရာဇဗြိုဟ်ဝယ်။ ဂိဇ္ဈကုဋ်မြတ်မွန်။ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူသောအခါ။ ဓာတိက အမည်ရှိသော သူကြွယ်၏သား၊ ဒီဃာဝုသတို့သားကို ဟောကြားတော်မူသည်မှာ။ ။တသ္မာတိဟ တေဒီဃာဝု ဧဝံသိက္ခိတဗ္ဗံ၊ ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော ဘဝိဿာမိ၊ ဓမ္မေ အဝေစ္စပသာဒေန သမန္နာဂတော ဘဝိဿာမိ၊ သံဃေ အဝေစ္စပသာဒေန သမန္နာဂတော ဘဝိဿာမိ၊ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဘဝိဿာမိ၊ ။ဟူ၍ဟောတော်မူသည်၊ ။ ဒီဃာဝု၊ဒီဃာဝု။ ယသ္မာ၊ အကြောင့်ကြောင့်၊ ဣဟ၊ ဤပစ္စုပ္ပန်ဘဝ၌။ တေ၊ သင့်အား၊ ဧဝံ၊ ဤသို့၊ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏၊ တသ္မာ၊ ထိုကြောင့်၊ဗုဒ္ဓေ၊ဘုရား၌၊ အဝေစ္စပသာဒေန၊ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်၊ သမန္နာဂတော၊ ပြည့်စုံသည်၊ ဘဝိဿာမိ၊ ဖြစ်အံ့၊ ဓမ္မေ၊တရားတော်၌၊ အဝေစ္စပသာဒေန မတုန်မလှုပ် သက်ဝင်ယုံကြည်သောသဒ္ဓါတရားနှင့်၊သမန္နာဂတော၊ပြည့်စုံသည်၊ဘဝိဿာမိ၊ဖြစ်အံ့၊ သံဃေ၊ သံဃာတော်၌၊ အဝေစ္စပသာဒေန၊ မတုန်မလှုပ် သက်ဝင် ယုံကြည်သော သဒ္ဓါတရားနှင့်၊ သမန္နာဂတော၊ပြည့်စုံသည်၊ ဘဝိဿာမိ၊ ဖြစ်အံ့၊ အရိယကန္တေဟိ၊ အရိယာတို့ နှစ်သက်အပ်သော၊ သီလေဟိ၊ မကျိုးမပေါက် မပျောက်ကြားသော သီလနှင့်၊

သမ္ဗုဒ္ဓေါ၊ပြည့်စုံသည်။ ဘဂဝါဿဓါ၊ဖြစ်အံ့။ ဧဝံ ဤသို့၊ သင်္ကပ္ပဝဏ္ဏ
ကျင့်အပ်၏။ ။အဓိပ္ပါယ်ကား၊ဒီဃာဝုသတို့သား၊ မြတ်စွာဘုရား
ဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်၍ ကြည်ညိုခြင်းသဒ္ဓါတရား
တပါး၊ တရားတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင် ယုံကြည်၍
ကြည်ညိုခြင်းသဒ္ဓါတရားတပါး၊ သံဃာတော်ဂုဏ်၌ မတုန်မလှုပ်
သက်ဝင်ယုံကြည်၍ ကြည်ညိုခြင်း သဒ္ဓါတရားတပါး။ အရိယာတို့
နှစ်သက်အပ်သော မကျိုးမပေါက် မပျောက်ကြားသော သီလနှင့်
ပြည့်စုံ၍ ကြည်ညိုခြင်း သဒ္ဓါတရားတပါး။ ။ဤလေးပါးသော
တရားတို့ကို ကိုယ်တွင်း၌ အမြဲထား၍ ကျင့်အင်၏ဟု ဟောတော်
မူသည်။ ။ဤလေးပါးသော တရားတို့ကို ကြပ်ကြပ်ကြီးသတိ တရား
ထားကြရမည်။ ။မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကို မတုန်
မလှုပ် သက်ဝင် ယုံကြည်သော-ဗုဒ္ဓအဝေစ္စပ္ပသာဒဂုဏ်နှင့် ပြည့်စုံ
သောသူတို့မှာသာ၊ ဘုရားထံမှောက်၊ စက်တော်အောက်ခြေရင်းသို့
ဝပ်စင်းခယ သက္ကစ္စဝန္ဒနာဖြင့်။ လက်ဆယ်ဖြာထိပ်မိုး ရှိခိုးပူဇော်
ဖူးမျှော်တော်မူကြသည်၊ ဗုဒ္ဓအဝေစ္စပ္ပသာဒဂုဏ်နည်းပါး၊ ကြည်ညို
ကာမျှဖြစ်သော ပသာဒဂုဏ်နှင့် ပြည့်စုံသေးသူတို့သည်၊ မိမိနေရာ
အရပ်ကနေ၍ လက်အုပ်ချီမိုး ရှိခိုးကြသည်။ ဤသူနှစ်ဦးတို့၊ လက်
အုပ်ချီမိုး ရှိခိုးခြင်းကားတူ၏။ သဒ္ဓါတရား ထက်သန်ခြင်းမတူ ကွဲ
လွဲထူးခြားသည်။ ။လောက၌ ပြုကြသော အရေးရှာနတို့သည်၊
ရှေးသူတော်ကောင်းတို့ပြုကြသောထုံးဟောင်းကိုထောက်၍ပြုကြ
ရသည်။ ရှေးသူတော်ကောင်းတို့တွင်။ အနာထပိဏ်။ ကျော်ရှိန်
ပြန့်မွေး၊ သူဌေးသူမြတ်သည်၊ ရာဇဂြိုဟ်ပြည်၌နေသော ဝိသာလ
သူဌေး၏နှမ၊ သိရိသုမနနှင့် သင့်မြတ်ကြသဖြင့်၊ အမျိုးပေါက်ဖ
တော်စပ်၏၊ ယင်းသို့တော်စပ်ရကား၊ ထိုသူတို့အား အကြောင်း
ပြုသဖြင့်ရင်း၊ရောင်းဝယ်ဖေါက်ကား စီးပွါးရှာလိုသည်ဖြစ်၍ရင်း။
နှစ်နှစ်တခေါက်၊သုံးနှစ်တခေါက် ရောက်မြဲဖြစ်သတည်း၊ တရံရော
အခါ၊အနာထပိဏ်သူဌေးသည်၊လှည်းငါးရာတို့ဖြင့်၊ရာဇဂြိုဟ်ပြည်
သို့ရောက်လေသော်၊ ဝိသာလသူဌေးအိမ်သို့ဝင်၏၊ ဝိသာလသူဌေး
သည်း၊ နက်ဖြန်အလို့ငှါ ဘုရားအမှူးရှိသော သံဃာတော်တို့အား၊

ဆွမ်းကျွေးလှူဒါန်းရန် အမှုလုပ်တို့နှင့်တကွ၊ ဆွမ်းအဖျော်ယာဂု တို့ကိုစီမံ၍ပြီးငြိမ်းမှ၊ အနာထပိဏ်ထံသို့လာ၍ ဝမ်းမြောက်ဝမ်းသာပြောဆို၏၊ ထိုအခါ အနာထပိဏ်ကလည်း၊ သင်သည် ဘယ်ကိစ္စကြောင့် ဗျာပါရ ဖြစ်သနည်းဟု မေးလေသော်။ အဆွေ အနာထပိဏ်၊ အစိန္တေယျ၊ အပ္ပမေယျ၊ လောကသင်းကျစ်၊ မွေရာဇ်မှန်ကူ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ယခု ငါတို့ ရာဇဂြိုဟ်ပြည်၌၊ လူနတ်တို့အား တရားအမြိုက်ဆေး၊ဝတ်ကြွေး စံနေတော်မူသည်၊ ထိုဘုရားနှင့်တကွ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကိုနာခြင်းငှါ၊ ဆွမ်းယာဂုကိုစီမံသတည်းဟုပြောလေ၏၊ ထိုစကားကိုကြားလျှင်၊ အနာထပိဏ်သူဌေးလည်း ဝမ်းမြောက်ဝမ်းသာ၊ သဒ္ဓါတရားထက်သန်သဖြင့်၊ အချင်း ဝိသာခ ဘုရားဟူသောစကားကို ကြားရခဲ့မှုလည်း၊ အတိဒုလ္လဘ ရခဲခြင်း ဖြစ်ပေသည်၊ ငါ့အားယခု သင့်ညထံ အမြန်ပို့ပါ၊ ဖူးမြင်လိုပါသည်ဟုတောင်းပန်၏၊ ဝိသာခကလည်း၊ အချင်းအနာထပိဏ်၊ ယနေ့ ကား အချိန်မဟုတ်ပြီ။ နက်ဖန်နံနက်အခါ။ စောမြတ်စွာသည်၊ ငါတို့ အိမ်သို့ကြွလာလတ္တံ့၊ ထိုအခါမှ အားရအောင် ဖူးမြင်လောဟုဆိုပေ၏၊ အနာထပိဏ်သူဌေးလည်း၊ နံနက်အခါပင်ဘုရားရှင်ကို ဖူးမြင်တွေ့ကြုံရအံ့သည်တကားဟု၊ ငါးပါးသောပီတိဖြင့်ထုံလျက်၊ ဂုဏ်ကျေးဇူးတော်ကိုအောက်မေ့၍အိပ်လေသော်၊ သန်းခေါင်ယံကျော်လျှင် မပျော်နိုင်ခြင်း လင်းပြီဟုမှတ်ထင်၍ သုံးကြိမ်တိုင်အောင် ထမှား၏၊ တတိယယံသို့ရောက်သောအခါ၊ ထင်စွာသောအလင်းရောင်သည်ဖြစ်သဖြင့် အာရုဏ်တက်ပြီထင်၍ အလျင်တသော ထွက်သွားသဖြင့်၊ သီဝကမည်သော မြို့တံခါးသို့ရောက်လေသော်၊ တံခါးကိုစောင့်သောနတ်တို့ကဖွင့်သဖြင့် အသင့်ပင်ထွက်သွားရ၏၊ မြို့မထွက်မီလျှင်၊ ယခင်အလင်းရောင်သည် ပျောက်၍ အမိုက်အတိရောက်လာ၏၊ ထိုအခါ၊ အနာထပိဏ်သူဌေးလည်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်း၊ ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညှင်းတို့သည်ဖြစ်၍ ပြန်နစ်နေဦးအံ့ဟုကြံလတ်သော်၊ မြို့တံခါးပေါ်၌ စောင့်နေသော သီဝကမည်သောနတ်သားသည်၊ မိမိကိုယ်ကိုဖုံးကွယ်ထား၍ ထင်ရှား

သောအာသံဖြင့်။ ။သတံဟတ္ထိ သတံအဿာ သတံအဿတရီ
ရထာ သတံကညာ သဟဿာနိ အာရုတ္တမဏိကုဏ္ဍလာ ဧက
ပဒဝီတိဟာရဿ ကလံနာဂ္ဃန္တိသောဠသိံ။ ။ဟူသောဂါထာ
ကိုရွတ်၍၊ ။ဘောဂဟပတိ၊ ဒိုရှင်သူဌေး၊အာရုတ္တမဏိကုဏ္ဍ
လာ၊ကောင်းစွာစွပ်အပ်သော ပတ္တမြားစီခြယ်ထံဆာရှိကုန်ထသော၊
သတံသဟဿာနိ၊ တသိန်းကုန်သော၊ ဟတ္ထိ၊ ဆင်ပြောင်ကြီးတို့
သည်၎င်း။ သတံသဟဿာနိ၊ တသိန်းကုန်သော၊ အဿာ၊မြင်းတို့
သည်၎င်း၊သတံသဟဿာနိ၊တသိန်းကုန်သော၊ အဿတရီရထာ၊
အဿတိုရ်မြင်းကသော ရထားတို့သည်၎င်း။ အာမုတ္တမဏိကုဏ္ဍ
လာ၊ အလျှမ်ရှိရဲ လည်၌ဆွဲသော ပုလဲသွယ်ပြောင်း မြနားဒောင်း
ထည်းဆင်ကုန်သော၊ သတံကညာ သဟဿာနိ၊ တသိန်းမျှကုန်
သောမိန်းမကညာတို့သည်၎င်း။ ပရိဝါရေတွာ၊ခြံရံ၍၊မွှံတာ၊တည်
သော၊ ရဇ္ဇသိရိ၊မင်း၏အသရေသည်၊ ဝိဟာရံ၊ ဘုရားကျောင်းသို့။
ဂစ္ဆန္တဿ၊သွားသော၊တဝ၊ရှင်သူဌေး၏၊ ဧကပဒဝိတိဟာရဿ၊
ဘဝါးတလှမ်းတလှမ်း၌ဖြစ်သော စေတနာကို။ သောဠသိံ၊ တဆဲ့
ခြောက်စိတ်စိတ်သည်ကို၊ ကတွာ၊ပြု၍၊ ဧကကလံပိ၊ တစိတ်ခန့်မျှ
လည်း။ နဂ္ဃတိ၊ မမှီသာ၊ ဝါ၊ အဘိုးမထိုက်၊ ဂဟပတိ၊ ရှင်သူဌေး၊
အဘိက္ကမ၊ ရှေ့သို့တက်လော့၊ နောပဋိက္ကမ၊ နောက်သို့မဆုတ်လင့်
လော့၊ တော၊သင်၏။ ဂမနံ၊သွားခြင်းကား၊ အဘိက္ကန္တံ၊အလွန်နှစ်လို
ဘွယ်ရှိ၏၊သေယျော၊အလူးသဖြင့်ချီးမွမ်းအပ်၏၊ ။ဤဂါထာဖြင့်
သုံးခါသုံးကြိမ်တိုင်အောင် ကောင်းချီးကြွေးကြော်၍ ကောင်းချီး
ပေးလေသော်၊သူဌေးလည်း ပိုးရိမ်ခြင်းကင်းပျောက်လျက်၊ဘုရား
ကျောင်းတော်သို့ ရောက်အောင်ပင် အစဉ်သဖြင့် သွားလေ၏။
ဘုရားမြတ်စွာလည်း မြတ်သောနေရာ၌ နေလင့်၏။ သူဌေးလည်း
ဘုရားအထံတော်သို့ကပ်၍ ခြေရင်း၌ဝပ်လျက် အထပ်ထပ်ရှိခိုး
လေသော်၊ ဘုရားကိုယ်တော်မြတ်သည်း၊ အချင်းသုဒတ္တ။ သင်၏
လာခြင်းကား၊ စောစွတကားဟု၊ ငယ်မည်ဖြင့်ခေါ်၍ နှုတ်ဆက်
တော်မူ၏၊ အနာထပိဏ်သူဌေးလည်း၊အတိုင်းထက်အလွန်ပင်ရွှင်
လန်းဝမ်းသာသော စိတ်ရှိသည်ဖြစ်၍၊ တသက်ပတ်လုံး၊ ကျင့်သုံး

ချတ်ဒိုက်၊ အောက်မေ့ထိုက်သောစကားကိုလျှောက်ကြားပန်ထွာ
လျှောက်နေသည်တွင်၊ ဘုရားသခင်လည်း အစဉ်သောထရေးစကား
ဖြင့် ဟောကြားဆုံးမတော်၍ ကြည်ဖြူနူးညွှံ့သောအခါ၊ သစ္စာလေး
ပါးကိုပြတော်မူသဖြင့်၊ ထိုအနာထပိဏ်သူဌေးသည်၊ ရှေးဦးစွာ
သောတာပတ္တိဖိုလ်၌တည်သည်၏၊ ထိုအခါမြတ်စွာဘုရားအားရှင်း၊
တရားတော် သင်္ဃာတော်တို့အားရှင်း ကောင်းချီးပေးခြင်းကိုပြု
၍၊ ဥပါသကာ၏အဖြစ်ကိုတောင်းပန်လျှောက်၏။ ။ဧသာဟံဘန္တေ
ဘဂဝန္တံ သရဏံဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ ဥပါသကံမံဘဂဝါ
ဓာရေတု၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ၊ ။ဟူသော
စကားဖြင့် သရဏဂုံယူ၏။ ။ဘန္တေ၊ အရှင်ဘုရား၊ဧသောဟံ၊
အကျွန်ုပ်သည်၊ဘဂဝန္တံ၊မြတ်စွာဘုရားကို၊သရဏံ၊ကိုးကွယ်ခြင်း
သို့၊ဂစ္ဆာမိ၊ရောက်ပါ၏၊ဓမ္မဉ္စ၊တရားတော်ကိုရှင်း၊ ဘိက္ခုသံဃဉ္စ၊
ရဟန်းသင်္ဃာကိုရှင်း၊သရဏံ၊ကိုးကွယ်ခြင်းသို့။ ဂစ္ဆာမိ၊ရောက်ပါ
၏၊ဘဂဝါ၊မြတ်စွာဘုရားသည်၊မံ၊အကျွန်ုပ်ကို၊ အဇ္ဇတဂ္ဂေ၊ယနေ့
မှစ၍၊ ပါဏုပေတံ၊ အသက်ရှိသမျှကာလပတ်လုံး။ သရဏံဂတံ၊
ကိုးကွယ်ခြင်းသို့ရောက်သော၊ဥပါသကံ၊ဒါယကာဟူ၍၊ ဓာရေ
တု၊မှတ်တော်မူပါလော။ ။ဤဝတ္ထုနှ၌၊ သတံဟတ္ထိသတံအဿာ၊
အစရှိသောဂါထာ၌၊ ရတနာသုံးပါးအထံသို့သွားသော ဘဝါးတ
လှမ်းကို၊ နှစ်ရာ့ငါးဆယ့်ခြောက်စိတ်စိတ်၍ တစိတ်ခန့်တွင် ဖြစ်
သောကုသိုလ်ကို၊ ဆင်တသိန်း၊မြင်းတသိန်း၊ အဿထုရ်မြင်းက
သော ရထားတသိန်း။ ပတ္တမြားနားဒေါင်း လက်ကြပ်စသော
တန်ဆာဆင်ပြီးသောသတို့ကညာတသိန်း၊ဤလေးသိန်းသောရတနာ
တို့ဖြင့်ခြံရံ၍တည်သော မင်း၏အသရေသည်၊ရတနာသုံးပါးထံသို့
သွားသောသူ၏ ဘဝါးတလှမ်းကို၊ နှစ်ရာ့ငါးဆယ့်ခြောက်စိတ်
စိတ်၍ တစိတ်ခန့်တွင်ဖြစ်သောကုသိုလ်ကိုမမှီနိုင်ရာ၊ထိုကုသိုလ်
နှင့် ပြဆိုခဲ့ပြီးသော လေးသိန်းသော ရတနာတို့နှင့်လဲလျှင်၊တစိတ်
ခန့်တွင်ဖြစ်သောကုသိုလ်ရှင်ကရိုးသေး၏၊ ။ဤဂါထာ၌၊ ဧက
ပဒဝီတိဟာရ ဟူရာ၌၊ ဘဝါးတလှမ်းသည်၊ထောင်ဆုပ်ပမာဏ
ရှိ၏၊ လက်သစ်နှစ်ဆယ်ဖြစ်၏၊ ။ထိုလက်သစ်နှစ်ဆယ်ကို တဆဲ့

ခြောက်ဗိုက်ဗိုက်လျှင်၊လက်တသစ် တခုသော၊သန်းဦးခေါင်းရှနစ်
တလိက္ခာ ရထေရေဏုမှု ငါးဆဲ့ခြောက် တဇ္ဇာယိမှု ကိုးလုံးခန့် ရှိ
၏၊ ။၎င်းကို တဆဲ့ခြောက်ဗိတ်ဗိုက်ဖြန့်၊ ဤနည်းဖြင့် တဆဲ့ခြောက်
ဗိတ်-တဆဲ့ခြောက်ဗိုက်-တဆဲ့ခြောက်ကြိမ်ဗိုက်လျှင်၊နှစ်ရာ့ငါးဆဲ့
ခြောက်ဗိုက်ဖြစ်၏၊ ။ဘဝါးတသွမ်းကို နှစ်ရာ့ငါးဆဲ့ခြောက်ဗိတ်
လျှင် တဗိုက်ကို သန်းဦးခေါင်းရှနစ်၊ လိက္ခာမှု နှစ်ဆဲ့ရှစ်၊ ရထရေ
ဏုခြံ၊ နှစ်ဆဲ့သေး၊ဘဇ္ဇာရီမြူ သုံးဆဲ့ငါး၊အနုမြူ ခုနစ်လုံးခန့်ရှိ၏။ ။
ဤသို့ကျမ်းဂန်လာသောကြောင့်၊ အိမ်ကနေ၍ ရှိခိုးသောသူသက်
ရတနာသုံးပါး ထံမှောက် စက်တော်အောက်သို့ ထားရောက် ရှိခိုး
သောသူက အကျိုးအလွန်ကြီးကျယ်၍ မြတ်သည်ဟူ၍မှတ်။
ထိုမှတပါးလည်း၊ ကုဏ္ဍုဝတိဖြည်ကြီးကိုအစိုးရသော မဟာ
ကပ္ပိနမင်းမြတ်နှင့်၊ အနောက်ဇာဓိပရားတို့သည်၊ သာဝတ္ထိပြည်သား
မြင်းကုန်သည် ငါးရာတို့က၊ အကျွန်ုပ်တို့အရပ်၌ ရတနာသုံးပါး
ထင်ရှားရှိကြောင်းကို သတင်းစကားကြားသိရလျှင်၊ ဖရထာပိတ်
လွှမ်းသဖြင့်၊ ထီးနန်းခရိုင်၊နိုင်ငံကိုစွန့်ခွါ၍၊ ဘုရားထံမှောက်၊ စက်
တော်အောက်သို့သွားပြီးလျှင်ရှိခိုးဖူးမျှော်ကြောင်းကိုသည်။ကျမ်း
ဂန် အထင်အရှားရှိသည်၊ သို့ဖြစ်၍၊ ဘုရားရှိရာသို့သွား၍၊ ရှေးသူ
တော်ကောင်းတို့၊ထုံးဟောင်းကိုလိုက်နာ၍။ရှိခိုးပူဇော် ဖူးမျှော်ကြ
ရမည်၊ ။ထိုမှတပါးသည်း။ ။ယသက်မနွယ်သညျုပ။တေသံ
ပဉ္စာနိသံသိကာ သဂ္ဂသံဝတ္တနိကုဗ္ဗ ကုသမဟိဒ္ဓိတောသောဂ၊ ။
ပညာသဒါဘိဝါဒ ဝိဘမန္တေ သာ ဝိဘာဂါ သဗ္ဗဒ္ဒသဝနာဝေ
ဝ ဆုနေမဉ္စာနိ သံသိကာ၊ ။ယောတ္ထကျွ၊ အကြင်သိလရှိသော
ရဟန်းတို့သည်၊ သဒ္ဓါ၊သဒ္ဒါဘုရားနှင့်ပြည့်စုံသော ဒါယကာအထံ
သို့၊ဥပသက်မနွှ၊ကပ်ကုန်၏၊တေသံ၊ထိုဒါယကာတို့အား၊ ပဉ္စာနိ
သံသိကာ၊ငါးပါးသောအကျိုးတို့ကိုရကုန်၏၊ သဂ္ဂသံဝတ္တနိကာ။
နတ်ပြည်၌ဖြစ်စေတတ်သော၊ပသာဒါ၊ကြည်ညိုခြင်းရင်း၊ဥစ္စကုလ
သံဝတ္တနိကာ၊မြင့်မြတ်သောအမျိုး၌ဖြစ်စေတတ်သော၊ အဘိဝါဒါ၊
ရှိခိုးခြင်းရင်း။ မဟိဒ္ဓိသံဝတ္တနိကာ၊ဘုန်းကြီးခြင်းကို ဖြစ်စေတတ်
သော၊ ဝိဘမန္တေရာ၊ ဝန်တို့ခြင်းမှကင်းခြင်းရင်း၊ ဘောဂသံဝတ္တနိ

ကာ၊ စည်းစိမ်ဥစ္စာများခြင်းကို ဖြစ်စေတတ်သော၊ ဝိဘာဂ၊ ပေးကမ်းခြင်းလည်း၊ ပညာသံဝတ္တနိကာ၊ ပညာကြီးခြင်းကို ဖြစ်စေတတ်သော၊ သဒ္ဓမ္မသဝနာစေဝ၊ သူတော်ကောင်းတို့တရားနာရခြင်းလည်း။ ဣမေပဉ္စာနိသံသိကာ၊ ဤငါးပါးကုန်သောအကျိုးတို့ကိုရကုန်၏။ ။ အဓိပ္ပါယ်ကား၊ သဒ္ဓါတရားနှင့် ပြည့်စုံသောသူတို့အား၊ သီလရှိသောရဟန်းတို့နှင့်တွေ့ကြုံရချင်၊ တွေ့ရာအရပ်၌ ငါးပါးကုန်သောအကျိုးတို့ကိုရကုန်၏။ ငါးပါးသောအကျိုးဟူသော်ကား။ ကြည်ညိုကာမျှဖြင့်နတ်ရွာသုဂတိဘဝသို့ရောက်စေတတ်သည်တပါး။ ၁။ ရှိခိုးပူဇော်ခြင်းကြောင့် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်သည်တပါး။ ၂ ။ ဝန်တိုခြင်းမှကင်းခြင်းကြောင့် တန်ခိုးကြီးခြင်းနှင့်ပြည့်စုံသည်တပါး၊ ၃ ။ အနည်းငယ်မျှသော်လည်းပေးကမ်းလှူဒါန်းခြင်းကြောင့် စည်းစိမ်ဥစ္စာ ပေါများသည်တပါး၊ ၄ ။ တရားတော်ကိုနာရခြင်းကြောင့် ပညာကြီးသည်တပါး၊ ၅ ။ ဤငါးပါးသောအကျိုးတို့ကိုရကုန်သည်၊ ။ ဤသို့ကျမ်းဂန်လာသည်ဖြစ်၍ ဘုရားထံမှောက်သို့ လာရောက်ရှိခိုးပူဇော်သောသူကား၊ အကျိုးပေးသလွန်၍ကြီးကြောင်းကိုသာသည်၊ ။ စေတီဘုရား၊ ရဟန်းများထံမှောက်၊ ဟက်တော်အောက်သို့သွားရောက်ညွတ်ကျိုး၊ ရှိခိုးသောသူ၊ အဝေးနေရာ၊ အိမ်ဂေဟာက၊ စေတနာဘော။ ဝတ်တွားရိုကျိုး။ ရှိခိုးပူဇော်သောသူ၊ ဤသူနှစ်မျိုး၊ အကျိုးပေးဘူ-မတူ၊ ဟောတော်မူသော့၊ ။ ဟူသော အမေးပုစ္ဆာဖြေသနာကို၊ ကျမ်းသာမဆိုင်း။ ဟုတ်မှန်ဘိုင်းဖြေဆို၍၊ ဤအခါပြီးသော့ပြီ။

## ပုဂ္ဂလိက၊ သံဃိက ဒါနနှစ်ပါး ခြားနားရန် ဖြေသောအကြောင်း၊

ပုဂ္ဂလိကဒါန၊ သံဃိကဒါန၊ ထိုဒါနနှစ်မျိုး၊ အကျိုးပေး ဘယ်ဒါနက ကြီးသနည်းဟူသော အမေးပုစ္ဆာ၌၊ တိုက်ရိုက်သေချာ၊ ကျမ်းဂန်လာကိုဖြေပါဦးအံ့၊ ။ သံဃိကဒါနထက်၊ ပုဂ္ဂလိကဒါနက၊ သာလွန်ထူးမြတ်သည်၊ အဘယ်ကြောင့်နည်းဟူမူကား၊ ။

လောကသုံးပါးတွင်၊ ဘုရားထက်သာလွန်ထူးမြတ်သော ပုဂ္ဂိုလ်
မည်သည်မရှိ။ ထို့ကြောင့်၊ ပုဂ္ဂလိကဒါနက သာလွန်ကြီးမြတ်၏။
လောကဓာတ်၌၊ ဘုရားထက် သာလွန်ထူးမြတ်သူ မရှိကြောင်းကို
ဥပရိပဏ္ဏာသ သေးချမြောက်သော ဝိဘင်္ဂဝဂ် ဒက္ခိဏာဝိဘင်္ဂသုတ်
အဋ္ဌကထာ၌၊ ။နယိမသ္မိံ သောကေ ပရသ္မိံ ဝါပနဗုဒ္ဓေနသေဋ္ဌော
သဒိသောဝါ ဝိဇ္ဇတိအဟာမဟာဟုနေယျာနံ အဂ္ဂတံဂတော ပုညတ္တိ
ကာနံ ဝိပုလဖလေသိနန္တိ ဝစနတော သတ္ထာရာ ဥတ္တရိတရော
ဒက္ခိဏေယျာနာမနတ္တိ။ ။ဟူသောပါဠိကိုမိန့်တော်မူသည်။ ။
အနက်ကား။ နယိမသ္မိံ လောကေ ပရသ္မိံ ဝါ ဗုဒ္ဓေနသေဋ္ဌော သဒိ
သောဝါ။ သ။ ဝိပုလဖလေသိနံ နယိမသ္မိံ လောကေ။ လ။ ဝိပုလဖလေ
သိနံ ဟူ၍၊ ဝစနတော။ မြတ်စွာဘုရားဟောတော်မူသောကြောင့်။
သတ္ထာရာ၊ မြတ်စွာဘုရားထက်၊ ဥတ္တရိတရော၊ လွန်မြတ်သော၊ ဒက္ခိ
ဏေယျာနာမ၊ အလှူခံမည်သည်၊ နတ္တိ၊ မရှိ၊ ။မြတ်စွာဘုရားထက်
လွန်မြတ်သော အလှူခံမည်သည် မရှိကြောင်းကိုသာသည်။ ။
ပါဠိတော်၏အနက်ကား။ ။ဣမသ္မိံ လောကေဝါ၊ ဤလောက၌ရင်း။
ပရသ္မိံ သောကေဝါ၊ တပါးသော လောက၌ရင်း။ ဗုဒ္ဓေန၊ မြတ်စွာ
ဘုရားထက်၊ သေဋ္ဌောဝါ၊ မြတ်သောအလှူခံသည်ရင်း၊ ဗုဒ္ဓေန၊ ဘုရား
နှင့်၊ သဒိသောဝါ၊ တူသောသူသည်ရင်း၊ နဝိဇ္ဇတိ၊ မရှိ။ အဟာ၊
ငါဘုရားသည်၊ ပုညတ္တိကာနံ၊ ကောင်းမှုကိုအလိုရှိကုန်သောသူတို့
၏၊ ဝိပုလဖလေသိနံ၊ ပြန့်ပြောသောအကျိုးကို ရှာလေ့ရှိကုန်သော
သူတို့အား၊ အာဟုနေယျာနံ၊ အဝေးမှဆောင်ခဲ့သောအလှူကို ခံယူ
ထိုက်သောပုဂ္ဂိုလ်တို့တွင်၊ဝါ၊ပုဂ္ဂိုလ်တို့ထက်။ အဂ္ဂတံ၊မြတ်သော
အဖြစ်သို့၊ ဂတော၊ ရောက်၏။ ။ဤသို့ပါဠိတော်အဋ္ဌကထာလာ
သောကြောင့်။ သံဃိကဒါနထက်၊ ပုဂ္ဂလိကဒါနက၊ သာလွန်ထူး
မြတ်သည်မှတ်၊ ဤသို့သံဃိကဒါနထက်၊ပုဂ္ဂလိကဒါနကသာလွန်
၍မြတ်သည်ဖြစ်ပါလျက်၊ အဘယ်ကြောင့်၊ ဥပရိပဏ္ဏာသဒက္ခိဏာ
ဝိဘင်္ဂသုတ်ပါဠိတော်တွင် မိန့်တွေးတော် ဂေါတမိသည်၊ မြတ်စွာ
ဘုရား သက်နှင်းတော် အပုံလှူရာ၌၊ ။သံဃေဂေါတမိဒေဟိ။
သံဃေဒိန္နေ အဟဉ္စေဝပူဇိတော ဘဝိဿာမိ သံဃောစ၊ ။

အနက်ကား။ ဂေါတမိ၊ ဂေါတမီ၊ သံဃေသံဃ သ၊ သံဃာတော်
အား၊ ဒေဟိ၊ လှူလော့။ ဂေါတမိ၊ ဂေါတမီ၊ သံဃေ၊ သံဃာကို၊ ဒိန္နေ၊
လှူသည်ရှိသော်၊ အဟဉ္စေဝ၊ ငါဘုရားကိုရင်း၊ သံဃော၊ သံဃာ
ကိုရင်း၊ ပူဇိတော၊ ပူဇော်အပ်သည်၊ ဘဝိဿာမိ၊ ဖြစ်အံ့၊ ။ဤသို့
မြတ်စွာဘုရားသည်၊ ဂေါတမီ သံဃာကိုလှူလော့ဟု နှင်ကြိမ် သုံး
ကြိမ်တိုင် ပယ်တော်မူသည်၊ နှင်ကြိမ်သုံးကြိမ်တိုင် ပယ်တော်မူ
သည်မှာ၊ မြတ်စွာဘုရားအကြံတော်ဖြင့်၍၊ အဘယ်သို့အကြံတော်
ဖြစ်သနည်းဟူမူ၊ မိထွေးတော်အား ငါဘုရားကိုအကြောင်းပြု၍၊
ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာတည်းဟူသော စေတ
နာသုံးကြိမ်တို့သည် ဖြစ်ကုန်ပြီ၊ သံဃာကိုအကြောင်းပြု၍လည်း၊
ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာတည်းဟူသော စေတနာ
သုံးကြိမ်တို့သည်ဖြစ်စေသတည်း၊ ဤသို့ဖြစ်သည်ရှိသော်၊ မိထွေး
တော်အား ၆ ကြိမ်သောစေတနာတို့သည် ပေါင်းတည်းဖြစ်၍
မြင့်ရှည်စွာသောကာလပတ်လုံး အကျိုးစီးပွါးများခြင်း၊ ချမ်းသာ
ခြင်းဖြစ်လတ္တံ့၊ ဤသို့နှလုံးသွင်းတော်မူ၍၊ နှင်ကြိမ်သုံးကြိမ်ပယ်
တော်မူသတည်း။ ။ထို့ကြောင့်၊ ဥပရိပဏ္ဏာသ-ဝိဘင်
သုတ်အဋ္ဌကထာ၌၊ ။ကသ္မာပန ဘဂဝါ အတ္တနော ဒိယမာနံ
ဘိက္ခုသံဃဿ ဒါပေသိတိ၊ မာတရိ အနုကမ္ပာယ ဧဝံကိရဿ
အဟောသိ၊ အယံ ဣမိဿာ မံ အာရဗ္ဘ ပုဗ္ဗစေတနာ မုဥ္စစေတနာ အပ
ရစေတနာတိ တိဿော စေတနာ ဥပ္ပန္နာ ဘိက္ခုသံဃံ ပိ အာရဗ္ဘ
ဥပ္ပဇ္ဇန္တူတိ ဧဝမဿာ ဆ စေတနာ ဧကတော ဟုတွာ ဒီဃရတ္တံ
ဟိတာယ သုခါယ ပဝတ္တိဿန္တိ။ ။ဟုမိန့်ဆိုတော်မူသည်။ ။
ကသ္မာပန၊ အဘယ်ကြောင့်၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အတ္တ
နော၊ မိမိအား၊ ဒိယမာနံ၊ ကပ်လှူအပ်သော သင်္ကန်းအစုံကို၊ ဘိက္ခု
သံဃဿ၊ ရဟန်းသံဃာအား၊ ဒါပေသိ၊ လှူစေသနည်း။ ဣတိပုစ္ဆာ
ယံ၊ ဤပုစ္ဆာမေးသည်ရှိသော်၊ မာတရိ၊ မိထွေးတော်ကို၊ အနုကမ္ပာ
ယ၊ အစဉ်သနားတော်မူသောကြောင့်၊ ဒါပေသိ လှူစေတော်မူ၏၊
အဿ၊ ထိုမြတ်စွာဘုရားအား၊ ဧဝံ၊ ဤသို့သော အကြံတော်သည်၊
အဟောသိကိရ၊ ဖြစ်သတတ်၊ အယံ၊ ဤမိထွေးတော်အား မံ၊

ငါဘုရားကို၊ အာဒရဘ္ဘ၊အကြောင်းပြု၍၊ ပုဗ္ဗစေတနာ၊ပုဗ္ဗစေတနာ ရင်း၊ မုဉ္စစေတနာ၊မုဉ္စစေတနာရင်း၊အပရစေတနာ၊အပရစေတနာ ရင်း၊ဣတိ၊ဤသို့၊တိသော၊သုံးပါးကုန်သော၊စေတနာ၊စေတနာတို့ သည်၊ ဥပ္ပန္နာ၊ဖြစ်ကုန်ပြီ၊ ဘိက္ခုသံဃံပိ၊ ပဟာန်းသံဃာကိုလည်း၊ အာဒရဘ္ဘ၊ အကြောင်းပြု၍၊ အဿာ၊ ထိုမိထွေးတော် ဂေါတမီအား၊ တိသော၊သုံးပါးကုန်သော၊စေတနာ၊စေတနာတို့သည်၊ ဥပ္ပဇ္ဇန္တု၊ ဖြစ်စေကုန်သတည်း၊ ဣတိဧဝံ၊ ဤသို့ဖြစ်သည်နှင့်သော်၊ အဿာ၊ထို မိထွေးတော်ဂေါတမီအား၊ ဆစေတနာ၊ခြောက်ကြိမ်သောစေတ နာတို့သည်၊ဧကတော၊ တပေါင်းတည်း၊ ဟုတွာ၊ဖြစ်၍၊ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ရက်ပတ်လုံး၊ ဟိတာယ၊ စီးပွါးများခြင်းငှါ၊ သုခါယ၊ ချမ်းသာခြင်းငှါ၊ ပဝတ္တိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

မိထွေးတော် ဂေါတမီ၏ အကျိုးစီးပွါးကိုသာ တောင့်တတော်မူ သည်မဟုတ်သေး၊နောက်နောက်သော အမျိုးသားတို့အား၊ သံဃာ ၌ အလေးဂရုပြုခြင်းကို ဖြစ်စေခြင်းအကျိုးငှါလည်း၊ ငါဘုရားသည် ရှည်မြင့်စွာမတည်လတ္တံ့၊ ငါဘုရား၏ အဆုံးအမတော်တည်းဟူ သော သာသနာသည်ကား၊ ရဟန်းသံဃာ၌တည်လတ္တံ့။ နောင် ဖြစ်ကုန်သော အမျိုးသားတို့သည်၊ သံဃာ၌ အရိုအသေ ပြုကြစေ သတည်း၊ ဤသို့နှလုံးသွင်းတော်မူ၍၊ ၃ ကြိမ်တိုင်တိုင် ပယ်တော် မူ၍၊ သံဃာအား လှူစေတော်မူသတည်း။ ဤသို့ လှူစေတော်မူ သဖြင့်၊မြတ်စွာဘုရားသည်၊ ကိုယ်တော်အား လှူသောပစ္စည်းကို၊ သံဃာအား လှူစေတော်မူသော်၊ သံဃာလည်း အလှူကိုခံထိုက် ဖြစ်၍ နောက်နောက်သော အမျိုးသားတို့သည်၊ သံဃာ၌ အရို အသေပြု၍ ပစ္စည်းလေးပါးကိုလှူအင်၏အောက် မေ့လတ္တံ့။ သံဃာ သည်လည်း၊ ပစ္စည်းလေးပါးကိုရသဖြင့်၊ ပိဋကတ်သုံးပုံတည်းဟူ သော ငါဘုရား၏ စကားတော်ကိုသင်ကြား၍ ရဟန်းတရားကို အားထုတ်လတ္တံ့၊ ဤသို့ရဟန်းတရားကို အားထုတ်နိုင်ကြသဖြင့်၊ ငါဘုရား၏ အဆုံးအမတော်တည်းဟူသော သာသနာသည်၊ ငါး ထောင်ရှည်ကြာ ကောင်းမွန်စွာတည်လတ္တံ့၊ ဤသို့နှလုံးသွင်းပိုက် တော်မူ၍၊ ၊သံဃေဂေါတမိဒေဟိ သံဃေဒိန္နေ အဟဉ္စေဝ

ပုဗ္ဗိတော ဘာဝိသာပိ သံဃောစ၊ ။ဟူ၍ အကြိမ်ကြိမ်ဆိုတော်မူသည်၊ ဘုရားထက်မြတ်၍ သံဃာတော်ကို လှူလော့ဟုဆိုတော်မူသည်မဟုတ်မှတ်၊ ။သံဃေဒိန္နံမဟပ္ဖလံ၊ ။သံဃေ၊ သံဃာတော်၌၊ ဒိန္နံ၊ လှူအပ်သောအလှူသည်၊ မဟပ္ဖလံ၊ များသောအကျိုးရှိ၏ ဟူ၍ဆိုအပ်သောစကား၌၊ အလှူခံပုဂ္ဂိုလ်များသည် ဖြစ်၍၊ စေတနာများသောကြောင့် မရေတွက်နိုင်အောင် အကျိုးပေးသည် ဖြစ်၍ မဟပ္ဖလဆိုသည်၊ စေတနာများ၍ အကျိုးပေး များသည် ဆိုလျှင်၊ သံဃာက များသည်ဖြစ်၍၊ သံဃာကိုလှူဒါန်းသောဒါနက အကျိုးပေးကြီးရမည်မဟုတ်လောဟူမူ၊ ပုဂ္ဂလဝိသေသ လောကသုံးပါး၌ ဘုရားထက်မြတ်သောသူမရှိသောကြောင့် အကျိုးပေး မတူနိုင် ဘုရားကိုလှူသော ပုဂ္ဂလိကဒါနကမြတ်သည်၊ ။ဘုရားမှတပါး ပုဂ္ဂိုလ်သဃ်ာဖြစ်၍ သံဃာချင်းဖြစ်ခဲ့မူ၊ ပုဂ္ဂလိကဒါနထက်၊ သံဃိက ဒါနကမြတ်သည်၊ မြတ်သည်ဆိုသော်လည်း၊ သံဃိက မြောက်အောင်လှူနိုင်ခဲသည်၊ လှူနိုင်ခဲကြောင်းကို၊ ။ဥပရိပဏ္ဏာသ ဒက္ခိဏာ ဝိဘင်္ဂသုတ် အဋ္ဌကထာ၌၊ သံဃေဂတ္တိကာရံ သက္ကောန္တိသဟောတိ၊ သံဃေဂတ္တိကာရေနာ မဒက္ခိရောဟောတိ၊ သံဃဂတံ ဒက္ခိဏံ ဒသာမိတိ ဒေယျဓမ္မံ ပရိယာဒေတွာ ဝိဟာရံ ဂန္တွာ ဘန္တေသံဃံ ဥဒ္ဒိဿ ဧကံ ထေရံ ဒေထာတိ၊ အထသံဃ တော သာမဏေရံ လဘိတွာ သာမဏေရော မေ လဒ္ဓေါတိ၊ အညာ တတ္ထုံ ဥပ္ပဇ္ဇတိ၊ တဿဒက္ခိဏာ သံဃဂတာ န ဟောတိ၊ မဟာထေရံ လဘိတွာ မဟာထေရော မေ လဒ္ဓေါတိ သောမနဿံ ဥပ္ပါဒေန္တဿပိ န ဟောတိ၊ ယောပန သာမဏေရံ ဝါ ဥပသမ္ပန္နံ ဝါ ဒဟရံ ဝါ ထေရံ ဝါ ဗာလံ ဝါ ပဏ္ဍိတံ ဝါ၊ ယံ ကိဉ္စိ သံဃတော လဘိတွာ နိဗ္ဗေမတိကော ဟုတွာ သံဃဿ ဒေမီတိ၊ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောတိ၊ တဿ ဒက္ခိဏာ သံဃဂတာ နာမ ဟောတိ၊ ။ဟူသော ပါဠိလာရှိသတည်း၊ ။အနက်ကား၊ သံဃေ၊ သံဃာ၌၊ စိတ္တီကာရံ၊ ရိုသေခြင်းကို၊ ကာတုံ၊ ပြုခြင်းငှါ၊ သက္ကောန္တဿ၊ ပြုနိုင်သောသူအား၊ ဟောတိ၊ ဖြစ်၏၊ သံဃေ၊ သံဃာ၌၊ စိတ္တီကာရေန၊ ရိုသေခြင်းမည်သည်ကို၊ ဒက္ခိရော၊ ပြုနိုင်ခဲ၏၊ ဟိ၊ သစ္စာမှန်၏၊ ယော၊ အကြင်

သူသည်၊ သံဃဂတ၊သံဃာအားရောက်သော၊ ဒက္ခိဏာ၊အလှူကို။ ဒဿာမိ၊လှူအံ့၊ဣတိ၊၍သို့ကြံ၍၊ ဒေယျဓမ္မ၊လှူဘွယ်ဝတ္ထုကို၊ ပရိယာဒေတွာ စီရင်၍၊ ဝိဟာရံ၊ကျောင်းသို့၊ ဂန္တွာ၊သွား၍၊ ဘန္တေ၊ အရှင်ဘုရားတို့၊ သံဃံ၊ သံဃာကို၊ ဥဒ္ဒိဿ၊ ရည်၍၊ ဧကံထေရံ၊ မထေရ်တပါးကို၊ ဒေထ၊ပေးတော်မူပါကုန်၊ ဣတိ၊၍သို့၊ ယာစိ၊ လျှောက်၏၊အထ၊ထိုသို့တောင်းသောအခါ၌၊ သံဃတော၊သံဃာမှ၊ သာမဏေရံ၊သာမဏေကို၊ လဘိတွာ၊ရ၍၊ မေ၊ငါ့အား၊ သာမဏေရော၊ သာမဏေကို၊ လဒ္ဓေါ၊ရခဲ့ပြီ၊ ဣတိ၊၍သို့၊ အညထတ္တံ၊ ဖေါက်ပြန်ခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ တဿ၊ ထိုသူ၏၊ ဒက္ခိဏာ၊ အလှူသည်၊ သံဃဂတာ၊ သံဃာအားရောက်သည်၊ ဝါ၊သံဃာဒါနသည်၊နဟောတိ၊မဖြစ်၊မဟာထေရံ၊မထေရ်ကြီးကို၊လဘိတွာ၊ရ၍၊ ဣတိ၊၍သို့၊ မေ၊ငါ့အား၊ မဟာထေရော၊မထေရ်ကြီးကို၊ လဒ္ဓေါ၊ ရခဲ့၏၊ဣတိ၊၍သို့၊ သောမနဿံ၊ဝမ်းမြောက်ခြင်းကို၊ ဥပ္ပါဒေန္တဿပိ၊ဖြစ်စေသောသူအားလည်း၊ ဒက္ခိဏာ၊အလှူသည်၊ သံဃဂတာ၊ သံဃာအားရောက်သည်၊ ဝါ၊သံဃိကအလှူသည်၊ နဟောတိ၊ မဖြစ်၊ယောပန၊အကြင်သူသည်ကား၊သာမဏေရံဝါ၊ သာမဏေကိုရင်း၊ ဥပသမ္ပန္နံဝါ၊ ပဉ္စင်းကိုရင်း၊ ဒဟရံဝါ၊ပဉ္စင်းငယ်ကိုရင်း၊ ထေရံဝါ၊မထေရ်ကြီးကိုရင်း၊ဗာလံဝါ၊မိုက်သောရဟန်းကိုရင်း၊ ပဏ္ဍိတံဝါ၊ ပညာရှိသော ရဟန်းကိုရင်း၊ လဘိတွာ၊ရ၍၊ နိဗ္ဗေမတိကော၊ယုံမှားမရှိသည်၊ ဟုတွာ၊ဖြစ်၍၊ သံဃဿ၊သံဃာအား၊ဒေမိ၊လှူအံ့၊ဣတိ၊၍သို့၊ သံဃံ၊သံဃာ၌၊ စိတ္တိကာရံ၊ရိုသေခြင်းကို၊ ကာတုံ၊ပြုခြင်းငှါ၊သက္ကောတိ၊တတ်နိုင်၏၊ တဿ၊ထိုသူ၏၊ ဒက္ခိဏာ၊အလှူသည်၊ သံဃဂတာနာမ၊ သံဃာအားရောက်သည်မည်သည်၊ဝါ၊သံဃိကအလှူမည်သည်၊ဟောတိ၊ဖြစ်၏။ ၊အဓိပ္ပါယ်ကား၊ သံဃိကဒါနကို၊ သံဃာ၌ရိုသေခြင်း သံဃစိတ္တိကာရကို ပြုနိုင်သောသူအား သံဃိကဒါနဖြစ်၏၊ သံဃစိတ္တိကာရကို မပြုနိုင်သောသူအားမဖြစ်၊ သံဃစိတ္တိကာရကိုလည်း အလွန်ပြုနိုင်ခဲ၏၊ သံဃိကဖြစ်သောဒါနကို လှူအံ့ဟု အလှူဝတ္ထုကို စီရင်ပြီး၍၊သံဃာထံသို့ချဉ်းကပ်၍၊ အရှင်ဘုရားတို့၊သံဃာကိုရည်၍ မထေရ်တပါး

ကိုးပေးဘော်မူပါဟု လျှောက်သားရာ၊ မင်းထင်ရဟန်းက သာမ
ဏေကိုးပေးလိုက်သလျှင်၊ သာမဏေကိုရ၍ ငါ့အား သာမဏေ
ကိုရခဲ့ပြီဟု နှလုံးမသာယာသောသူအားသည်း၊ သံဃာ၌ ရှိသော
ခြင်း သံသာဝဋ္ဋဒုက္ခမဖြစ်၍၊ သံဃာဒါနမမြောက်၊ မင်းထင်ရကြီးကို
ပေးလိုက်သလျှင်၊ မင်းထင်ရကိုရ၍၊ ငါ့အားမင်းထင်ရကြီးကို ရပေ
၏ဟု ဝမ်းမြောက်သောသူအားလည်း၊ သံဃာ၌ရှိသောခြင်း သံသာ
ဝဋ္ဋဒုက္ခမဖြစ်၍ သံဃာဒါနမမြောက်၊ သာမဏေကိုဖြစ်စေ၊ ပဉ္စင်း
ကိုဖြစ်စေ၊ မင်းထင်ရငယ်ကိုဖြစ်စေ၊ မင်းထင်ရကြီးကိုဖြစ်စေ၊ မိုက်
သောရဟန်းဖြစ်စေ၊ ပညာရှိသောရဟန်းဖြစ်စေ၊ အမှတ်မရှိ တပါး
ပါးကိုရ၍ ယုံမှားမရှိ၊ သံဃိကဒါနကို ငါလှူအံ့ဟု သံဃာကိုရှိသော
ခြင်း သံသာဝဋ္ဋဒုက္ခကိုပြုနိုင်သောသူအား၊ သံဃိကဒါနဖြစ်၏။
မပြုနိုင်သောသူအားမဖြစ်၊ သံဃာကိုရှိသောခြင်း သံသာဝဋ္ဋဒုက္ခ
ကိုပြုနိုင်သောသူအား၊ သံဃာ၌ညွှန်ချ၍ရသော အလဇ္ဇီဒုဿီလပင်
ဖြစ်သင်သည်း၊ ရဟန္တာပုဂ္ဂိုလ်ကို လှူရသောထက်ပင် သံဃိက
ဒါနမြတ်သည်၊ ထို့ကြောင့် ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်
အဋ္ဌကထာ၌။ ။သံဃေ စိတ္တီကာရံ သက္ကောန္တဿ ခီဏာသဝေ
ဒိန္နဒါနတော ဥဒ္ဒိသိတွာ ဂဟိတေ ဒုဿီလေ ဒိန္နံ မဟပ္ဖလတ
ရမေဝ။ ။သံဃေ၊ သံဃာ၌။ စိတ္တီကာရံ၊ ရိုသေလေးမြတ်ခြင်းကို။
သက္ကောန္တဿ၊ ပြုနိုင်သောသူအား။ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်၌။
ဒိန္နဒါနတော၊ လှူသောထက်။ ဥဒ္ဒိသိတွာ၊ သံဃာကိုရည်၍။ ဂဟိ
တေ၊ ယူအပ်သော။ ဒုဿီလေ၊ သီလမရှိသောဒုဿီလပုဂ္ဂိုလ်၌။ ဒိန္နံ၊
လှူအပ်သောဒါနသည်။ မဟပ္ဖလတရံ၊ အကျိုးပေးကြီးသည်
သာတည်း။ ။ဤသို့သာမဟုတ်သေး။ ထိုကဲ့သို့သော ဒါနကိုရည်
၍၊ မြတ်စွာဘုရားလည်း၊ ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်
ပါဠိတော်၌။ ။ဘဝိဿန္တိ ခေါပနာနန္ဒ အနာဂတမဒ္ဓါနံ
ဂေါတြဘုနော ကာသာဝကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ တေသုဒုဿီ
လေသု သံဃံဥဒ္ဒိဿ ဒါနံ ဒဿန္တိ တဒါပါဟံ အာနန္ဒ သံဃဂတံ
ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ န တွေဝါဟံ အာနန္ဒ
ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိက

ဒါနံ မဟာပထဝိဘာရံ ဝဒါမိ။ ။ဟူ၍ဟောတော်မူသည်။ ။
အနက်ကား။ ။အာနန္ဒ၊ အာနန္ဒာ။ အနာဂတမဒ္ဓါနံ၊ နောင်လာ
လတ္တံ့သောကာလ၌၊ ဂေါတြဘုနော၊ သင်္ကန်း၏ အနွယ်သာရှိကုန်
သော။ ကာသာဝကဏ္ဌာ၊ လည်၌ရောက်ကုန်သော သင်္ကန်းရှိကုန်
သော၊ ဒုဿီလာ၊ သီလမရှိကုန်သော။ ပါပဓမ္မာ။ ယုတ်မာသောအ
ကျင့်ရှိကုန်သော။ ဘိက္ခူ ရဟန်းတို့သည်။ ဘဝိဿန္တိ၊ဖြစ်လတ္တံ့။
ယေသု ဒုဿီလေသု၊ ထိုဒုဿီလပုဂ္ဂိုလ်တို့၌၊ သံဃံ၊ သံဃာကို။
ဥဒ္ဒိဿ၊ ရည်၍၊ ဒါနံ၊ အလှူကို၊ ဒဿန္တိ၊ လှူကုန်လတ္တံ့၊ အာနန္ဒ၊
အာနန္ဒာ၊ တဒါပိ၊ ထိုအခါ၌လည်း၊ သံဃဂတံ၊ သံဃာအားရည်၍
လှူသော၊ ဒက္ခိဏံ၊ အလှူသည်၊ အသင်္ချေယျံ၊ မရေတွက်နိုင်၊
အပ္ပမေယျံ၊ မနှိုင်းအပ်။ ဣတိ၊ဤသို့၊ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊
ဟောတော်မူ၏၊ အာနန္ဒ၊ အာနန္ဒာ၊ ကေနစိ ပရိယာယေန၊ တစုံ
တခုသောအကြောင်းဖြင့်၊ သံဃဂတာယ၊ သံဃာအားရည်၍လှူ
သော။ဒက္ခိဏာယ အလှူထက်၊ ပါဋိပုဂ္ဂလိကဒါနံ၊ ပုဂ္ဂိုလ်အသီး
ပြု၍လှူအပ်သော ပုဂ္ဂလိကဒါနသည်။ မဟပ္ဖလတရံ၊ အကျိုးကြီး
မြတ်၏ဟူ၍၊ အဟံ၊ ငါဘုရားသည်။ နတွေဝ-ဝဒါမိ၊ဟောတော်မမူ
သသတည်း။ ။အဓိပ္ပါယ်ကား၊ အာနန္ဒာ၊ နောင်လာလတ္တံ့သော
ကာလ၌၊ သင်္ကန်းအနွယ်သာ ရှိကုန်သော၊ လည်၌ သင်္ကန်းရှိကုန်
သော၊ သီလမရှိကုန်သော ယုတ်မာသော အကျင့်ရှိကုန်သော
ရဟန်းတို့သည် ဖြစ်ကုန်လတ္တံ့၊ ထိုဒုဿီလပုဂ္ဂိုလ်တို့၌။သံဃာကို
ရည်၍ အလှူကိုလှူကုန်လတ္တံ့၊ အာနန္ဒာ၊ ထိုအခါ၌ သံဃာအား
ရည်၍လှူသောအလှူသည်။ အသင်္ချေယျ အပ္ပမေယျအကျိုးကို ရ
ကုန်၏ဟု အဓိပ္ပါယ်သာသည်။သံဃဒါနအကျိုးရ၏ဆိုသော်လည်း
သံဃာ၌ရှိသောခြင်း၊ သံဃစိတ္တီကာရကိုပြုနိုင်သောသူအား၊သံဃိ
ကဒါနဖြစ်၏။သံဃာ၌ရှိသောခြင်း၊သံဃစိတ္တီကာရကို မပြုနိုင်သော
သူအား သံဃိကဒါနမဖြစ်။ ။သံဃာ၌ရှိသောခြင်း၊ သံဃစိတ္တီ
ကာရပြု၍၊လှူဒါန်းသော ဝတ္ထုသက်သေပြဦးအံ့။ ။သရဒ္ဒရာ
၏အသက်၌နေသော၊ ဝိဟာရကဒုမ္ပိကမည်သောသူကြွယ်သည်။
သံဃိက အလှူကို လှူအံ့ဟု၊ သံဃာကိုရည်၍ သံဃာ၏အထံမှ

ရဟန်းတပါးတောင်းသေသည်၊ တယောက်သော ဒုသီလရဟန်း ကိုချဲ့သေသည်၊ နေရာသိုင်ရာအရပ်ကို ရှင်းလင်းသုတ်သင်ပြီးမှ ကောင်းမွန်စွာခင်းလျက်၊ အထက်၌ဝိတာန်ကြက်၍ ပန်းအမိုးအထုံ ဖြင့်ပူဇော်ပြီးမှ ခြေကိုဆေးကျော်၍ နယ်ဆီဖြင့် လိမ်းကျံပြီးလျှင် ဘုရားကိုရှိသေသကဲ့သို့ ရိုသေစွာသံဃာဝိတ္တိကာရကိုပြုလျက် ပူ ဒါနီးပူဇော်သိုက်၍ ကြွသွားပြီးလျှင်၊ ထိုဒုသီလရဟန်းသည်၊ သူ ကြွယ်၏ ... ကိုခံချ၍၊ ငါ့အားအကျွမ်းဝင်ပြီဟု၊ နေ့လွဲသောအခါ ခေတ်ကိုသုတ်သင်အံ့သောငှါ၊ သူကြွယ်အိမ်သို့သွား၍ အပေါ်၌ရပ် ပြီးသော်ပေါက်ဘူးကိုအလှုခံရာ၊ နေရာမှမထတဲ ပေါက်ဘူးကို ခြေဖြင့်ခတ်၍ပေးလိုက်၏၊ ထိုအခါ လူအပေါင်းတို့က ဤသို့ဆိုကြ ၏ နံနက်ခါတွင်ပင် ဤရဟန်းကို ရိုသေစွာထုပ်ဝပ်လျက် ကန် တော့ပူဇော်ခြင်းကိုပြု၏၊ ယခုအခါ အလှုခံလာသည်တွင်၊ ဤအရှင် ရဟန်းကို၊ ရဟန်းကဲ့သို့မမှတ်၊ ပေါက်ဘူးကို ခြေဖြင့်ခတ်၍ မ လျောက်ပတ်သေးတဲ့၏၊ ဤအကြောင်းအရာ အဘယ်နည်းမေးကြ သည်လျှင်၊ သူကြွယ်ကနံနက်အခါက သံဃာကိုရည်၍သာ ရိုသေ စွာငါပြု၏၊ ယခုအခါ အဘယ်မှာ ငါပြုစရာအံ့နည်းဟုပြောဆို၏၊ ဤကဲ့သို့သံဃာကိုရိုသေခြင်း၊ သံဃာဝိတ္တိကာရပြုနိုင်သောသူအား အကျိုးသည်ပင် ဖြစ်သော်လည်း သံဃိကဒါနဖြင့်၏၊ ။ ပုဂ္ဂလိက၊ သံဃိကဒါနနှစ်ပါး ခြားနား၍ဖြစ်သောအခန်းပြီးပြီ၊

## အိုးဆေးရေ၊ ခွက်ဆေးရေတို့ကို စေတနာနှင့်စွန့်လျှင် အကျိုးရကြောင်း၊

စားပြီးခွက်၊ ကပ်ရန်ရေဆေး၊ သွန်ပေးစွန့်ပစ်၊ ပြုလစ်သောခါ၊ သတ္တဝါပိုးမွှား၊ စားကြပါစေ၊ စွန့်လိုက်လေက၊ ဤဒါနကို၊ ရချိ ကောင်းကျိုး ပေးမည်လော၊ ။ဟူသောပုစ္ဆာ၌၊ အဖြေဝိသဇ္ဇနာ၊ ဤပုစ္ဆာကို၊ ဖြန့်၍စွာဖြေဆိုလိုက်ဦးအံ့၊ ။တစည်းအိုင်၊ ညွှန်အိုင်၌ ရှိသောသတ္တဝါတို့ကို သုံးဆောင်မှီဝဲ စားကြပါစေဟု၊ အိုးဆေးရေ ခွက်ပုကံဆေးရေကိုမျှ စေတနာနှင့် စွန့်လိုက်သည်ကို၊ ကုသိုလ်

ကောင်းမှု၏ ကြီးမားသောအကျိုးရှိသည်၊ ဤစကားအရေး ဇာတက နိပါတ်၊ အင်္ဂုတ္တရ-ဒုတိယပဏ္ဏာသ ရှေးဦးပွားသော ဖြဟ္မထာဝဂ် သတ္တမဝဂ္ဂ၌လာသည်။ ။ဝစ္ဆဂေါတ္တအမည်ရှိသောပရိဗိုဇ်ကာ၊ အရှင် ဂေါတမသည်၊ သူတပါးတို့အား မလှူအပ်ဟု ဟောတော်မူသည် မှန်မည်လောဟု မေးလျှောက်သည်တွင်၊ သူတပါးတို့အား ပေး ကမ်း လှူဒါန်းသော အလှူကို မတားမြစ်သင့်ကြောင်း၊ တားမြစ် သောသူသည်၊ ၃ဦး ကိုယ်ကို တူးဖြိုသည် ဖျက်ဆီးသည်မည်သည်၊ နတ်လူ နှစ်ပြန် နှစ်ခရီးကို ဖျက်ဆီးသည်ဖြစ်၏၊ ဝစ္ဆဂေါတ္တအမည်ရှိ သော ပရိဗိုဇ်၊ ငါဘုရားသည် ဤသို့ဟောတော်မူသည် ဟုပြောပြီး မှ၊ တစည်းအိုင် ညွန်အိုင်၌ရှိသောသတ္တဝါတို့ကို သုံးဆောင်စေ၍ စားသောက်ကြပါစေဟု၊ အိုးဆေးရေ၊ ခွက်ဆေးရေ၊ ပုကံဆေးရေ ကိုချစေဘနှင့်တွန့်လိုက်သည်ကို ဘုသိုဟ်းကောင်းမှု၏ ကြီးမား သောအဖြစ်ကို ရ၏ဟု၊ ။သောဟိဘောဇ္ဈင်္ဂကာယဝေါ ဩဝဒိ ဂလ္လဝါ၊ပါထာ ဘဖြဲ့ဒိသောထာလဒေါဝနံဝါ၊သရာဝဓောဝနံဝါ ဆဒ္ဒတိ၊ ယေဘဒ္ဒပါဏာသော ဘောနယာပေန္တိ တေတာဒါန် ပုညသော အာဂမနံ ဝဒါမိ ကောပနဝါဒါ မနုဿဘူတေ၊ ။ဟူ ၍ ဟောတော်မူသည်၊ ။အနက်ကား၊ ဝစ္ဆဂေါတ္တ ဝစ္ဆဂေါတ္တအမည် ရှိသောပရိဗိုဇ် ဝန္ဒနာဝရဝါ၊တစည်းအိုင်ဗွုဋ်၊ ဩဝဒိဂလ္လဝါ၊ ညွန်အိုင်ဗွုဋ်၊ ယေပါဏာ၊အကြင်သတ္တဝါတို့သည်၊ သန္တိ ရှိကုန် ၏၊ ဘဖြဲ့ဒိ၊ ထိုတစည်းအိုင်၌ သည်း၊ ယော၊အကြင်သူသည်၊ ထာလ ဓောဝနံဝါ၊ အိုးဆေးရေကိုဗွုဋ်၊ သရာဝဓောဝနံဝါ၊ ခွက်ဆေးရေ ကိုဗွုဋ်၊ ဆဒ္ဒတိ၊ သွန်၏၊ ဘဒ္ဒ၊ ထိုဘစည်းအိုင် ညွန်အိုင်၌၊ ယေပါ ဏာ၊ အကြင်သတ္တဝါတို့သည်၊ သန္တိ၊ ရှိကုန်၏၊ တေပါဏာ၊ ထို သတ္တဝါတို့သည်၊ တေန၊ ထိုအိုးဆေးရေဖြင့်၊ ဇီဝိတံ၊ အသက်ကို၊ ယာပေန္တိ၊ မျှကုန်၏၊ဝါ၊ မွေးကုန်၏၊ တသော၊ ထိုသို့မျှခြင်းဟူသော အကြောင်းကြောင့်၊ ပုညသော၊ ကောင်းမှု၏၊ အာဂမနံ၊ ဖြစ်ခြင်း ကိုသည်၊ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူ၏၊ မနုဿ ဘူတေ၊ လူဖြစ်သောသူ၌၊ ကောပနဝါဒေါ၊ အဘယ်ဆိုဖွယ်ရှိအံ့ နည်း၊ ။တစည်းအိုင် ညွန်အိုင်၌ရှိသော သတ္တဝါတို့ကို၊ အိုး

ဆေးရေ၊ခွက်ရကံဆေးရေကို စေတနာနှင့်စွန့်လိုက်လျှင်၊ကုသိုလ်ကောင်းမှု၏အကျိုးကြီးမားကျန်သေးသည်၊ လူဖြစ်သောသူတို့ကိုကျွေးမွေးလျှင်၊အဘယ်ဆိုဘွယ်ရှိရာအံ့နည်း၊ အကျိုးပေးကြီးမြတ်သည်သာတည်း။ ၊အိုးဆေးရေ ခွက်ဆေးရေကို စေတနာနှင့်စွန့်လိုက်လျှင် အကျိုးရကြောင်းပြ၍ပြီးပြီ၊

---

## စားပြီးထမင်း၊ကျန်အကြွင်းကိုဖြေဆိုဦးအံ့

စားပြီးထမင်း၊ကျန်အကြွင်းကို၊ ရှင်ရင်းဘုရား၊ သံဃာအားကို၊စိတ်ထားကြည်ညို၊လှူဒါန်းလိုသည်၊ ကုသိုလ်ရပါမည်လော၊ ဟူသောအမေးပုစ္ဆာကိုဖြေဆိုလိုက်ဦးအံ့၊ ၊အစိန္တေယျ၊သုံးလူ့သေဌ်နင်းထရေးမင်းမြတ်သည်၊သာဝတ္ထိပြည်၊ဇေတဝန်ကျောင်းတော်တွင်၊ ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူသောအခါ၊ ပဥ္စဂ္ဂပုဏ္ဏားကြီးသည်၊ လယ်ကိုသုတ်သင်သောအခါ၌ကြိမ်၊ နို့ရည်ဖြစ်သောအခါ၌ကြိမ်၊ကောက်ရိပ်သောအခါ၌ကြိမ်၊ ထမင်းကျက်သောအခါ၌ကြိမ်၊ ထမင်းခူးသောအခါ၌ကြိမ်၊ ဤသို့ငါးကြိမ်သောအခါ၊ ရောက်လာသောသူတို့အား၊ မလှူမပေးဘဲမစား၊ ပေးလှူမှသာ စားသောက် လေ့ရှိသောကြောင့်၊ ပဥ္စဂ္ဂဒါယကာအမည်ရှိသောပုဏ္ဏား၏ ဘောဇဉ်ခဲဘွယ်သုံးဆောင်စားသောက်သောအခါကိုကြည့်၍၊ပုဏ္ဏား ပုဏ္ဏေးမတို့၏၊အနာဂါမိဖိုလ်တိုင်အောင် တည်လတ္တံ့သည်ကို မြင်တော်မူသောကြောင့် ပုဏ္ဏားအိမ်သို့ကြွတော်မူ၍၊ အိမ်တံခါးတွင်ရပ်လေ၏၊ ပုဏ္ဏေးမလည်း၊အိမ်တံခါးကို မျက်နှာမူ၍လျက်နေရကား၊ဘုရားကိုမြင်လေလျှင်၊ ဤသို့ကြံအောက်မေ့၏၊ ပုဏ္ဏားထီးကြီးသည်၊ ငါးကြိမ်မြောက်လှူမှစား၏၊ ယခုအခါ၊ အရှင်ဂေါတမဘုရားသည်၊ အိမ်တံခါး၀၌ ရပ်ထသည်ကိုမြင်လျှင် မလှူဘဲနေတော်မူမည်မဟုတ်၊ လှူပြန်သောအခါ၊ ငါအသစ်ချက်၍ လုပ်ကျွေးပြန်ရတော့မည်၊ဤသို့ကြံလျက် ပြင်သို့ထွက်လာ၏၊ မြတ်စွာဘုရားကိုနောက်ထား၍ ပုဏ္ဏား မမြင်စိမ့်သောငှါ ကွယ်ကာထန့်ရင်လျက်၊မျက်နှာထ၀က်

မျက်စိ တခြမ်းဖြင့်သာ မြတ်စွာဘုရား သွားမသွားကို ကွဲပြားအောင်ကြည့်လေသည်၊ မြတ်စွာဘုရားလည်း ကြွမသွားဘဲ ရပ်မြဲရပ်တော်မူ၏၊ ပုဏ္ဏားထိုး ကြားမည်စိုး၍ အနီးသို့ကပ်ပြီးလျှင် အသံနည်းစွာနှင့် ကတော့ပါ၏ဟုဆိုရာ၊ ငါဘုရားသည် ကြွသွားတော်မမူဟု ဦးခေါင်းတော်ကို လှုပ်တော်မူလျှင်၊ ပုဏ္ဏားမသည် တည်တန့်ခြင်းငှါ မတတ်နိုင်၍၊ ကျယ်စွာသောအသံဖြင့် ပြင်းထန်စွာ ရယ်လေသည်။ ထိုခဏတွင် မြတ်စွာဘုရားလည်း အရောင်တော်ကို ဒိဗ်တွင်းသို့ ရှေးရှုလွှတ်တော်မူ၏။ ပုဏ္ဏားကြီးလည်း နောက်ဖိတကိုင်းနေလျက်ပင်၊ ပုဏ္ဏေးမ၏ ရယ်သံကိုလည်း ကြား၏။ မြတ်စွာဘုရား၏ ရောင်ခြည်တော်ကိုလည်းမြင်ရမှ မြတ်စွာဘုရား မှန်းသိလေသည်၊ ဘုရားတို့မည်သည်၊ ရွာဦးဖြစ်စေ၊ တောဦးဖြစ်စေ၊ မဂ်ဖိုလ်ရကြောင်းပါရမီရှိသသူတို့ကို ကိုယ်တော်ကို ထင်ရှားမပြဘဲ ကြွသွားတော်မမူ၊ ပုဏ္ဏားလည်း၊ မြတ်စွာဘုရားကိုမြင်သောခဏ၌၊ မြတ်စွာဘုရား ဒိဗ်တံခါးတွင် ရပ်တော်မူပါသည်ကိုမျှ ငါ့ကိုမပြောကြား၊ သင်သည်ကား အလွန်ဝန်လေးစွာသောအမှုကို ပြုဘိ၏ဟု၊ ပုဏ္ဏားမကို မြည်တွန်တောက်တီးလျက်၊ စားပြီးသော တဝက်ဘုန်ထမင်းကို ယူသွား၍၊ မြတ်စွာဘုရားအနီးသို့ ရောက်လေလျှင်၊ အရှင်ဘုရား၊ အကျွန်ုပ်ကား၊ ငါးကြိမ်လှူပြီးမှ စားသော ပုဏ္ဏာ ဖြစ်ပါလျက်၊ အရှင်ဘုရားကြွတော်မူလာသည်ကိုမျှ မသွကပင် မသိခဲ့၍၊ စားဦးဘောဇဉ်ကို၊ အရှင်ဘုရားအားမလှူရပါ၊ စားပြီးစားကြွင်း၊ ဤထမင်းကို အလှူခံတော်မူပါဟု လျှောက်လေလျှင်၊ ငါဘုရားသည်၊ စားကြွင်းကိုအလိုမရှိဟု ပယ်တော်မမူဘဲ၊ ။

ပြဟ္မဏာ အဂ္ဂမ္ပိ စရိမယှမေဝ အနုစ္ဆဝိကံ မဇ္ဈေ ဘိန္ဒိတွာ အဇ္ဈဘုတ္တာဘုတ္တမ္ပိ စရိမက ဘတ္တပိဏ္ဍောပိ မယှမေဝ အနုစ္ဆဝိကော မယံ ပြဟ္မဏာ ပရဒတ္တုပဇီဝိပေတသဒိသာ။ ။ဟုမိန့်တော်မူ၏။

ပြဟ္မဏာ၊ ပုဏ္ဏား။ အဂ္ဂမ္ပိ၊ မစားသေးသော အဦးဖြစ်သော ထမင်းသည်လည်း၊ မယှမေဝ၊ ငါဘုရားအားလျှင်၊ အနုစ္ဆဝိကံ၊ လျောက်ပတ်၏၊ မဇ္ဈေ၊ အလယ်၌၊ ဘိန္ဒိတွာ၊ ခွဲ၍၊ အဇ္ဈဘုတ္တာဘုတ္တမ္ပိ၊ ထက်ဝက်စားပြီးထမင်းသည်လည်း၊ မယှမေဝ၊ ငါဘုရားအားသာလျှင်၊

အနုဋ္ဌပိကာ၊ လျှောက်ပတ်၏၊ ငရိမကာဘဋ္ဋမွိ၊ စားပြီး၍မကုန်ကြွင်း ကျန်သော ထမင်းသည်လည်း။ မယ္မမေဝ၊ ငါ့ဘုရားအားသာလျှင်။ အနုဋ္ဌပိကော၊ လျှောက်ပတ်၏၊ ဖြပ္ပဏာ၊ ပုဏ္ဏား၊ မယံ၊ ငါဘုရား တို့သည်၊ ပရဒတ္တူပဇီဝိ၊ သူတပါးကို ပေးကမ်းမှ၍ကြသော အစာ အဟာရကိုမှီ၍ အသက်ရှည်ကုန်သော။ ပေတသဒိသာ ပြိတ္တာနှင့် တူကုန်၏၊ ။ဤသို့မြတ်စွာဘုရား ဆိုတော်မူသော စကားကို ပုဏ္ဏားကြားလေလျှင်၊ အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍၊ အလွန်လျှင် အံ့ဘွယ်ရှိစွ၊ လေးကျွန်းသနင်း စကြာမင်း၏သားကဲ့သို့ သော မင်းသားအစစ်ဖြစ်လျက်။ သင်၏စားကြွင်းကို အလိုမရှိဟု ပယ်တော်မူဘဲ၊ စားကြွင်းထမင်းကိုမျှ လှူသင့်ကြောင်းနှင့် မိန့် တော်မူသည်ဟု ဝမ်းမြောက် ဝမ်းသာရှိလေသည်။ ဝမ်းမြောက် ဝမ်းသာရှိလှ၍ ပြဿနာမေးလို၍၊ အရှင်ဘုရား၊ ကိုယ်တော်မြတ် ၏တပည့်သားတို့ကို ဘိက္ခုဟုခေါ်တော်မူသည်၊ အဘယ်ကြောင့် ဘိက္ခုမည်သနည်းဟု လျှောက်လေလျှင်။ ဤပုဏ္ဏားအား၊ အဘယ် သို့သောစေတနာသည် လျှောက်ပတ်သနည်းဟု ဆင်ခြင်တော်မူ လျှင်၊ ဤပုဏ္ဏားလင်မယားတို့သည်၊ ကဿပမြတ်စွာဘုရားလက် ထက်တော်က၊ နာမရူပံ-နာမရူပံ ဟု ရွတ်အံသည်ကို ကြားဘူး၏ ဟုသိမြင်တော်မူလျှင်၊ နာမ်ရုပ်နှင့်စပ်သောတရားမှတပါး အခြား ဒေသနာကိုဟောခြင်းငှါမသင့်ဟု နှလုံးသွင်းတော်မူ၍။ ။သဗ္ဗ သော နာမရူပသ္မိံ ယဿနတ္ထိမမာယိတံ အသတာ စနသောစတိ သဝေဘိက္ခုတိဝုစ္စတိ။ ။ဟူ၍ဟောတော်မူသည်။ ။ဖြပ္ပဏာ၊ ပုဏ္ဏား။ ယဿ၊ အကြင်သူအား၊ သဗ္ဗသော၊ အခါခပ်သိမ်း၊ နာမ ရူပသ္မိံ၊ နာမ်ရုပ်တရားနှစ်ပါး၌၊ မမာယိတံ၊ မြတ်နိုးခြင်းသည်၊ နတ္ထိ၊ မရှိ၊ အသတာစ၊ ကုန်ခြင်းပျောက်ခြင်းကြောင့်လည်း၊ နသောစတိ၊ မစိုးရိမ်၊ သော၊ ထိုသူကို၊ ဝေ၊ စင်စစ်၊ ဘိက္ခူတိ၊ ရဟန်းဟူ၍၊ ဝါ၊ သံသရာဘေး ထာဝရည်ရေးကို မျှော်တွေးဆင်ခြင် ရှုမြင်တတ် သောရဟန်းဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏၊ ။ဒေသနာတော်ဟောတော် မူသောအဆုံး၌၊ ပုဏ္ဏား-ပုဏ္ဏေးမတို့သည်၊ အနာဂါမိဖိုလ်၌တည် ကုန်၏၊ ။ဤသို့ကျမ်းဂန်လာသောကြောင့်၊ စားဆဲစားကြွင်း

ကိုယ်ပင် ပေးလှူအပ်ကြောင်းကို ကောင်းကောင်းကြီး သန္နိဋ္ဌာန်ချ မှတ်ကြလေကုန်။ ။ဤမှတပါး၊စေတနာဟံဘိကွေကေမ္မဝဒါမိ။ ဤတရားကိုလည်း ထောက်ထား၍သိကြလော့။ ။ယောနိသော မနသိကာရတရားကိုလည်းထောက်။ ။

ဒါနနှင့်စပ်လျဉ်းသည်ဖြစ်၍၊ စာဂရက်ပြီးအံ့။ ။စာဂရက် ခြောက်ပါးနှင့်၍။ ။စာဂရက်ခြောက်ပါးဟူသည်ကား။ ။ အလှူခံပုဂ္ဂိုလ်တို့၌ ကင်းသော မနောရှိသော၊ ဝိဂတမလမနော ရက်၊ ၁ ။ တွန့်တိုခြင်းမရှိ လွတ်လွတ်စွန့်ကြဲသော မုတ္တစာဂ ရက်၊ ၂ ။ဖြန့်သောလက်ရှိသော ပယတပါဏိရက်၊ ၃ ။အလှူခံ ပုဂ္ဂိုလ်တို့နှင့် အခါခပ်သိမ်းနည်းသော ယာစယောဂရက်၊ ၄ ။ အလှူဝတ္ထုကို ဝေဘန်ခြင်း၌ မွေ့လျော်သော ဒါနသံဝိဘာဂရတ ရက်၊ ၅ ။ပေးလှူစွန့်ကြဲခြင်း၌ အလွန်မွေ့လျော်သော ဝေါသဂ္ဂ ရတရက်၊ ၆ ။ဤခြောက်ပါးတည်း။ ။ထို့ကြောင့်၊ သဂါထာ ဝဂ္ဂသံယုတ်မဟာလိသုတ်၌ ဟောတော်မူသော စာဂရက်ခြောက် ပါးအရ အကျဉ်းမှတ်သားရန်ဂါထာကား။ ။ဝိဂတမလမနော့ရုံ စာဂေါ ပယတပါဏိ ယာစယောဂေါသံဝိဘာဂ ရတော ဝေါသဂ္ဂ ရတောနုံ။ ။ဆဋ္ဌမါစာဂရက္ခာနိ ပဏ္ဍိတေဟိ ဝိဇာနိယာ။ ။ ဝိဂတမလမနော ရုံ၊ ကင်းသောဝန်တိုခြင်း မနော ရှိသော ဝိဂတ မလမနော ရက်ရင်း၊ စာဂေါ၊ လွတ်လွတ်စွန့်ကြဲခြင်း မုတ္တစာဂ ရက်ရင်း။ပယတပါဏိ၊ဖြန့်သောလက်ရှိသော ပယတပါဏိရက် ရင်း။ယာစယောဂေါ၊အလှူခံတို့နှင့်ရှည်သော ယာစယောဂရက် ရင်း သံဝိဘာဂရတော၊ အလှူဝတ္ထုကို ဝေဘန်ခြင်း၌ မွေ့လျော် သော သံဝိဘာဂရတရက်ရင်း၊ ဝေါသဂ္ဂရတော၊ ပေးလှူစွန့်ကြဲ ခြင်း၌မွေ့လျော်သော ဝေါသဂ္ဂရတရက်နှင့်၊သဟ၊တကွ၊ဆဋ္ဌမါ၊ ခြောက်ပါး အပြားရှိကုန်သော၊ စာဂရက္ခာနိ၊ စာဂရက်တို့ကို၊ ပဏ္ဍိတေဟိ၊ပညာရှိတို့သည်၊ဝိဇာနိယာ၊သိအပ်ကုန်၏။ ။အလှူ ဝတ္ထုပြည့်စုံပါလျက်၊ အလှူခံပုံးတောင်းယာစကာတို့အား အ နည်းငယ်မျှ မလှူမပေးကမ်းသောသူတို့သည် ကောင်းသောလက် နှင့်ပြည့်စုံပါလျက်၊ ထက်ကိုမဖြန့်ဘဲ မြဲစွာဆုပ်၍ထားသည်နှင့် တူ

၏၊ အလှူခံပုဂ္ဂိုလ်တို့အား နည်းများယုတ်မြတ်ကို မခြတ်ပေးလှူမှုသော လက်ကိုဖြန့်၍ ထားသည်နှင့် တူသောကြောင့် ပယာတပါဏိ ဟုဆိုသည်၊ ။ဤသို့ စားပြီးထမင်း။ ကျန်အကြွင်းကို၊ ရှင်ရင်းဘုရား၊ သံဃာအားကို၊ စိတ်ထားကြည်ညို၊ လှူဒါန်းလိုသည်၊ ကုသိုလ်ရပါမည်လော၊ ။ဟူသောအမေးပုစ္ဆာကို၊ ကျမ်းဂန်အသာ၊ ဒေသနာတရားဖြင့်၊ မှတ်သားသိလွယ်၊ မကျယ်မကျဉ်း။ အလင်းထင်စွာ၊ ဖြေဆို၍ပြီးပါပြီ၊

## ဒါန-သီလ-ဘာဝနာ-ပုစ္ဆာကိုဖြေဦးအံ့။

ဒါန-သီလ-ဘာဝနာ၊ ဤသုံးဖြာ၊ မြန်စွာခရီး။ နိဗ္ဗာန်ရောက်နိုးသနည်းဟူသောအမေးပုစ္ဆာကို၊ထုတ်ခါမသွေ၊ဖြေဆိုပါဦးအံ့။ ။ဒါန သီလ-ဘာဝနာတရား၊ ဤသုံးပါးတို့သည်၊ နိဗ္ဗာန်ရောက် နိုးသောတရားမဟုတ်၊နိဗ္ဗာန်နှင့်ဝေးသောအကြောင်းဖြစ်သည်၊ ဝေးသောအကြောင်းကို ထင်ရှားအောင်ပြသော်၊ မဂ်ဖိုလ်ရထိုက်သောပုဂ္ဂိုလ်တို့အား၊ မဂ်ဖိုလ်ရခြင်း၌ စွမ်းနိုင်သော၊ ဝဋ်မှထွက်မြောက်ကြောင်း၊ ဝိဝဋ္ဋနိဿိတဖြစ်သော ဒါနကိုပြုမှု၊ သီလကိုဆောက်တည်မှု၊ဘာဝနာကမ္မဋ္ဌာန်း ရှုတ်စီးဖြန်းမှုဟုဆိုအပ်သောရှေးရှေးသော ဘဝကာလတို့က ပြုခဲ့ဘူးသော ကောင်းမှုရှိသော၊ ပုဗ္ဗေကတပုညရှိသောသူမှသာလျှင်၊ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ဖြစ်ထိုက်ရာ မဇ္ဈိမဒေသအရပ်၌ဖြစ်၍၊ဘုရားစသောသူတော်ကောင်းတို့ကို ပေါင်းဘော် မှီဝဲဆည်းကပ်ရမှု၊ တရားတော်ကိုကြားနာရသဖြင့်၊ ယောနိသောမနသိကာရ။ အတ္တသမာပဏိဓိစသော အဆက်ဆက်သောအကျိုးကိုရ၍၊ နိဗ္ဗာန်မျက်မှောက် ပြုရ၏၊ ။ပုဗ္ဗေကတပုညဟူသည်ကား၊ ရှေးရှေးသောကာလအတိတ်ဘဝ၌၊ ဘုရားပစ္စေကဗုဒ္ဓါတို့ထံ၌ ဆည်းပူးအားထုတ်ခဲ့ဘူးသော ကုသိုလ်တရားတည်း၊ထိုကုသိုလ်ကံတရားသည်၊ဘုရားဘာသည့်သားသာဝကတို့ထံ၊ လေးပါဒရှိသောဂါထာကိုမျှကြားနာရ၍ အရဟတ္တဖိုလ်သို့ ရောက်စေနိုင်၏၊ ထို့ကြောင့် ချဒ္ဒကာ

နိကာယ်ဖြစ်သော သုတ္တနိပါတ်ကျမ်း၌၊ ။ပုဗ္ဗေကတပုညတာ
နာမ အတီတဇာတိယံ ဗုဒ္ဓပစ္စေကဗုဒ္ဓ ဒိဿာသဝေ အာရဗ္ဘ
ဥပစိတကုသလာ၊ ဟူ၍ဆိုသည်၊ ။အနက်ကား၊ ပုဗ္ဗေကတ
ပုညတာနာမ၊ ရှေး၌ကောင်းမှုရှိသည်အဖြစ်ဟူသည်၊ အတီတဇာ
တိယံ၊ လွန်လေပြီးသောဘဝ၌။ ဗုဒ္ဓပစ္စေကဗုဒ္ဓဒိဿာသဝေ၊ ဘုရား
ပစ္စေကဗုဒ္ဓါ ရဟန္တာပုဂ္ဂိုလ်တို့ကို၊ အာရဗ္ဘ၊ အကြောင်းပြု၍၊ ဥပ
စိတကုသလာ၊ ဆည်းပူးခဲ့ဘူးသော ကုသိုလ်ရှိသည်၏အဖြစ်၊ ။
အဓိပ္ပါယ်ကား၊ ရှေးရှေးသောဘဝတို့၌ ပြုခဲ့ဘူးသောကောင်းမှု
ရှိသည်ကို ပုဗ္ဗေကတပုညတာခေါ်ဆိုသည်၊ ဤပုဗ္ဗေကတပုည
ရှိသောသူမှ ဘုရားရဟန္တာတို့နှင့်တွေ့ကြုံသျှင်၊ ရဟန္တာသာဝက
ဖြစ်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်၊ ဝဍ္ဍုသက်သေပြဦးအံ့၊ ။
မဟာကပ္ပိနမင်းကြီး၊ အနောမာဒေဝီမိဖုရားတို့ဖြင့်သိရမည်၊ အကြောင်း
ကား၊ ပဒုမုတ္တရ၊ သမ္ဗုဒ္ဓမြတ်စွာ၊ လက်ထက်တော်သာက၊ မင်
မှီလိရကြောင်း၊ ဆုကိုတောင်း၍၊ ကောင်းမှုကို ပြုခဲ့ဘူးသော
ကြောင့်၊ ကဿပထွန်းထား၊ မြတ်စွာဘုရားသာသနာတော်တွင်း၊
သံဃာတော်နှစ်သောင်းတို့အား၊ အဝတ်သင်္ကန်းနှစ်သောင်း လှူ
ဒါန်းခဲ့ဘူးသောဒါန၊ ထိုနောက်ဘခန်း၊ ယက်ကန်းသည်အမျိုး၌၊
အိမ်ချေ တထောင်နှင့်တကွ၊ ပစ္စေကဗုဒ္ဓါ တထောင် တို့အား၊
ကျောင်းဆောက် ဆွမ်းပြုပ ကိုးကွယ်ပြီး၍၊ သင်္ကန်းတထောင်
လှူဒါန်းခဲ့ဘူးသောဒါန၊ ဤဒါနကုသိုလ်ကြောင့်၊ ဘဝများစွာ၊ သံ
သရာ၌၊ နတ်ချမ်းသာကို ခံစားခဲ့ပြီးမှ၊ ငါတို့ဂေါတမဘုရားသက်
တော်၊ သာဝတ္ထိပြည်မှ ယူဇနာနှစ်ရာဝေးကွာသော ကုက္ကုဋဝတီ
မည်သောပြည်တွင်၊ အမတ်တထောင်နှင့်တကွ၊ မင်းအဖြစ်ကိုရ၍၊
မဟာကပ္ပိနအမည်တွင်သတည်း၊ ထိုမဟာကပ္ပိနမင်းကြီးသည်၊
တနေ့သ၌၊ သုဒ္ဓအမည်ရှိသောမြင်းကိုစီး၍၊ အမတ်တထောင်တို့
နှင့်တကွ ဥယျာဉ်သို့ထွက်လာရာ၊ လမ်းခရီးအကြား၌၊ သာဝတ္ထိ
ပြည်သား၊ မြင်းကုန်သည်တို့အထံမှ ဘုရားဖြစ်ကြောင်း၊ တရား
တော်ထင်ရှားရှိကြောင်း၊ သံဃာတော်ထွန်းကားကြောင်း သ
တင်းကောင်းသုံးခွန်းကိုကြားသိရ၍၊ အမတ်တထောင်တို့နှင့်တကွ

ပြည့်တော်ကိုပွန့်ခွါ၍ထွက်ခဲ့လာရာ၊ ယမ်းခရီး၌၊ အာပရစ္ဆမြစ်၊ နိုဿ ဝါဟာမြစ်၊ စန္ဒဘာဂမြစ်၊ ဤမြစ်ကြီး ၃ တန်ကို၊ မိမိတို့စီးနင်းသော မြင်းနှင့်တကွ အစဉ်အတိုင်း၊ ရတနာသုံးပါးတို့၏ ဂုဏ်တော်ကို ယုံကြည်သေးမြတ်၍၊ လှေဖေါင်မရှိဘဲ မြင်းနှင့်တကွကူးကြ၍၊ အာ တုသအထွန့် တမွတ်ခေါင်ထား၊ ဘုရားကိုယ်တော်မြတ်သည်။ ကပ္ပိနမင်းကြီးလာရာ၊ စန္ဒဘာဂမြစ်ကမ်းထိပ် ပြည့်ညောင်ပင်အ ရိပ်၌၊ တဖိဘ်ဖိဘ်ထွက်ပေါ်၊ ရောင်ခြည်တော်ကိုပြလျက် နေ တော်မူရာ၊ ကပ္ပိနမင်းကြီးရောက်လာကြ၍၊ ဓမ္မဒေသနာကိုဟော ဘော်မူသောကာလ၊ သောတာပတ္တိမဂ်ဖိုလ်သို့ရကြ၍၊ ရဟန်းအ ဖြစ်ကို တောင်းပန်ကြသေချှင်၊ ရှေးရှေးသောဘာ၀ သံသာရကာ၊ ကာသာ၀ မြတ်စွာဘုရား သာသနာတော်တွင်၊ သံဃာတော် နှစ် သောင်းတို့အား၊ သင်္ကန်းနှစ်သောင်း လှူဒါန်းခဲ့ဘူးသောဒါန၊ နေဘ် ယက်ကန်းသည်ဘ၀၊ ပစ္စေကဗုဒ္ဓါတထောင်တို့အား သင်္ကန်းတ ထောင်လှူဒါန်းခဲ့ဘူးသောဒါနကို၊ မြတ်စွာဘုရား ဈာဉာဏ်တော် ဖြင့် မြင်တော်မူ၍ ဧဟိဘိက္ခု ခေါ်တော်မူ၍၊ ရဟန်းဖြစ်ကြကုန် သည်၊ ၊အနောဇာဒေ၀ိပုရားလည်း၊ တထောင်သော အမတ်မယား တို့နှင့်တကွ ရထားစီးလျက်၊ ကုက္ကုဋ၀တီပြည်ကြီးမှ ဘုရားရှိရာ သို့လာရာ၊ မြစ်သုံးတန်ကို လှေဖေါင်မရှိဘဲ ရတနာသုံးပါးတို့၏ ဂုဏ်တော်ကိုအာရုံပြု၍ မြစ်ကိုကူးသွားပြီးချှင် ဘုရားထံသို့ ရောက်ကြလေသော်၊ အနောဇာဒေ၀ိပုရားအမှူးရှိသော တထောင် သော အမတ်မယားတို့အား၊ တရားဓမ္မသုံးမ၍၊ သောတာပတ္တိ ဖိုလ်သို့ ရောက်ကြကုန်၏၊ မဟာကပ္ပိနအမှူးရှိသော တထောင် သော အမတ်တို့သည်လည်း၊ အနောဇာဒေ၀ိပုရား အမှူးရှိသော တ ထောင်သော အမတ်မယားတို့အား၊ ဟောကြားသောဒေသနာကို ကြားနာရသဖြင့်၊ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏၊ ထို့ကြောင့်၊ ဓမ္မပဒအဋ္ဌကထာ၌၊ ၊မဟာ ကပ္ပိနထေရောပိ တာသံ ၀ဓိတ ဓမ္မဒေသနံ သုတ္တာနန္တော သပရိ ၀ါရော သဟပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိ။ ၊ဟူ၍ထာ သည်၊ ၊မဟာကပ္ပိနထေရောပိ၊မဟာကပ္ပိနထေရ်သည်လည်း။

တာသံ၊ ထိုအနေဝ်ဇာပမိဖုရားအမျိုးရှိသော တထောင်သော အမတ်မသားတို့အား၊ ဝဇိုတခမ္ဗဒေသန်၊ ပွါးစေအပ်သောခမ္ဗဒေသနာကို၊ သုဘာနန္တာ၊ နာစဉ်၊ သပရိဝါရော၊ အမြဲအရံနှင့်တကွ၊ သဟာပဋိသမ္ဘိဒါပတ်၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ၊ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့၊ ပါပုဏိ၊ ရောက်လေ၏။ ။အနေဝ်ဇာပမိဖုရားအမျိုးရှိသော တထောင်သော အမတ်မသားတို့ကိုလည်း၊ သာဝတ္ထိပြည်သို့ စေလွှတ်တော်မူ၍၊ ထိုအမျိုးမိမတို့ထံ၌ ရဟန်းပြုစေ၍၊ အရဟတ္တဖိုလ်သို့ ရောက်ကြသကုန်၏။ ။ဤကပ္ပိနဝတ္ထု၌၊ ပဒရတ္တရာဘုရားလက်ထက်တော်က လှူဒါန်းသော ဒါနသည်၊ ငါတို့ဂေါတမဘုရားလက်ဆက်မှ ရဟန္တာဖြစ်၍ နိဗ္ဗာန်ရသည့်ထောက်၍၊ ဒါနသည် နိဗ္ဗာန်နှင့်ဝေးကြောင်းကိုသိရသည်။ ။ဤဝတ္ထုမှာဘ ပါး၊ အများပင်ရှိသေးသည်း မရေးမပြပြီ။ ။ဒါနသည် နိဗ္ဗာန်နှင့်ဝေးကြောင်း ပြ၍ပြီးပြီ။

သီလသည်၊ နိဗ္ဗာန်နှင့်ဝေးကြောင်း ဝတ္ထုသက်သေကား။ ။ဖိနှဲ့ဘုရား၊ ဥက္ကဋ္ဌတွင်ထား၊ မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည်မှန်း၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူသောအခါ၊ သပ္ပဒါသထေရ်သည်၊ သာသနာတော်၌ မမွေ့လျော် မပျော်နိုင်၊ ငေးမှိုင်ပင်ပန်း၊ စိတ်မချမ်းသာခြင်းရှိ၍၊ တနေ့သ၌၊ ရဟန်းတို့ဖမ်းမိသောမြွေကို၊ အိုးနှင့်ထည့်၍ ဆောင်ယူ၍လာရာ။ သပ္ပဒါသထေရ်မြင်သော်လျှင်၊ ငါသည် အသက်ရှည်သောထက်၊ သေရသော် မြတ်၏ဟု မြွေထည့်သောအိုး၏အတွင်း၊ မြွေ၏ခံတွင်းသို့ လက်ကိုထည့်သွင်းသော်လည်း၊ မြွေကမကိုက်၊ ထိုအခါ ရဟန်းတို့ကို၊ ဆံပင်ရိတ်ဆိပ်ပယ်ရိပ်အံ့သောငှါလာသော ဆတ္တာသည် ယောကျ်ား၏ ချထားသော သင်ဓုန်းကိုယူ၍ တရသောသစ်ပင်ကိုမှီ၍ ထက်ဖျစွာသော သင်ဓုန်းဖြင့်၊ လည်ကိုဖျာ်းဖြတ်တော့မည်ရှိစဉ်၊ မိမိစောင့်ထိန်းသော သီလကိုဆင်ခြင်သော်၊ အညစ်အကြေးကင်းသော ထဝန်း၏ အသွင်၊ အလွန်စင်ကြယ်သောသီလကိုမြင်၍ ရွှင်လန်းဝမ်းမြောက်စွာ ဖရဏာပီတိဖြစ်ထေရကား၊ ပီတိကိုခွါ၍ ဝိပဿနာပွါးသောအခါ၊ ပဋိသမ္ဘိဒါပတ္တ အရဟတ္တဖိုလ်သို့ရောက်လေ၏။ ထိုအခါ

ရဟန်းအပေါင်းတို့က၊ ဘုန်းတော်ခြောက်ပုံ၊ ဂုဏ်တော်အနန္တ၊ ညေယျငါးဆူ၊ သိတော်မူသော မြတ်စွာဘုရား။ သပ္ပဒါသထေရ်သည်၊ ဤကဲ့သို့ မဂ်ဖိုလ်၏ ဥပနိဿယရှိလျက်၊ သာသနာတော်မှာ မပျော်မွေ့နိုင်အောင် လွန်စွာ ဆန့်ကျင်လေသနည်း။ အဘယ့်ကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရလေသနည်းဟု မေးလျှောက်ကြသည်တွင်၊ ငါ့ရှင်တို့၊ ဤသပ္ပဒါသမထေရ်သည်၊ ကဿပမြတ်စွာဘုရား သာသနာတော်က ရဟန်းတပါးကို၊ သာသနာတော်မှဆန့်ကျင်အောင်ပြုခဲ့ဘူးသော မကောင်းမှုအကုသိုလ်ခုစရိုက်ကံကြောင့်၊ သာသနာတော်မှ ဆန့်ကျင်စွာဖြစ်ရကြောင်း။ ကဿပ မြတ်စွာဘုရား သာသနာတော်တွင်း၌၊ အနှစ် နှစ်သောင်း ရဟန်းတရားကိုအားထုတ်ခဲ့ဘူးသောကြောင့်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရကြောင်း ဟောတော်မူသည်၊ ။ထို့ကြောင့် ဓမ္မပဒသဟဿဝဂ် ၁၁ ချဖြောက် သပ္ပဒါသဝတ္ထု၌၊ ။ဧဝ မဿကဿပဗုဒ္ဓကာလေ ဧကောဘိက္ခုနော ဥက္ကဏ္ဌာပိတ ဌာနဒါနိ၊အနန္တရတိ ဥပ္ပန္နာ တေနထေဒါပိ ဝီသတိဝဿသဟဿာနိ သမဏဓမ္မောကတော ဿွယံထေရဿ အရဟတ္တူပနိဿယော ဇာတော၊ ဟုလာသည်၊ ။ဧဝံ၊ဤသို့၊ အသော၊ထိုသပ္ပဒါသထေရ်အား။ ကဿပဗုဒ္ဓကာလေ၊ ကဿပဘုန်းတော်၊ ဘုရားမြတ်စွာ၊သာသနာတော်၌၊ ဧကော တယောက်သော၊ ဘိက္ခုနော၊ ရဟန်းအား၊ ဥက္ကဏ္ဌာပိတတ္တာ၊ဆန့်ကျင်အောင်ပြုဘူးသည်၏အဖြစ်ကြောင့်၊ဣဒါနိ၊ယခုအခါ၌၊ အနန္တရတိ၊မမွေ့လျော်ခြင်းသည်၊ ဥပ္ပန္နာ၊ ဖြစ်၏၊ တေန၊ထိုသပ္ပဒါသထေရ်သည်၊ တဒါ၊ထိုကဿပမြတ်စွာဘုရားသာသနာတော်၌၊ ဝီသတိဝဿသဟဿာနိ၊ အနှစ်နှစ်သောင်းတို့ပတ်လုံး၊ သမဏဓမ္မော၊ ရဟန်းတရားကို၊ ကတော၊ ကျင့်ဆောင်အပ်၏။ ဿွယံ၊ သောအယံ၊ ထိုသပ္ပဒါသထေရ်သည်။ ဧတရဟိ၊ယခုအခါ၌၊ အရဟတ္တူပနိဿယော၊ အရဟတ္တဖိုလ်၏ ဥပနိဿယသည်၊ဇာတော၊ဖြစ်၏၊ ။ဤသပ္ပဒါသထေရ်သည်။ ကဿပမြတ်စွာဘုရားသာသနာတော်၌ အနှစ်-နှစ်သောင်းရဟန်းတရားကို အားထုတ်ပါလျက် အရဟတ္တဖိုလ်သို့ မရောက်၊ ယခု

ငါတို့ ဂေါတမဘုရား သာသနာတော်၌ တရား အား ထုတ် ၍ ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ရောက်သောကြောင့်၊ သိလသည်၊ နိဗ္ဗာန်နှင့်ဝေးသောအကြောင်းဟုသိရသည်။ ။ဤမှတပါး၊ ဒါရုစီယ ဝတ္ထု၊ ပက္ကုသာတိအမျိုးသားအစရှိသောဝတ္ထုတို့ဖြင့် သိကြလေ ထော့၊ ဤသည်ကား၊ သိလသည်၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် ဝေးသောအ ကြောင်းပြခြင်းကား၊ ဤတွင်၍ပြီးပြီ။ ။

ဘာဝနာ၌ ဝေးသောအကြောင်းကား၊ မဟာပန်-ရှုဋ္ဌပန် အထောင်းတို့သည်၊ ပဒုမုတ္တရဘုရားလက်ထက်တော်က၊ ဟံသာ ဝတီပြည်ဝယ်၊ သူကြွယ်ညီနောင်ဖြစ်ကြ၍၊ ပဒုမုတ္တရဘုရားထံ ကောင်းမှုပြု၍-ဆုပန်ခဲ့ဘူးသောကြောင့်၊ ဘဝများစွာ သံသရာ၌ ကြဉ်လည်ခဲ့၍၊ ကဿပ မြတ်စွာဘုရား သာသနာတော်၌၊ ရှုဋ္ဌပန် အထောင်းသည်၊ သာသနာတော်၌ အနှစ်-နှစ်သောင်း ကာလပတ် လုံး၊ ဩဒါတကမ္မဋ္ဌာန်းကိုစီးဖြန်း၍ ပုဟန်းတရားကို အားထုတ် သော ပညာထိုင်းမှိုင်းသော ရဟန်းတဦးအား များစွာရှုင်ချက်ခဲ့ခြင်းကိုပြုမိ၍၊ငါတို့ဘုရားလက်ထက်တော်၌၊ ရာဇဂြိုဟ်ပြည်ဝယ် ဥစ္စာကြွယ်ဝသော ဓနသေဋ္ဌိသူဌေးဖြစ်မြေး ရှုဋ္ဌပန်ဖြစ်လာ၍၊အစ်ကို မဟာပန်ထံအပ်နှံ၍ ရဟန်းအဖြစ်သို့ရောက်သော်။ ။ပဒ္မံယထာ ကောကနုဒံသုဂန္ဓံ ပါတောသိယာဖုလ္လမဝီတဂန္ဓံ အင်္ဂီရသံပဿ ဝိရောစမာနံ တပန္တမာဒိစ္စမိဝန္တလိက္ခေ၊ ။ဟူသောဂါထာကို သင်ပြ၏။ ။အနက်ကား၊ ကောကနုဒ၊ ကောကနုဒ အမည်ရ သော၊ပဒ္မံ၊ကြာသားဝတ်ဆံ ချပ်ရုံဘရာ၊ ပဒုံကြာသည်၊ပါတော၊ နေ မင်းဂုဏ်ဖြင့် အာရုံဘက်သောနံနက်အခါ၌၊ ဖုလ္လံ၊ ကားကားလှ တင့် ပွင့်သည်ဖြစ်၍၊အဝီတဂန္ဓံ၊ထက်ဝန်းဒိသာ ယူဇနာတိုင်တိုင် သင်းကြိုင်ထုံပြန့် ရနံ့မွှေးကြူခြင်း ရှိသည်ဖြစ်၍၊ သုဂန္ဓံ၊ ချိုပြန့် လှောင်း ကောင်းသော ရနံ့ရှိသည်ဖြစ်၍၊ ဝိရောစမာနံ၊ ထွန်းပ စမ္မာယ်၊ လွှန်တင့်တယ်သည်၊ သိယာယထာ၊ ဖြစ်သကဲ့သို့၊ အန္တ လိက္ခေ၊ မင်းလွှင်တိမ်ထပ် မြူလျှပ်စင်ဆုံး ထံဆောင်ရန်းမာသ ကောင်းကင်ဝ၌၊ တဇသာ၊ တန်ခိုးရောင်ခြည် ထွန်းလည်ပြောင် ပြောင် ထိန်ထိန်တောင်သဖြင့်၊တပန္တံ၊ ထွန်းလင်းတောက်ပသော။

အာဒိစ္စဗ္ဗာဒ၀၊ ထေးကျွန်းမှန်ကင်း ရှင်နေမင်းကဲ့သို့။ ၀ိရောစမာနံ၊ ရောင်ခြည်ခြောက်သွယ် ထွန်းစမ့်ာယ်လျက် ထင့်တယ်တော်မူထသော၊သုဂန္ဓံ၊ခံတွင်းတော်နှင့် ကိုယ်တော်နံ့ဖြင့် လွှန်ပြန့်မွှေးကြိုင်ရနံ့ လှိုင်တော် မူထသော၊ အနုဗိတဂန္ဓံ၊ တသိန်းကုဋေ ဝှက်ရေစကြာဝဠာ အနံ့ဖြာသော အာထာတော်နံ့ ရဏ်တော်အပြန့်ထည်းရှိထသော၊ အင်္ဂီရသံ၊ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက်ထွက်သောရောင်ခြည်တော်ရှိသော မြတ်စွာဘုရားကို၊ တွံ၊ သင်သည်၊ ပဿ၊ရှုပါလော၊ ၊ဤဂါထာကို ဝါတွင်းသုံးလပတ်လုံး သင်ကြား၍ မရခြင်းသည်၊ရှေးရှေးသောဘ၀က၊ ကဿပဘုရားလက်ထက်တော်၌ ရဟန်းဖြစ်သောအခါ၊ ပညာနုံ့သော ရဟန်းတဦးအား ကျီစားပျက်ရယ်ပြုလျက် နှိပ်စက်ခဲ့ဘူးသော ၀ိပါက်ကြောင့်မရသတည်း၊ ယင်းသို့မရသော်၊ နောင်တော် မဟာပန်က၊ အချင်းစူဠပန္ထက၊ သင်သည်၊ ဤဂါထာကို ဝါတွင်းလေးလပတ်လုံး သင်၍မျှမရမပိချေ၊ သင်သည်၊ လူမည်ကာသာဖြစ်၍၊ ဘုရားသာသနာတော်နှင့်မထိုက်ထန်၊ ပမာဆိုသော်၊ မြေနုကျွန်းပေါ်၌ ရေသွန်းထောင်း၍ စိုက်ပျိုး၍မပေါက်သော မျိုးစေ့ကဲ့သို့၊ အကျိုးမဲ့သောဘ၀သာဖြစ်ချေသည်၊ယနေ့ပင်လူထွက်၍ အသက်မွေးလေလောဟုနှင်ထုတ်၏၊ စူဠပန်ထေရ်သည်သည်း၊ သာသနာတော်မှ ရွေ့လျောလိုသောစိတ်မရှိ၍ တရိုက်မက်မက်ငိုလျက်သာနေသတည်း၊ ထိုအခိုက်၊ မြတ်စွာဘုရားမေးတော်မူ၍ အကြောင်းမျိုးရုံကိုလျှောက်ထားသော်၊ မြတ်စွာဘုရားသည်၊စူဠပန္ထကအား၊ အဘယ်တရားသည်၊ မင်္ဂဖိုလ်၏ ဥပနိဿယ ဖြစ်လေသနည်းဟု ဆင်ခြင်တော်မူလျှင်၊ ရှေးသောအခါ မင်းဖြစ်၍ မြို့ကိုလှည့်လည်ရာ၊ နဖူးပြင်ကထွက်သောချွေးကို ဖြူစင်သန့်ရှင်းသော ပုဆိုးဖြင့် သုတ်လေလျှင်၊ မည်းညစ်သော အညစ်အကြေးကိုမြင်၍၊ ဤဝါ၏ကိုယ်ကိုအမှီပြု၍ စင်ကြယ်သန့်ရှင်းသောပုဆိုးသည် ညစ်နွမ်းလေရကား၊ အနိစ္စသဘောသာတည်းဟု နှလုံးသွင်းဘူးသော အဖြစ်ကို မြင်တော်မူရကား၊ ရဇောဟရဏံ ကမ္မဋ္ဌာန်းသာလျှင် စူဠပန္ထကအား လျော်ပတ်၏ဟု တန်ခိုးတော်ဖြင့် စီရင်လျက် ဖြူစင်သော ပုဆိုးပိုင်းကို

အပ်ပြီးမှ၊ ဤအဝတ်ကိုပွတ်နယ်လျှက်၊ ရဇောဟာရဏံ၊ရဇောဟ
ရဏံဟု စိုးဖြန်းဆင်ခြင်လေ့ဟု မိန့်တော်မူ၏။ ဘုရားမိန့်တော်
မူတိုင်း ပုဆိုးပိုင်းကိုနယ်လျှက်၊ ရဇောဟရဏံ ကမ္မဋ္ဌာန်းစီးဖြန်း
လေသော်၊ပုဆိုးသည် ညစ်နွမ်းခြင်းသို့ ရောက်သည်ကိုမြင်လျှင်၊
စင်ကြယ်သောပုဆိုးဖြစ်လျှက် ဖေါက်ပြန်ခြင်းသို့ရောက်သေး၏၊
ငါ၏ခန္ဓာမူကား၊ ယွင်းပါးပျက်စီးတတ်သော သဘောသာတည်း
ဟု၊ သတိ-သမာဓိ-ပညာကို လွန်စွာပွါးစေလျှက်၊ လေးပါးသော
ရူပါဝစရဈာန်ကိုရ၏၊ ထိုဈာန်ကိုအခြေပြု၍၊ သင်္ခါရတရားတို့ကို
လက္ခဏာရေးဖြင့် သုံးသပ်နေစဉ်၊ မြတ်စွာဘုရားကိုယ်တိုင် ကြွ
လာသကဲ့သို့၊ ဩဘာသအရောင်ဖြင့် ဧလွှတ်တော်မူ၍။ ။
ရာဂေါဒေါသောစ မောဟောစ ရဇောတိဝုစ္စတိ ဝုစ္စတိ ရာ
ဂဿေတံ အဓိဝစနံ ဧတံရဇံ ဇဟိတွာန၊ ။ဘိက္ခဝေါ ဝိရ
ဟန္တိတေ ဝိဂတရဇဿ သာသနေ။ ။ဟူ၍ဟောတော်မူ၏။ ။
အနက်ကား၊ ရာဂေါစ၊တပ်ငြိတတ်သောရာဂကိုရင်း၊ ဒေါသော
စ၊ ပြစ်မှားတတ်သောဒေါသကိုရင်း၊ မောဟောစ၊ တွေဝေတတ်
သောမောဟကိုရင်း၊ရဇောတိ၊မြူဟူ၍ရင်း၊ရေဝုစ္စတိ၊မှုန်ညစ်ကြေး
ဟူ၍ရင်း။ ဝုစ္စတိ၊ဆိုအပ်၏၊ ဧတံနာမံ၊ဤရဇော ဟူသောအမည်
သည်၊ ရာဂဿ၊ရာဂတရား၏၊ အဓိဝစနံ၊အမည်တည်း၊ ဧတံရဇံ၊
ဤရာဂစသော မြူမှုန်ညစ်ကြေးကို၊ ဇဟိတွာန၊ စွန့်၍၊တေဘိက္ခူ၊
ထိုရဟန်းတို့သည်၊ ဝိဂတရဇဿ၊ ကင်းသော မြူရှိတော်မူသော
မြတ်စွာဘုရား၏၊ သာသနေ၊သာသနာတော်၌၊ ဝိဟရန္တိ၊နေကုန်
၏။ ။ဤသို့ဟောတော်မူသော ဒေသနာတော်ကိုကြားရလျှင်၊
သင်္ခါရတရားတို့သည်၊ဉာဏ်အားထင်လာ၍၊ပဋိသမ္ဘိဒါလေးပါး၊
အဘိညာဉ်ခြောက်ပါး၊တရားအထူးနှင့်တကွ အရဟတ္တဖိုလ်သို့
ရောက်လေ၏၊ ။ဤစူဠပန္ထကဝတ္ထု၌၊ ပဒုမုတ္တရမြတ်စွာဘုရား
လက်ထက်တော်က ကုသိုလ်ကောင်းမှု ပြုခဲ့ဘူးသောဒါန၊ ထို့
နောက်၊ကဿပမြတ်စွာဘုရားသာသနာတော်၌၊အနှစ် နှစ်သောင်း
ရဟန်းတရားကို အားထုတ်ခဲ့ဘူးသောသီလ၊ မြတ်ဓမ္မတို့ကြောင့်၊
အမှတ်မထင် မမြင်နိုင်သောဘဝကာလတို့က၊ မင်းဖြစ်သောအခါ

အနိစ္စသညာကို စီးဖြန်းခဲ့ဘူးသော်လည်း၊ မဂ်ဖိုလ်သို့ မရောက်။ ယခု ငါတို့ဂေါတမဘုရား သာသနာတော်ရောက်မှ မဂ်ဖိုလ်သို့ ရောက်သည်ကို ထောက်၍ ဘာဝနာ၌ နိဗ္ဗာန်နှင့်ဝေးသော အကြောင်းဟုဆိုသည်၊ ။ဤသို့ ဒါန-သီလ-ဘာဝနာ တို့သည်၊ နိဗ္ဗာန်နှင့်ဝေးသောအကြောင်းဖြစ်က၊ ဒါန-သီလ-ဘာဝနာ တို့ကို မပြုဘဲနေတော့အံ့ဟု၊ မကြံစီ-မအောက်မေ့ရာ။ အဘယ်ကြောင့် နည်းဆိုသော်။ ။ဒါနတော-ဘောဂဝါ၊ သီလတော-သုခိတာ။ ။ ဒါနတော၊ အလှူအတန်း ပေးကမ်းခြင်းကြောင့်၊ ဘောဂဝါ၊ ရွှေ-ငွေ ရတနာ များစွာသောစည်းစိမ်ရှိသည်၊ ဟောတိ၊ ဖြစ်၏၊ သီလတော၊ သီလဆောက်တည်ကျင့်သုံးသောကြောင့်၊ သုခိတာ၊ ကိုယ်စိတ်နှစ်ပြာ ချမ်းသာခြင်းရှိသည်၊ ဟောတိ၊ ဖြစ်၏၊ ။ဤသို့ကျမ်းဂန်လာသောကြောင့်၊ ဘဝများစွာ၊ သံသရာ၌၊ ကြင်လည်ရသောဘဝတို့၌၊ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ထိုထိုသောဘဝ ဖြစ်ရာကာလတို့၌၊ ဥစ္စာ ကုံလုံ၊ ပြည့်စုံကြွယ်ဝ၊ ချမ်းသာရကုန်သည်၊ အဆုံးဘဝ၊ နိဗ္ဗာန်သို့ ရောက်ကုန်သည်၊ ဒါန-သီလ စသည်တို့ကိုမပြုဘဲနေခဲ့လျှင်၊ သံသရာ၌ ဘဝသစ်ပုတ်ဖြစ်၍၊ ဘယ်ကမ္ဘာ ဘယ်ကပ်၊ ဘယ်ဘုရား လက်ထက်မှ ကျွတ်လွတ် ထွက်နိုင်တော့မည်မဟုတ်၊ ဒါန-သီလ စသည်တို့ကိုပြုမှသာလျှင်၊ သံသရာမှကျွတ်လွတ်၍ မဂ်ဖိုလ်နိဗ္ဗာန် သို့ရောက်ရမည်၊ မြတ်စွာဘုရားသည်လည်း၊ ရှေးရှေးသောကာလ ဘဝအထူးတို့က ပြုခဲ့ဘူးသော ပုဗ္ဗေကတပုညရှိသောသူမှ၊ မဂ် ဖိုလ် သို့ရောက်အောင် တင်ပို့တော်မူသည်၊ ထို့ကြောင့်။ ။ဇိနာ လင်္ကာရကျမ်း၌၊ ။အညေသမ္ပိ ပုဗ္ဗေကတပုညာနံ ဗဟုန္နံခမ္ဗ ဒေသေတွာ နိဗ္ဗာနမဂ္ဂေ ပတိဋ္ဌာပေတွာ သဗ္ဗဒုက္ခတော မော စေတွာ အနုပါဒိသေသ ပရိနိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ၊ ။ဟုလာ သည်၊ အနက်ကား၊ ။အညေသမ္ပိ၊ တပါးလည်းဖြစ်ကုန်သော၊ ပုဗ္ဗေကတပုညာနံ၊ ရှေးရှေးသော ဘဝတို့က ပြုခဲ့ဘူးသော ဒါန သီလ ဘာဝနာဟုဆိုအပ်သော ကောင်းမှုရှိကုန်သော၊ ဗဟုန္နံ၊ များ စွာကုန်သော ကျွတ်ထိုက်သော ဝေနေယျတို့အား၊ ဓမ္မံ၊ တရား တော်ကို၊ ဒေသေတွာ၊ ဟောတော်မူ၍၊ နိဗ္ဗာနမဂ္ဂေ၊ နိဗ္ဗာန်ခရီး၌၊

ပတိဋ္ဌာပေတွာ၊ တည်စေ၍၊ သဗ္ဗဒုက္ခတော၊ ခပ်သိမ်းသောဆင်းရဲ
မှ၊ မောစေတွာ၊ လွတ်စေ၍၊ အနုပါဒိသေသပရိနိဗ္ဗာနံရပေ၊ အနုပါ
ဒိသေသနိဗ္ဗာန် စံယူခြင်းငှါ ထိုက်သည်တို့ကို။ အကာသိ၊ ပြုတော်မူ
၏။ ။ဒါန-သီလ-ဘာဝနာ၊ ၏သုံးဖြာ၊ မြန်စွာခရီး၊ နိဗ္ဗာန်ရောက်
နိုးသနည်းဟူသောအမေးပုစ္ဆာကို၊ အဖြေဝိသဇ္ဇနာ၊ ၏တွင်၍ပြီးပြီ။

မင်္ဂလိ ဖလကိုဖြေဦးအံ့။

မင်္ဂလိဖလ၊ နိဗ္ဗာနကို။ ဘဝအတိုဆုံး၊ ရောက်သေသထုံး၊ ကျင့်
သုံးဘုရား ဘယ်သို့ရှိသနည်း။ ။ဟူသောအမေး၌၊ အဖြေဝိသဇ္ဇနာ၊
ကျမ်းဂန်သာကို၊ ထောက်စာ၍ဖြေပါဦးအံ့၊ ။ပညာဓိက၊ သဒ္ဓါ
ဓိက၊ ဝိရိယာဓိက၊ ဘုရားအလောင်းတော်တို့တွင်၊ ဝိရိယာဓိက
ဘုရား အလောင်းတော်တို့ကား။ တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာ
တသိန်း ပါရမီ ကိုဖြည့်ကျင့်ရသည်၊ ထိုဝိရိယာဓိက ဘုရားလောင်း
အောက်၊ ဘဝအကျင့်တိုသည်မှာ၊ သဒ္ဓါဓိက ဘုရားအလောင်း။ ထို
သဒ္ဓါဓိကဘုရားလောင်းတို့သည်သည်း၊ ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်း
ပါရမီကိုဖြည့်ကျင့်ရ၏၊ ထိုသဒ္ဓါဓိကဘုရားလောင်းအောက်၊ ဘဝ
အကျင့်တိုသည်မှာ၊ ပညာဓိက ဘုရားအလောင်း၊ ထိုပညာဓိက
ဘုရားလောင်းတို့သည်လည်း၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ
ကိုဖြည့်ကျင့်ရ၏၊ ထိုပညာဓိက ဘုရားလောင်းအောက်၊ ဘဝအ
ကျင့်တိုသည်မှာ။ ပစ္စေကဗုဒ္ဓါ ဘုရားလောင်း၊ ထိုပစ္စေကဗုဒ္ဓါ
ဘုရားလောင်းတို့သည်း၊ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကိုဖြည့်
ကျင့်ရ၏၊ ထိုပစ္စေကဗုဒ္ဓါဘုရားလောင်းအောက်၊ အကျင့်ဘဝတို
သည်မှာ၊ အဂ္ဂသာဝက ရဟန္တာအလောင်း၊ ထိုအဂ္ဂသာဝက
ရဟန္တာ အလောင်းတို့သည်လည်း၊ တသင်္ချေနှင့် ကမ္ဘာတသိန်း
ပါရမီကိုဖြည့်ကျင့်ရ၏။ ။အဂ္ဂသာဝကဆိုသည်မှာ၊ မင်းမျိုးမှ
တပါး ဆင်းရဲသားတို့ကဖြစ်သော ရဟန္တာကို အဂ္ဂသာဝကခေါ်
သည်၊ မင်းမျိုးမှဖြစ်သောရဟန္တာကို မဟာသာဝကခေါ်သည်။
၏အထူးကိုမှတ်၊ ။ထိုအဂ္ဂသာဝကရဟန္တာအလောင်းတို့အောက်။

အကျင့်စာရိတ္တတို့သည်မှာ၊ အသီတိမဟာသာဝက အလောင်းတို့သည်ရင်း၊ ဖြတ်ဘွဲ့ဘုရား မယ်တော် ခမည်းတော် တို့သည်ရင်း၊ အလုပ်အကျွေး သားတော်သည်ရင်း၊ကပ္ပါတသိန်းပါရမီကိုဖြည့်ကျင့်ရ၏။ ထိုသူတို့အောက် အကျင့်ဘဝ တို့သည်မှာ၊ ပကတိသာဝက၊ ထိုပကတိသာဝကတို့မှာ၊ ကာလအပိုင်းအခြားမရှိ၊ ဒါန-သီလ-ဘာဝနာတရားပွါးများအားထုတ်ခြင်းမရှိ၊အကုသိုလ်တရားကို ပြုကျင့်သောသူတို့မှာ၊ အသက်ဖြစ်ဆိုခဲ့ပြီးသော ဝိရိယဘုရားလောင်းထက်ပင် အသက်ရှည်မည်ဟူ၍မှတ်။ ။မဂ်ဖိုလ်ကိုတောင့်တ၍ အမှတ်မရှိသော ကာလဘဝတို့က ဖြည့်ကျင့်ဆည်းပူးခဲ့သော ဒါရုစိရိယ၊ ပဉ္စဂ္ဂဒါယကာ တို့ကဲ့သို့ ပါရမီဒဗ္ဗသမ္ဘာရတို့နှင့်ပြည့်စုံလျှင်၊နေအရုဏ်တက်သော ကြာတို့ကဲ့သို့၊ဘုရားရဟန္တာတို့နှင့် တွေ့ကြုံ၍ အကျွတ်တရားကိုရ၍ နိဗ္ဗာန်သို့မျက်မှောက်ပြုရကုန်သည်။ ။ထို့ကြောင့် သတိပဋ္ဌာနသုတ်အဖွင့်ဋီကာ၌၊ ။ဣတရေသံ အတီတာသုဇာတိသု ဝိဝဋ္ဋနိဿယ ဝသေန နိဗ္ဗတ္တိတံ နိဗ္ဗေဓဘာဂိယ ကုသလံ။ ။ဟူလာသည်။ ။အနက်ကား၊ ဣတရေသံ၊ ပကတိသာဝကတို့အား၊ အတီတာသုဇာတိသု လွန်လေပြီးသောဘဝတို့၌၊ ဝိဝဋ္ဋနိဿယဝသေန၊ဝဋ်မှထွက်မြောက်ခြင်းကို မှီသည်၏အစွမ်းဖြင့်၊နိဗ္ဗတ္တိတံ၊ဖြစ်စေအပ်သော။ နိဗ္ဗေဓဘာဂိယကုသလံ၊ မဂ်ဖိုလ်ကိုတောင့်တ၍ ပြုခဲ့ကြသည့်ကုသိုလ်အရတည်း။ ။ဤပကတိသာဝကပုဂ္ဂိုလ်တို့အောက်ယုတ်လျော့၍၊ဘဝတိုတို့နှင့် မဂ်ဖိုလ်သို့ ရောက်နိုင်သောအကြောင်းမရှိပြီ၊ သို့ဖြစ်၍၊ ဘဝတိုတို့နှင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်လိုလျှင် ပကတိသာဝကဆုကို ပန်ရမည်၊ ။ဘဝတိုတို့နှင့်၊ မဂ်ဖိုလ်သို့ရောက်လွယ်အောင် ကျင့်ရသောတရားအထူးမရှိပြီ၊ ယခုပြုကြသော၊ဒါန-သီလ-ဘာဝနာတရားပင်တည်း၊ ဒါန သီလ-ဘာဝနာတရားပင်ဆိုသော်လည်း၊ ဝဋ်ဒုက္ခကင်းသောနိဗ္ဗာန်ကို တောင့်တ၍၊ဒါန ကိုပြုမှု၊သီလကို စောင့်ရှောက်မှု၊ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းမှု မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်နိုင်မည်၊လူ့ဘဝ၊နတ်ဘဝတို့ကိုတောင့်တ၍ ဒါနသီလစသည်ကိုပြုလျှင်၊ သံသရာရှည်ရေး၊နိဗ္ဗာန်နှင့်ဝေးလှ၏။

ပကာသိသာဝကဆုကိုပန်၍၊နိဗ္ဗာန်ရောက်ကြောင်း ဝဋ္ဋုသင်္ဂသေမှာ၊ ဒါရုစိကသည်၊ ကဿပ မြတ်စွာဘုရား သာသနာတော်က ရဟန်းဘုရားကို အနှစ်-နှစ်သောင်း ကာလပတ်လုံး အားထုတ်ခဲ့ဘူး၍၊ ငါတို့ဂေါတမမြတ်စွာဘုရားသာသနာတော်ကျမှ၊အကျွတ်တရားကိုရ၍ ရဟန္တာဖြစ်၍ နိဗ္ဗာန်စံယူလေသည်။ ။ပကတိသာဝက ဆုပန်ပုံကား၊ဤသို့ဘည်း။ ။ဇာနိနာ ဖိနသသရိမေတ္တေယျသ ပဗ္ဗဇ္ဇိတ္ဘွာန သာသနေ မဟာသာဝကောဘိပဒေါ ဘဝိဿာမိ မဟိဒ္ဓိကော၊ ။အနက်ကား။ ဇာမိနာပညာကမ္မနာ၊ ဤသခု ကြည်ဖြူခြင်းလင်း။ လူ ဒါန်း ရ သော ကောင်းမှုကြောင့်၊ ဖိနသသရိမေတ္တေယျသ၊ အရိမေတ္တေယျ မြတ်စွာဘုရားသခင်၏၊ သာသနေ၊ ထွန်းတက်ချော်ဝါ သာသနာ၌၊ ပဗ္ဗဇ္ဇိတွာ၊ ရဟန်းကောင်း ရဟန်းမြတ်ဖြစ်၍၊ ဘိဇ္ဇာညော၊ အလွန်ထက်မြက် လျှင်လျှား ထိုးထွင်းနိုင်သော ပညာဉာဏ်ရှိသော၊ မဟိဒ္ဓိကော၊ သုန်းတန်ခိုးအာဏာ၊ တေဇာသွန်းပေါ် အာနုဘော်နှင့် ပြည့်စုံသော၊ မဟာသာဝကော၊ဘည့်မြတ်လှ မဟာသာဝကသည်၊ ဘဝိဿာမိ၊ ဖြစ်ရပါလို၏။ ။ဤပါဠိကို ရအောင်ကျက်၍ ပကတိသာဝကဆုကိုပန်ကြ၊၊ ။ဤပကာသိသာဝကဆုပန်သော ဤနည်းထက် ဘာအဘိုးသုံးမရှိပြီ၊ဤဆုထက်သာများတော့သည်။ ။

မဂ်ဖိုလ်ခုသ နိဗ္ဗာန်ကို၊ဘာအတိုးသုံး၊ ရောက်သောထုံး၊ ကျင့်သုံးဟာရား ဘယ်သို့ရှိသနည်းဟူသော အမေးပုစ္ဆာ ဤတွင်၍အဖြေဝိသဇ္ဇနာပြီးပြီ။

## နတ်ပြည်ရောက်ကြောင်းအမေးကိုဖြေဦးအံ့။

နတ်ပြည်ရောက်ရာ၊လက္ခဏာ၊အင်္ဂါဘယ်နှစ်ပါးရှိသနည်း။ ။ဟူသောအမေးကို၊ လျှင်စွာမနေ၊ ဖြေဆိုပါဦးအံ့။ ။နတ်ပြည်ရောက်ခြင်းအကြောင်းအင်္ဂါ သုံးပါးရှိသည်၊သုံးပါးဟူသော်ကား။ ၁—ဟုတ်မှန်လှစွာ၊ ဖြောင့်မတ်စွာဖြင့်၊မှန်ကန်သောစကားကိုပြောကြားခြင်းတပါး၊ ၂—အနိုင်အထက်၊မနှိပ်စက်ဘဲ၊အမျက်ကင်း

ကွာ၊ မေတ္တာဓမ္မရှိရခြင်းတပါး၊ ၃–ပုံးတောင်းယာစကာ။ အလှူခံ
လောက၊ နည်းများမဟူ၊ ပေးလှူရခြင်းတပါး၊ ဤသို့အားဖြင့်၊ သုံး
ပါးတည်း၊ ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံမှ၊ စတုမဟာရာဇ်၊ တာဝတိံ
သာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိ၊ ဤနတ်
ပြည်ခြောက်ထပ်တို့တွင်၊ ထိုက်သည်အားလျော်စွာ၊ တထပ်ထပ်
သို့ရောက်ကုန်ရာသည်။ ။ထို့ကြောင့် ဓမ္မပဒပါဠိတော်၌။ ။
သစ္စံဘဏေ နကုဇ္ဈေယျ ဒဇ္ဇာအပ္ပသ္မိ ယာစိတော ဧတေဟိ တိ
ဟိဋ္ဌာနေဟိ ဂစ္ဆေ ဒေဝါနံ သန္တိကေ။ ။ဟူ၍ဟောတော်မူ
သည်။ ။အနက်ကား၊ သစ္စံ မှန်ကန်လျော်စွာ ဟုတ်မှန်ရာကို၊ ဘဏေ၊
ပြောကြားနှုတ်ချ ဟုတ်မှန်တိုင်းဆိုရာ၏၊ နကုဇ္ဈေယျ၊ ရန်းချစ်လစ်
လျူ။ သုံးပါးလူကို ကိုယ်တူထပ်မျှ ဒေါသမဖက် မေတ္တာသက်၍
အမျက်မထွက်ရာ၊ ယာစိတော၊ ပုံးတောင်းယာစကာ သတ္တဝါ
ထိုထို အလှူခံပုဂ္ဂိုလ်တို့အား၊ အပ္ပသ္မိ၊ တဆုပ်တခဲ စွန့်ကြဲဒါတဗ္ဗ
အနည်းငယ်မျှသော်လည်း၊ ဒဇ္ဇာ၊ ကြည်ဖြူရွှင်လန်း လှူဒါန်းအံ့လှ
၏၊ ဧတေဟိ၊ ဤသို့ကြည်ဖြူရွှင်လန်း လှူဒါန်းပေးကမ်းသည်ရှိသော်၊
တီဟိဌာနေဟိ၊ မှန်ကန်သစ္စာ ဒေါသမရှိ စွန့်ကြဲမိသော ဤအ
ကြောင်းသုံးပါးတို့ဖြင့်၊ ဒေဝါနံသန္တိကေ၊ ကာမာဝစရ အမည်ရ
သော နတ်ပြည်ခြောက်ထပ် ထက်နတ်ရစ်ထံ ဘုံဗိမာန်သို့၊ ဂစ္ဆေ၊
မသွေမသောက် သွားရောက်ရာ၏။ ။ဤဒေသနာတော်အလာ
အင်္ဂါသုံးပါးနှင့်ပြည့်စုံမှ နတ်ပြည်သို့ရောက်သည်၊ ဤအင်္ဂါသုံးပါး
မပြည့်စုံဘဲ၊ မဟုတ်မမှန် ဖောက်ပြန်ရသား တရားမရှိ ပြောဆို
မိသောသူတို့သည်၎င်း၊ ဒေါသ အမျက် ချောင်းချောင်း ထွက်၍
ဆဲဆိုသောသူသည်၎င်း၊ အလှူ အတန်း ပေးကမ်းစွန့်ကြဲခြင်း မရှိ
သောသူတို့သည်၎င်း၊ ဤသူတို့သည်၊ အသျှင်ကို ဝေဿန္တရာမင်းကြီး
အနာထပိဏ် သူဌေးကြီးတို့ကဲ့သို့ အလှူကြီး ပေးလှူသော်လည်း၊
နတ်ပြည်သို့ မရောက်နိုင်ရာ၊ စင်စစ်မှာမူကား၊ ဤအင်္ဂါသုံးပါးနှင့်
ပြည့်စုံမှ နတ်ပြည်သို့ရောက်သည်၊ ဤအင်္ဂါသုံးပါး မပြည့်စုံက၊
လူ့ဘုံပြည်တွင် ထိုက်သည်အားလျော်စွာ စည်းစိမ်ရတနာ များ
စွာရှိခြင်း၊ သူကြွယ်ကြီးသူဌေးကြီးဖြစ်ခြင်း၊ ပဒေသရာဇ်၊ ဒီပရာဇ်

ကြောရာ၏ စကြာမဏ္ဍပ် အစရှိသော အဖြစ်သို့သာ ရောက်ရမည် ဖြစ်ရမည်၊ နတ်ပြည်သို့မရောက်ရာ၊ ဤတရားကိုထောက်ထား၍၊ သူတပါးတို့ကြား၍ နားမချမ်းသာ မခံသာ စိတ်မချမ်းသာအောင် ဘာရမ်းဘတာ ယုတ်ယုတ်မာမာ ဆဲရေးခြင်း၊ငါဟူသော ဆဲရေးခြင်း စသည့်ကိုဆင်ခြင်ကြပါ၊ ရှသားပြောခြင်း ဆဲရေးခြင်းတို့ သည်၊ နတ်ပြည်သို့ ရောက်သော တရားမဟုတ်၊ သတိထားကြပါ ကုန်၊ ၊ဤသည်ကား၊နတ်ပြည်ရောက်ရာ၊လက္ခဏာ၊အင်္ဂါဘယ် နှစ်ပါးရှိသနည်းဟူသော အမေးပုဏ္ဏာကို၊ အဖြေဝိသဇ္ဇနာ၊ဤတွင် ၍ပြီးပြီ၊

---

ဒါနကြီးစား၊ကုသိုလ်ပွါးပုဏ္ဏာကိုဖြေဦးအံ့၊

ဒါနကြီးစား၊ ကုသိုလ်ပွါး၊ သိကြားနတ်မင်း ဖြစ်၏လော၊ ဟူသော ပုဏ္ဏာကိုဖြေဦးအံ့၊ ၊ဒါနပြုလို သိကြားမဖြစ်၊ သီလ စောင့်လို သိကြားမဖြစ်၊ ဘာဝနာ က မ္မဋ္ဌာန်း စီး ဖြန်း လို လည်း သိကြားမဖြစ်ပါ၊ ဤကားအကျဉ်းမှတ်လေ၊

အစိန္တေယျ၊သုံးလူ့ထွဋ်ထား၊မြတ်စွာဘုရားသည်၊ ဝေသာလီ ပြည်ကြီးကိုအမှီပြု၍ ရထစ်ပွန်းချွန်တတ်သော ဇရပ်ကျောင်းနှ ကိန်းအောင်းမွေ့လျော်၊စံပျော်တော်မူသောအခါ၊သိကြားနတ်မင်း ၏ကြီးကျယ်ဖြန့်ပြောသော စည်းစိမ်ချမ်းသာကို အကြောင်းပြု၍၊ သက္ကပဥ္စသုတ်တန်ကို ဟောတော်မူလေသော်၊ ထို ဝေ သာ လီ ပြည်ကြီး၌၊မဟာလိအမည်ရှိသော လိစ္ဆဝီမင်းသားသည်၊ မြတ်စွာ ဘုရားဘုရားတော်ကို နာ ကြား ရ သ ဖြင့်၊ မြတ်စွာဘုရားသည်၊ သိကြားမင်းစည်းစိမ်ကို မြင်တော်မူ၍ ဟောတော် မူလေသလော၊ ထိုသို့မဟုတ်၊ မမြင်ဘဲနှင့်ပင် ဟောတော်မူလေသလေး ဟု အကြံ ဖြစ်၍၊ မြတ်စွာ ဘုရားထံ ချဉ်းကပ်၍ မေး လျှောက် လေ သော်၊ မဟာလိမင်းသား၊ငါဘုရားသည်၊နတ်တို့ကိုအစိုးရသော သိကြား မင်း၏စည်းစိမ်ကိုလည်းမြင်အပ်သတည်း၊ မဟာလိမင်းသား၊ ငါ ဘုရားသည်၊ နတ်တို့ကိုအစိုးရသော သိကြားမင်းကိုလည်းသိ၏၊

သိကြားဖြစ်ခြင်းကိုပြုတတ်ကုန်သောတရားတို့ကိုလည်းသိ၍၊ ထို
ဆောက်တည်၍ကျင့်သုံးအပ်သော ကျင့်ဝတ်တရားကိုလည်း ငါ
ဘုရားသိတော်မူ၏ဟုမိန့်တော်မူပြီး၍၊ သိကြားမင်း၏ အမည်တို့ကို
ဟောပြော၏၊ ။သက္ကော မဟာလိ ဒေဝါနမိန္ဒော ပုဗ္ဗေ မနုဿ
ဘူတော သမာနော မဃော နာမ မာဏဝေါ အဟောသိ တသ္မာ
မဃဝါတိ ဝုစ္စတိ၊ ။ဟူသော ဓမ္မပဒအဋ္ဌကထာလာသည်နှင့်အ
ညီ၊ ရှေးလူဖြစ်သောအခါကာလ၌၊ မဃမည်သောလုလင်သည်ဖြစ်
၏၊ ထို့ကြောင့် သိကြားမင်းကို မဃဝါဟုခေါ်ဆို၏၊ ။ပုရေဒါနံ
အဒါသိ တသ္မာ ပုရိန္ဒဒေါတိ ဝုစ္စတိ၊ ။ဟူသောပါဠိနှင့်အညီ၊
သိကြားမင်းသည်၊ ရှေးလူဖြစ်သောအခါ၊ ရှေးဦးစွာ ဒါနကိုပေးလှူ
ဘူးသောကြောင့် ပုရိန္ဒဒဟုခေါ်ဆိုရ၏၊ ။သိကြားမင်းသည်၊
ရှေးလူဖြစ်သောအခါ၊ ရိုသေလေးမြတ်၊ ကောင်းမွန်လှပစွာ ဒါနကို
ပြုခဲ့ဘူးသောကြောင့်၊ သက္ကဟုခေါ်ဆိုရ၏၊ ။သိကြားမင်းသည်၊
ရှေးလူဖြစ်သောအခါ၊ ဧည့်သည်တို့တည်းခိုနေ စရပ်ဆောက်လုပ်
ပေးလှူဘူးသောကြောင့်၊ ဝါသဝဟူ၍ ခေါ်ဆိုရ၏၊ ။သိကြား
မင်းသည်၊ တထောင်သောအကျိုးကို၊ တမဟုတ်မျှဖြင့် သိစွမ်းနိုင်
သောကြောင့်၊ သဟဿနေတ္တဟူ၍ခေါ်ဆိုရ၏၊ ။သိကြား
မင်းသည်၊ သုဇာတာ အမည်ရှိသော၊ အသူရာနတ်မင်းကြီး၏သမီး၊
သုဇာတာ မိဖုရားကြီး၏အရှင်လင်ဖြစ်သောကြောင့်၊ သုဇမ္ပတိဟု
ခေါ်ဆိုရ၏၊ ။သိကြားမင်းသည်၊ တာဝတိံသာနတ်တို့ကို အစိုး
ရသောကြောင့်၊ ဒေဝါနမိန္ဒဟူ၍လည်းခေါ်ဆိုရ၏၊ ။သိကြား
မင်းအား၊ ရှေးအခါ၌ ခုနစ်ပါးသော ကျင့်ဝတ်တရားတို့ကို၊ မမေ့
မလျော့ အားထုတ်ခဲ့ဘူးသောကြောင့်၊ သိကြား၏အဖြစ်ကို ဖြစ်
ပေသည်ဟု မဟာလိမင်းသားအား ဟောကြားတော်မူသည်၊
တဖန်၊ ထိုမဟာလိမင်းသားက၊ ဘုန်းတော်ကြီးလှသော မြတ်စွာ
ဘုရား၊ မဃလုလင်သည်၊ အဘယ်ကဲ့သို့ ကျင့်ဝတ်တရားကို
ဆောက်တည်ပါသနည်း၊ ထိုမဃလုလင်၏ အကျင့်အာစာရကို၊
အကျယ်ဝိတ္ထာရအားဖြင့် နာလိုပါသည်ဘုရားဟု လျှောက်ထား
သည်ရှိသော်၊ မြတ်စွာဘုရားလည်း၊ မဃလုလင်၏ ရှေးအတိတ်

အာကျယ်ပိဋကာရကိုဟောတော်မူ၍၊ ၊အတိတ်ငြွှမြရေးပြီး ။ သိကြားဖြစ်ခြင်းအကြောင်းကို ပြုထတ်သော ထရားတို့ကို ဟောတော်မူလိုသည်ဖြစ်၍။ ။မာတာပေတ္တိ ဘရံ ဇန္တုံ ကုလေဇေဋ္ဌာပစာယိနံ သဏှံသခိလသံဘာသံ ပေသုဏေယျပ္ပဟာနယိနံ၊ ။ မစ္ဆေရဝိနယေယုတ္တံ သစ္စံကောဓာဘိဘုံနရံ တံဝေဒေဝါ တာဝတိံသာ အာဟုသပ္ပုရိသောဣတိ။ ။ဟူသော နှစ်ဂါထာကို ဟောတော်မူသည်၊ ၊အနက်ကား။ ၊မာတာပေတ္တိဘရံမိဘကိုးဘေား၊ လုပ်ကျွေးမွေးမြူထသော၊ ကုလေ၊အမျိုး၌၊ ဇေဋ္ဌာပစာယိနံ၊အသက်အရွယ်ကြီးသောသူတို့အား၊ ရိုသေကိုင်းရှိုင်းခြင်း ရှိထသော၊ သဏှံ၊ နူးညံ့သိမ်မွေ့ ပြောဆိုလေ့ရှိထသော၊ သခိလသမ္မာသံ၊ နူးညံ့ပြေပြစ် ချစ်နှစ်သက်သော စကားကိုဆိုတတ်ထသော၊ ပေသုဏေယျပ္ပဟာနယိနံ၊ သူနှစ်ယောက်တို့၏ ချစ်ပြယ်သဘော ဂုံးချောသောစကားကို ပြောဆိုခြင်းမှ ကင်းထသော၊ ။ မစ္ဆေရဝိနယေ၊ မပေးမလှူလို ဝန်တိုတတ်လှ မစ္ဆေရကို ပယ်ချခြင်းနှင့်ယှဉ်ထသော၊ သစ္စံ၊မသွေမလှန် မဖေါက်ပြန်ဘဲ ဟုတ်မှန်သောစကားကို ဆိုတတ်ထသော၊ကောဓာဘိဘုံ၊ ဒေါသအမျက်ချောင်းချောင်းထွက်သည်ကို မထွက်ရအောင် ဖျက်ဆီးတတ်ထသော၊ ဇန္တုံ၊ ဇန္တုမည်သော၊တံနရံ၊ထိုလူကို၊ဝေ၊စင်စစ်၊ ဒေဝါ၊ နတ်တို့သည်၊ သပ္ပုရိသောဣတိ၊ သိကြားဖြစ်ကြောင်း သူတော်ကောင်းဟူ၍၊ အာဟု၊ဆိုကုန်ပြီ။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။ အသက်ထက်ဆုံး အမိအဘကို လုပ်ကျွေးမွေးမြူရခြင်းတပါး၊ ။ အမျိုး၌မိကြီးမိထွေး၊ဘကြီးဘထွေးစသည်ကိုရိုသေ ခြင်း၊ဆည်းကပ်ရခြင်းတပါး၊ ၊နူးညံ့သိမ်မွေ့ ချိုချိုသာသာ ပြေပြစ်သောစကားကို ပြောဆိုရခြင်းတပါး။ ။သူနှစ်ယောက်တို့၏အကြား၌ ဂုံးတိုက်သောစကားကို မပြောမဆိုရခြင်းတပါး။ ၊မလှူလိုမတန်းလို ဝန်တိုမစ္ဆေရမရှိ ခရီးသွားဧည့်သည် အထီးကျန်အစရှိသောသူတို့ကို ဖွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌ မွေ့လျော်ရခြင်းတပါး၊ ။ဟုတ်မှန်ဖြောင့်မတ် တည်ကြည်သော သစ္စာစကားရှိရခြင်းတပါး၊ ၊အမျက်ဒေါသ မာန်မာနကို ထက်ကြွခြင်းမရှိ၊

ရခြင်းတပါး။ ။ဤသို့အားဖြင့် ခုနစ်ပါးတည်း။ ဤအင်္ဂါ ခုနစ်ပါးနှင့်ပြည့်စုံသောသူမှ နတ်ပြည်၌ သိကြားဖြစ်သေသည်။ ။ဒါနသီလစသည်ကို အသက်ထက်ဆုံး လွန်စွာအားထုတ်၍ ဝမ္ဘီလာဥပါသကာကြီးဘို့ကဲ့သို့ ကုသိုလ်ကိုအားထုတ်၍ ပြုသော်လည်း။ နတ်ပြည်၌သာဖြစ်ရမည်၊ တာဝတိံသာ နတ်ရွာသခင်း သိကြားမင်းအဖြစ်သို့ မဖြစ်နိုင်ရာ၊ မဟာလိမင်းသား၊ မဃအမည်ရှိသောလုလင်သည်၊ မနေ့မလျှော့သောအကျင့်ကို ကျင့်သောကြောင့်။ ဤသို့သဘောရှိသော အစိုးရခြင်းသို့ရောက်၍၊ နှစ်ထပ်ကျန်သောနတ်ပြည်၌ မင်းအဖြစ်ကို ပြုရပေသည်ဟု မိန့်တော်မူပြီး၍။ ။အပ္ပမာဒေန မဃဝါ ဒေဝါနံ သေဋ္ဌတံ ဂတော အပ္ပမာဒံပသံသန္တိ ပမာဒေါ ဂရဟိတောသဒါ၊ ။ဒေသနာတော်၏အဆုံး၌၊မဟာလိမည်သော လိစ္ဆဝိမင်းသားသည်၊ သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ။အနက်ကား။ ။အပ္ပမာဒေန၊မမေ့မလျော့ခြင်းကြောင့်။ မဃဝါ၊ သိကြားမင်းသည်၊ ဒေဝါနံ၊နတ်အပေါင်းတို့ထက်၊ သေဋ္ဌတံ၊မြတ်သည်၏အဖြစ်သို့၊ ဂတော၊ ရောက်ရလေ၏၊ အပ္ပမာဒါ၊ မမေ့မလျော့ခြင်းကို၊ ပသံသန္တိ၊ ချီးမွမ်းတော်မူကြကုန်၏၊ ပမာဒေါ၊မေ့လျော့ခြင်းကို၊ သဒါ၊အခါခပ်သိမ်း၊ ဂရဟိတော၊ ကဲ့ရဲ့ရှုပ်ချအပ်၏၊ ။ဓမ္မပဒ-အပ္ပမာဒဝဂ်-ခုနစ်ခုမြောက်၊မဃလုလင်၏ဝတ္ထုအဋ္ဌကထာ။ ။ဒါနကြီးစား၊ ကုသိုလ်ပွါး၊ သိကြားနတ်မင်းဖြစ်၏သော။ ။ဟူသောအမေးပုဏ္ဏာကို။ လျှင်စွာမနေ။ အဖြေဝိသဇ္ဇနာ၊ဤတွင်၍ပြီးပါပြီ၊

သိချင်းဆိုသံ၊တရံတခါ၊ပုဏ္ဏာကိုဖြေဦးအံ့၊

သိချင်းဆိုသံ၊တရံတခါ၊ကြားရတာနှင့်၊ ရဟန္တာတဆူ၊ ဖြစ်တော်မူသည်၊နတ်လူထူးပေစွတကား။ ။ဟူသောအမေးပုဏ္ဏာ၊ ပြဿနာကို၊ လျှင်စွာဖြေဦးအံ့၊ ။သိဟိုဠ်ကျွန်းတွင်၊ တိဿအမည်ရှိသော၊ အနိဋ္ဌသကွဘာ၊ ဝိပဿနာ အားထုတ်သောရဟန်းသည်၊ မြိုင်ခန်းသာယာ၊ တောခန်းဝါသို့၊ နေသဓာရီ၊ ကြွ၍

သောအခါ၊ ထုံနံ့သာကြိုင်၊ ရနံ့လှိုင်သော၊ ပဒုမ္မာဒိုင်၏ အနီးသို့ ရောက်လေလျှင်၊ မိန်းမတယောက်သည်၊ ဝမ်းမြောက်ဝမ်းသာ၊ ပဒုမ္မာကြာအိုင်၌၊ ပဒုမ္မာပန်းတို့ကိုချိုးလျက် သီချင်းဆိုသတည်း၊ ထိုသီချင်းကား၊ ။ပါတောသိသာဗုဒ္ဓံ ကောကနဒံ သူရိယာလောကေနဘိဇ္ဇတေ ဝေဝံမနုဿဘတ္တဂတာသတ္တာ ဇာရာဘိဝေဝေနမိဿာသတ္တိ၊ ။ဟူ၍ သီချင်းဆို၏။ ထိုသီချင်းသံ၏အနက်ကား၊ ။ပါတော၊ နေအာရုံတက် အရောင်လက်သော နံနက်အခါ၌၊ ဗုဒ္ဓံ၊ ကားကားပွင့်ပွင့် ဘွားဘွားပွင့်သော၊ ကောကနဒံ၊ ကောကနဒ အမည်ရှိသောကြာသည်၊ သူရိယာလောကေန၊ ယုဂန္ဓိုရ်ရှိပွန်း ထွန်းတောက်ဗင်းသော နေမင်း၏အရောင်ဖြင့်၊ ဘိဇ္ဇတေ၊ ယသာသာ၊ ခဏမသွေ ညှိုးနွမ်းချေ၍ ပျက်သေသကဲ့သို့၊ ဝေဝံ၊ တသာ၊ ထို့အတူ၊ မနုဿဘတ္တဂတာ၊ လူ၏အဖြစ်သို့ ရောက်ကြကုန်သော၊ သတ္တာ၊ ကြီးကြီးငယ်ငယ် ရှသ်ရှယ်ဗယ်ဗယ် ယုတ်မြတ်နှစ်ဖြာ သတ္တဝါတို့သည်၊ ဇာရာဘိဝေဝေန၊ ရင့်ရော်သိုင်းမှိုင်း ကိုင်းရှိုင်းဖြစ်လာ ဇာရာဘည်းဟူသော လျှင်သောအဟုန်ဖြင့်၊ မိဿာသတ္တိ၊ တနေ့တနေ့ တချ႕ချ႕ဖြင့် ချောက်သွေ့မြိုးဖြန်း ညှိုးနွမ်းကုန်၏၊ ။ဤသို့ အလို၊ သီချင်းဆို၏၊ ထိုသီချင်းဆိုသော မိန်းမ၏ အသံကိုကြား၍၊ ဝိပဿနာ အားထုတ်သောရဟန်းသည်၊ အရဟတ္တဖိုလ်၊ အထိုသာ ခေါင်၊ နိဗ္ဗာန်ဘောင်သို့ရောက်သေ၏၊ ။ထိုအကြောင်းကိုပြခြင်းငှါ၊ သုတ္တနိပါတ် သုဘာသိတသုတ်အဋ္ဌကထာ၌၊ ။တိသေဿနာမ အာရဒ္ဓဝိပဿနကောဘိက္ခု ပဒုမသရသမီပေနဂစ္ဆန္တော ပဒုမသရေ ပဒုမာနိ ဘဥ္ဇိတွာ၊ ။ပါတောသိယာ၊ လ၊ မိဿာယန္တီတိ ဆုမံဂီတံ ဂါသန္တိယာ အရဟတ္တံပတ္တော၊ ။ဟူ၍လာသည်၊ အနက်ကား၊ ။အာရဒ္ဓဝိပဿနကော၊ အားထုတ်သော ဝိပဿနာ ရှိသော၊ တိသေဿနာမ၊ တိဿအမည်ရှိသော၊ ဘိက္ခု၊ ရဟန်းသည်၊ ပဒုမသရသမီပေန၊ ပဒုမာအိုင်၏အနီးဖြင့်၊ ဂစ္ဆန္တော၊ သွားသည်ရှိသော်၊ ပဒုမသရေ၊ ပဒုမာအိုင်၌၊ ပဒုမာနိ၊ ပဒုမာတို့ကို၊ ဘဥ္ဇိတွာ၊ ချိုး၍၊ ပါတောသိယာ၊ လ၊ မိဿာယန္တိ၊ ဘိ၊ မိဿာယန္တိ ဟူ၍၊ ဆုတိ၊ ဤသို့၊ ဆုမံဂီတံ၊ တရားအလို ဖွက်ခါ ဆိုသော ဤသီချင်းသံကို၊ ဂါယန္တိ

ယာ၊ ဂါထာအညီ ဖွဲ့ကာသိသော၊ ယုတ္တိယာ၊ မိန်းမ၏၊ သဒ္ဒါ၊ ကြူး ကြူးဘန်တန် ဆိုသောအသံကို၊ သုတွာ၊ ကြားသောအခါ၊ ၎င်း ကြာပန်းအတူ၊ ငါတို့မှုကား၊ လူဟုဖြစ်လာ၊ ဇာချာနှိပ်နှင်း၊ အိုရ ခြင်းဖြင့်၊ သေမင်းနိုင်ငံသို့၊ အမှန်လိုက်ရချေသေး၏ဟု အောက် မေ့သောအခါ၌၊ အရဟတ္တဲ၊ တသောင်ငါးရာ ကိလေသာရန်ပြို၍ အရဟတ္တဖိုလ်သို့ရောက်လေ၏၊ ၊သိချင်းသံကိုကြား၍ ရဟန္တာ ဖြစ်ကြောင်းသက်သေတည်း၊ ၊သိချင်းသံကိုကြား၍၊ ရဟန္တာ ဖြစ်၏ဆိုသော်လည်း၊ ရှေးကာလကဆိုသောသိချင်းတို့က၊ ဥဒယဗ္ဗ ယ-ခယာဒယ ကမ္မဋ္ဌာန်းနှင့်စပ်ဆိုသည်ဖြစ်သောကြောင့်၊ ထိုအသံ ကိုကြားလျှင်၊ သံဝေဂတရားဖြစ်ပွါး၍၊ မိမိကိုယ်ကို ရှုဆင်ခြင် လျှင်၊ ရဟန္တာဖြစ်၍ နိဗ္ဗာန်မျက်မှောက်ပြုရသည်၊ ၊ယခုကာလ ဆိုကြသော သိချင်းတို့ကား၊ ရာဂတဏှာ ကိလေသာပွါးများ ကြောင်းဖြစ်၍၊ မကောင်းသောအကျိုးကိုသာပေးရာသည်၊ ကောင်း သောအကျိုးကိုမပေးနိုင်၊ သိချင်းဆိုသံကြား၍၊ ရဟန္တာဖြစ်သည် ကိုချည်၍၊ ကဗျာဆရာသည်၊ ၊သိချင်းဆိုသံ၊ တရံတခါ၊ ကြားရဘာနှင့်၊ ရဟန္တာဘသူ၊ ဖြစ်တော်မူသည်၊ နတ်လူထူးပေစွ တကား၊ ၊ဟူသောအမေးပုစ္ဆာကို၊ ကျမ်းသာအနေနှင့်၊ အဖြေ ဝိသဇ္ဇနာ၊ ၎င်းဘွင်၍တခန်း၊ နိဋ္ဌိတန်း-တန်တော့ပြီ။

---

## ခရီးသွားလမ်း၊ ရဟန်းသူမွန် ပုစ္ဆာကိုဖြေဦးအံ့၊

ခရီးသွားသမ်း၊ ရဟန်းသူမွန်၊ တွေ့ကြုံမြင်သော်၊ အိမ်ပေါ်က မှာ၊ မဆင်းသာ၍၊ ဆယ်ဖြာညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးထိုက်သည် မထိုက်သည်ကို၊ ကျမ်းဂန်ဖွေရှာ၊ ဟောပြောပါလော့၊ ၊ဟူသော ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ၎င်းသို့တည်း၊ ၊ခရီးသွားသော ရဟန်းသံဃာတို့ကို အိမ်ပေါ်ကမြင်လျှင်၊ အိမ်ပေါ်က မဆင်းသာ ကား၊ အိမ်ပေါ်ကပင် ရှိခိုးထိုက်သည်၊ ရှိခိုးထိုက်ကြောင်းကို၊ သန္တတိ အမတ်ကြီး ဝတ္ထုဖြင့် သိရသည်၊ သန္တတိအမတ်ကြီး ဝတ္ထုကား ၎င်းသို့တည်း၊ ၊သောကာသုံးရပ်၊ ဘုံသုံးထပ်ဘွင်၊ လူနတ်တို့ဆရာ။

သမ္မာသမ္ဗုဒ္ဓ၊ အတုလထွန်းထား၊ မြတ်စွာဘုရားသည်၊ သာဝတ္ထိ ပြည်မှန်၊ ဇေတဝန်ကျောင်းတော်၌၊ စံတော်မူသောအခါ၊ သန္တတိ အမတ်ကြီးကို အကြောင်းပြု၍ ဟောတော်မူသည်မှာ၊ တရံရောအ ခါ၊ပသေနဒီကောသလမင်းကြီး၏ တိုင်းနိုင်ငံ၌၊တခုသောရွာတွင် ဘေးများစွာဖြစ်၍ ပျက်စီးသည်ကို၊ သန္တတိအမတ်ကြီး သွား၍ ဘေးရန်ငြိမ်းအောင် ပြုချေဟု စေလွှတ်၍၊ သွားပြီးလျှင် ဘေးရန် ငြိမ်းအောင်ပြု၍ ပြန်လာလျှင်၊ ပသေနဒီကောသလ မင်းကြီးက။ အလွန်အမင်း နှစ်သက်ခြင်းရှိသည်ဖြစ်၍၊ ခုနစ်ရက် မင်းအဖြစ်ကို ပေး၍၊ ကချေသည်မနှင့် လက်ထပ်၍၊ ခုနစ်ရက်ပတ်လုံး၊ သုရာ သောက်စား၍၊ ခုနစ်ရက်စေ့သောအခါ၊ ဆင်စီး၍ ရေချိုးအံ့ဟု ထွက်လာသည်၊ မြတ်စွာဘုရားလည်း ဆွမ်းခံကြွတော်မူလာ၍၊ လမ်းခရီး၌တွေ့သည်၊ ဆင်ပေါ်ကနေ၍ မြတ်စွာဘုရားကိုရှိခိုး၏၊ မြတ်စွာဘုရားသည် ပြုံးတော်မူ၏။ ပြုံးတော်မူသောအကြောင်းကို ညီတော်အာနန္ဒာက လျှောက်ထားသော်၊ သန္တတိအမတ်ကြီးသည်၊ ယနေ့ ငါဘုရားထံသို့လာ၍ တရားနာအံ့၊ တရားတော်အဆုံး၌ အရဟတ္တဖိုလ်သို့ရောက်၍၊ ထန်းခုနစ်ဆင့်တက်၍ ကောင်းကင်၌ ပရိနိဗ္ဗာန်ပြုလတ္တံ့ဟုမိန့်တော်မူ၏။ ။မိန့်တော်မူသောစကားကို လူအများကြားသိလေသော်၊ မိစ္ဆာဒိဋ္ဌိဘို့ကား၊ ဒိုလူများတို့၊ရဟန်း ဂေါတမက၊ သုရာသောက်စားသော သန္တတိအမတ်ကြီး၊ ယနေ့ တရားနာလာ၍ ပရိနိဗ္ဗာန်ပြုမတဲ့ ယနေ့ ရှင်ဂေါတမကို၊မုသာဝါဒ ဖြင့် စွပ်စွဲအံ့ကြီကြ၍၊ ဘုရားမြတ်ထံ မိစ္ဆာဒိဋ္ဌိတို့ လာကြကုန်၏၊ သန္တတိအမတ်ကြီးသည်း ရေချိုး၍ အပြန် ဥယျာဉ်သို့သွား၍နေပြီး လျှင်၊ ကချေသည်မ က၍သီချင်းဆို၊ ထိုအခါ၌ သတ္တကဝါတ အ မည်ရှိသော လေသင်ရုန်းထက်ကျ၍ သေလေ၏၊ ထိုမိန်းမသေလေ လျှင်၊ သန္တတိအမတ်ကြီးအား၊ ခုနစ်ရက်သောက်စားသော သေ အရက်ပြယ်၍၊ ပြင်းထန်လှစွာသော၊ပရိဒေဝ သောကမီးတောက် လောင်၍၊ ပူဆွေးဒုက္ခ ပြင်းပြစွာရောက်၏။ ထိုသို့ပူဆွေးသောကာ ရောက်သောငါ့ကို၊ တပါးသောသူ ပြေအောင်မတတ်နိုင်၊ မြတ်စွာ ဘုရားသာ တတ်နိုင်၏ဟုကြံ၍၊ဘုရားထံလာရောက် အကြောင်းမျိုး

အကုန်လျှောက်ထားအံ့။ အမတ်ကြီး၊ဤမိန်းမသည်။ရှေးရှေးသော
ဘဝတို့၌သေ၍၊ အမတ်ကြီး ငိုကြွေးသောမျက်ရေသည်၊သရဒ္ဒရာ
ရေမက များလှလေပြီဟုဟောကြားတော်မူပြီးမှ၊ ။ယံပုဗ္ဗေတံ
ဝိသောဓေဟိ ပစ္ဆာတေမာဟုကိဉ္စနံ မဇ္ဈေစေနော ဂဟိဿသိ
ဥပသန္တောစရိဿတိ၊ ။ဟူသောဒေသနာတော်ကိုဟောတော်
မူ၍၊ ။အနက်ကား၊ ။မဟာမစ္စ၊ သန္တတိအမတ်ကြီး၊ ယံ၊အကြင်
တဏှာကြောင့်ဖြစ်သော စွဲလမ်းအပ်သော ဥပါဒါန်သည်၊ ပုဗ္ဗေ၊
ရှေးရှေးသောဘဝ ထိုကာလ၌၊ ဇာတံ၊ ဖြစ်ခဲ့ဘူးလှ၏၊ တံ၊ ထိုရှေး
ရှေး၌ဖြစ်သော တဏှာကြောင့်ဖြစ်သော ဥပါဒါန်ကို၊ ဝိသောဓေ
ဟိ၊ ရှင်းလင်းခုတ်တွင် သုတ်သင်ပါလေ၊ ပစ္ဆာ၊ နောက်ကာလ၌၊
ကိဉ္စနံ၊ ရာဂတဏှာ ကိလေသာဖြင့် စွဲလမ်းခြင်းကို၊ တေ၊ သင်
အမတ်ကြီးအား၊ မာအဟု၊ မဖြစ်အောင်သာ ထားမြစ်ပါလေ၊
မဇ္ဈေ၊ ယခုဘဝ ခန္ဓာနတင့်တယ်ဖြစ်ခြင်းအလယ်၌၊ဥပါဒါန်၊စွဲလမ်း
မှုသန် တဏှာရန်ဖြစ်ခြင်းကို၊နောစေဂဟိဿသိ၊အကယ်၍မစွဲလမ်း
မယူခဲ့သည်ဖြစ်အံ့၊ တွံ၊သင်သည်၊ ဥပသန္တော တဏှာရာဂ အငြိမ်း
သောမီးတို့မှငြိမ်းသည်ဖြစ်၍၊ စရိဿတိ၊နိဗ္ဗာန်မည်သော ပြည်ခေ
မာသို့ လျှင်စွာသွားရလတ္တံ့။ ။ဤသို့တရားတော်၏အဆုံး၌၊
အမတ်ကြီး အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရဟတ္တဖိုလ်သို့
ရောက်လျှင်၊ အသက်အာယုကို ကြည့်ရှုဆင်ခြင်သော်၊ ယနေ့ပင်
သေမည်ကိုမြင်၍၊ ဘုရားကို အာယုသင်္ခါရ လွှတ်ပါရမည့် အ
ကြောင်းကို ခွင့်တောင်းသော်။ မြတ်စွာဘုရားသည်၊ အမတ်ကြီး၏
ကုသိုလ်ပုညသမ္ဘာရအဆောက်အဦကို မြင်တော်မူသော်လည်း၊
ဒိဋ္ဌိတို့ ရသာဝါဒဖြင့်၊ ငါဘုရားကို မစွတ်စွဲနိုင်ရန်ရင်း၊ ငါဘုရား
၏ စံပယ်တင့်တယ်ခြင်းကိုရင်း၊ အမတ်ကြီး၏ ဂုဏ်သရေငယ်။
ထင့်တယ်ခြင်းကိုရင်း၊ ပရိသတ်တို့ ပြုအပ်သောကုသိုလ်ကို နှစ်
သက် ဝမ်းမြောက်စေခြင်းငှါရင်း၊ ငါဘုရားအား တရားဟောဦး
ဆို၍၊ ကောင်းလှပါပြီဘုရားဟု ဝန်ခံ၍၊ ထန်းခုနစ်ဆင့်မြင့်အောင်၊
ခုနစ်ခါ သက်တုန်၊တက်တုန်ပြုပြီးမှ၊ ကောင်းကင်ကနေ၍၊ မြတ်စွာ
ဘုရားအား၊ မိမိပြုခဲ့ဘူးသော ကောင်းမှုကိုကြားပါအံ့ဟု လျှောက်

၍။ ။ဤဘဒ္ဒကစ်ကမ္ဘာမှ၊ သင်္ချာတွက်ဖွဲ့၊ ငါးထောင်ကိုးခွဲ့ သော်၊ ကိုးခဲ့ တာကမ္ဘာထက်က၊ ဝိပဿိဘုရားပွင့်တော်မူသောအခါ၊ ဗန္ဓုမတီ ပြည်တွင် အမျိုးမြတ်ဖြစ်၍ ကြီးဆင်ခြင်သည်မှာ၊ သူတပါးတို့ မပြုသော ကုသိုလ်ကြီးသော်၊ ကျောင်း-ကန်-ဇရပ်-မြောင်းအထွေ ထွေကိုလှူကြလေပြီ၊ နေ့စဉ်မပြတ် ဆွမ်းကပ် ဆွမ်းလောင်း ပြု ကောင်းသမျှ ပြုကြလေပြီ၊ ငါသည်ကား၊ တရားတော်နာ ကြွ တော်မူပါဟု ကြွေးကြော်သောအမှုသည်၊ ဘယ်သူတယောက်မျှ ထွင်းဖောက်၍ မပြုကြသည်ကိုမြင်၍၊ တရားနာကြွေးကြော်သော် ဗန္ဓုမတီပြည်ကြီး၌ ဘုရင်မင်းမြတ်ကြားလေသော်။ ဘုရားဟူ သောအသံ၊ တရားဟူသောအသံကိုကြားရခြင်းနှင့် အလွန်ကြားနာ ရခဲသည်ဟု အလွန်ဝမ်းမြောက်၍၊ ထိုသူကိုခေါ်ပြီးလျှင်။ သင် သည်၊ ဘယ်သို့သွား၍ ကြွေးကြော်သနည်းဟု မေးလေသော်။ ဘုန်း တော်ကြီးသော အရှင်မင်းမြတ်၊ အကျွန်ုပ်သည်၊ ခြေဖြင့်သွား၍ ကြွေးကြော်ကြောင်းကို လျှောက်တင်သော်၊ သင်သည်၊ ခြေဖြင့် သွား၍ ကြွေးကြော်ခြင်းငှါ မလျောက်ပတ်။ မတင့်တယ်၊ မြင်းစီး၍ ကြွေးကြော်ရမည်ဟု မြင်းကိုပေး၍၊ မြင်းစီး၍ကြွေးကြော်ပြန်သော် နောက်အတို့တဖန် မင်းကြီးကြားပြန်သော်။ ခေါ်၍မေးပြန်က၊ မြင်း နှစ်ကောင်က ရထားစီး၍ကြွေးကြော်ရမည်ဟု၊ မြင်းနှစ်ကောင်က ရထားကိုပေးပြန်သော်၊ မြင်းနှစ်ကောင်က ရထားနှင့် လှည့်လည် ၍ ကြွေးကြော်ပြန်၏၊ နောက်တခါ မင်းကြီးကြားပြန်သော်၊ ဆင် စီး၍ ကြွေးကြော်ရမည်ဟု ဆင်ကိုပေးပြန်၏။ ။ဤသို့ တရား တော်နာ ကြွပါဟု ကြွေးကြော်ရခြင်း။ လပြည့်လကွယ်၊ ရှစ်ရက် သိတင်းနေ့ တိုင်ရောက်လျှင်၊ အဖိတ်နေ့က လှည့်လည်၍၊ နက်ဖြန် သီတင်းဥပုသ်ဆောက်တည်ကြပါ။ ဒါနကုသိုလ်ကြီးစား၍ လှူဒါန်းကြပါ၊ ငါးပါးသီလ နေ့တိုင်းမပြတ် ဆောက်တည်ကြပါဟု ကြွေးကြော် နှိုးဆော်ခဲ့ဘူးပါသည်၊ ဤသို့သောကုသိုလ်ကိုပြုခဲ့ဘူးသောကြောင့်။ ဤမျှသောကာလပတ်လုံး၊ ကိုယ်မှစန္ဒကူးအနံ့ သင်းကြိုင်လှိုင်ပါ သည်၊ ခံတွင်းမှ ကြာညိုပွင့်အနံ့ သင်းပြန့်ပါသည်ဟု မြတ်စွာဘုရား အား လျှောက်ထား၏၊ ဤသို့မိမိပြုခဲ့ဘူးသောကုသိုလ်ကိုဟောပြီးမှ

ကောင်းကင်၌ ထက်ဝယ်ခွေ၍၊ တေဇောဓါတ်ကိုဝင်စား၍ ပရိနိဗ္ဗာန်ပြုလေ၏၊ မြတ်စွာဘုရားလည်း မီးလောင်၍ ကြွင်းသောဓါတ်ဆော်တို့ကိုဇုဆိုးဖြင့်ခံ၍၊ထမ်းဆုံလမ်းမတို့၌စေတီတည့်စေ၏၊ ဤဝတ္ထုကား၊ ဓမ္မပဒ ဗဟုစာဂ်သန္တတိဝတ္ထု၌လာ၏၊ ဤသန္တတိဝတ္ထု၌ သန္တတိအမတ်ကြီး ဆင်ပေါ်ကနေ၍ ရှိခိုးကြောင်းမှတ်သားရန်ထချက်၊ အတိတ်ဝတ္ထု၌လည်း၊ ထရားတော်နာကြွပါဟု ကြွေးကြော်ခြင်း၌ ကိုယ်မှ စန္ဒကူးအနံ့မွှေးပြန့်ခြင်း၊ ခံတွင်းက ကြာညိုပန်းအနံ့မွှေးပြန့်ခြင်း မှတ်သားရန်ထချက်၊ ဤနှစ်ချက်ကို ကောင်းကောင်းကြီး မှတ်သား၍ ရှိခိုးခြင်း၊ ထရားနာကြွေးကြော်ခြင်း၊ ဆော်နိုးခြင်းကိုပြုကြပါကုန်၊ ၊သန္တတိအမတ်ကြီး ဆင်ပေါ်ကနေ၍ ဘုရားကိုရှိခိုးသည်သာမဟုတ်သေး၊ ဆိကြားမင်းလည်း၊ မာတလိနတ်သားကိုခေါ်၍ ဥယျာဉ်သို့ဖွည့်လည်ရာ၌ ကြားမင်းသည်၊ ထိုထိုအရပ်တို့ကိုရှိခိုး၏၊ ထိုအခါ၊ မာတလိနတ်သားက၊ ဆိကြားမင်း ဘုမ္မိုး ရုက္ခိုး စတုမဟာရာဇ် တာဝတိံသာနတ်တို့က၊ သင့်အားသာရှိခိုးကြကုန်၏၊ ထိုသို့ဖြစ်လျက်၊အဘယ်သူကိုရည်၍ ရှိခိုးသနည်းမေးရာ၊မာတလိနတ်သားအား ဖြေကြားလို၍၊ ၊အဟဉ္စ သီလသမ္ပန္နေ စိရ ရတ္တသမာဟိတေ သမာပဗ္ဗဇိတေဝန္ဒေ ဗြဟ္မစရိယပရာယနေ၊ ၊ယေဂဟဋ္ဌာ ပုညကာရာ သီလဝန္တော ဥပါသကာ ဓမ္မေနဒါရံပေါသေန္တိ တေနမဿာမိ မာတလိ၊ ၊ဟူသောဂါထာကိုရွတ်၏၊ ၊မာတလိ၊မာတလိနတ်၊ အဟဉ္စ၊ ငါသည်ကား၊ သီလသမ္ပန္နေ၊ သီလနှင့် ပြည့်စုံကုန်သော၊ စိရ ရတ္တသမာဟိတေ၊ရှည်မြင့်စွာနေ့ညဉ့်တို့ပတ်လုံး တည်ကြည်သောစိတ်ရှိကုန်သော၊ သမာပဗ္ဗဇိတေ၊ ကောင်းစွာရဟန်းအဖြစ်သို့ ရောက်ကုန်သော၊ ဗြဟ္မစရိယပရာယနေ၊ မြတ်သောအကျင့်ကိုကျင့်လေ့ရှိကုန်သော အရှင်မြတ်တို့ကို၊ ဝန္ဒေ၊ ရှိခိုး၏၊ ၊ ယေဂဟဋ္ဌာ၊ အကြင်လူတို့သည်၊ ပုညကာရာ၊ ကုသိုလ်ကိုအားထုတ်ကြကုန်၏၊ သီလဝန္တော၊သီလဆောက်တည်ကြကုန်၏၊ဥပါသကာ၊ ရတနာသုံးပါးသို့ ဆည်းကပ်ကြကုန်၏၊ ဓမ္မေန၊ ထရားတော်နှင့်၊ သမေ၊ညီသဖြင့်၊ ဒါရံ၊သားမယားကို၊ ပေါသေန္တိ၊မွေး

မြူကြကုန်၏၊ ထေဂဟာဒ္ဓာ၊ ထိုလူတို့ကို၊ အဟော၊ ငါသည်၊ နမသာဒမိ။ ရှိခိုး၏၊ ။ သိကြားမင်းသည်၊ တာဝတိံသာက လူ့ပြည်သို့ ရှိခိုးကြောင်းထောက်သဖြင့်၊ ရထားမြင်းဆင် အိမ်ပေါ် ကနေ၍၊ သဂါရဝ အရိုအသေပြု၍ ရှိခိုးလျှင်၊ အကျိုးပေးကြီးမြတ်သည်၊ မရိုမသေရှိခိုးလျှင်၊ အဂါရဝဖြစ်၍ မကောင်းသော အကျိုးကိုပေးမည်၊ ။ ခရီးသွားလမ်း၊ ရဟန်းသူမွန်၊ တွေ့ကြုံမြင်သော်၊ အိမ်ပေါ် ကမှာ၊ မဆင်းသာ၍၊ ဆာယ်ဖြာညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးထိုက်သည်၊ မထိုက်သည်ကို၊ ကျမ်းနှဖွေရှာ၊ ဟောပြောပါလော့။ ဟူသောပုစ္ဆာအဖြေ ဤတွင်၍ပြီးပြီ၊

---

နဝမခဏ ခေါ်ပုံကိုပြဦးအံ့။

နဝမခဏ၊ ခေါ်ဝေါ်ကြသား၊ ရချမှန်စွာ၊ မသိပါ၊ သေချာဟောမှသိမည်နည်း။ ဟူသောအမေးနှ၊ ဖြေဆိုလိုက်သည်မှာ။ ။ အရပ်ပြစ်ရှစ်ပါးဟူ၍ ကျမ်းဂန်နှမထင်၊ ရှစ်ပါးသောခဏဟူ၍သာရှိသည်၊ ထိုရှစ်ပါးသော ခဏကိုပင်၊ ရပ်ပြစ်ရှစ်ပါးဟု ခေါ်ဆိုကြ၏၊ ထိုခဏကို ကျမ်းဂန်နှင့်အညီ ဂါထာစီကုံးသည်မှာ၊ ။ တိအပါယော ဒီဃာယုကော မဇ္ဈိမေ ဝိကလိန္ဒြိယော တထာ ဒိဋ္ဌိစပစ္စန္တာ ဗုဒ္ဓသုညေ တိဟေတုကော၊ ။ ဇုမေအဋ္ဌက္ခဏာ ဝုတ္တာ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ၊ ။ တိအပါယော၊ ငရဲ-တိရစ္ဆာန်ပြိတ္တာ ဟူသော အပါယ်သုံးဘုံရင်း၊ ဒီဃာယုကော၊ အသက်ရှည်သော အသညသတ် အရူပဘုံတို့နှ ဖြစ်ခြင်းရင်း၊ မဇ္ဈိမေ၊ မဇ္ဈိမဒေသနှ၊ ဝိကလိန္ဒြိယော၊ ပဋိသန္ဓေအားဖြင့်ချို၍၊ မျက်စိကန်း၊ နားပင်း ဆွံ့ခြင်းဟု ဆိုအပ်သော ဝိကလိန္ဒြိယ ပုဂ္ဂိုလ်ရင်း၊ တထာ၊ ထို့အတူ၊ မဇ္ဈိမေ၊ မဇ္ဈိမဒေသနှ၊ မိစ္ဆာဒိဋ္ဌိစ၊ မိစ္ဆာဒိဋ္ဌိယူသသူရင်း၊ ဇုတိ၊ ဤသို့၊ ပစ္စန္တာစ၊ ချင်းရိုင်း၊ ကရင်ရိုင်း၊ လူရိုင်းစသော ပစ္စန္တရာဇ် အရပ်နှ ဖြစ်သောသူရင်း၊ ဗုဒ္ဓသုညေ၊ ဘုရားဖြစ်တော်မမူသောအခါနှ၊ မဇ္ဈိမေ၊ မဇ္ဈိမဒေသနှ၊ တိဟေတုကော၊ တိဟိတ်ပဋိသန္ဓေနေသောသူရင်း၊ ဇုတိ၊ ဤသို့၊ ဇုမေအဋ္ဌက္ခ

ထာ၊ ဤရှစ်ပါးသောခဏတို့ကို၊ အာဒိဗ္ဗဇန္ဓုနာ၊ နေမင်းဖြေအဆွေ ဖြစ်တော်မူသော၊ ဗုဒ္ဓေန၊မြတ်စွာဘုရားသည်၊အင်္ဂုတ္တရနိကာယေ၊ အဋ္ဌနိပါတ် အင်္ဂုတ္တရနိကာယ်ကျမ်း၌၊ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ၊အဓိပ္ပါယ်ကား၊ ၁—ငရဲ၊ ၂—တိရစ္ဆာန်၊ ၃—ပြိတ္တာ၊ ၄—အသညသတ်ဘုံ-အရူပဘုံ၊ ၅—မျက်စိကန်း-နားပင်း-ဆွံ့-အ-သော ဝိကလိန္ဒြိယပုဂ္ဂိုလ်၊ ၆-မဇ္ဈိမဒေသအရပ်၌ မိစ္ဆာဒိဋ္ဌိ ယူသောသူ၊ ၇—ပစ္စန္တအရပ်၌၊ ချင်းရိုင်း-ကရင်ရိုင်း စသည်ဖြင့် ဖြစ်သောသူ၊ ၈—ဘုရားမပွင့်သောအခါ၊ မဇ္ဈိမဒေသ၌ တိဟိတ် ပဋိသန္ဓေနေသောသူ၊ ၊ဤအရပ်ရှစ်ပါးကို၊ အခဏ၊အသမယ ဟူ၍ဆိုသည်၊ ထိုအသမယ၊ အခဏကိုပင်၊ ဤယခုလောက၌ အ ရပ်ဖြစ်ရှစ်ပါးဟု ခေါ်ဆိုကြသည်၊ ထိုအရပ်ရှစ်ပါးတို့တွင်၊ လူ နတ်ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ပူဇော်ရာအထူးကို ခံတော်မူ ထိုက်သောမြတ်စွာဘုရားသည်၊ဤလောက၌ဖြစ်တော်မူ၏၊တရား တော်ကိုသည်းဟောတော်မူ၏၊ ထိုအခါ၊ထိုပုဂ္ဂိုလ်သည်၊ ငရဲ၌ဖြစ် ၍၊ မြတ်သော အရိယာမဂ်ဟု ဆိုအပ်သော သိတင်းသုံးခြင်းငှါ မထိုက်သော၊ ရှေးဦးစွာ အခဏမည်၏၊ အသမယလည်း မည်၏၊ ၁—ဤနည်းအတူ၊ ဘုရားဖြစ်တော်မူသောအခါ၊တိရစ္ဆာန်ဘုံ၌ ဖြစ် ၍နေ၏၊ ထိုသူသည်၊ တိရစ္ဆာန်၌ဖြစ်၍နေခြင်းကြောင့်၊ မြတ်သော အရိယာမဂ်ဟုဆိုအပ်သောသိတင်းသုံးခြင်းငှါ မထိုက်သည်ဖြစ်၍ ဒုတိယအခဏ-အသမယမည်၏၊ ၂—ထို့အတူ၊ ဘုရားဖြစ်တော် မူသောအခါ၊ ပြိတ္တာဘုံ၌ဖြစ်၍နေ၏၊ ထိုသူသည်၊မြတ်သောအရိယာ မဂ်ဟုဆိုအပ်သောသိတင်းသုံး၍နေခြင်းငှါ မထိုက်သောကြောင့် တတိယ အခဏ-အသမယမည်၏၊ ၃—ထို့နည်းအတူ၊ဘုရားဖြစ် တော်မူသောအခါ၊ အသညသတ်ဘုံ-အရူပဘုံ၌ ဖြစ်၍နေသော ကြောင့် အဋ္ဌင်္ဂိကမဂ်ဟုဆိုအပ်သော မြတ်သောသိတင်းသုံးခြင်း ငှါမထိုက်၍ စတုတ္ထအခဏ-အသမယမည်၏၊ ၄—ထို့အတူ လောကသုံးပါး၌ ဘုရားဖြစ်တော်မူ၏၊ ထိုအခါ၊ ပစ္စန္တရာဇ်အရပ် ဇနပုဒ်တို့၌၊ ကရင်ရိုင်း၊ချင်းရိုင်းစသော တောင်သူလူမျိုးတို့၌ ဖြစ် ၍နေသောကြောင့်၊ အဋ္ဌင်္ဂိကမဂ်ဟု ဆိုအပ်သော မြတ်သော သိ

တင်းသုံးခြင်း၌ါ မသိုက်သောကြောင့် ပဥ္စမအခဏ-အသမယာ
မည်၏၊ ၅–ထို့အတူ၊ သောကသုံးပါး၌ ဘုရားဖြစ်တော်မူ၏။
ထိုအခါ၊ မဇ္ဈိမဒေသအရပ်၌ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည်၊ မိစ္ဆာဒိဋ္ဌိအ
ယူကိုယူ၏၊ထိုသူသည်၊အဒ္ဓဂ်ိကမဂ်ဟုဆိုအပ်သော မြတ်သော
သိ ဘင်းသုံးခြင်း၌ါမသိုက်သောကြောင့်၊ ဆဋ္ဌမအခဏ၊အသမယ
မည်၏၊ ၆–ထို့အတူ၊ ဘုရားဖြစ်တော်မူသောအခါ၊ မဇ္ဈိမဒေသ
အရပ်ဘို၌ဖြစ်၏၊ထိုသူသည်၊ပဋိသန္ဓေအားဖြင့်၊ မျက်စိကန်းခြင်း။
နားပင်းခြင်း၊ အဆွံ့-အအဖြစ်ခြင်း၊ ပညာမရှိခြင်းဖြစ်၍နေသော
ကြောင့်၊ သတ္တမအခဏ-အသမယမည်၏၊ ၇– ထို့နည်းအတူ၊
ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားသည်၊
သောကသုံးပါး၌ ဘုရားဖြစ်တော်မမူ၊ သစ္စာလေးပါး တရားကို
လည်း ဟောတော်မမူ၊ ထိုအခါ၊ ထိုသူသည်၊ မဇ္ဈိမဒေသအရပ်၌
ဇာနပုဒ်ဘို၌ဖြစ်၏၊ ပညာရှိ၏၊ ပဋိသန္ဓေအားဖြင့်၊ အချို့ မျက်စိကန်း
နားပင်း အဆွံ့ အအလည်းမဖြစ်၊ ကောင်း မကောင်းသောတရား
ကို သိနားလည်၏၊ထိုသို့ဖြစ်သော်လည်း ဘုရားမဖြစ်သောကြောင့်
အဋ္ဌမအခဏ၊အသမယမည်၏၊ဤသို့အခဏရှစ်ပါးကိုဘုရားဟော
တော်မူသည်၊ ဤ အခဏရှစ်ပါးကိုပင်၊ အရပ်ဖြစ်ရှစ်ပါးခေါ်ဝေါ်
ကြသည်ဟုယူရန်ရှိသည်၊ ။ဤသို့ဘုရားတော်ကို မနာထိုက်။
မသိထိုက်သော အခဏရှစ်ပါးကိုပြတော်မူပြီး၍၊တရားတော်ကို
နာသိုက် သိသိုက်သော ကိုးချမြောက်သော ဗုဒ္ဓုပ္ပါဒ-နဝမခဏ
ကိုပြတော်မူလို၍၊ ။ဧကောဝ ဘိက္ခဝေ ခဏောစ သမယောစ
ဗြဟ္မစရိယဝါသာယ အစရှိသည်ဖြင့် ဟောတော်မူသည်၊ ။
ဘိက္ခဝေ၊ရဟန်းတို့၊ ဗြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်ဟု ဆို
အပ်သော မြတ်သောသိတင်းသုံးခြင်းဖြင့်နေခြင်း၌ါ၊ ဧကောဝ၊တ
ခုသာလျှင်ဖြစ်သော။ခဏောစ၊ခဏသည်၎င်း၊သမယောစ၊သမယ
သည်၎င်း၊ဟောတိ၊ဖြစ်၏၊ ။ကိုးချမြောက်သော ဗုဒ္ဓုပ္ပါဒကာ
လကို၊နဝမခဏဟုယူအပ်၏၊ ထို့ကြောင့်၊အဋ္ဌသာလိနီမည်သော
ဓမ္မသင်္ဂဏီ အဋ္ဌကထာ၊ကာမာဝစရစိတ်အဖွင့်၌၊ ။ယသ္မိံ သမ
ယေ ကာမာဝစရံ ကုသလံစိတ္တံ ဥပ္ပန္နံဟောတိ၊ဟူသောပါဠိတော်

အာရ၊ သမယနိဒ္ဒေသန္တိ၊ ။ကော စ ဘိက္ခဝေ ခဏော စ သမ
ယော စ ဗြဟ္မစရိယဝါသာယာတိ ဝေဝုစ္စတ္တာပန နဝမော ခ
ဏော စ ကော စ ခဏော ဝေဒိတဗ္ဗော၊ ။ကော စ ဘိက္ခဝေ
ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယာတိ ကော စ၊ ထ
ဝါသာသာတိဟူ၍၊ ဝေ၊ ဤသို့၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊
အင်္ဂုတ္တရ၊ အင်္ဂုတ္တရ အဋ္ဌနိပါတ်၌၊ ဝုတ္တာ၊ ဟောတော်မူအပ်
သော၊ နဝမော၊ ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ကော စ၊ တခု
သောလျှင်ဖြစ်သော၊ ခဏော၊ ဇုန္နုပ္ပါဒ-ခဏကို၊ ခဏောတိ၊ ခဏဟူ
၍၊ ဝေဒိတဗ္ဗော၊ သိအပ်၏၊ ။တနည်းပြလိုရကား၊ စတ္တာရိမာနိ
ဘိက္ခဝေ စက္ကာနိယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတု
စက္ကပဝတ္တတိတိဋ္ဌေ ပဋိရူပ ဒေသဝါသော စ သပ္ပုရိသူပနိဿ
ယော အတ္တသမ္မာပဏိဓိ ပုဗ္ဗေကတပုညတာတိ စတ္တာရိစက္ကာနိ
ဝုတ္တာနိ တာနိဧကစ္စံကတွာ ဩကာသဋ္ဌေန ခဏောတိ ဝေဒိ
တဗ္ဗော၊ ။ဟူ၍လာသည်၊ ။စတ္တာရိမာနိဘိက္ခဝေ စက္ကာနိ
ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကပဝတ္တတိတိ ဋ္ဌေ
ပါဌ်၌ စတ္တာရိမာနိဘိက္ခဝေ၊ လ၊ ပဝတ္တတိဘိ ဟူသော အင်္ဂုတ္တရ
စတုက္ကနိပါတ်ပါဠိတော်၌၊ ပဋိရူပဒေသဝါသော စ၊ တင့်အပ်လျော်
ပတ်သော အရပ်၌နေခြင်းရင်း၊ သပ္ပုရိသူပနိဿယော စ၊ သူတော်
ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်းရင်း၊ အတ္တသမ္မာပဏိဓိ စ၊ မိမိ
စိတ်ကိုကောင်းစွာဆောက်တည်ခြင်းရင်း၊ ပုဗ္ဗေကတပုညတာ စ၊
ရှေး၌ပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏အဖြစ်ရင်း၊ ဣတိ၊ ဤသို့၊
စတ္တာရိ၊ လေးပါးကုန်သော၊ ယာနိစက္ကာနိ၊ အကြင်စက်တို့ကို၊ ဘဂ
ဝတာ၊ မြတ်စွာဘုရားသည်၊ ဝုတ္တာ၊ ဟောတော်မူအပ်၏၊ တာနိ
စတ္တာရိစက္ကာနိ၊ ထိုလေးပါးသောစက်တို့ကို၊ ဧကစ္စံကတွာ၊ တ
ပေါင်းတည်းပြု၍၊ ဩကာသဋ္ဌေန၊ ကုသိုလ်ဖြစ်ခြင်းအခွင့်ဟူသော
အနက်ကြောင့်၊ ခဏောတိ၊ ခဏဟူ၍၊ ဝေဒိတဗ္ဗော၊ သိအပ်၏၊ ။
ရှေးရှေးသောဘဝ ကာလတို့က ပြုခဲ့ဘူးသော ကောင်းမှုရှိသော
ပုဗ္ဗေကတပုညရှိမှ တင့်အပ်လျောက်ပတ်သော ပဋိရူပဒေသ အ
ရပ်၌ဖြစ်သည်၊ ပဋိရူပဒေသအရပ်၌ဖြစ်မှ သူတော်ကောင်းတို့ကို

မှီဝဲဆည်းကပ်ခြင်း၊သပ္ပုရိသူပနိဿယနှင့်ပြည့်စုံသည်၊ သူတော်ကောင်းကိုမှီဝဲခြင်း သပ္ပုရိသူပနိဿယနှင့်ပြည့်စုံမှ သူတော်ကောင်းတို့ ဟောပြောသောတရားကို ကြားနာရခြင်း၊သဒ္ဓမ္မဿဝနနှင့် ပြည့်စုံသည်၊ သဒ္ဓမ္မဿဝနနှင့်ပြည့်စုံမှ၊ အသင့်နှလုံးသွင်းခြင်း ယောနိသောမနသိကာရနှင့် ပြည့်စုံသည်၊ အသင့် နှလုံးသွင်းခြင်း ယောနိသောမနသိကာရနှင့်ပြည့်စုံမှ၊ စတုပါရိသုဒ္ဓိသီလကို ပြည့်ခြင်း၊ အတ္တသမာပဏိဓိနှင့်ပြည့်စုံသည်၊ အတ္တသမာပဏိဓိနှင့်ပြည့်စုံမှ၊လွန်စွာအားထုတ်ခြင်း အာတာပိအာရဒ္ဓဝီရိယနှင့်ပြည့်စုံသည်၊ အာတာပိအာရဒ္ဓဝီရိယနှင့်ပြည့်စုံမှ၊ သမထဝိပဿနာဥာဏ်ဟုဆိုအပ်သော ပါရိဟာရိယပညာနှင့် ပြည့်စုံသည်၊ ပါရိဟာရိယပညာနှင့်ပြည့်စုံမှ၊ သမထကမ္မဋ္ဌာန်းကို အားထုတ်ခြင်းသမထနှင့် ပြည့်စုံသည်၊ သမထနှင့်ပြည့်စုံမှ၊ အနိစ္စအစရှိသောဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ခြင်းဝိပဿနာနှင့်ပြည့်စုံသည်၊ဝိပဿနာနှင့်ပြည့်စုံမှ မဂ်ကိုရသည်၊ မဂ်ကိုရမှ ဖိုလ်ကိုရသည်၊ ဖိုလ်ကိုရမှ နိဗ္ဗာန်ကိုရသည်ဟူ၍မှတ်၊ ၊ဗုဒ္ဓုပ္ပါဒနဝမခဏအခါမဟုတ်သောကြောင့်၊ကုသိုလ်ပုည-သမ္ဘာရနှင့်ပြည့်စုံသော်လည်း၊ မဂ်ဖိုလ်သို့ မရောက်ကြောင်း ဝတ္ထုသက်သေကိုပြဦးအံ့၊ ၊တိလောကဂ္ဂံ၊အရဟံအတုလ။သုဂတံဟူ၍ထင်ရှား၊မြတ်စွာဘုရားသည်၊ဗာရာဏသီ ပြည်ကြီးကို အမှီပြု၍၊ သေရိသကအမည်ရှိသော ကုက္ကိုပြင်ရင်းတွင် သီတင်းသုံးတော်မူသောအခါ၊ ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းငယ်ဖြစ်၍၊ ဂင်္ဂါမြစ်တွင် လှေဖြင့်သွားရာ၊ ပြိန်းမြက်ကို ဆွဲကိုင်မိ၍၊ လှေ၏အဟုန်ဖြင့် ပြိန်းမြက်ပြတ်သွားသည်ကို အာပတ်သင့်သည်ထင်မှတ်၍ စုတိကျခါနီးတွင်၊ကုက္ကုစ္စရှိလေရကား။ ဂင်္ဂါမြစ်တွင်၊ တရသောလှေကြီးပမာဏ၊ နဂါးဖြစ်လေ၏၊ ထိုအခါ၊ မိမိ၏အဟိတ် တိရစ္ဆာန်မျိုး၌ဖြစ်သည်ကို နှလုံးမသာယာ။ ငါကား ဘုရားဖြစ်ရာကာလ ဒုလ္လဘအခါနှင့် ဝေးကွာခဲ့၏၊ဘုရားဖြစ်ကြောင်းကိုသိရစေတော့ဟု၊မိမိ၏ပါးပျဉ်းကို ကြီးစွာဖန်ဆင်းပြီးလျှင်၊သမီးဖြစ်သော နဂါးမကို၊ ပါးပျဉ်းထက် နေစေပြီးမှ၊ ငါ၏ ပုစ္ဆာပြဿနာကို ဖြေဆိုနိုင်သသူရှိမူကား၊ သမီးနှင့်တကွ၊ နဂါး၏

စည်းစိမ်ချမ်းသာကို ငါပေးအံ့ဟု၊ ။ကိံသု အဓိပတိ ရဇာ ကိံသု ရဇာ ရဇိဿယော ကထံသု ဝိရဇော ဟောတိ ကထံ ဗာလောတိ ဝုစ္စတိ။ ။ဂါထာကို သိချင်းသံပြု၍ လျှောက်လေ၏၊ သိချင်းသံ ဂါထာ၏အနက်ကား၊ ။ကိံသု၊ အဘယ်ကြောင့်၊ အဓိပတိ၊ အစိုးရသော၊ ရဇာ၊ မင်းမည်သနည်း၊ ကိံသု၊ အဘယ်သို့လျှင်၊ ရဇာ၊ မင်းသည်၊ ရဇိဿယော၊ ကိလေသာဟူသော မြူကို အစိုးရသနည်း၊ ကထံသု၊ အဘယ်သို့လျှင်၊ ဝိရဇော၊ ကိလေသာဟူသော မြူကင်းသည်၊ ဟောတိ၊ ဖြစ်သနည်း၊ ကထံ၊ အဘယ်သို့သောသူကို၊ ဗာလောတိ၊ သူမိုက်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်သနည်း၊ ။ဤဂါထာကို လခွဲ၍ ကြိမ် သိ၍-ကသဖြင့်၊ ဇမ္ဗူဒိပါ၊ လက်ျာပတ်ကျွန်း၊ ကျွန်းအလုံးမှ၊ ရှုံး ညွှတ်၍၊ ရောက်လာကြ၍၊ နဂါးမကို ယူဆောင်မည်ဟု၊ သိချင်း စကားသံ၊ အတုနှုန်းပြန်ကြသည်၊ ထိုသို့ အတုနှုန်းပြန်ကြသော်လည်း၊ မှန်အချက်၊ မနှစ်သက်၍၊ ပယ်ဖျက်ခါစွန့်ထား၍၊ ဘုရားတဆူ အကြား၊ ကာလကုန်သွားလေသည်၊ ထိုအခါ၊ ငါတို့ဂေါတမ၊ လော ကထွဋ်ထား၊ ဘုရားဖြစ်တော်မူ၍၊ နိဗ္ဗူညာသောင်၊ မြွာဆောင်နှင့် ရောက်အောင် တင်ပို့ထိုက်သော ဝေနေယျကို၊ ဉာဏ်တော် တည်းဟူသော ကွန်ရက်တွင် ထင်မြင်တော်မူလေလျှင်၊ ယခင်ပြဆို ခဲ့သောကုဏ္ဍိုပင်ရင်း၌ သီတင်းသုံးတော်မူရာ၊ ဇမ္ဗူဒိပါကျွန်းအ ပြင်မှ၊ နဂါးမရှိရာသို့ လာရောက်ကြသည့် လူအပေါင်း တို့တွင် ဥတ္တရမည်သောလုလင်ကို မြင်တော်မူ၍ ခေါ်တော်မူပြီးလျှင်၊ ။ ဆဒ္ဒွါရာဓိပတိ ရာဇာ ရဇ္ဇမာနော ရဇိဿယော အရဇ္ဇံ ဝိရဇော ဟောတိ ရဇ္ဇံ ဗာလောတိ ဝုစ္စတိ။ ။ဟူသော ဂိတစကားကို၊ နဂါးမထံ ဖြေဆိုရန်ဂါထာကို ကောင်းစွာဟော၍၊ ဥတ္တရလုလင် ကိုလည်း၊ မဂ်ဖိုလ်သို့ ရောက်စေပြီးမှ၊ နဂါးမရှိရာ ဂါထာအဖြေ ပေးလွှတ်တော်မူသတည်း၊ ။သိချင်းဂါထာ၏အနက်ကား၊ ။ ဆဒ္ဒွါရာဓိပတိ၊ ဒွါရခြောက်ပါးကို အစိုးရသောသူသည်၊ ရာဇာ၊ မင်း မည်၏၊ ရဇ္ဇမာနော၊ အာရုံခြောက်ပါး၌ တပ်သောသူသည်၊ ရဇိဿ ယော၊ ကိလေသာဟူသော မြူကို အစိုးရ၏၊ အရဇ္ဇံ အရဇ္ဇန္တော၊ အာ ရုံခြောက်ပါးတို့၌ မတပ်သောသူသည်၊ ဝိရဇော၊ ကိလေသာဟူ

သောမြို့ကင်းသည်၊ ပဟာတိ၊ ဖြစ်၏၊ ရဇ္ဇံ ရဇ္ဇနေ့ ကြသာ၊ အာရုံခြောက်ပါးတို့၌ တပ်သောသူကို၊ ဗာလောတိ၊ သူမိုက်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏၊ ။ဥဒ္ဒရမည်သောလုလင်သည်၊ ဂါထာကိုဆောင်သွား၍၊ ပရိသတ်ဗိုလ်ထုအကြား ပုဆစ်ဒူးဖြင့်သာချဉ်းကပ်၍ ရင်လျက်ကသောနဂါးမ၏၊ ယခင်ပြခဲ့သော သိချင်းသံဂါထာကိုကောင်းစွာ ဖြေကြားလေသျှင်၊ ။ကေနသုဒ္ဓယှတီ ဗာလော ကထံနုဒတိ ပဏ္ဍိတော ယောဂက္ခေမံ ပပ္ပောတိ တံမေ အက္ခာဟိ ပုစ္ဆိတော၊ ။ ဟူသောဂါထာဖြင့် အစဉ်မပြတ်ဆက်၍ မေးမြန်းသတည်း၊ ထိုဂါထာ၏အနက်ကား၊ ကေန၊ အဘယ်ဖြင့်၊ ဗာလော၊ သူမိုက်သည်၊ ဝုယှတိ၊ မျောသနည်း။ အသုကားနိပါတ်၊ ကထံ၊ အသို့လျှင်၊ ဝုယှန္တံ၊ မျောသော၊ ဗာလံ၊ သူမိုက်ကို၊ ပဏ္ဍိတော၊ ပညာရှိသည်၊ နုဒတိ၊ ထုတ်ဆယ်သနည်း၊ ကထံ၊ အသို့လျှင်၊ ယောဂက္ခေမံ ပပ္ပောတိ၊ ယောဂ၏ ကုန်ခြင်းသည်လည်း။ ပဟာတိ၊ ဖြစ်သနည်း၊ မေ၊ ငါ့အား၊ ပုစ္ဆိတော၊ မေးအပ်သော ဥဒ္ဒရလုလင်သည်၊ တံ၊ ထိုအဖြေစကားကို၊ အက္ခာဟိ၊ ကြားပါလော့၊ ။ယင်းသို့တဖန် ထပ်မံ၍မေးမြန်းသောဂါထာကို၊ မြတ်စွာဘုရားဆုံးမတော်မူလိုက်တိုင်း၊ မဆိုင်းမနေ ဖြေလိုရကား၊ ။ဩဃေဟိ ဝုယှတိ ဗာလော ယောဂါ နုဒတိ ပဏ္ဍိတော သဗ္ဗယောဂဝိသံယုတ္တော ယောဂက္ခေမံ ဝုစ္စတိ၊ ။ဩဃေနှ၊ ကာမောဃ-ဘဝေါဃ-ဒိဋ္ဌောဃ-အဝိဇ္ဇောဃ ဟူသော လေးပါးသောဩဃ အစုဏ္ဏဝဟု စီးကျသွင်သွင် ရေအယဉ်ဖြင့်၊ ဗာလော၊ သူမိုက်သည်၊ ဝုယှတိ၊ မျော၏၊ ယောဂါ၊ လေးပါးသော ယောဂဖြင့်၊ ပဏ္ဍိတော၊ ပညာရှိသည်၊ ဝုံဗာလံ၊ ထိုသူမိုက်ကို၊ နုဒတိ၊ ထုတ်ဆယ်၏၊ သဗ္ဗယောဂဝိသံယုတ္တော၊ လေးပါးသောယောဂနှင့် မယှဉ်သောသူကို၊ ယောဂက္ခေမံ ဝိ၊ ယောဂကုန်ခန်းသေသူဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏၊ ။ဧရကပတ္တမည်သော နဂါးသည်၊ ဥဒ္ဒရလုလင်ဖြေဆိုအပ်သောစကားကိုကြားသည်နှင့်တကွ၊ ထောကာသုံးပါး၌၊ ဘုရားစင်စစ် ဖြစ်တော်မူသည်မှန်ပြီဟု၊ သိချင်းသံအရ၊ ဒေသနာဂန္ထိရကိုထောက်၍၊ ဝမ်းမြောက်ဝမ်းသာ၊ သဒ္ဒါတရား အားကြီးစွာဖြစ်လတ်၍၊ ရေကိုပုတ်ခတ်လေရကား၊ ကြီး

မားစွာသော လှိုင်းထပိုးဟုန် တက်ခုံလွှမ်းမိုး၍၊ မြစ်ကြီးဂင်္ဂါ၏ ထိုမှာဘက်ကမ်း၊ ဤမှာဘက်ကမ်းတို့သည်၊ ဘုရင်းဘုထ ကွဲအာ ပြိုကျ၍၊ ထိုမှဤမှ၊ ထဥသဘာအတွင်း ချဉ်းကပ်ရောက်လာကြ၍၊ ရေဝယ်မျောကြ နစ်မွန်းကြသည့် လူအပေါင်းကို၊ ပါးပျဉ် ထည်းဟူ သောဖော်ဘောင်ဖြင့်၊ ယူဆောင်တင်မို၊ ကျဉ်းကုန်းပေါ်သို့ ရောက် စေပြီးမှ၊ ဥတ္တရလုလင်အထံသို့ ချဉ်းကပ်၍။ တရားမင်းမြတ်၊ သုံး လူ့နတ်သည်၊ အဘယ်အရင်၌ သိတင်းသုံးပါသနည်းဟု မေးလျှော် လေလျှင်၊ ဥတ္တရလုလင်က၊ မြတ်စွာဘုရားသည်၊ ဗာရာဏသီပြည် ကြီးကိုအမှီပြု၍၊ သေရိသကအမည်ရှိသော ရုက္ခိုပင်ရင်းတွင် သိ တင်းသုံးပါသည်ဟု ညွှန်ပြသဖြင့်၊ ဘုရားရှိရာသို့၊ ဧရကပတ္တနဂါး မင်းနှင့်တကွ၊ လူအပေါင်းတို့၊ သောင်းသောင်းအုတ်အုံ၊ များဖိုလ်ပါ သွားရောက်ကြ၍ မြတ်စွာဘုရားလည်း ရောက်လာသော ပရိသတ် တို့အား၊ တရားဟောတော်မူရာ၊ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့သည်၊ အကျွတ်တရားရကြ၍၊ ဧရကပတ္တသည်၊ မင်္ဂဖိုလ် ရထိုက်သော ပါရမီရှိလျက်၊ ဂတိပျက်လေသဖြင့်၊ တိရစ္ဆာန်အမျိုး၌ဖြစ်၍ နေသောကြောင့် အကျွတ်တရားကို မရလေ။ ထို့ကြောင့် ဓမ္မပဒ အဋ္ဌကထာ သုခဝဂ်၊ သုံးခုမြောက်သော ဧရကပတ္တနာဂ ရာဇာဝတ္ထု၌၊ ။နာဂရာဇာပိ တံဒိဝသံ သောတာပတ္တိဖလံ လဘေယျ တိရစ္ဆာနဂတတ္တာပနာလဒ္ဓံ၊ ။ဟုလာသည်၊ နာဂ ရာဇာပိ၊ ဧရကပတ္တနဂါးမင်းသည်လည်း၊ တံဒိဝသံ၊ ထိုနေ့၌၊ သော တာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို၊ လဘေယျ ရသင့်၏၊ ပန၊ ထိုသို့ ရသင့်သော်လည်း၊ တိရစ္ဆာနဂတတ္တာ၊ တိရစ္ဆာန်အမျိုး၌ဖြစ်သည် ၏အဖြစ်ကြောင့်၊ နာလဒ္ဓံ၊ မရသတည်း၊ ။နဝမခဏမဟုတ်သော ကြောင့်၊ မဂ်ဖိုလ်သို့မရကြောင်းပြသည်၊ ။တနည်းပြဦးအံ့။ ။ မြတ်စွာဘုရားသည်၊ ဘုရားဖြစ်တော်မူစက၊ တရားမဟောနေလို သောအကြံကိုသိ၍၊ သဟံပတိဗြဟ္မာ တရားဟောတော်မူပါဟု တောင်းပန်သည်ကိုအကြောင်းပြု၍၊ အဘယ်သူအား တရားရှေးဦး စွာ ဟောရအံ့နည်း၊ အဘယ်သူသည်၊ တရားကိုလျှင်မြန်စွာသိနိုင် အံ့နည်းဟု ကြည့်တော်မူလျှင်၊ အာဠာရသည်၊ ပညာရှိ၏၊ လိမ္မာ၏၊

အရာဌာနကိုသိ၏၊ ရှစ်ပါးသောသမာပတ်ဖြင့် ခွါအပ်သည်ဖြစ်၍ ငြိမ်ဆဲသောကိလေသာရှိ၏၊ ထိုအာဠ္ဌာရသည်၊ထရေးကို လျှင်မြန်စွာသိနိုင်ရာ၏ဟုကြည့်တော်မူလျှင်၊ထိုအာဠ္ဌာရသည် သေ၍ ခုနစ်ရက်မြောက်သဖြင့် အာကိဉ္စညာယတနဘုံ၌ဖြစ်သည်ကိုမြင်တော်မူလျှင်၊ ဆုံးပါးကြီးဆုံးပါးလေစွ၊ အကယ်၍ ငါ့တရားကို နာရမူကား၊ ဘောန်မရချ မဂ်ဖိုလ်ကိုရရာ၏၊အခဏအတွင်း၌ ကြွင်ကြိုက်လေရကား၊ ခုနစ်ရက်အတွင်း ရလတံ့သော မဂ်ဖိုလ်မှယုတ်ခဲ့၏ဟု၊ ဘုရားမိန့်တော် မူကြောင်းကို၊ ။မဟာဇာနိယော ခေါ အာဠ္ဌာရော ကာလာမော သစေဟိ သောဠ္ဌုမံ ဓမ္မံသုဏေယျ ခိပ္ပမေဝ အာဇာနေယျ၊ ။ဟုလာသည်၊ ။ကာလာမော၊ကာလာမ အမျိုး၌ဖြစ်သော၊ အာဠ္ဌာရော၊အာဠ္ဌာရသည်၊ မဟာဇာနိယော၊ဆုံးပါးခြင်းကြီးလေစွ၊ ဟိသစ္စံ၊မှန်၏၊သော၊ထိုအာဠ္ဌာရသည်၊ သစေ၊ အကယ်၍၊ဣမံဓမ္မံ၊ဤတရားကို၊ သုဏေယျ၊ကြားနာရမူကား၊ ခိပ္ပမေဝ၊ လျှင်စွာသာလျှင်၊အာဇာနေယျ၊သိရာ၏၊ ။ဤပါဠိတော်၌၊ မဟာဇာနိယော အရကို၊ မဟာဇာနိယောတိ သတ္တာဟာဗ္ဘန္တရေ သတ္တမ္ဘ မဂ္ဂ ဖလတော ပရိဟိနတ္တာ မဟာဇာနိ အဿာတိ မဟာဇာနိ အဿာတိ မဟာဇာနိယော အက္ခတော နိပ္ပဋ္ဌတ္တာ၊ ။ဟုအဋ္ဌကထာဆရာဖွင့်ပြတော်မူသည်၊ ။မဟာဇာနိယောတိ၊ မဟာဇာနိယောဟူသည်ကား၊သတ္တာဟာဗ္ဘန္တရေ၊ခုနစ်ရက်အတွင်း၌၊ ပတ္တဗ္ဗ မဂ္ဂ ဖလတော၊ ရအပ်သော မဂ်ဖိုလ်တရားမှ၊ ပရိဟိနတ္တာ၊ ယုတ်သည်၏ အဖြစ်ကြောင့်၊ အဿ၊ ထိုအာဠ္ဌာရအား၊ မဟာ၊ကြီးစွာသော၊ ဇာနိ၊ဆုံးခြင်းသည်၊ အတ္ထိ၊ရှိ၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ သော၊ထိုအာဠ္ဌာရသည်၊ မဟာဇာနိယော၊မဟာဇာနိယမည်၏၊ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား၊ အခဏေ၊ဒိဿာယကာခဏ၌၊ နိပ္ပဋ္ဌတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်တည်း၊ ။

ထို့နောင် ဥဒကကိုကြည့်တော်မူပြန်ရာ၊ ယမန်နေ့ကပင် ဥဒကသေ၍၊ နေဝသညာ နာသညာယတနဘုံ၌ ဖြစ်သည်ကို မြင်တော်မူလျှင်၊ဆုံးပါးခြင်းကြီးလေစွ၊ အကယ်၍၊ ငါ့တရားကိုနာရမူကား၊ ဘောန်မဂ်ဖိုလ်ရရာ၏၊ အခဏ၌ ကြွင်ကြိုက်လေရကား၊ ခုနစ်ရက်

အတွင်း ရလတံ့သော မင်္ဂလိပ်မှယုဇ်ခဲ့ရော်ဟု၊ ဘုရားမိန့်တော် မူ
ကြောင်းကို၊ ။မဟာဇာနိဒါယာ ခေါ် ဥဒကောရာမပုတ္တော သ
စေဟိ သော ဇွာမံဇမ္ဗူ သုဏေယျ ခိပ္ပံမဝ အာဇာနေယျ၊ ။ဟူ
လာသည်၊ ရာမပုတ္တော၊ ရာမမင်းသားဖြစ်သော။ ဥဒကော၊ ဥဒက
သည်၊မဟာဇာနိယော၊ဆုံးပါးခြင်းကြီးလေစွ၊ သစေ၊အကယ်၍၊
သော၊ထိုဥဒကသည်၊ ဇွာမံဇမ္ဗူ၊ဤငါဟောသောတရားကို၊ သုဏေ
ယျ၊နာရမူကား၊ခိပ္ပံမဝ၊လျင်စွာသာလျှင်၊ အာဇာနေယျ၊သိရာ၏၊
ဤစတုတ္ထ အခါဏာတွင် ပါဝင်သော အရူပတို့ကို မင်္ဂလိပ်ရပုဂ္ဂိုလ်
ဖြစ်ပါလျှင် အဘယ်ကြောင့် အရပ်ဖြစ်ရှစ်ပါးကို သွင်းထားလေသ
နည်းဟူသောအမေး၌၊ ယထာလာဘနည်းဖြင့်ယူ၍၊ မင်္ဂလိပ်ရပြီး
သောပုဂ္ဂိုလ်ကိုချန်၍၊ ကြွင်းကျန်သော၊ပုထုဇဉ်တို့ကိုသာ အခဏ
အသမယ၌သွင်း၍ယူရာ၏၊ ။အရပ်ဖြစ်ပါး၊အကျဉ်းမှတ်သား
ရန်သဖြန်လေးချိုးကိုဖြင့်အံ့၊ ။တိရစ္ဆာန်-ပြိတ္တာဖြစ်ကယ်နှင့်၊
ပစ္စန္တရာဇ် ယူမိစ္ဆာ၊ပုမစဲပေဘု၊ငရဲ-အရူပါနှင့်၊ဈာန်အင်္ဂါ သုဂတိ၊
နှင့်ညှိသိပါ၊ မဇ္ဈိမာ-တိဟိဘ်သာ မှတ်ခန်း၊ ရပ်ငြိမ် သချာထား
တော့၊ရှစ်ပါးကောန်ဟု၊စာကျမ်းဂန် အမှန်ပြောခဲ့တယ်၊ဟောကွဲ
ကြည့်စမ်း၊ ။အရပ်ဖြစ်ရှစ်ပါးဆောင်ပုတ်၊ ။နဝမခဏ၊
ခေါ်ခေါ်ကြသား၊ရချ၊နှစ်စွာ၊မသိပါ၊သချာဟောမှ သိမည်နည်း
ဟူသောအမေးပုစ္ဆာပြဿနာကို၊ အဖြေဝိသဇ္ဇနာ ဤတွင်၌ပြီးပြီ၊

ကိုယ်မှနံ့ကျူး၊စန္ဒကူးတည်းဟူသောအမေးကိုဖြေဦးအံ့၊

ကိုယ်မှနံ့ကျူး၊စန္ဒကူးတည်း၊ ရွှင်မြူးဖွင့်လင်း၊အာခံတွင်း
က၊ဖြန့်သင်းမွှေးဖြန့်၊ ကြာညှိနံ့လှိုင်၊ မွှေးမျိုးကြိုင်သည်၊ ဆုံးတိုင်
ဘယ်ကောင်းမှု အကျိုးပေးသနည်း၊ ။ဟူသောအမေး၌၊အဖြေ
ဝိသဇ္ဇနာကား-ဤသို့တည်း၊ ဤပုစ္ဆာ၌၊ မေးလိုရင်းအဓိပ္ပါယ်မှာ၊
ကိုယ်က စန္ဒကူးအနံ့မွှေးသည်၊ စကားပြောသောအခါ၊ ကြာညှိနံ့
မွှေးသည်၊ ဤသို့သောဖြစ်ခြင်းကား၊အဘယ်ကောင်းမှုအကျိုးပေး
သနည်းဟုမေးလိုရင်းတည်း၊ ။အဖြေကား၊ ။မြတ်စွာဘုရားသည်၊

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော အခါ၊ သာဝတ္ထိပြည်၌၊ အမျိုးအမြိုးဘဝယောက်၏ ယောက်ျားဖြစ်သော လင်သည်၊ သဗ္ဗညုမြတ်စွာဘုရား၏တရားတော်ကို ကြားရ လျှင်၊ အသင့်နှုတ်ဆုံးသွင်းထားမိသည်နှင့်အညီ။ ငါသည်၊ ဤတရားကို လူဖြစ်ပါလျက်၊ အသက်ထက်ဆုံး ဖြည့်ကျင့်ခြင်းငှါ မတတ်နိုင်ရာ။ ရဟန်းပြု၍ ဖြည့်ကျင့်ခြင်းငှါ တတ်နိုင်ရာ၏ဟု နှလုံးထား၍၊ မယားကိုပန်ပြီးလျှင်၊ အညတရဖြစ်သော ပိဏ္ဍပါတိကထေရ်၏ အထံ ဝယ် ရဟန်းပြုလေ၏၊ ။အညတရသာ ပိဏ္ဍပါတိက ထေရဿ သန္တိကေ ပဗ္ဗဇိတွာ၊ ။အင်္ဂုတ္တရအဋ္ဌကထာ၊ ။အညတရဿ၊ အမှတ်မရှိသော၊ ပိဏ္ဍပါတိကထေရဿ၊ ပိဏ္ဍပါတိကထေရ်၏။ သန္တိကေ၊ အထံ၌၊ ပဗ္ဗဇိတွာ၊ ရဟန်းပြုသော၏၊ ။ယင်းသို့ ရဟန်းပြုသော်လျှင်၊ ထိုရဟန်း၏မယားဟောင်းကို၊ ဤမိန်းမကား၊ လင်မဲ့ မယားတည်းဟုသိ၍၊ ပသေနဒီကောသလမင်း နန်းတော်သို့သွင်း၍၊ ကိုယ်လုပ်မောင်းမပြုလေ၏၊ ထိုမိန်းမလည်း၊ ကိုယ်လုပ်အရာနှင့် နေလေ၏။ တနေ့သ၌၊ မင်းဥယျာဉ်ရေကန်မှ များစွာသောကြာညို ပန်းစည်းတို့ကို ယူဆောင်ပြီးလျှင်၊ မင်းအား ဆက်လာကုန်၏။ ပသေနဒီကောသလမင်းလည်း၊ မောင်းမမိသံတို့အား၊ များစွာ သော ကြာညိုစည်းတို့ကို ဝေဘန်သည်ရှိသော် နှစ်စည်းသော ကြာ ညိုပန်းတို့သည်၊ ထိုရဟန်း၏မယားဟောင်းဖြစ်သော မင်းမိန်းမ အထံသို့ ရောက်ကုန်၏။ ထိုမိန်းမသည်း၊ နှစ်စည်းသော ကြာညို ပန်းတို့ကိုရသည်ဟု၊ ရွှင်ပဝမ်းမြောက်၍ ရယ်ပြီးမှ၊ နှာခေါင်းဝ ဖြင့် ကြာညိုပန်းတို့ကိုနမ်းပြီးလျှင်၊ လင်ရဟန်းကိုအောက်မေ့၍ ငို လေ၏၊ ထိုအခါ၊ ပသေနဒီကောသလမင်းက၊ ရယ်မော၍တဖန် ငိုပြန်သောအခြင်းအရာကိုမြင်သော်၊ ထိုမိန်းမကို ခေါ်တော်မူ၍၊ သင်သည်၊ ယခုပင်ရယ်မောပြီးမှ တဖန်ငိုပြန်သည်၊ အကြောင်း ဘယ်သို့ ရှိသနည်းဟု မေးတော်မူ၏၊ ထိုမိန်းမကလည်း၊ အရှင် မင်းကြီး၊ အကျွန်ုပ်ကား အခြားသော မောင်းမတို့နှင့် အတူအမျှ ကြာပန်းရသောကြောင့်၊ဝမ်းမြောက်လှ၍ ရယ်မောပြုံးရွှင်လှပါ သည်၊ ထိုကြာပန်းကိုနမ်းလျှင်၊ ငယ်လင်ဖြစ်သော ယောက်ျား၏

ခံတွင်းအနံ့ဖြင့် မွှေးမြန့်ခြင်းတည်း၊ အောက်မေ့မိ၍ ဝမ်းပန်းတသာ ကြောင့် ငိုပါသည်ဟု လျှောက်၏၊ မင်းလည်း၊ ထိုစကားကို များများမယုံကြည်ရကား၊ သုံးကြိမ်တိုင်အောင်ချိမ်းချောက်လျက် မေးမြန်းတော်မူ၏၊ မင်းမောင်းမလည်း သုံးကြိမ်တိုင်အောင် ရဲဝန့်စွာလျှောက်ထားသော်လည်း မယုံကြည်သောကြောင့်၊ ပသေနဒီကောသလမင်းသည်၊ အလုံးစုံသော နန်းတော်၌၊ ပန်းနံ့သာအစရှိသော ကောင်းသော အနံ့ဘို့ကိုပယ်ရှား၍၊ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပင့်ဘိတ်ပြီးလျှင်၊ ကြီးစွာသောအလှူကိုပေး၍ ဆွမ်းစားပြီးလျှင်၊ ထိုမိန်းမကို သင်၏ လင်ဟောင်းဖြစ်သော မထေရ်ကား အဘယ်မထေရ်နည်းဟုမေး၍၊ ထိုမိန်းမကပြသသော်၊ ဘုရားကိုရှိခိုး၍ ဘုန်းတော်ကြီးလှသောဘုရား၊ အရှင်ဘုရား နှင့်တကွ သံဃာတော်အပေါင်းမှာ ကျောင်းသို့ကြွတော်မူပါ၊ ဤအမည်ရှိသော မထေရ်သည်၊ ဆွမ်းအနုမောဒနာ ပြုတော်မူပါဟု လျှောက်၏၊ မြတ်စွာဘုရားလည်း၊ ထိုရဟန်းကိုထား၍၊ သံဃာတော် အပေါင်းနှင့်တကွ ကျောင်းသို့ ပြန်ကြွတော်မူ၏၊ မထေရ်လည်း ဆွမ်းအနုမောဒနာပြုခြင်းငှါအားထုတ်၍၊ နှုတ်ခံတွင်းက ဖွင့်ကားမှု၌ အလုံးစုံသော မင်းနန်းတော်သည်၊ နံ့သာကြုတ်ကဲ့သို့ဖြစ်၍ အလွန်မွှေးကြိုင်၏၊ ပသေနဒီကောသလမင်းလည်း၊ ထိုအကြောင်းကို သိလေသော်၊ ဩဘော် အံ့ဘွယ်ရှိစွတကားဟု၊ မိုးသောက်လတ်သော်၊ မြတ်စွာဘုရားအား။ ထိုအကြောင်းကို မေးလျှောက်၏၊ မြတ်စွာ ဘုရားလည်း၊ မင်းကြီး၊ ဤရဟန်းကား၊ လွန်လေပြီးသောအခါ၊ တရားစကားကိုကြားနာရသည်ရှိသော်၊ သာဓု သာဓု၊ ကောင်းကြီး ဖြစ်စေလျက်၊ အရိုအသေတရားတော်ကိုကြားနာ၏၊ ဤသို့ကောင်းကြီးပေးသောကုသိုလ်ကံကြောင့်၊ ဤကဲ့သို့ခံတွင်းအနံ့ မွှေးမြန့်ခြင်း တည်းဟူသော အကျိုးကို ရသည်ဟု မိန့်တော်မူ၍၊ ၊သင္ဂမ္ဘ ဒေသနာကာလေ သာဓုသာဓုတိ ဘာသတော မုခတော ဇာယ တေ ဂန္ဓော ဥပ္ပလံဝါယထော ဒကေ၊ ၊ဟူ၍ အင်္ဂုတ္တရအဋ္ဌ ကထာ၌လာသည်၊ ၊သဒ္ဓမ္မံ၊သူတော်ကောင်းတရားကို၊ဒေသနာ ကာလေ၊ ဟောကြားသောကာလ၌၊ သာဓုသာဓုတိ၊ ကောင်း၏

ကောင်း၏ဟု၊ ဘာသတော၊ ဆိုသောသူ၏၊ ရခတော၊ ခံတွင်းမှ။ ဂန္ဓော၊ မွှေးသောအနံ့သည်၊ ဇာယသေ၊ ဖြစ်၏၊ ယထာကိံ၊ ဥပမာ အဘယ်ကဲ့သို့နည်းဟုမူကား၊ ဥပ္ပလံဝါ၊ ကြာညိုသည်လည်း၊ ဥဒကော၊ ရေ၌၊ ဇာသဘေယထာ၊ ဖြစ်သကဲ့သို့တည်း၊ ။ဤ၌ သဗ္ဗညု မြတ်စွာဘုရားသည်း၊ ထင်ရှားသော ကုသိုလ်ကံကိုရည်၍သာ သူတော်ကောင်းတရားကို ကြားနာသောအခါ၊ သာဓု သာဓု ဟု ကောင်းကြီးပေးသောကုသိုလ်ကံကြောင့်၊ ဤခံတွင်းအနံ့ မွှေးမြန် ခြင်းတည်းဟူသော အကျိုးကိုခုသည်ဟု၊ ပသေနဒီကောသလ မင်းကြီးအား မိန့်တော်မူသည်၊ ။ဤမှတပါး၊ ရသာဝါဒါမှ ကြဉ်ရှောင်ခြင်း၌ အကျိုးသည်း၊ ။ဥပ္ပလဂန္ဓ ရခတာ ရသာဝါဒါဝေရမဏိ သာဖလံ၊ ။ခုဒ္ဒကပါဠ အဋ္ဌကထာ၊ ။ ဥပ္ပလဂန္ဓ-ရခဘာ၊ ကြာညိုနံ့ကဲ့သို့ မွှေးမြန့်သော ခံတွင်းရှိသောအဖြစ်သည်၊ ရသာဝါဒါဝေရမဏိသာ၊ ရသာဝါဒမှ ကြဉ်ခြင်း၏၊ ဖလံ၊ အကျိုးတည်း၊ ။ဤသို့ ခုဒ္ဒကပါဠအဋ္ဌကထာဘာသည်နှင့် အညီ၊ ရသာဝါဒမှကြဉ်ခြင်းတည်းဟူသော ကုသိုလ်ကံ ကြောင်း ရင်းခံသောကြောင့်၊ ခံတွင်းအနံ့ မွှေးမြန့်သည်ဟုမှတ်ရမည်၊ ။ ဤသည်ကား၊ ကိုယ်မှနံ့ကျူး၊ စန္ဒကူ တည့်၊ ရွှင်မြူးဖွင့်လင်း၊ အခံတွင်းက၊ မြန့်သင်းမွှေးမြန့်၊ ကြာညိုနံ့သိုင်း၊ မွှေးမျိုးကြိုင်သည်၊ ဆုံးတိုင်ဘယ်ကောင်းမှု အကျိုးနည်းဟူသောအမေးပုစ္ဆာကို၊ ဖြေဆို၍ဘခန်း၊ နိဗ္ဗိတန်း တန်တော့ပြီ၊

ဒုဂ္ဂတိ တိရစ္ဆာန် ပုစ္ဆာကို ဖြေဦးအံ့၊

ဒုဂ္ဂတိ တိရစ္ဆာန်၊ မွေးဘွားမှန်လျက်၊ ရဟန္တာသာဝကာ၊ ဖြစ်ကြရသည်၊ ရချမှန်ယူ၊ အဘယ်သူတို့နည်း၊ ။ဟူသောအမေး ပုစ္ဆာကို၊ ကျမ်းဂန်သာ-မဆုတ်ဆိုင်းဘဲ၊ ဟုတ်တိုင်းမှန်စွာ၊ ဖြေဆိုပါဦးအံ့၊ ။ဤပုစ္ဆာကား၊ တိဿအမည်ရှိသော ရဟန္တာ၊ သုမိတ္တအမည်ရှိသော ရဟန္တာ၊ ဤရဟန္တာနှစ်ပါးကိုရည်၍ အမေးပုစ္ဆာဖြစ်သည်၊ ဤရဟန္တာနှစ်ပါး၏အကြောင်းကား၊ ဤသို့

တည်း၊ ပါဋလိပုတ်ပြည်တွင်၊ ဝက်ဝန်-ဒရယ်၊ကျိုင်ယ်ရိုင်ဆတ်၊
ဖွတ်ပဒပ်အစရှိသော သတ္တဝါတို့ကို၊ ရတတ်သမျှ ရှာကြံစားသော်
သော တောသား ရုဆိုးတယောက်သည်၊ မြိုင်အောက် ဟိမဝါ၊
တောလှည့်လည်ရာတွင်၊ ကောဏ္ဍာ အမည်ရှိသော ကိန္နရာမနှင့်တွေ့
၍၊ သံဝါသစပ်ရက်၊ ပေါင်းဖက်ကြလေလျှင်၊ နှစ်ရသော ဥကို
သန္ဓေရ၍ ဘွားမြင်ကြလေ၏၊ ထိုဥတို့သည် ရင့်မာထတ်သော်၊
ဒါယကာနှစ်ယောက်တို့သည် ဖြစ်လာကုန်၏၊ ထိုသူငယ်နှစ်ယော
တို့တွင်၊ အကြီးသူငယ်ကား တိဿ အမည်ရှိ၏၊ အငယ်ကား
သုမိတ္တဟုအမည်မှည့်၏၊ ၊ထိုညီနောင်နှစ်ယောက်တို့သည်၊
အမိကတမျိုး၊ အဘကတမျိုး၊ အမျိုးနှစ်ပါး တို့သည် မတူကြ၊
ကွဲသွဲ ထူးခြားသောကြောင့်၊ သံသရာဝယ်၊ ကြင်လည်သရွေ့၊
မပျော်မွေ့ဘဲ၊ ငြီးငွေ့ဟုသောကြောင့်၊ မဟာဝရုဏထေရ်၏ အ
ထံ၌ ရဟန်းပြုကြ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရာတွင်
အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်ကြကုန်၏၊ ၊ထို့ကြောင့်
မဇ္ဈိမနိကာယ်၊အလဂဒ္ဒူပမသုတ်အဋ္ဌကထာဋီကာကျမ်းတို့၌၊ ၊အညာ
ဇာပဲဝိဟာသို့ ကောဏ္ဍာ ပုတ္တာ ဒွေ ဘာတိယ ထေရာ ဝိယတိ ထွေ
ပုဗ္ဗေကိရ ပါဋလိပုတ္တ နဂရေ ဝနေစရကော ဧတော ဝနံ ရေ
ဂော ကောဏ္ဍာကိန္နရိယာ သဒ္ဓိံ သံဝါသံ ကပ္ပေသိ သာ တေန သံ
ဝါသ မန္ဒာယ ဒွေ အဏ္ဍာနိ ဝိဇာယိ တတော သမယတ္တိကာလေ
အဏ္ဍကောသံ ပဒါလေတွာ ဒွေ ဒါယကာ နိက္ခမိံသု တေသု
ဇေဋ္ဌော တိဿောနာမ ကနိဋ္ဌော သုမိတ္တောနာမ တေဥဘောပိ
မာတာပိတုန္နံ ဝိသဒိသတ္တာနေဝ သံသာရေ နိဗ္ဗိဒါ မဟာဝရုဏ
ထေရဿ သန္တိကေ ပဗ္ဗဇိတွာ အရဟတ္တံ ပါပုဏိံသု၊ ၊ဟူ၍
လာသည်၊ အညာဇာပဲဝိဟာသို့ ကောဏ္ဍာပုတ္တာ ဒွေဘာတိထေရာ
ဝိယာတိ ထွေအညာဇာပဲ ဝိဟာသို့ ကောဏ္ဍာပုတ္တာ ဒွေဘာတိထေ
ရာဝိယ ဟူသော အဋ္ဌကထာပါဌ်၌၊ ၊ပုဗ္ဗေ၊ ရှေးကာလ၌၊
ပါဋလိပုတ္တနဂရေ၊ ပါဋလိပုတ်ပြည်မှ၊ ဝနေ၊သစ်ပင်များးစွာ
သာယာဖြိုးဖြိုး၊ လွန်ဆန်းထူးသောတော၌၊ စရန္တော၊ ကြင်လည်
ကျက်စား သွားလာသော၊ ဧကော၊ အပေါ်မဆည်း တယောက်

ထိုးထိုးသော၊ ဝနစရတော၊ တောင်၌ ကျက်စားသော ရဆိုးသည်။ ကောဏ္ဍာကိန္နရိယာ၊ ဖွပတင့်တယ် ရူချင်ဘွယ်ရှိသော ကောဏ္ဍာ အမည်ရှိသောကိန္နရီမနှင့်၊ သဒ္ဒိံ၊ အတူတကွ၊ သံဝါသံ၊ ပေါင်းဘော်နှံခြင်းသို့၊ ကပ္ပေသိကိရ၊ ပြုသတဲ့။ သာ၊ ထိုကောဏ္ဍာအမည်ရှိသော ကိန္နရီမသည်၊ တေန၊ ထိုတောသွားရဆိုးနှင့်၊ သံဝါသံ၊ ပေါင်းဘော် ခြင်းသို့၊ အန္ဝာယ၊ စွဲ၍၊ နွေ၊ နှစ်ခုကုန်သော၊ အဏ္ဍာနိ၊ ဥတို့ကို၊ ဝိဇာယန္တိ၊ ဘွားကုန်၏။ တတော၊ ထိုဘွားပြီးသောနောက်မှ၊ သမ္ပတ္တ ကာလေ၊ ခက်မငါးဖြာ၊ အင်္ဂါကြီးငယ်၏ပြည့်စုံခြင်းသို့ရောက်သော အခါ၌၊ အဏ္ဍကောသံ၊ ဥခွံသို့၊ ပဒါလေတွာ၊ ပေါက်ခွဲ၍၊ ဒွေ၊ နှစ် ယောက်ကုန်သော၊ ဒါယကာ၊ သူငယ်တို့သည်၊ နိက္ခမိံသု၊ ထွက် ကုန်၏၊ တေသု၊ ထိုနှစ်ယောက်သော သူငယ်တို့တွင်၊ ဇေဋ္ဌော၊ အကြီးသူငယ်သည်၊ တိဿောနာမ၊ တိဿအမည်ရှိ၏၊ ကနိဋ္ဌော၊ အငယ်သည်၊ သုမိတ္တောနာမ၊ သုမိတ္တအမည်ရှိ၏၊ တေဥဘောပိ၊ ထို ဥမှထွင်းဖေါက် ညီနောင်နှစ်ယောက်တို့သည်လည်း၊ မာတာပိတူ နံ၊ အမိအဘနှစ်ပါးတို့၏၊ ပိဿဒိသတ္တေနေဝ၊ အမိက ၄က်မျိုး၊ အဘ က-ရဆိုး၊ အမျိုးမတူကြသည်၏ အဖြစ်ကြောင့်သာလျှင်၊ သံသာ ရေ၊ ဘဝရှည်ကြာ ဖြစ်ခဲ့လာသော သံသရာ၌၊ နိဗ္ဗိဒါ၊ ဘုံတို့ဝလေ့ ကြွင်ဘိုးတွကို ငြီးငွေ့ကြကုန်သည်ဖြစ်၍၊ မဟာဝရုဏထေရဿ၊ မဟာဝရုဏထေရ်၏၊ သန္တိကေ၊ အထံ၌၊ ပဗ္ဗဇိတွာ၊ သာသနာတော် ထမ်း ရဟန်းပြုကြကုန်သည်ဖြစ်၍၊ အရဟတ္တံ၊ ထထောင့်ငါးရာ ကိလေသာမြို့ အရဟတ္တဖိုလ်သို့၊ ပါပုဏိံသု၊ ရောက်ကြလေကုန် ၏၊ ။ဤဝတ္ထုကိုရည်၍၊ ကဗျာဆရာက၊ ။ဒုဂ္ဂတိ-ဖိုးရဆွာန် မွေးဘွားမှန်လျက်၊ ရဟန္တာသာဝက၊ ဖြစ်ကြရသည်၊ ရချမှန်ယူ၊ အဘယ်သူတို့နည်း၊ ။ဟူသောပုစ္ဆာ၌၊ နေရာတကျ၊ သိမှတ် စေခြင်းငှါ၊ ဝတ္ထုသက်သေပြ၍ ဖြေလိုက်သည်ကား၊ ဤတွင်၍ ပြီးပြီ။

## ပညာရှိဝယ်၊ ဂုဏ်နှစ်ဆယ်ကိုဖြေဦးအံ့။

ပညာရှိဝယ်၊ ဂုဏ်နှစ်ဆယ်ဟု၊ မှတ်ဘွယ်ခါယူ၊ ထိုထိုလူ၊ အဘယ်သူ၏အလေ့ယူရသနည်း အမေးပုစ္ဆာ၌ အဖြေကား ဤသို့တည်း၊ ၊ခြင်္သေ့၏ဂုဏ်တပါး၊ ၊ဖိုင်း၏ဂုဏ်တပါး၊ ၊ကျီး၏ဂုဏ်ငါးပါး၊ ၊ခွေး၏ဂုဏ်ခြောက်ပါး၊ ၊ကြက်၏ဂုဏ်လေးပါး၊ ၊မြည်း၏ဂုဏ်သုံးပါး၊ ၊ဤသို့အားဖြင့် နှစ်ဆယ်ဖြစ်၏၊ ။ ထို့ကြောင့်၊ ၊အညရပ္ပနီတိကျမ်း၌၊ ၊သိဟာဒေကံ-ဗကာဒေကံ၊စတ္တာရ၊ကုက္ကုဋာဒပိ၊ဝါယသ္သ-ပဉ္စ-ဂိက္ခေစ၊ပဋ္ဌ သုဏော တြိဏိ ဂဒြဘာ၊ ၊ဟူ၍လာသည်၊ ၊အနက်ကား၊ ၊သိဟ ဒေကံ ခြင်္သေ့၏ဂုဏ်တပါး၊ ၊ဗကာဒေကံ ဖိုင်း၏ဂုဏ်တပါး၊ ။ ကုက္ကုဋာဒပိ ကြက်၏လည်း၊ ဂိက္ခေ၊ အကျင့်တို့ကား၊ စတ္တာရ၊ လေးပါးတို့တည်း၊ ဝါယသ္သ၊ကျီး၏၊ ဂိက္ခေ၊အကျင့်တို့ကား၊ ပဉ္စ၊ ငါးပါးတို့တည်း၊ သုဏော၊ခွေး၏၊ ဂိက္ခေ၊အကျင့်ကား၊ ပဋ္ဌ၊ခြောက် ပါးတို့တည်း၊ဂဒြဘာ၊မြည်း၏၊ဂိက္ခေ၊အကျင့်ကား၊ တြိဏိ၊သုံးပါး တို့တည်း၊ ၊ထိုဂုဏ်တွင်၊ခြင်္သေ့သည်၊ကြီးသည်ဟူ၍ရင်း၊ ငယ် သည်ဟူ၍ရင်း၊ လုလ္လပိရိယကို မယုတ်စေဘဲ အားထုတ်၍ပြုခြင်း ဂုဏ်တပါး၊ ၊ဖိုင်းသည်၊တည်ကြည် ငြိမ်သက်ခြင်းဂုဏ်တပါး၊ ။ ကြက်သည်၊ အချိန်ကျလျှင် နိုးကြားခြင်း၊ အားကြိုးမာန်တက်ခွပ် ခြင်း၊ ၊ဝေဘန်ခွဲခြမ်းခြင်း၊ ၊အားကြိုးမာန်တက် အစာရှာခြင်း၊ ကြက်၏ဂုဏ်လေးပါး၊ ၊ကျီးသည်၊ ရှိုဖက်သဖြင့် မေထုန်သံဝါသ ပြုခြင်း၊ ၊အခါဟုတ်သည်ကိုမှတ်ယူခြင်း၊ ၊အခါမဟုတ်သည်ကို မှတ်ခြင်း၊ ၊မမေ့မလျော့ခြင်း၊ ၊သူတပါးတို့နှင့် ဆက်ဆန်ခြင်း၊ ။ ကျီး၏ဂုဏ်ငါးပါး၊ ၊ခွေးတို့သည်၊နည်းသောအိပ်ခြင်း၊ ၊နည်း သောအစာဖြင့်ရောင့်ရဲခြင်း၊ ၊ကောင်းစွာအိပ်ခြင်း၊ ၊ကောင်းစွာ နိုးကြားခြင်း၊ ၊သခင်ကိုချစ်ခင်ခြင်း၊ ၊ရဲရင့်ခြင်း၊ ၊ခွေးတို့၏ဂုဏ် ခြောက်ပါး၊ ၊မြည်းတို့သည်၊ အလုံးစုံသောဝန်ကို ရွက်ဆောင် ခြင်း၊ ၊အချမ်းအပူကိုသည်းခံခြင်း၊ ၊မြက်ဟူသောအစာရှိခြင်း၊ ။ ဤသည်ကား၊ မြည်းတို့၏ဂုဏ်သုံးပါး၊ ပေါင်း ၂၀ ဖြစ်၏၊ ။

ဤတိရစ္ဆာန်တို့၏ အတုကိုယူ၍၊ ပညာရှိတို့ဂုဏ်နှစ်ဆယ်ရှိ၏။ နှစ်ဆယ်ဟူသော်ကား။ ။ပညာရှိတို့သည်၊ အမှုကြီးငယ်၌ လုလ္လဝိရိယမလျော့ရ အားထုတ်၍ပြုရခြင်းဂုဏ်တပါး။ ။တည်ကြည်ငြိမ်သက်ရခြင်းဂုဏ်တပါး။ ။ဖြိုင်း။ ။နိုးနိုးကြားကြားအိပ်ရခြင်းဂုဏ်တပါး။ ။အားကြီးမာန်တက် အမှုကြီးငယ်ကို ရွက်ဆောင်ရခြင်းဂုဏ်တပါး။ ။ခွဲခြမ်းစိတ်ဖြာ၍ပြုတတ်ရခြင်း။ ။လုလ္လဝိရိယထုတ်၍ ဥစ္စာပစ္စည်းရှာကြံရခြင်း။ ။ဤသည်ကားကြက်၏ဂုဏ်။ ။ပညာရှိတို့သည်၊ ရှိဝှက်သဖြင့် မေရ သံဝါသ ပြုရခြင်းဂုဏ်တပါး။ ဤအခါဤအမှုကိုပြုရခြင်း။ ။ဤအခါဤအမှုကိုမပြုရခြင်း။ ။မမေ့မလျော့သတိနှင့်နေရခြင်း။ ။သူတပါးတို့နှင့်မဆန့်ကြင်အောင်အကျွန်းတဝင်ပြုရခြင်း။ ။ဤကား ကျီး၏ဂုဏ်။ ။နည်းသော အိပ်ခြင်း။ ။နည်းသောအစာဖြင့်ရောင့်ရဲလွယ်ရခြင်းဂုဏ်တပါး။ ။ကောင်းစွာ အိပ်ရခြင်း ဂုဏ်တပါး။ ။ကောင်းစွာ နိုးကြားရခြင်း ဂုဏ်တပါး။ ။ကျေးဇူးရှိသောအရှင်ကို ချစ်ခင်ရခြင်းဂုဏ်တပါး။ မကြောက်မရွံ့ ရဲရင့်ခြင်းဂုဏ်တပါး။ ။ပညာရှိတို့သည်၊အလုံးစုံ ကိစ္စကြီးကိစ္စငယ်တို့ကိုရွက်ဆောင်ရခြင်းဂုဏ်တပါး။ ။ချမ်းသေးသည်၊ပူသေးသည်ဟုမရှိဘဲ၊ အချမ်းအပူကို သည်းခံရခြင်းဂုဏ်တပါး။ ။မိမိပစ္စည်းကိုသာ စားသုံးရခြင်းဂုဏ်တပါး။ ။ဤသည်ကား ပညာရှိဘို့ကျင့်ရသောဂုဏ်နှစ်ဆယ်တည်း။ ။သို့ဖြစ်၍ ပညာရှိဖြစ်လိုက၊ ဤဂုဏ်နှစ်ဆယ်ကို ကြည့်ရှုမှတ်သား၍ကျင့်ကြပါကုန်။ ။ဤသည်ကိုရည်၍-ကဗျာလင်္ကာ၌၊ ။ပညာရှိဝယ်၊ ဂုဏ်နှစ်ဆယ်ဟု၊ မှတ်ဖွယ်ခါယူ၊ ထိုထိုလူ၊အဘယ်သူ၏ အလေ့ယူရသနည်းဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာ၊ ဤတွင်၍ပြီးငြိမ်းတော့ပြီ၊

သူတပါးတို့၊ ဆိမ်းထားဥစ္စာကိုဖြေဦးအံ့၊

သူတပါးတို့၊ ဆိမ်းထားဥစ္စာ၊ ခိုးယူခါမှ၊ ပစ္စေကဗုဒ္ဓါ၊ ဖြစ်ရှာသည်။ ။ကျမ်းလာသဘော၊ဟုတ်၏လော။ ။ဟူသောပုစ္ဆာ

ကို၊ ကျွမ်းလှာအလိုဖြင့်၊ ဖြေဆိုဦးအံ့၊ ။သုံးလောကထွဋ်ထား။ မြတ်စွာဘုရားသည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ၊ ကိလေသာနှိပ်ခြင်းကို အကြောင်းပြု၍၊ မိတ္တော မိတ္တဿ ပါနိယံ၊ အစရှိသောဂါထာပုဒ်ဖြင့် တံဆာဆင်အပ်သော ပါနီယဇာတ်ကို ဟောတော်မူ၏။ ။တရံရောအခါ၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေကုန်သော ငါးရာကုန်သော ရဟန်း တို့သည်၊ ညဉ့်သန်းခေါင်အခါဝယ်၊ ကာမဝိတက်ကို ကြံကုန်၏၊ ထိုအကြံကို မြတ်စွာဘုရားသိတော်မူ၍၊ ရှင်အာနန္ဒာကိုခေါ် စေပြီးလျှင်၊ ရဟန်းတို့၊ ကိလေသာသည်၊ ငယ်သောမည်သည်မရှိ၊ ရဟန်းတို့မည်သည်ကား၊ ဖြစ်ပေါ်လာသော ကိလေသာကိုနှိပ်အပ် ကုန်၏၊ ကိလေသာ၏အလိုကို မလိုက်ရာ၊ ရှေးပညာရှိတို့သည်၊ ဘုရားမဖြစ်သော်လည်း၊ ကိလေသာကိုနှိပ်၍၊ ပစ္စေကဗောဓိဉာဏ်သို့ရောက်ဘူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏၊ ရဟန်းတို့၊ လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်ဝယ်၊ ဗြဟ္မဒတ် မင်း-မင်းပြုတော်မူသည်ရှိသော်၊ ကာသိကတိုင်း၏အတွင်း၊ တခုသောရွာ၌ အဆွေခင်ပွန်း နှစ်ယောက်တို့သည်၊ ရေဘူးကိုယူ၍ လယ်တောသို့သွားပြီးလျှင်၊ တခုသောအရပ်၌ထား၍၊ လယ်ကို ခုတ်ထွန်၍၊ ရေဆာလောင်သောအခါ၊ လာ၍ရေကိုသောက်ကုန် ၏၊ ထိုနှစ်ယောက်တို့တွင်၊ တယောက်သောသူသည်၊ ရေသောက် အံ့သောငှါလာ၍၊ မိမိရေကိုမသောက်၊ တယောက်သောသူ၏ရေ ကိုသောက်သည်ဖြစ်၍၊ ညချမ်းသောအခါ၊ တောမှထွက်၍ ရေချိုး ပြီးလျှင်၊ ယနေ့ငါအား မကောင်းမှုပြုမိသလောဟု ဆင်ခြင်သော်၊ ရေကိုခိုး၍ သောက်မိသည်၏အဖြစ်ကိုမြင်၍ ထိတ်လန့်ခြင်းသို့ ရောက်၍။ ဤတဏှာသည် ပွါးသတ်သော်၊ ငါ့ကိုအပါယ်၌ ပစ်ချလ တံ့၊ ဤကိလေသာကို နှိပ်အံ့ဟု၊ ရေကိုခိုးမိသည်ကို အာရုံပြု၍၊ ဝိပဿနာပွါးများရာတွင်၊ ပစ္စေကဗောဓိဉာဏ်ကိုဖြစ်စေ၍၊ မိမိ ရသောကျေးဇူးကိုဆင်ခြင်လျက် ရပ်၍နေ၏၊ ။ထိုအခါ၊ အဖော် ဖြစ်သောယောက်ျားက၊ အဆွေအိမ်သို့ပြန်သွားကြစို့ဟုဆိုသော်၊ သင်သာ သွားလေတော့၊ ငါအား အိမ်ကိစ္စမရှိပြီ၊ ပစ္စေကဗောဓိ

ဉာဏ်ကို ငါရပြီဟုဆိုလျှင်၊ အဆွေ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့
သည် သင်ကဲ့သို့မဟုတ်၊ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်လျက်
သပိတ်ပရိက္ခရာကိုလွယ်၍၊ လက်နှစ်သစ်ခန့်ရှိသောဆံပင်ဖြင့်၊ ငါ
တို့မြင်ဘူးသည်ဟုဆိုသော်၊သတိရ၍ ဦးခေါင်းကိုလက်နှင့်သုံးသပ်
သောကာလ၌၊လူ၏အသွင်ကွယ်လျက်၊ ရဟန်းတို့ပရိက္ခရာ ရုံထင်
စွာဖြစ်လာ၍၊ ရဟန်းတို့၏အသွင်ဖြင့်၊ ကောင်းကင်ခရီးဖြင့် နန္ဒမူ
သို့ကြွသွားသော၏၊ ၊တရံရောအခါ၊ ချဉ်ဆားမှီးအုံသော၌၊
ဗာရာဏသီပြည်သို့ကြွသာရာ၊ ဗာရာဏသီ မင်းကြီးက၊ အရှင်
ဘုရား၊ ဤသောကာလတ်၊ စက်ရဟာဘ်၌၊ တပတ်ပတ်သွား၊ ဝင်
တရား၌၊ များစွာသော အာဒီနဝ၊ နိဗ္ဗာန်တရားတို့တွင်၊ အဘယ်
တရားကြောင့်၊ပစ္စေကဗောဓိဉာဏ်သို့ရောက်တော်မူပါသနည်းဟု
မေးလျှောက်သည့်တွင်၊ တကာ္ဘောဘ်မင်းကြီး၊ သူတပါးတို့ သိမ်း
ထားသောရေကို ခိုးယူ၍သောက်မိသောကြောင့်၊ ဤအကုသိုလ်
တရားသည်၊ ငါ့အားအပါယ်သို့ဆောင်လတံ့ဟု အောက်မေ့စဉ်၊
ပစ္စေကဗောဓိဉာဏ်ကိုရသည်ဟု၊ ၊မိတ္တော မိတ္တသာ ပါနိယံ
အဒိန္နံ ပရိဘုဉ္ဇိ ယိံ တေနပစ္ဆာ ဝိဝိကိစ္ဆိ တံပါပံ ပကာတံ မယာ
မာပုန အကာဍံပါပံ တသ္မာ ပဗ္ဗဇိတော အဟံ၊ ၊ဟူသောဂါထာ
ဖြင့် ဟောတော်မူ၏၊ ၊အနက်ကား၊ ၊မဟာရာဇ၊ မြတ်သော
မင်းကြီး၊မိတ္တော၊အဆွေခင်ပွန်းဖြစ်သောငါသည်၊မိတ္တသာ၊အဆွေ
ခင်ပွန်း ချစ်ကျွမ်းဝင်သောသူတယောက်၏၊ ပါနိယံ၊ ရေကို၊ အာ
ဒိန္နံ၊အရှင်မပေးဘဲ၊ ပရိဘုဉ္ဇိသံ၊သုံးဆောင်မိ၏၊ မယာ၊ ငါသည်၊
တံပါပံ၊ ထိုမကောင်းမှုကို၊ ပကာတံ၊ပြုမိ၏၊ ပါပံ၊ရေကိုခိုးယူသော
မကောင်းမှုကို၊ ပုန၊ နောက်တဖန်၊ မာအကာရိ၊ ငါမပြုပါပြီ၊ တေန၊
ထိုကြောင့်၊ ပစ္ဆာ၊ နောက်၌၊ ဝိဝိကစ္ဆိ၊ ဤကျင့်ယုတ်ကို ငါငြီး
ဆုပ်ပြီ၊ တသ္မာ၊ ထိုသို့ စက်ဆုပ်သောကြောင့်၊ အဟံ၊ ငါသည်၊
ပဗ္ဗဇိတော၊ရဟန်းပြု၏၊ ၊မင်းသည်၊ ပစ္စေကဗုဒ္ဓါ၏တရားကို
နာရ၍ ကြည်ညိုသောစိတ်ကြောင့် သင်္ကန်းကိုရင်း၊ ဆေးကိုရင်း
လှူ၍၊ ပစ္စေကဗုဒ္ဓါလည်း မင်းအားတရားဟော၍၊ နန္ဒမူလိုဏ်သို့
သာလျှင်ကြွတော်မူ၏၊ ၊သူတပါးတို့၊သိမ်းထားဉစ္စာ၊ရေကို

သာလျှင်၊ခိုးယူခါမှ၊ပစ္စေကဗုဒ္ဓါ၊ဖြစ်ရရှာသည်၊ ကျမ်းလာသအော ဟုတ်၏လော၊ ဟူသောအမေးပုစ္ဆာကို၊ကျမ်းလာအနေနှင့်၊ဖြေဆို၍တသိုက်၊အပြီးဆိုက်တော့ပြီ၊

---

## တရားဟောပါ၊ပုစ္ဆာကိုဖြေဦးအံ့၊

တရားဟောပါ၊နာသောခါ၊ခြောက်ဖြာရှိမြ၊သဘော အဘယ်သို့ကွဲသနည်း။ ၊ဟူသောအမေး၌၊ အဖြေဝိသဇ္ဇနာကား ဤသို့တည်း၊ ၊တရားနာသောသူ၏နားသည်၊ နှလုံးသွင်းကွဲ ပြာကျသောကြောင့်၊ နားခြောက်ပါးပြားသည်၊ ခြောက်ပါးဟူသော်ကား၊ မိမိတို့ အဇ္ဈတ္တ သန္တာန် အတွင်း၌ ကိန်းအောင်း၍ တည်ရှိသော၊ ရာဂ-ဒေါသ-မောဟ တည်းဟူသော မီးသုံးပါးတို့သည်၊ ခေါင်းပါးစိမ့်သော၄ါ တရားတော်ကိုနာသောသူတယောက်၊ ၁ ၊ သဒ္ဓါ-ပညာ-သမာဓိတရား သုံးပါးတို့သည် ပွါးများစိမ့်သော၄ါ တရားတော်ကိုနာသောသူတယောက်၊ ၂ ၊ပူဆွေးခြင်း သောကငိုကြွေးခြင်း ပရိဒေဝကို၊ ပယ်ဖြောက် လွန်မြောက် နိုင်ခြင်း၄ါ၊ တရားတော်ကို နာသောသူတယောက်၊ ၃ ၊ဒုက္ခ-ဒေါမနဿ တို့ကို ချုပ်ငြိမ်းစိမ့်သော၄ါ တရားတော်ကိုနာသောသူတယော်၊ ၄ ၊ မဂ်ဖိုလ်နှင့်လျော်သော ကျင့်ဝတ်ပဋိပတ်ကို သိနားလည်စိမ့်သော၄ါ တရားတော်ကို နာသောသူတယောက်၊ ၅ ၊လောက၌၊ သူတပါးတို့၏ ချီးမွမ်းထောမနာကိုခံရစိမ့်သော၄ါ တရားတော်ကို နာသောသူတယောက်၊ ၊ဤသို့အားဖြင့် ခြောက်ပါးပြားသတည်း၊ ထိုနားခြောက်ရတို့တွင်၊ ရှေးငါးပါးသော အကြောင်းတို့ဖြင့် နာသောနားကို၊ နားကြီးသည်ဟုဆိုအပ်၏၊ နောက်ဆုံးသူတပါးတို့၏ ချီးမွမ်းခံရအောင် နာသောနားကို၊ နားငယ်သည်ဟုဆိုအပ်၏၊ ၊ ဤသို့ ဆက္ကအင်္ဂုတ္တိုရ်ပါဠိတော်အဋ္ဌကထာလာသောနည်းကို၊ပါဠိနှင့်ဆက်ပြဦးအံ့၊ ၊ဝဇ္ဇီသုဏာ တိသာ မနောရမ္မဏာ ဘာဒုတ္တာ သောတာနိ ဆခါဟောန္တိ ကဏ္ဍမာနိသ ရာဂ ဒေါသ မောဟ အဂ္ဂိသန္တိတာ အဇ္ဈနော အဇ္ဈတ္တသဏ္ဍာနေ နိဗ္ဗုပသဝတိ ထထော

ရုပသမော ဓမ္မံ သုဏာတိ သဒ္ဓါ ပညာ သမာဓိ ဓမ္မော ဝဍ္ဎိတုံ ဓမ္မော သုဏာတိ သောက ပရိဒေဝံ ပဟာနာယ ဓမ္မံ သုဏာတိ ဒုက္ခ ဒေါမနဿံ တနုကရဏာ ဓမ္မံသုဏာတိ မဂ္ဂဖလာနုရူပံ ပဋိပတ္တိ ပဋိပဒါနံ ဝိဇာနနတ္ထာယ ဓမ္မံသုဏာတိ ဣဓလောကေ ပရဿ ပသံသံ အနုဘောသန္တိတိ ဓမ္မံသုဏာတိတိ ဓမ္မသဝနဿ ဆဓာ ဟောန္တိ ပုဗ္ဗ ပဉ္စ ဓမ္မသဝနေ မဟန္တာနိ ဂုဏာနိ အနုဘောန္တိ ခုဒ္ဒကန္တိ။ ဟူ၍လာသည်၊ ။အနက်ကား၊ ။ဓမ္မံ တရားတော်ကို၊ သုဏန္တော၊ နာသောသူအား၊ မနောရမ္မဏာဘေဒတ္ထာ၊ စိတ်၏အာရုံကွဲပြားသည်၏အဖြစ်ကြောင့်၊ သောတာနိ၊ နားတို့သည်၊ ဆဓာ၊ ခြောက်ပါးအပြားရှိကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဆ၊ ခြောက်ပါးတို့ဟူသည်၊ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား၊ ရာဂဒေါသ မောဟဂ္ဂိ သမ္ဘဝါ၊ ရာဂမီး ဒေါသမီး မောဟမီးဟုဆိုအပ်ကုန်သော၊ အဂ္ဂိ၊ မီးတို့သည်။ အတ္တနော၊ မိမိ၏၊ အဇ္ဈတ္တသန္တာနေ၊ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌၊ နိဗ္ဗုံ၊ အမြဲ၊ ပသဝတိ၊ ကိန်းအောင်း၏။ တဘော၊ ထိုကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ ကိန်းအောင်းသောမီးသုံးပါးကို၊ ဝူပသမော၊ ငြိမ်းစေခြင်း၌၊ ဇာတဆန္ဒော၊ အလိုရှိသည်ဖြစ်၍၊ ဓမ္မံ တရားတော်ကို။ သုဏာတိ၊ နာ၏။ သဒ္ဓါ ပညာ သမာဓိဓမ္မာ၊ သဒ္ဓါ ပညာ သမာဓိတရားတို့သည်၊ ဝဍ္ဎိတုံ ပွါးများစေခြင်း၌၊ ဓမ္မံ၊ တရားတော်ကို၊ သုဏာတိ၊ နာ၏၊ သောကပရိဒေဝံ၊ စိုးရိမ်ခြင်း သောက ငိုကြွေးခြင်း ပရိဒေဝကို၊ ပဟာနာယ၊ ပယ်ခြင်း၌၊ ဓမ္မံ၊ တရားတော်ကို။ သုဏာတိ၊ နာ၏၊ ဒုက္ခဒေါမနဿံ၊ ဆင်းရဲခြင်း နှလုံးမသာမယာခြင်းတို့ကို၊ တနုကရဏာ၊ ခေါင်းပါးစေခြင်း၌၊ ဓမ္မံ တရားတော်ကို၊ သုဏာတိ၊ နာ၏၊ မဂ္ဂဖလာနုရူပံ၊ မဂ်ဖိုလ်နှင့်လျော်သော၊ ပဋိပတ္တိပဋိပဒါနံ၊ ပဋိပတ်အကျင့်မြတ်ကို၊ ဝိဇာနနတ္ထာယ၊ သိကျွမ်းနားလည်စေခြင်း၌၊ ဓမ္မံ တရားတော်ကို၊ သုဏာတိ၊ နာ၏၊ ဣဓလောကေ၊ ဤလောက၌၊ ပရဿ၊ သူတပါး၏၊ ပသံသံ၊ ချီးမွမ်းခြင်းကို၊ အနုဘောသန္တိ၊ ခံရ၏ဟု၊ ဓမ္မံ၊ တရားတော်ကို၊ သုဏာတိ၊ နာ၏၊ ဣတိ၊ ဤသို့၊ ဓမ္မသဝနဿ၊ တရားနာသောသူ၏၊ ဆ၊ ခြောက်ပါးအပြားရှိကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဣတိ၊ ဤသို့၊ ဗုဒ္ဓေါ၊ ဘုရား

ဆိုအပ်ခဲ့ပြီးသော၊ ပဌမဓမ္မသဝနေ၊ ငါးပါးသော တရားနာခြင်းတို့
သည်၊မဟာနုသံ ကြီးသောနားဟူ၍၊ဝုတ္တိ၊ဆိုအင်၏။ ဆူတရံ၊ဤမှ
တပါးသော၊ အနန္တ၊ အဆုံးဖြစ်သော၊ သောတ၊တရားနာသောသူ၏
နားသည်၊ချဒ္ဒကံ၊ငယ်သောနားဟူ၍၊ဝုတ္တိ၊ဆိုအင်၏။ ။တရား
နာသောသူတို့မှာ၊ ဤခြောက်ယောက်သောသူတို့တွင်၊ ရာဂ-ဒေါ
သ-မောဟ တည်းဟူသော မီးသုံးပါးတို့ ခေါင်းပါးအောင် နှလုံး
ထား၍ တရားနာရမည်၊ ပဌမနည်း၊ ။သဒ္ဓါ-ပညာ-သမာဓိတရား
သုံးပါးတို့သည် ပွါးများအောင် နှလုံးထား၍ တရားနာရမည်၊ ။
ဒုတိယ၊ ။မဂ်ဖိုလ်နှင့်လျော်သော ကျင့်ဝတ်ပဋိပတ်ကို သိကျွမ်း
နားလည်အောင် တရားတော်ကိုနာရမည်၊ ။ပဌမနည်း၊ ။ဤသို့
နှလုံးထား၍ တရားတော်နာမှ အကျိုးပေးကြီးမားမည်၊ ။ဤကဲ့
သို့ သဘော မထားတတ်၍ မထားဘဲ၊ တရားတော်ကို နာလျှင်
လည်း၊ ရှိသေလေးမြတ်၊ယုံသုံကြည်ကြည်၊စိတ်မလေမလွင့် တရား
တော်ကိုအားရုံပြု၍နာလျှင်၊အကျိုးပေးကြီးမြတ်ပါ၏၊ ။အဘယ်
ကိုထောက်၍ သိအပ်သနည်းဟူမူကား၊ ။ငါတို့မြတ်စွာဘုရား
သည်၊ ဂဂ္ဂရာရေကန်နား၌၊ စမ္ပာပြည်သူတို့အား၊ တရားအမြိုက်
တိုက်ကျွေးတော်မူစဉ်၊ ဖားတကောင်သည်၊ တရားသံကို အာရုံ
ပြု၍ နာခံ၏၊ ထိုအခါ နွားကျောင်းသားတယောက်သည်၊တုင်ဖျင်
ကန်ဖြင့်ထောက်လျက် ရပ်၍နေသောကြောင့် ရတော၍ အိပ်သော
ငယောက်ျား နှိုးသကဲ့သို့၊ တာဝတိံသာနတ်ပြည်၌၊ ၁၂ ယူဇနာရှိ
သော ရွှေဗိမာန်တွင် ဖြစ်လေ၏၊ ထိုအခါ၊ ဤကဲ့သို့သော စည်းစိမ်
ချမ်းသာ အခြွေအရံကို ဓမ္မသဝန ကုသိုလ် အဟုန်ကြောင့် ရ
ကြောင်းကိုသိ၍၊ ထပ်မံမြတ်စွာဘုရားထံလာ၍ တရားတော်နာ
ပြန်၏၊ထိုအခါ၊ သောတာပန်တည်၍ နတ်ပြည်သို့ပြန်သွားကြောင်း
ကို၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်တို့၌လာသည်၊ ဤဝတ္ထုကိုထောက်
၍ တရားတော်ကို အာရုံပြု၍နာကြပါ၊ တရားတော်ကို နာကြားရ
ခြင်း၌ အကျိုးထူးရှိကြောင်းကိုပြပြီးအံ့၊ ။ပဌမ ဘဝင်ကဖြစ်
သော ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း၊ ဘုရား
ပစ္စေကဗုဒ္ဓါ ရဟန္တာသာဝကတို့ ဟောပြောသောတရားတော်ကို

ကြားနာရမှ၊ သောတာပတ္တိမဂ်သို့ရောက်နိုင်သည်၊ တရားတော်ကို
မနာရ-မကြားရက၊ အရဟတ္တဖိုလ်ကိုမဆိုထားနှင့်၊ သောတာပတ္တိ
မဂ်ကိုမျှမရနိုင်၊ ထို့ကြောင့် ဋီကာကျော်၌၊ ။အသုတိပရတော
ဃောသေ သောတာပတ္တိမဂ္ဂပနိုလာဘာ၊ ။ဟူ၍လာသည်၊ ။
ပရတောဃောသေ၊ သူတပါးတို့ ဟောပြောသော တရားသံသည်။
အသုတိ၊ မရှိသော်၊ သောတာပတ္တိမဂ္ဂပနိုလာဘာ၊ သောတာပတ္တိမဂ်
ကိုရခြင်းသည်၊ နတ္ထိ၊ မရှိ၊ ။ပညာကြီးသော ပုဂ္ဂိုလ်ပင်ဖြစ်သော်
လည်း တရားတော်နာရမှ သောတာပတ္တိဖိုလ်သို့ရောက်ကြောင်း
ကိုပြဦးအံ့။ ။အပိစေ့လ္လယျ သုံးလူ့တွင်ထား ဘုရားပစ္စေကဗုဒ္ဓါ
ကိုထား၍၊ ဘုရားပစ္စေကဗုဒ္ဓါမှတပါး၊ အလုံးစုံသောကပ်ပတ်
လုံး မိုဃ်းကြီးရွာရွာလတ်သော်၊ ထိုရွာသော မိုဃ်းရေပေါက်ကို။
ဤမျှဤရွေ့ ရှိ၏ဟု ရေတွက်ခြင်း၌ စွမ်းနိုင်သော ဉာဏ်ပညာနှင့်
ပြည့်စုံသော ရှင်သာရိပုတ္တရာ အစရှိသော ပုဂ္ဂိုလ်တို့သည်လည်း၊
မိမိတို့၏သဘောအားဖြင့်၊ မိမိတို့အလိုအလျောက်၊ သောတာပတ္တိ
ဖိုလ် အစ ရှိသည် တို့ကို ထိုးထွင်း၍ရခြင်းငှါ မတတ်နိုင်ကုန်၊
အသဖိမ်းထရ်ပောသောတရားကိုနာရမှ၊ သောတာပတ္တိဖိုလ်ကို
မျက်မှောက်ပြုကြရကုန်၏၊ ။ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၌၊ ။
အပိစ ဌပေတွာ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓေစ သကလကပ္ပံ ဒေဝေ
ဝဿန္တေ ဥဒကဗိန္ဒူ နိဂဏေတုံ သမတ္ထာယ ပညာယ သမန္နာ
ဂတာ သာရိပုတ္တရာဒယောပိ အတ္တနောဓမ္မတာယ သောတာပတ္တိ
ဖလာဒိနိ အဓိဂန္တုံ နသက္ကောန္တိ အသ္သဇိထေရာဒိဟိ ကထိတံမ္ဗ
သုတွာဝ သောတာပတ္တိဖလာဒိနိ သစ္ဆိကရိံသု သတ္ထုဒေသနာယ
သာဝကပါရမိညာဏံ သစ္ဆိကရိံသု၊ ။ဟူ၍ထားသည်၊ ။
အပိစ၊ နည်းတပါးကား၊ ဗုဒ္ဓေစ၊ မြတ်စွာဘုရားတို့ကိုရင်း၊ ပစ္စေက
ဗုဒ္ဓေစ၊ ပစ္စေကဗုဒ္ဓါ တို့ကိုရင်း၊ ဌပေတွာ၊ ထား၍၊ သကလကပ္ပံ၊
အလုံးစုံသောကပ်ပတ်လုံး၊ ဒေဝေ၊ မိုဃ်းသည်၊ ဝဿန္တေ၊ ရွာလတ်
သော်၊ ဥဒကဗိန္ဒူနိ၊ ရေပေါက်တို့ကို၊ ဂဏေတုံ၊ ရေတွက်ခြင်းငှါ၊
သမတ္ထာယ၊ စွမ်းနိုင်သော၊ ပညာယ၊ ပညာနှင့်၊ သမန္နာဂတာ၊ ပြည့်စုံ
ကုန်သော၊ သာရိပုတ္တာဒယောပိ၊ သာရိပုတ္တရာမထေရ် အစရှိသည်

ထည်း၊ အတ္တနော၊ မိမိ၏၊ ဓမ္မတာယ၊ သဘောအားဖြင့်၊ သောတာ
ပတ္တိဖလာဒိနိ၊ သောတာပတ္တိဖိုလ်အစရှိသည်တို့ကို၊ အဓိဂန္တုံ၊ ရ
ခြင်းငှါ၊ နသက္ကောန္တိ၊ မတတ်နိုင်ကုန်၊ အဿဇိထေရာဒိဟိ၊ အဿဇိ
ထေရ်အစရှိသည်တို့သည်၊ ကထိတံ၊ ဟောအပ်သော၊ ဓမ္မံ တရား
ကို၊ သုတွာဝ၊ နာရ၍သာလျှင်၊ သောတာပတ္တိဖလာဒိနိ၊ သောတာ
ပတ္တိဖိုလ်စသည်တို့ကို၊ သစ္ဆိကရိံသု၊ မျက်မှောက်ပြုကုန်၏၊ သဗ္ဗညု
ဒေသနာယံ၊ မြတ်စွာဘုရား၏ဒေသနာဖြင့်၊ သာဝကပါရမီဉာဏံ၊
သာဝကပါရမီဉာဏ်ကို၊ သစ္ဆိကရိံသု၊ မျက်မှောက်ပြုကုန်၏၊ ။
ရှေးရှေးသော ဘဝသံသရာက၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ
သာဝကတို့ ဟောကြားသော တရားတော်ကို ကြားနာရခဲ့ဘူး
သည်ဖြစ်အံ့၊ နောက်အခါ၊ ဘုရားတို့၏အထံ၌၊ ဘုရားတပည့်သား
သာဝကတော်တို့၏အထံ၌ရင်း မျက်မှောက်တော်၌၊ လေးပါဒအဆုံး
ရှိသော ဂါထာကို ကြားနာရသည့် အဆုံး၌၊ အရဟတ္တဖိုလ်သို့
ရောက်ကုန်သည်။ ။ထို့ကြောင့်၊ ။ဗုဒ္ဓါနံ ဗုဒ္ဓသာဝကာနံ သမ္မုခါ
သုတာယ စတုပ္ပဒိကာယ ဂါထာယ ပရိယောသာနေ အရဟတ္တံ
ပါပေတိ၊ ။ဟူ၍ သုတ္တနိပါတ်ကျမ်း၌လာသည်၊ ။ဗုဒ္ဓါနံ၊ မြတ်စွာ
ဘုရားတို့၏ရင်း၊ ဗုဒ္ဓသာဝကာနံ၊ ဘုရားတပည့်သား သာဝကတော်
တို့၏ရင်း၊ သမ္မုခါ၊ မျက်မှောက်မှ၊ သုတာယ၊ ကြားနာရသော၊
စတုပ္ပဒိကာယ၊ လေးပါဒရှိသော၊ ဂါထာယ၊ ဂါထာ၏၊ ပရိယော
သာနေ၊ အဆုံး၌၊ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့၊ ပါပေတိ၊ ရောက်စေ
၏၊ ။ဤသို့တရားနာသောသူမှာ၊ တရားအဆုံး၌ အရဟတ္တဖိုလ်သို့
ရောက်ကုန်သည်၊ သို့ဖြစ်၍ တရားတော်ကို နာကြားကုန်ရာ၏။ ။
တရားဟောခါ၊ နာသောခါ၊ ခြောက်ပြန်မြေ၊ သဘောအဘယ်သို့
ကွဲသနည်းဟူသောအမေးပုစ္ဆာ၌၊ အဖြေသည်ကား ဤတွင်နှင့်ပြီးပြီ။

ရှေးကုသိုလ်ကံ ပုစ္ဆာကိုဖြေဦးအံ့။

ရှေးကုသိုလ်ကံ၊ ကြောင်းမခံ၊ အမှန်ဝိပ္ပါယ အကျိုးပေးမည်
နည်း။ ။ဟူသောပုစ္ဆာကိုဖြေဦးအံ့၊ ။ဝိယမန် ဝါယာမော၊ ။

ဝါယာမန္တံ၊ လုံ့လပြုခြင်း၊ ဝါယာမော၊ လုံ့လပြုခြင်း။ ၊ဝိရိယနံ ဘာဝေါ
ဝီရိယံ၊ ၊ဝီ ရာနံ၊ လုံ့လပြုကုန်သောသူတို့၏၊ ဘာဝေါ၊ အဖြစ်တည်း၊
ဝီရိယံ၊ လုံ့လပြုကုန်သောသူတို့၏အဖြစ်၊ ၊တနည်းကား၊ ၊ဝိရာ
နံ ဝါ ကမ္မံ ဝိရိယံ၊ ။ဝါ၊ တနည်းကား၊ ဝိရာနံ၊ လုံ့လရှိကုန်သောသူ
တို့၏၊ ကမ္မံ၊ အမှုတည်း။ ဝိရိယံ၊ လုံ့လရှိကုန်သောသူတို့၏အမှု၊ ဝိဓိနာ၊
ဤရိယိတဗ္ဗံ ပဝတ္တေတဗ္ဗံတိ ဝါ ဝိရိယံ ဥဿာဟောလက္ခဏံ၊ ။
ဝါ။ တနည်းကား၊ ယံဓမ္မဇာတံ၊ အကြင်တရားသဘောကို၊ ဝိဓိနာ၊
လျောက်ပတ်သောအကြောင်းဖြင့်၊ ဤရိယိတဗ္ဗံ-ပဝတ္တေတဗ္ဗံ၊ ဖြစ်
စေအပ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ တံဓမ္မဇာတံ၊ ထိုတရားသ
ဘောသည်၊ ဝိရိယံ၊ ဝိရိယမည်၏၊ ဥဿာဟော၊ ဝိရိယထရားကို၊
လက္ခဏံ၊ ရအပ်၏။ ၊သောသဟဇာတာနံ ဥပတ္ထမ္ဘနလက္ခဏော၊ ။
ဣဓကာ၊ ၊သော ဥဿာဟော၊ ထိုဝိရိယသည်၊ သဟဇာတာနံ၊ သဟ
ဇာတ်တရားတို့ကို၊ ဥပတ္ထမ္ဘနလက္ခဏော၊ ထောက်ပံ့နိုင်စေခြင်း
လက္ခဏာရှိ၏၊ ၊ရှေးရှေးသောဘဝအထူးတို့က ပြုခဲ့ဘူးသော
ကုသိုလ်ကံ အကျိုးပေးခြင်းမရှိသော်လည်း ဝိရိယဥဿာဟ စိုက်
ထုတ်၍ လုံ့လဝိရိယရှိသော် အကျိုးပေးသည်၊ အဘယ်ကိုထောက်
၍ သိရသနည်းဟူမူကား၊ ငါတို့ဘုရားအလောင်းတော်-ဇနက
မင်းသားသည်၊ မဟာသမုဒ္ဒရာ၊ အညွှာဝါပြင်ကျယ်၊ ရေပင်လယ်
တကျော၌၊ သင်္ဘောပျက်၍ ရေကူးရာ၊ ဝိရိယကိုမလျှော့ဘဲ အား
ထုတ်၍ကူးသောကြောင့်၊ မိထိလာပြည်ကြီးကို၊ စည်ထီးခရိုင် နိုင်ငံ
ကိုစိုးအုပ်၍မင်းလုပ်တော်မူရကြောင်းကိုထောက်၍၊ ဝိရိယအကျိုး
ပေးကြောင်းကိုသိရသည်၊ ၊ဤမှတပါး၊ ထောက်ထားရန်မှာ၊
အတိတ်အခါ၊ ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ်မင်းလက်ထက်တွင်၊
ငါတို့ဘုရားအလောင်းတော်သည်၊ တခုသောရွာ၌၊ လယ်ထွန်သော
ယောက်ျားဖြစ်၍၊ ရှေးအခါရွာပျက်ပြား၍ စွန့်ပစ်အပ်သော ဂါမ
ခေတ်၌ လယ်ထွန်၏၊ ရှေးအခါက၊ ထိုရွာ၀ယ် ရွှေငွေရတနာ ဥစ္စာ
စည်းစိမ်နှင့်ပြည့်စုံသော သူဌေးတဦးသည်၊ လုံးပတ်နှစ်ထွာ ငါးမာ
ထာရှိသော၊ အလျားလေးတောင်ရှိသော ရွှေတုံးကို မြေ၌မြှုပ်ထား
၍၊ သားသမီးတို့အား မပြောကြားဘဲသေ၏၊ ထိုရွှေတုံး၌ ဘုရား

ထောင်း၍ ထွန်သွားသည် ငြိ၍တည်၏၊ ဘုရားထောင်းသည်၊ သစ်ဖြစ်ဖြစ်လတံ့ဟု မြေကိုယက်သည်ရှိသော်၊ ထိုရွှတုန်းကိုမြင်၍။ ထိုရွှတုန်းကိုမြေဖြင့် ဖုံးလွှမ်း၍ထား၏၊ နေငင်သည်ရှိသော် ထမ်းပိုးထွန်တုန်းကို သင့်ရာ၌ထား၍၊ ရွှတုန်းကိုယူ၍ သွားအံ့ဟု ရွှတုန်းကိုချီသည်ရှိသော်၊ ချီခြင်းငှါမတတ်နိုင်၊ မတတ်နိုင်သော်၊ ထိုင်၍ကြံ၏၊ ဤမျှသည် ဝမ်းစာပြုအံ့၊ ဤမျှကို မြေ၌မြှုပ်ထားအံ့၊ ဤမျှကို အမှုကိစ္စ၌ ယှဉ်စေအံ့၊ ဤမျှကိုဒါနပြုအံ့၊ ဤသို့လေးစုတို့ကိုပြု၏။ ဤသို့လျှင် ဘုရားထောင်း၏ ဝေဘန်သောကာလတွင်၊ ထိုရွှတုန်းသည် ပေါ့သကဲ့သို့ဖြစ်၏၊ ဘုရားထောင်းသည်၊ ထိုရွှတုန်းကိုယူဆောင်ပြီးလျှင်၊ လေးစုဝေဘန်၍၊ ဒါနအစရှိသောကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာလား၏၊ ။ဤသို့ခြောက်ရတို့၏ပြည့်ကြောင်းဖြစ်သော ကဥ္စနက္ခန္ဓဇာတ်၌လာ၏၊ ။ဤကဥ္စနက္ခန္ဓဇာတ်၌၊ ဘုရားထောင်းသည်၊ မိမိရသောရွှတုန်းကို လေးစုစု၍ ဝေဘန်သည်မှာ၊ တစုကို စားရန်ဝတ်ရန်ဘို့ထား၏၊ တစုကို ကိစ္စတရပ်ထချရှိသော် သုံးရန်သိုမှီးသိမ်းဆည်း၍ မြှုပ်ထား၏၊ တစုကို ဖေါက်ကားရောင်းဝယ် ကုန်သွယ်အံ့၊ တစုကို စွန့်ကြဲပေးကမ်းလှူဒါန်းအံ့ဟုသား၏၊ ဤသို့ဘုရားထောင်း ဝေဘန်သကဲ့သို့၊ ထို့အတူ၊ ယခုဆောက၌၊ လူတို့လည်း၊ မိမိတို့၌ရှိသောပစ္စည်းကို လေးစုစု၍ ဝေဘန်သုံးစားကုန်ရာသည်၊ ဤသို့ပြု၍သုံးစားမှ တရားနှင့်ညီသည်ဖြစ်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာတိုးတက်ကုန်ရာသည်၊ ။ပုဂ္ဂိုလ်ကိုခွဲခြမ်း၍ပြဦးအံ့၊ ။ကံကိုသာမှီ၍ အသက်မွေးရသော ကမ္မူပဇီဝိတပုဂ္ဂိုလ်၊ ၁ ။ဝီရိယကိုသာမှီ၍အသက်မွေးရသော ဝီရိယူပဇီဝိတပုဂ္ဂိုလ်၊ ၂ ။ကံဝီရိယနှစ်ပါးကိုသာမှီ၍အသက်မွေးရသော ဥဘယူပဇီဝိတပုဂ္ဂိုလ်၊ ၃ ။ကံကိုမမှီရ၊ ဝီရိယကို မမှီရသောအနုဘယူပဇီဝိတပုဂ္ဂိုလ်၊ ၄ ။ဟူ၍လေးမျိုးအပြားရှိသည်၊ ထိုလေးမျိုးတို့တွင်၊ နတ်ပြည်ခြောက်ထပ်၌ နေကုန်သောနတ်တို့သည်၊ ရှေးကောင်းမှုကံကိုသာမှီရသောကြောင့်၊ ကမ္မူပဇီဝိတပုဂ္ဂိုလ်မည်၏။ လူပြည်၌၊ မင်းစိုးရာဇာ၊ ဠာနန္တရ၊ ရာထူးရှိသောပုဂ္ဂိုလ်တို့သည်။ ရှေးရှေးသောဘဝက ပြုခဲ့ဘူးသော ကောင်းမှုကံကြောင့် မင်းအ

ဖြစ်သို့ရသော်လည်း၊ လုလ္လဥဿာဟ ဝီရိယမရှိလျှင် စည်းစိမ်ကို ရှည်မြင့်စွာမစံရ။ လုလ္လဝီရိယရှိမှသာလျှင် ရှည်မြင့်စွာ စံရသောကြောင့်၊ ဥဿာဟသမ္ပဒါဝိဘူ ပုဂ္ဂိုလ်မည်သည်၊ ။ဆင်းရဲသားတို့မှာ ရှာကြံရခြင်း၊ လုပ်ကိုင်ဆောင်ရွက်ရခြင်း၊ ရောင်းချ ဝယ်ရခြင်း လုလ္လ ကိုသာမှီ၍ အသက်မွေးရသောကြောင့်၊ ဝီရိယပဓာနပုဂ္ဂိုလ် မည်သည်၊ ။အပါယ်ဘုံသားတို့မှာ၊ ကံဝီရိယနှစ်ပါးကိုပင် မမှီရသောကြောင့်၊ အနုဘာဝယုဂ ဇီဝိတ ပုဂ္ဂိုလ် မည်သည်၊ ။ဤသို့ မြတ်စွာဘုရား ဟောတော်မူသောကြောင့်၊ ရှေးကံအကြောင်းပင် မသောက်ပင့်သော်လည်း၊ ဝီရိယရှိလျှင်၊ ဝီရိယအကျိုးခံစံရ၏၊ ။ ဤသို့ ရှေးကုသိုလ်ကံ၊ ကြောင်းမခံ၊ အမှန်ဝီရိယ အကျိုးပေးမည် နည်းဟူသော အမေးပုစ္ဆာကို၊ ။ရှေးကုသိုလ်ကံ၊ ကြောင်းမခံ၊ အမှန်ဝီရိယ အကျိုးပေး၏ဟူသည်ဟု၊ အဖြေဝိသဇ္ဇနာ ဤတွင်၍ပြီးပြီ၊

## ရှိခိုးခြင်းအင်္ဂါငါးပါးကိုဖြေဦးအံ့၊

ပဥ္စပတိဋ္ဌိတ၊ ရှိခိုးကြ၊ ငါးဘအင်္ဂါအဘယ်နည်း၊ ။ဟူသော အမေးနှင့်၊ အဖြေဝိသဇ္ဇနာကိုပြဦးအံ့၊ ။ပဏာမန် ပဏာမော၊ ။ ပဏာမန်၊ ရှိခိုးခြင်း၊ ပဏာမော၊ ရှိခိုးခြင်း၊ ။ဤရှိခိုးခြင်းအင်္ဂါ ငါးပါးကို၊ ဝိနည်းပရိဝါ ပါဠိတော်၌၊ ဥပါလိမထေရ်မြတ်သည်၊ မြတ်စွာဘုရားထံ ချဉ်းကပ်၍၊ ဘုန်းတော်အလွန်ကြီးမြတ်တော်မူ သော မြတ်စွာဘုရား၊ သိတင်းငယ်ဖြစ်သောရဟန်းသည်၊ သိတင်း ကြီး ရဟန်းတို့၏ ခြေတို့ ကို ရှိခိုးသဖြင့်၊ အဘယ်တရားကို-ကိုယ် တွင်း၌ထား၍ ရှိခိုးရမည်နည်းဘုရားဟု မေးလျှောက်လေလျှင်၊ မြတ်စွာဘုရားသည်၊ ဥပါလိမထေရ် မေးလျှောက်သည်ကို အ ကြောင်းပြု၍၊ ။နဝက ထေရေနဥပါလိဘိက္ခုနာ ဝုဍ္ဎတရဿ ဘိက္ခုနော ပါဒေ ဝန္ဒန္တေန ပဉ္စဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌပေတွာ ပါဒါ ဝန္ဒိတဗ္ဗာ၊ ။အစရှိသော ဒေသနာတော်ကိုဟောတော်မူသည်၊ ။ ဥပါလိ ဥပါလိ၊ နဝကေန ထေရေန၊ သိတင်းငယ်ဖြစ်သော၊ ဘိက္ခုနာ၊ ရဟန်းသည်၊ ဝုဍ္ဎတရဿ၊ သိတင်းကြီးဖြစ်သော၊ ဘိက္ခုနော၊

ရဟန်း၏၊ ပါဒေ၊ ခြေတို့ကို။ ဝန္ဒနန္တဿ၊ ရှိခိုးသဖြင့်။ ပဉ္စင်မွေး၊ ငါးပါး
သောတရားတို့ကို၊ အဇ္ဈတ္တံ ကိုယ်တွင်း၌၊ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။
ပါဒါ၊ ခြေတို့ကို၊ ဝန္ဒိတဗ္ဗာ၊ ရှိခိုးအပ်၏၊ ။ဤတရားတော်၏အရ
အဓိပ္ပါယ်ကား၊ ။ရှိခိုးခြင်းအင်္ဂါ ငါးပါးဟူသော်ကား၊ လက်ဝဲ
တဘက် ပခုံးထက်၌ လက်ကတော့စမ္မာယ်တင်ခြင်းတပါး၊ ။
လက်အုပ်ချီမိုး၊ ရှိခိုးခြင်းတပါး၊ ။နှစ်ဘက်သော လက်တို့ဖြင့်
ရှိခိုးထိုက်သောပုဂ္ဂိုလ်၏ခြေတို့ကိုချည်မှတ်၍ရှိခိုးရခြင်းတပါး။ ။
ချစ်ခြင်း မေတ္တာစိတ်ကိုဖြစ်စေ၍ ရှိခိုးရခြင်းတပါး၊ ရိုသေခြင်း
ဂါရဝစိတ်ကိုဖြစ်စေ၍ ရှိခိုးရခြင်းတပါး၊ ။ဤသို့အားဖြင့် ရှိခိုး
ခြင်း အင်္ဂါငါးပါး ဖြစ်သတည်း၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံအောင်
ရှိခိုးကြရမည်၊ ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ၌ ရှိခိုးခြင်း အင်္ဂါငါးပါး လာ
သည်မှာ၊ ။ပဉ္စပတိဋ္ဌိတေနာတိ ဒွိဇာဏုဒွိဟတ္ထနလာဋေဟိ ပဉ္စ
ပတိဋ္ဌိတံကတွာ၊ ။ဟုလာသည်၊ ။ပဉ္စပတိဋ္ဌိတေနာတိ၊ ပဉ္စပတိဋ္ဌိ
တေနဟူသည်ကား၊ ဒွိဇာဏု ဒွိဟတ္ထနလာဋေဟိ ပုဆစ်နှစ်ဘက်
လက်နှစ်ဘက် နဖူးတို့ဖြင့်၊ ပဉ္စပတိဋ္ဌိတံ၊ ငါးပါးသောအင်္ဂါထိခြင်း
ကိုကတွာပြု၍၊ ဤသို့ဟသည်၊ ။အဓိပ္ပါယ်ကား၊ ပုဆစ်နှစ်ဘက်
လက်နှစ်ဘက်၊ နဖူး၊ ဤငါးပါး ထိခြင်းကို၊ ပဉ္စပတိဋ္ဌိတဆိုသည်။
ပဉ္စပတိဋ္ဌိတ ကိုယ်ရှိခိုးခြင်းအင်္ဂါငါးပါးမှတ်၊ ။ပရိဝါပါဠိတော်
၌ ဘုရားဟောတော်မူသော ရှိခိုးခြင်းအင်္ဂါငါးပါးနှင့် ပြည့်စုံစေ၍
ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိ၌လာသောအတိုင်းလည်း ရှိခိုးကြရမည်၊
ဤရှိခိုးခြင်းကား၊ ထိုင်၍ရှိခိုးခြင်းပြသောနည်းတည်း၊ ။မတ်တတ်
ရပ်၍ရှိခိုးခြင်း၌ အင်္ဂါငါးပါး ပြည့်စုံကြောင်းကို၊ တေမိယဇာတ်
ဘော်တွင်၊ ဘောဓိမင်းသားသည်၊ သုနန္ဒာရထားထိန်း၊ ကာသိတိုင်း
သို့အပြန်တွင်၊ မယ်တော်-ခမည်းတော်တို့အား၊ သားတော် ရှိခိုး
ကြောင်းကို ကြားပါလေ မှာလိုက်သောအရာ၌၊ ။မဟာသတ္တော
သုဏ္ဏကာဒလိဝိယ ကာယမောနမိတွာ ပဉ္စပတိဋ္ဌိတေန ဗာရာ
ဏသိ နဂရာဘိမုခေါ ဟုတွာ မာတာပိတရော ဝန္ဒိတွာ သာရ
ထိဿ သာသနံ အဒါသိ၊ ။ဟူ၍ဟောတော်မူသည်။ ။အနက်
ကား။ ။မဟာသတ္တော၊ ဘုရားအလောင်းတော် တေမိမင်းသား

သည်၊သုဝဏ္ဏကဒလိဝိယ၊ရွှေငှက်ပျောပင်ကဲ့သို့၊ကာယံ၊ကိုယ်ကို၊ ဩဒှနမိတွာ၊ ညွှတ်၍၊ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော ၅ိုးခြင်းဖြင့်၊ ဗာရာဏသိနဂရာဘိမုခေါ ဗာရာဏသီပြည်သို့ရှေးရှု၊ ဟုတွာ၊ဖြစ်၍၊မာတာပိတရော၊ အမိအဘတို့ကို၊ဝန္ဒိတွာ၊ရှိခိုး၍၊သာဓုတိသာ၊ သုန္ဒရခ၊ထားထိန်းအား၊ သာသနံ၊ရှိခိုးလိုက်သော သိတင်းစကားကို၊အဒါသိ၊မှာလိုက်၏။ ။ဤတေမိမင်းသားသည်၊ရှင်လျက်ပင် မယ်တော်-ခမည်းတော်တို့ကို ငါးပါး သော ရှိ ခိုး ခြင်း ဖြင့် ရှိခိုး ကြောင်းကိုလာသည်၊ ခြေနှစ်၊ လက်နှစ်၊ နဖူးတို့ကို ထိနိုင်တော့အံ့ နည်း။ မထိနိုင်ပြီ၊ မထိနိုင်သော်လည်း မေတ္တာ ဂါရဝတရားဖြင့် မယ်တော်-ခမည်းတော်တို့ကို ကိုင်းညွှတ်၍၊ ပဉ္စပတိဋ္ဌိတေန ဗာရာဏသိ နဂရာဘိ ရခေါ၊ ဟူသောပါဠိတော်ထောက်၍ ရှိခိုးခြင်းအင်္ဂါငါးပါး မြောက်ကြောင်းကိုသိရသည်။ ။ရှိခိုးခြင်းအင်္ဂါ ငါးပါးကိုမှတ်သား၍၊ ကျမ်းဂန်နှင့်အညီ ရှိခိုးကြရမည်။ ။ပဉ္စပတိဋ္ဌိတ၊ရှိခိုးကြ။ ငါးဝအင်္ဂါ အဘယ်နည်းဟူသောအမေး၌၊ အဖြေဝိသဇ္ဇနာ ဤတွင်၍ပြီးပြီ။

ပိဋကတ်စာပေရေးကူးကိုးကွယ်သောအကျိုးတရား။

စာပေပိဋကတ်၊ ကိုးကွယ်သောသူတို့၏ စံစားရသောအကျိုးကို။ ဝတ္ထုသက်သေနှင့်တကွပြဦးအံ့။ ။အစိန္တေယျ၊ လောကအထွဋ်၊တမွတ်ခေါင်ထား၊ဘုရားကိုယ်တော်မြတ်သည်။ ။ဒွေမေ ဘိက္ခဝေ ကတမာဒွေ အာမိသနုဂ္ဂဟော ဓမ္မာနုဂ္ဂဟော၊ ဟော အပ်သော ဓမ္မခံလမ်း၊နိကာယ်ကျမ်းနှင့်လျော်စွာ၊အာမိသာနုဂ္ဂဟ၊ဓမ္မာနုဂ္ဂဟအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ အာမိသာနုဂ္ဂဟထက်၊ဓမ္မာနုဂ္ဂဟသည်၊ လွန်ကဲထူးချွန်၊ မွန်မြတ်သောကြောင့်၊ ဧတဒဂ္ဂံ ဘိက္ခဝေ ဧတမေသံ ဒွိန္နံ ယဒိဒံဓမ္မာနုဂ္ဂဟော ဟူသော ဓမ္မစက်ဖြင့်၊အင်္ဂုတ္တိုရ်ရနိပါတ်ထွက်၊ ဧတဒဂ်တင်တော်မူခဲ့ပေသည်။ ။ဘိက္ခဝေ၊သံသရာဘေး လာမည့်ရေးကို မျှော်တွေးပြုထဘ် ချစ်သားမြတ်တို့၊ဒွိန္နံ၊နှစ်ပါးအပြားရှိကုန်သော၊ဧတမေ

သံအနုဂ္ဂဟာနံ၊ဤချီးမြှင့်ခြင်းနှစ်ပါးဘို့တွင်၊ ယဒိဒံယောအယံဓမ္မာ
နုဂ္ဂဟော၊အကြင်စာပေပိဋကတ် ရေးမှတ်ပြုရခြင်းစသော ဓမ္မဖြင့်
ချီးမြှင့်ခြင်းသည်၊အတ္တိ၊ရှိ၏၊ သေ့သော၊ဤဓမ္မာနုဂ္ဂဟာသည်၊ အဂ္ဂံ
အားဂ္ဂါ၊အမြတ်ဆုံးသာလျှင်တည်း။ ။ဤသို့ပြသော၊ ဒေသနာကို၊
ထောက်စာမျှော်ရှု၍၊ လေးရသောပစ္စယ၊ အာမိသနှင့်၊ ဓမ္မနှစ်ပါး
ကို၊ခွဲပုပ်နှင့်ပတ္တမြား၊ ကဲ့ပမာအလားသို့၊ ကွဲပြားရုတ်မြတ်၊ အကဲ
ဖြတ်သောကြောင့်၊ အနဂ္ဂ-မဟာဂ္ဃမဟာနဂ္ဃဘောဂီ၊ လောကီစည်းစိမ်
ကို၊အကြွမ်ကြွမ်စံစားလျက်၊ အာသဝက္ခယံ၊ ငပေါ့မချွတ်၊ မင်ဖိုတ်
ကိုဆွတ်၍၊ အထွန့်တိုင်မြဲ ဖြစ်ပေသည်၊ ဤသို့လျှင်၊ အင်္ဂုတ္တိုရ်ရ
ဒုကနိပါတ်အလျှော်၊ တရားတော်နှင့်ညီစွာ၊ ပိဋကတ်ပေစာ၊ ဓမ္မာ
နုဂ္ဂဟာ၊ သမ္ဗာဒရကျသိုလ်မျိုးသည်၊ အကျိုးဘယ်သို့ရှိသနည်း ဟူမူ
ကား၊သယမ္ဘူမုနိန်၊မာရဇိန်မြတ်ရှင်စောသည်၊ ကောသလတိုင်း
မည်၊ပြည်သာဝတ္ထိ၊အဇာဟိတရပ်ခွင်၊ဇေတမင်ဥယျာဉ်၊ဇေတဝန်
ဝိဟာရ၌၊ ယာပထလေးဘော်ဖြင့်၊ မွေ့လျော်စမ့်ာယ်တော်မူစဉ်
အခါ၊ ရှင်သာရိပုတ္တရာ၊ လက်ျာထေရ်ပြန်၊ ကျိုးပေးဟန်ကို၊
ထောင်းပန် လျှောက်ထားသောကြောင့်၊ သဗ္ဗညုမြတ်စွာဘုရား
ဟောကြားမိန့်တော်မူသည့်မှာ၊ချစ်သား-သာရိပုတ္တရာ။ သာသနာ
တော်၏ ပကတူပ၊ မူလပိဋကတ်၊ ပရိယတ်စာပေတို့ကို၊ ဖွဲ့ငွေ
ကုံးကျ၊ လက်ခပေး၍၊ ရေးကူးပြုရသောသူ၊ ကိုယ်တိုင်ကိုယ်
ကြပ်၊ ရေးမှတ်သောသူတို့သည်၊ လူမှုစကြာ၊ နတ်မှာသိကြား၊
ကျော်ထင်ရှား၍၊ များစွာအကြိမ်ကြိမ် ဖြစ်ရသည်၊ ပဒေသရာဇ်၊
ကေရာဇ်၊ဒီပရာဇ်ခင်းမျိုး၊အာဏာအုပ်စိုး၊တန်ခိုးကြီးစွာ၊ ဌပတ္တာ
လူနတ်မြတ်ဖွာသောဘဝတို့၌၊ အနန္တများစွာ၊ ဖြစ်ကျန်ရာ၏၊ လူ
သူ့ထော်ကောင်း၊ အလောင်းအလျာ၊ သမ္ဘာကြီးမား၊ ထိုသူအား
ကား၊ဘုရားနောင်ခါဖြစ်လတံ့ဟူ၍၊ဖြန့်ကြူထရေး။ အကျဉ်းအား
ဖြင့်၊ လက်ျာတော်သားကြီးကို၊ ဘုရားရှင်မိန့်တော်မူခဲ့ပေသည်၊
ဤသို့လျှင် ဘုရားရှင်မိန့်တော်မူချက်၊ဓမ္မစက်နှင့်မသွေ၊စာပေဓမ္မခံ
ပြုရသော ကောင်းမှုကံကြောင့်၊ နှစ်တန်နှစ်လီ၊ လောကီလောကုတ္တ
ရာ၊ချမ်းသာကျေးဇူး၊ကောင်းကျိုးထူးကို၊ ရဘူးသောဝတ္ထုသက်

သေသော်ကား။ ။ငါတို့ ဂေါတမဘုရားအလောင်းတော်သည်။ ပေါရာဏဂေါတမဘုရားမြတ်ရှင်ကျော်၏၊ ခမည်းတော်သုဒ္ဓေါဒန မင်းကြီးထံ၊ ချင့်ချေးရာ။ လိမ္မာပြွမ်းထိီးသော အမတ်ကြီးဖြစ်စဥ်၊ အခါ၊ သဒ္ဓါကြည်ယုံလျက်။ သုံးပုံသောကျမ်းမြတ်၊ ထိုပိဋကတ် အစစောင်စောင်တို့ကို၊ ငါးထောင်သာသနာ၊ တည်မြဲဝှါဟု၊ များစွာ ကံကျေး၊ လက်ခပေး၍၊ ရေးကူးပြုရ၍၊ လှူဒါန်းပူဇော်လေသတည်း။ ထိုကာလတွင်၊ ပေါရာဏ ဂေါတမ၊ လောကလူနတ်၊ နောင်တော် မြတ်က၊ ထိုအမတ်ကား၊ ပိဋကတ်ရေးကူး၍၊ ပြုရရသောကောင်းမှု ကံကြောင့်၊ ညီတော်ရှင်ပင်ဗွိပက်ခရာမြတ်စွာဘုရားထံဗျာဒိတ်တော် ခံ၍။ ကောနငါသို့၊ နိဗ္ဗာန်မြို့သို့။ ကုတို့ဖောင်ကြီးမှူးလတံ့ဟု၊ သံ ကြူးဘိသိက်၊ ကြားတံဆိပ်ဖြင့်၊ ဗျာဒိတ်ထားတော်မူခဲ့ပေသတည်း။ ထိုသို့ဗျာဒိတ်တော်ရ၊ သမ္ဗုဒ္ဓအလောင်း၊ သူတော်ကောင်းအမတ်၊ ပိဋကတ် ကုသိုလ်ရှင်သည်၊ လူ့ခွင်ရင်ထံ၊ အသက်တိုင်း၀ံပြီးမှ၊ ရှဉ်နာသမ်ဇိပ်ပိန်၊ ခန္ဓာမှိန်ခဲ့သော်၊ တာဝတိံသာရိုးခွင်ဝယ်။ နတ်ဘုရင် ဖြစ်သော၏၊ နတ်ပြည်ကတဖန်၊ ရဝေပြန်ခဲ့လျှင်။ နိုင်ငံမွှာန။ ကပိလ ပြည်ရိပ်ငြိမ်ဝယ်၊ ဖုသိဒ္ဓမင်းတရား၏၊ ညာထားနန်းမ။ အနန္တာဓေ ဝီ၊ ခွေ့ဘွဲ့ရှိသော၊ မဟာသိဝမ်းတိုက်ခန်းဝယ်၊ ရှင်မြန်းသန္ဓေ၊ စံနေ ပြီးနောက်၊ ဆယ်လရောက်၍၊ ဘွားမြောက်သောခါ၊ သည်းထန် စွာသျှင်၊ ရတနာမိုးယိုကြီးရွာလေသည်၊ ဖြဟွား ကြီးလည်း။ ရွှေထီး တဆောင်၊ မြားမြောင်ကော်ရော်၊ ပူဇော်လေသည်။ မိုးယိုကြီး လည်း။ ဝတ်စားတံဆာ၊ ရတနာကို၊ ဆက်လာပူဇော်ရောက်လေ သည်။ ဂါကာတိ၊ တုံဖြည်စံပျော်၊ မာနတ်ကျော်လည်း။ ဆင်တော် မှုချ၊ တသိန်းတန်ဝတ်လဲကို၊ လွှန်ကဲအောင်ဆက်လေသည်၊ ရုက္ခ မည်သီ၊ ထိုနတ်ကြီးလည်း။ သစ်သီးအမျိုးမျိုး၊ ပန်းမျိုးအရံရံကို၊ ယဂုဏ်ဆန်းဘျယ်။ တင့်တယ်လျှောက်ပတ်၊ ကောင်းမြတ်သည့် ကို ဆက်ပို့သာရောက်ရသည်၊ ထိုမှတရိုး၊ ဘုန်းမိုးကား၊ ရွှေအိုး ရွှေသား၊ ချေနဂါးမူ၊ ချနစ်ပါးရတနာ၊ ပူဇော်လာ၏၊ ဟေမဝါသနင်း ခြင်္သေ့ခင်းလျှင်၊ သင်းပင်းမြားမြောင်၊ သားယေပေါင်းနှင့်၊ ခညောင်း ထံသော် ဝင်လာသည်၊ ဤသို့တမူ၊ နတ်လူအများ၊ ခစားပူဇော်၍။

အရွယ်တော်သင့်သောကာလ၊ ဇာလိနှင့်ကဏှာ၊ မွေးဘမင်းမြတ်၊ သမုဒ္ဒရာ နတ်သည်၊ လူ့ရပ်မှာကံကုန်၍၊ နတ်နန်းဝယ်လှုံခဲ့သော်၊ ဘုံငါးလွှင် ပြန် အရိပ်ရာခံပြီးလျှင်၊ နန်းစံတော်မူလေရကာ၊ အာသဒိသ၊ အာဒိစ္စဟု၊ နာမကျော်ညာ၊ ဂုဏ်တေဇာနှင့်၊ မဟာထဆူ၊ ကျွန်းဇမ္ဗူမှာ၊ နတ်လူ ခန့်ငြားကြသတည်း၊ ထိုအခါ၊ မိုယ်းသိကြားသည်၊ မိဖုရားကြီး နတ်သွီးရွှေဘော်နှင့်၊ သွီးတော်သုနန္ဒီကို၊ မိမိကိုယ်တိုင်ဆက်လေ သည်၊ ကလျာဝါးချ၊ ရွှေရင်ပုံထုသကဲ့သို့၊ ဂုရုကျွန်းနေ၊ ရွှေရွှေမြား မြောင်၊ မိဖုရားခေါင်ကို့လည်း၊ နတ်ဆောင်ပို့ဆက် လာလေသည်၊ တိန်ညွှန့်ဖိုးစံ၊ နတ်မြင်းပြန်နှင့်၊ ဆဒ္ဒန်ဆင်ဖြူဆက်လေသည်၊ ဘိလူး နတ်ကား၊ ထူးမြတ်သေးသြဇာ၊ ပြဟ္မာမိုးကား၊ ငွေမြားငြသန် ချနစ်ဆောင်၊ သိကြားနတ်မင်းကား၊ ရွှေပြသန်ချနစ်ဆောင်၊ နဂါး ရေနတ်ကား၊ ရတနာပြသန်ချနစ်ဆောင်၊ ညီးအောင်ဖန်ဆင်း၍ ဆက်လေသည်၊ ဇမ္ဗူကျွန်းနေ၊ ပဒေသရာဇာ၊ ဇေယျာဇာ၊ ဒိဝ ရာဇာမင်း တို့သည်လည်း၊ ရွှေပြသန်ငါးဆောင်စီ ဆက်လာကုန်သည်၊ ထို ပြသာဒ်၏ဝင်းပါတ်ယူဇနာ၊ နေရာပြည့်ပြီး၊ မြေကိုတိုး၍၊ ရွှေအိုးရံ လျှက်ပေါက်လေသည်၊ ထိုရွှေအိုးတို့၏ ချနစ်ပါးရတနာဝင်၊ ပဒေ သာပင်တို့သည်၊ တံမြွာညီးညံ၊ နတ်စောင်းညှင်းသံကဲ့သို့၊ ဝန်းရံ၍ ပေါက်ကုန်သည်၊ ထိုရတနာပြသန်တို့ကို၊ ရံဝတ်ခါပိုင်းလျှက်၊ ရတနာတံတိုင်း ချနစ်ထပ်ကာလေသည်၊ ထိုချနစ်ထင်ကို ဝန်းရံ လျှက်၊ ဆင်စွယ်တံတိုင်းချနစ်ထပ်၊ ထိုချနစ်ထပ်ကိုတွေ့လျှက်၊ ခြသော့ဟောက်ပုံ၊ ဘေးရန်လုံအောင်၊ ရုပ်ရုံငွါးငွါးပေါ်လေသည်၊ ရေတွင်း ရေကြောင်း၊ ရေကန်ပေါင်းလည်း၊ ၅စ်သောင်း လေး ထောင်ပေါ်လေသည်၊ နံလျားယူဇနာ၊ မြေမှာမတ်မတ်၊ ရောင်ရုံ ဟတ်၍၊ ရွှေဇရပ်ကြီးပေါက်လာသည်၊ သမုဒ္ဒရာကွ်၊ မဏိမေခလာ၊ ဆင်းဝါညီးညီး၊ နတ်သွီးကား၊ တီးမှုတ်ခညောင်း၊ ရွှေဖော့ပေါင်း လည်း၊ ၅စ်သောင်းလေးထောင် ဆက်လာလေသည်၊ ဗလရုံသွား။ ဗြဟ္မာအားကိုဆောင်လျှက်၊ တထောင်သော သားကြီးရတနာတို့ လည်းရှိကုန်၏၊ ယင်းသို့စသဖြင့်၊ အတုလအာနုရိ၊ အံ့သြဘွယ် ရှိသော ထောကီသမ္ပဒါ၊ ချမ်းသာသုခ၊ ပံစားနေလျှက်၊ အဆုံးစွန်ဘဝ

ပစ္ဆိမေကာလဋ္ဌ၊ အနုတ္တရ၊ သမ္ဗုဒ္ဓထွန့်ထား။ ဘုရားမြတ်ဖြစ်တော်မူ
ရခြင်းအကြောင်းကား၊ ရှေးရှေးသောဘာဝ၊ ထိုကာလက၊ ပေါ်ရ လော
ဂေါ်တမ၊ လောကသင်းကျစ်၊ မွေရာဇ်မှန်ကူ၊ ဖြစ်တော်မူသော
မြတ်စွာဘုရား၏ ရွှေလက်ထက်တော်မြတ်၌ အမတ်ကြီးဖြစ်သော
အခါ၊ သဒ္ဓါကြည်ယုံလျက်၊ သုံးပုံကျမ်းမြတ်၊ ပိဋကတ် ပြုရ၊ ထို
ကောင်းမှုကြောင့်၊ အတုမရှိ၊ သိဒ္ဓိပဝရ၊ သမ္ဗုဒ္ဓအစစ်၊ ဖြစ်တော်မူ
သတည်းဟု။ နိဿယချည်းကျကျ၊ သိမှတ်ကုန်ရာသည်။ ဤသို့
ပြအပ်သော ဝေါဟာရသုတ္တန်ရပ်၊ မွေခံကျမ်းမြတ်က၊ ဘုရားမြတ်
နှုပ်တော်ထွက်ဟု၊ နှစ်သက်ကြည်လင်၊ ဓောမနော ရွှင်ကြ၍၊ ယခင်
က အသဒိဿ၊ အာဒိဗ္ဗမင်းကြီးကဲ့သို့၊ အံ့ချီးမကုန်၊ လူဘုံနတ်ထံ၊
မွေ့လျော်စံ၍၊ နိဗ္ဗာန်တိုင်အောင်၊ အကျိုးဆောင်ပေထော့မည်ဟု၊
ယုံကြည်လေးမြတ်၍၊ ပိဋကတ်သုံးပုံ၊ အလုံးစုံကို ပြုရခြင်း၊
တကျမ်းတဖွဲ့ တစောင်တအုပ်ကို လှူဒါန်းပူဇော်ရခြင်း၊ ဒါန
သီလ ဘာဝနာ မေတ္တာထရားများကို၊ မငြင်းမယုတ်၊ ကြိုးစား
အားထုတ်ကုန်ရာသည်။ ၊စာအုပ်လှူဒါန်းသောအကျိုးပြဝတ္ထု
၌တွင်၍ပြီးပြီ။

ဗဏ်ကျိဂန္ထသာတသတ္တိ၊ မန္တိမသ္တိဒိသာဘာဂေ၊ ရေဇိတ္တိ
ဝိသုဘောဂါမေ၊ဇာတိယာသုဇာတထေရော၊ ၊ဗုဒ္ဓါဝိသဇ္ဇနာ
နယံ၊ လက္ခိတံအာစရိယသဒ္ဒေါ၊ နာနာနယနိသမ္ပုဏ္ဏံ၊ သုတန္တာ
သသဖလံဒိ၊ ၊သက္ကရာဇေကသဟာသ၊ ဒွိသတံဝနဝသာဒိကံ၊
ပုဗ္ဗကတ္တိကပုဏ္ဏမံ၊ သောကြာဝါရမှိ နိဋ္ဌိတော၊ ၊ဇိနသာရိ
မေတ္တေယျသ၊ ပဗ္ဗတ္တိဘွာနသာသနေ၊ မ ဟာ သာ ဝ ကော တိ
ပညော၊ ဘဝိသာဝိ မဟိဒ္ဓိကော၊ ၊အနက်ကား၊ ၊
ဗဏ်ကျိဂန္ထသာ၊ ကျိကျူများစွာ ဘဏ္ဍာအပြင့ ဆန်ရေစပါး
ထည့်ထားသောဌာန ပဒ္ဓကြောင့် လောကသမုတ် ဗဏ်ကျိ
တိုက်ဟု ခေါ်ခေါ်အပ်သောမြို့သည့်၊ အတ္တိ၊ ရှိ၏၊ တသာ၊ ထို
ဗဏ်ကျိတိုက်၏၊ ဝါ၊ ဗဏ်ကျိမြို့၏၊ ဝါ၊ ဆားသင်းကြီးမြို့၏၊
ပန္တိမသ္တိ ဒိသာဘာဂေ၊ အနောက်မျက်နှာ ရှစ်တိုင်ကွာအရပ်၌၊
ပုသဲနဂရဥ္စရံ၊ ထည့်ဝါဂ၌၊ ပုသဲမြို့မြောက်မျက်နှာ၊ သုံးတိုင်ကွာ
တွင်၊ရေဇိတ္တိဝိသုဘော၊မင်းတို့ချိမြင့်မစရာ၊ဗျူဗ္ဗတ္တိ အလာကြောင့်
မင်းမခုဟု ကျော်စောထင်ရှားသော၊ ဂါမေ၊ လှည်းယဥ်ခြေခြင်
ထွက်ဝင်သူးသာ များစွာလူချား ဖေါက်ကားရောင်းဝယ် ကုန်
သသ်ညှိခြင်းသောချာကြီး၌၊ဇာတိသာ၊ပဋိသန္ဓေ တည်နေပြီးမှ ဘွား
မြင်ရသော၊ သုဇာတထေရေန၊ သုဇာတအမည်ရှိသော မထေရ်
သည်၊နာနာနယနိသမ္ပုဏ္ဏံ၊ အထူးထူးသောနည်းတို့နှင့်ပြည့်စုံသော၊
အာစရိယသဒ္ဒေါ၊ ဂုဏ်ကြောင့်ရ ဆရာတော်မြတ်တို့၏အထံမှ ရ
အပ်သော၊နယံ၊နည်းအထွေထွေကို၊သုတန္တာသယဖလမ္ပိ၊သုတကို
ရှာမှီးသော ပုဂ္ဂိုလ်တို့၏အကျိုး၌၊ လက္ခိတံ၊ မှတ်သားထားအပ်
သော၊ ဗုဒ္ဓါဝိသဇ္ဇနံ၊ အမေးအဖြေဖြစ်သော ဗုဒ္ဓါဝိသဇ္ဇနာကျမ်း
သစ်ကို။ သက္ကရာဇေ၊ ကောဇာသက္ကရာဇ်သည်၊ နဝသာဒိကံ၊ ၉၀
ပြည့်နှစ်အလွန်ရှိသော၊ ဧကသဟာသဒွိသတံ၊ တထောင့်နှစ်ရာသို့၊
သင့်သော၊ ချောက်လဘ်သော်၊ ပုဗ္ဗကတ္တိကပုဏ္ဏမံ၊ သီတင်းကျွတ်
လပြည့်ဖြစ်သော၊ သောကြာဝါရမှိ၊သောကြာနေ့၌၊ နိဋ္ဌိတော၊ အစ
အဆုံး လုံးလုံးပိုင်ပိုင် အပြီးတိုင်ပြီ၊ ၊ဇိနသာသနာပညာကမ္မေန၊
ဤဗုဒ္ဓါဝိသဇ္ဇနာ ကျမ်းကို ပြုရ ရ သော ကောင်းမှုကံ ကြောင့်၊

ဇိနသာသနိမေတ္တေယျသာ၊ အရိမေတ္တေယျဘုရားသခင်၏၊ သာသနေ၊ ထွန်းတောက် ချောင်ဝါ သာသနာ၌၊ ပဗ္ဗဇ္ဇိတ္တွာနု၊ ရဟန်းကောင်း ရဟန်းမြတ်ဖြစ်၍၊ အဘိပညာ၊ အလွန်ထက်မြက်လျင်လျှား ထိုးထွင်းနိုင်သော ဥာဏ်ပညာရှိသော။ မဟိန္ဒကော၊ ဘုန်းတန်ခိုး အာဏာ တေဇာ ထွန်းပေါ် အာနုဘော်နှင့်ပြည့်စုံသော၊ မဟာသာဝကော၊ တည့်မြဲသွ သာဝကသည်၊ ဘဝိဿာမိ၊ ဖြစ်ရပါလို၏။ ။

ဤသာပြီးသစ်၊ သက္ကရာဇ်ကား၊ ၁၂၆၀ ပြည့်နှစ်၊ သီတင်းကျွတ် လပြည့် သောကြာနေ့တွင်၊ ကာမဗြို့ တောင်လက်၊ ဇေယျဝတီမြစ် အနောက်ဘက် မြစ်ကမ်းနဖူး၊ စဋ္ဌရံချာ၊ ရွာဦးကျောင်း၌ သီတင်းသုံးသော၊ သုခဋ္ဌာရိကျောင်းအုပ်၊ ငါးကျောင်းချုပ်ဆရာတော် ဦးသုဇာတသည်၊ စီရင်ရေးသား မှတ်သားအပ်သော၊ ပုစ္ဆာဝိသဇ္ဇနာကျမ်း ဤတွင်၍ပြီးပြီ၊

| မြို့ ရွာ လူအမည် | အုပ်ရေ |
|---|---|
| ကာမမြို့—စဉ့်ရုံရွာ | |
| ရွာသူကြီး ဦးပွါး | ၄ |
| မောင်ဘိုးဖေ | ၁၀ |
| ဦးစံဖေ | ၁၀ |
| မောင်ဘိုးခက် | ၁၀ |
| မောင်ဘိုးနို | ၁၀ |
| ဦးကံထော် | ၄ |
| မောင်ဘိုးထင် | ၅ |
| မောင်ဘိုးကာ | ၅ |
| မောင်ရွှေခက် | ၁၀ |
| မောင်ဆင်ဘိုး ကျောင်းဆရာ | ၅ |
| မောင်မင်းမောင် | ၅ |
| ကိုဖိုးလှိုင် | ၄ |
| မောင်ဖိုးကြူ | ၂ |
| မောင်ပေါက်ဆိန် | ၂ |
| မောင်ဘကျော် | ၂ |
| မောင်ကျော့ | ၂ |
| မောင်တုင်ကြီး | ၂ |
| မောင်ဖိုးရှိန် | ၂ |
| မောင်ထွန်း | ၂ |
| မောင်ဖိုးချို | ၂ |
| မောင်ခင် | ၂ |
| ဆရာမြိုင် | ၁၀ |
| မောင်ထွန်းညွန့် | ၂ |
| မောင်ထိုက် | ၂ |
| မောင်စံမြ | ၂ |
| မောင်ဖိုးရင် | ၂ |
| မောင်ရွှေဖြော် | ၂ |

| မြို့ ရွာ လူအမည် | အုပ်ရေ |
|---|---|
| ကာမမြို့—စဉ့်ရုံရွာ | |
| မောင်အောင်ညွန့် | ၂ |
| မောင်ဖိုးသင် | ၂ |
| မောင်ထင် | ၂ |
| မောင်ဘိုးညက် | ၂ |
| မောင်ဖိုးပြိမ်း | ၂ |
| မောင်ပု | ၂ |
| မောင်သက်ဖြင်း | ၂ |
| မောင်ဖိုးမြစ် | ၂ |
| မောင်ထွန်းလူ | ၂ |
| မောင်သုခ | ၃ |
| ဦးစံပေါ် | ၂ |
| မောင်ကျော်ရှိန် | ၂ |
| ဦးဘိုးကျော် | ၄ |
| မောင်လုံးတင် | ၂ |
| မောင်ဖိုးဘ | ၂ |
| မောင်စံညွန့် | ၂ |
| ဦးဖိုးလူ | ၁၀ |
| မောင်အောင်ဘ | ၂ |
| မောင်သာပွင့် | ၅ |
| မောင်မှုတ္တး | ၂ |
| မောင်သာဟန် | ၁ |
| ဦးပန်းသာ-ဒေါ်စံရော | ၂၅ |
| ဦးဥာဏ် | ၂၀ |
| ဦးတိုး-မယုံညှင်း | ၁၀ |
| ဦးသာစိ-မစိန်ပွင့် | ၁၀ |
| ဦးဘိုးတုပ်-ပွဲစား | ၂၀ |
| ဦးသာထွန်းအောင် | ၁၀ |

| မြို့ ရွာ လူအမည် | အုပ်ရေ |
|---|---|
| ကာမမြို့—စခွရံရွာ | |
| ကိုအောင်ပန်း-ဒေါ်အိုး | ၂၅ |
| ဦးဖိုးမန်း | ၅ |
| မောင်ဖိုးထိုက် | ၅ |
| ကိုရွှေဝ | ၅ |
| မောင်ရွှေကျော့ | ၂ |
| ကိုငွေသီး | ၄ |
| ကိုရွှေလုံး | ၄ |
| ကိုစံရွှေ | ၄ |
| မောင်ထွန်းရ | ၂ |
| မောင်သွယ် | ၂ |
| ဦးသာထင် | ၂ |
| မောင်မြ | ၂ |
| မောင်ထွန်းရင် | ၂ |
| ကိုဖိုးတု-မအိမ်မေ | ၂ |
| ကိုမှူ | ၂ |
| ကိုပန်းလှိုင် | ၂ |
| ဦးဖိုးပန်း | ၅ |
| ဦးဖိုးခင် | ၅ |
| ဦးထွန်းသက် | ၂ |
| ဦးမာလာ | ၅ |
| ကိုအောင်မြ | ၂ |
| ကိုသာရင် | ၂ |
| ကိုခ | ၂ |
| ကိုသာထွန်း | ၁ |
| အုန်းမောင် | ၁၀ |
| ကိုကုလား | ၂ |
| ကိုဖိုးညွန့် | ၂ |

| မြို့ ရွာ လူအမည် | အုပ်ရေ |
|---|---|
| ကာမမြို့—စခွရံရွာ | |
| ဦးလူကြီး | ၂ |
| ကိုမြထွန်း | ၂ |
| ကိုပေစိ | ၂ |
| ကိုးကျော်ထွန်း | ၂ |
| ကိုကံဦး | ၂ |
| ကိုစံကျော် | ၂ |
| ကိုဖိုးသန်း | ၂ |
| ကိုထွန်းပေါ် | ၂ |
| ကိုစံခင်း | ၂ |
| ကိုစံ | ၂ |
| ဖိုးရင် | ၂ |
| ကိုဖိုးရီ | ၂ |
| ကိုဖိုးဆန်း | ၂ |
| ကိုဖိုးဟု | ၂ |
| ကိုကျော်စံ | ၂ |
| ကိုရွှေကြိုး | ၂ |
| ဦးရွှေအုပ် | ၂ |
| ဖိုးချစ် | ၂ |
| ကိုသာဖြေ | ၂ |
| ကိုဖိုးခက် | ၂ |
| ကိုဖိုးတုပ်-မသဲပွင့် | ၂ |
| ကိုပန်းဦး | ၂ |
| မောင်ကြီ | ၂ |
| ဖိုးတုပ်-မမယ်တင့် | ၂ |
| ကိုဖိုးသိ | ၂ |
| ကိုဖိုးသိန်း | ၂ |
| ကိုမောင်စော | ၅ |

| မြို့ ရွာ လူအမည် | အုပ်ရေ |
| --- | --- |
| **ကာမမြို့-စဉ္စရံရွာ၊** | |
| ဦးဖိုးဦး | ၂ |
| ကိုကံရ | ၅ |
| ကိုဖိုးကြာ | ၅ |
| **ကာမမြို့—မြဝတီရွာ၊** | |
| ဦးမှန် | ၅ |
| ကိုဖိုးလှိုင် | ၁ |
| **ပန်းတင်ရွာ၊** | |
| ဆရာခက် | ၂ |
| ကိုဖွာ | ၂ |
| **လိန်တုံးရွာ၊** | |
| ကိုကြာသိန်း | |
| **တောင်ပို့ထရော၊** | |
| ကိုဖိုးဆင် | |
| ကိုလုံးတင် | ၂ |
| ကိုဖိုးချင် | ၂ |
| ကိုဖိုးဖွာ | ၂ |
| **ပေပင်ရွာ၊** | |
| ကိုရွှေနိုင် | ၃၅ |
| ကိုဖိုးလွင်-မကျော့ | ၁၀ |
| မောင်ဖိုး မနဲ့ | ၁၀ |
| ဦးဖိုးသိန်း | ၈ |
| ဦးဖိုးထင် | ၈ |
| ကိုမြိုင် | ၈ |
| မောင်ထွန်း | ၃ |
| မောင်ပန်းဖူး | ၂ |
| မောင်ဖိုးဖွာ | ၅ |
| မောင်အောင်ဖွာ | ၄ |
| **ပေပင်ရွာ၊** | |
| ကိုစံလင်း | ၄ |
| ကိုအောင်ညွန့် | ၄ |
| ဦးပေါက်အိုင် | ၃ |
| ကိုသာခင် | ၁ |
| ကိုညိမ်း | ၂ |
| ကိုဖိုးဆက် | ၃ |
| မောင်ကံရ | ၂ |
| ကိုငွေဆိုင် | ၂ |
| မောင်ရွှေအိ | ၂ |
| မောင်ဖိုးစ | ၂ |
| ကိုညှာ | ၂ |
| ကိုရာကျော် | ၁ |
| ကိုရွှေဘိ | ၁ |
| မောင်မျက်ကြယ် | ၂ |
| မောင်ဖိုးနိမ် | ၂ |
| ဦးရေအေး | ၄ |
| ဦးဘ | ၅ |
| ကိုဖိုးဆက် | ၂ |
| **ပန်းတောင်းမြို့—ကျောင်းဦးရွာ၊** | |
| ဦးဘိုး-ဆေးဆရာ | ၄ |
| ကိုဖိုးညိမ် | ၄ |
| ကိုအောင်ညွှန့် | ၄ |
| ကိုစံညွှန့် | ၂ |
| မောင်ဖွာမောင် | ၂ |
| မောင်ညို | ၂ |
| မောင်ပဲ | ၁ |
| ဒေါ်ငွေ | ၂ |

| မြို့ ရွာ လူအမည် | အုပ်ရေ |
|---|---|
| ပန်းတောင်းမြို့-ကျောင်းဦးရွာ၊ | |
| ကိုရုံသင်း | ၄ |
| ဒေါ်အုန်းအောက် | ၄ |
| ကိုမိုးတန် | ၄ |
| ဦးပိန်-ဒေါ်ခါ | ၂ |
| ကိုလူညို | ၂ |
| ကိုငွေဖူး | ၂ |
| ဦးအောင်ဘ-ပန်းဘဲ | ၂ |
| ကိုမိုးလှိုင် | ၂ |
| သံလယ်ကလေးရွာ၊ | |
| မောင်ကောက်ချိပ် | ၂ |
| ဦးနေထွန်း | ၂ |
| ဦးဆွတ်ပြူ | ၂ |
| မောင်ပန်းအေး | ၂ |
| ကိုကာလူ | ၂ |
| ကိုဘိုးတယ် | ၂ |
| ဒေါ်ရွှေသင် | ၁ |
| ဦးသာပေါ် | ၂ |
| ကိုမှတ်ကြီး | ၄ |
| ကိုငွေဖဲ | ၄ |
| မောင်ဘိုးထွန်း | ၄ |
| သံလယ်ကြီးရွာ၊ | |
| မောင်မိုးစ | ၂ |
| ဦးကြာနု-ဒေါ်ငယ် | ၂ |
| ဦးစံသာ | ၂ |
| ဦးထွန်းမြ | ၂ |
| ကိုလှတက်-မပန်းသင်း | ၂ |

| မြို့ ရွာ လူအမည် | အုပ်ရေ |
|---|---|
| ဆရာဦးမြို့ | ၂ |
| ကိုနီတူ | ၂ |
| မြို့ကြီးရွာ၊ | |
| ဆရာဦးအောင်သင်း | ၄ |
| ကိုထွန်းလှိုင် | ၂ |
| ရေဝင်ရွာ | |
| မောင်လှ | ၂ |
| ပန်းတောင်းမြို့-လယ်တီရွာ၊ | |
| ကိုရွှေကြီး | ၄ |
| ကိုရွှေကွန်း | ၂ |
| ဦးထွန်းမြူ | ၂ |
| မီးရထားလမ်း-ပုတီးကုန်း။ | |
| ဦးလှဘော် | ၁၀ |
| ရေကျော်ရွာ၊ | |
| ဦးအောင်မြတ် | ၂ |
| မောင်သာဖွင့် | ၂ |
| ကိုသိန်းမောင် | ၂ |
| ကိုထွန်းညွန့် | ၂ |
| ကိုအောင်ကိုး | ၂ |
| သက်ကယ်မြောင် | ၁၄ |
| ရန်ကုန်မြို့အပိုင်၊ကွမ်းခြံကုန်းမြို့ | |
| အနီး၊ မရန်းရွာ—ကျောင်း ဘုန်းမ | |
| ဒေါ်သုဇာ၊မတ်ဖြစ်သူ—ကျောင်း | |
| ဒါယကာ-ဦးဘိုးဖေ မငယ် တို့ | |
| က-စာအုပ်ရေ၂၀ | ၅၀ |
| မရန်းရွာ—ဂ ပွန်းရင် | ၆ |
| ဇင်းရွာ—ဉ်နှင့်ကိုဘချို | ၆ |